နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

PDF Compressor Free Version

# သစ်တောကြေးမုံ

စိန်ရတု (အထူးထုတ်)

၂၀၂၄ ခုနှစ်၊ မတ်လ

၁၉၅၁ ၂၀၂၄

၇၃



PDF Compressor Free Version

# မာတိကာ

### မျက်နှာဖုံး

✧(၇၅) နှစ်မြောက် စိန်ရတု အထူးထုတ် — မျက်နှာဖုံး

### ဒေါင်းကြီး

✧ပြည်ထောင်စုဝန်ကြီး၏ အမှာစကား — ၁
✧ပြည်သူ့အတွက် သစ်တောကြေးမုံ — ၂

### သတင်းများကဏ္ဍ

✧သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၃-၈
✧ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝထိန်းသိမ်းရေးနယ်မြေများ ဖွဲ့စည်းသတ်မှတ်ပြီးစီးမှုစာရင်း — ၉-၁၀
✧နိုင်ငံတကာအသိအမှတ်ပြု သဘာဝထိန်းသိမ်းရေးနယ်မြေများ — ၁၁

### သစ်တောလုပ်ငန်းကဏ္ဍ

✧ သစ်တောများနှင့် စီးပွားရေး - **ဒေါက်တာ သောင်းနိုင်ဦး** — ၁၉-၂၂
✧ ကောင်းကင်မှကျလာသည့်....- **ဦးငွေအောင် (စိမ်းစိုသစ်)** — ၅၅-၅၆
✧ဒေသခံများအတွက် အကျိုးများစေသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ- **သိုက်ဝင်းထွန်း** — ၄၀-၄၃
✧သစ်တောကြေးမုံ၏ ကြေးမုံ - **အုန်းလွင်လေး** — ၄၄-၄၆
✧မြန်မာ့ကျွန်း၊ ကမ္ဘာ့ကျွန်း (၂) - **ဒေါက်တာ ကျော်တင့်** — ၂၉-၃၂
✧ ဘက်စုံအသုံးပြုနိုင်သည့် နိုက်ထရိုဂျင်ဓာတ်ဖြည့်သစ်ပင်များ- **ဒေါက်တာ ညီညီကျော် (သစ်တောသုတေသနဌာန)** — ၂၃-၂၅
✧ သက်စုံရှယ်ညီ၊ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး - **ဦးတင်လှ (သစ်တော)** — ၃၃-၃၇
✧ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ၏ .... - **ဒေါက်တာ အိအိဆွေလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာနခွဲ** — ၆၁-၆၄
**-ဒေါ်မေဇင်မြင့်၊ ဦးစီးအရာရှိ၊ တိုးချဲ့ပညာပေးရေးဌာနခွဲ**
**-ဒေါက်တာ ဖြူဖြူသင်း၊ ဦးစီးအရာရှိ၊ တိုးချဲ့ပညာပေးရေးဌာနခွဲ**
**-ဒေါ်ခင်မမခိုင်၊ သုတေသနလက်ထောက်-၂၊ သစ်တောသုတေသနဌာနခွဲ**
✧ စိမ်းလန်းစိုပြည် ကျိုက်ထီးရိုးမြေ - **ဖိုးသန်း (မဟာသတ္တ)** — ၅၀-၅၁, ၅၄

### အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ

✧ ယုံချင်ယုံ၊ မယုံချင်နေ - **သစ်တောမင်းကြီး ဦးဘိုးမှူ** — ၂၆-၂၈, ၃၂
✧ သစ်တောဦးစီးဌာန၊ ခေတ်အဆက်ဆက် ညွှန်ကြားရေးမှူးချုပ်များ — ၁၂-၁၃

### ဘဝတစ်ကွေ့ကဏ္ဍ

✧ တမူထူးခြားပါတဲ့ တစ်ပါးဆရာသခင် ကျေးဇူးရှင် (၂) - **အောင်ခင်(သစ်တော)** — ၁၄-၁၆
✧ မကြေးမုံနှင့် ကျွန်တော် - **ဝင်းချစ် (အမျိုးသားစာပေဆုရ)** — ၁၇-၁၈
✧ မှတ်မှတ်သားသား.... ဆရာကြီးများရဲ့စကား - Ba Soe (83) — ၇၂-၇၃
✧အဘကတော့ ပုံမှန်ဘဲ - **တင်စိုး** (BFS) — ၅၇-၅၈

### သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ

✧နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့ - **ဒေါက်တာ တင်နောင်းအေး (စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ)** — ၃၈-၃၉
✧ဂေဟစနစ် ဝန်ဆောင်မှုများ တန်ဖိုးဖြတ်ခြင်း .... - **ဒေါက်တာ ဖြူဖြူသင်း၊ ဦးစီးအရာရှိ၊ တိုးချဲ့ပညာပေးရေးဌာနခွဲ** — ၅၂-၅၄
✧ရေခဲပြင်ဒေသ၏ တောမီး - **မင်းဆွေ** — ၄၇-၄၉
✧သန္တာကျောက်တန်းများအကြောင်း - **အောင်စည်သူ ဒုတိယလက်ထောက်ဦးစီးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန** — ၆၆-၆၇, ၇၀
✧ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် .... - **သူရစိုးထက် (တောကြပ်)၊ ပန်းလောင်နှင့်ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော** — ၆၈-၇၀

### ကဗျာ / ကာတွန်း / ဟာသကဏ္ဍ

✧ သဘာဝကိုကာကွယ်သူများ (သို့) သစ်တောသမား -**စိုးပြေ (ကော့မှူး)** — ၆၅
✧ ကာတွန်း - **အော်ပီကျယ်** — ၆၅
✧ တိုလီမုတ်စ ဟာသများ - **အုန်းလွင်လေး** — ၇၁

### အင်္ဂလိပ်ကဏ္ဍ

✧An Old Forest Looks Back.(44)- **U Sein Thet** — ၅၉-၆၀, ၆၄

### နောက်ကျောဖုံး

✧သစ်တောကြေးမုံမဂ္ဂဇင်းဖွဲ့ မင်္ဂလာရတုပိုဒ်စုံ — နောက်ကျောဖုံး

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးသိန်းနိုင်ကြွယ်
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် – (မြ-၀၀၄၀၀)

**စာတည်းမှူး**

ဦးအောင်နိုင်ဌေး – ဒုတိယညွှန်ကြားရေးမှူး
ဦးအုန်းလွင်-၃ – လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးဇော်လင်းသန်း ဦးစီးအရာရှိ
ဒေါ်မေဇင်မြင့် ဦးစီးအရာရှိ (English Editor)

**စာအုပ်အတွင်းအပြင်ဒီဇိုင်း**

ဓာဓာဖြိုး၊ ဓာဓာမွန်

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၉၄
fdextension39@gmail.com

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ အမှာစကား

PDF Compressor Free Version

**[(၉-၁-၂၀၂၆) ရက်တွင် မိုးစွေသုတေသနစခန်း၌ မြန်မာနိုင်ငံသစ်တောကျောင်း၊ ကျောင်းသားများအား ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မြွက်ကြားသည့် လမ်းညွှန်မှာကြားချက်များမှ သစ်တောကြေးမုံနှင့်ပတ်သက်၍ ပြောကြားသည့် ကောက်နုတ်ချက်]**



ဦးခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

မြန်မာ့သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့နေစေရေးနှင့် စဉ်ဆက်မပြတ် စနစ်တကျထုတ်ယူအသုံးပြုနိုင်စေရေးအတွက် သိပ္ပံနည်းကျ သစ်တောများ စီမံအုပ်ချုပ်ရာတွင် ပြည်သူများအတွင်း သစ်တောဦးစီးဌာနက ဆောင်ရွက်နေသော သစ်ပင်နှင့် မြေဆီလွှာ အရေးပါမှုများ၊ ဖွဲ၊ လို့လ၊ ဝီရိယကို အခြေခံပြီး စည်းလုံးညီညွတ်သည့် သစ်တောစိတ်ဓာတ်တိုးပွားလာစေရေးစသည့် ရည်ရွယ်ချက်များဖြင့် မြန်မာပြည်သစ်တောကြေးမုံစာစောင်ကို ၁၉၅၁ ခုနှစ်၊ မတ်လမှ စတင်ထုတ်ဝေခဲ့ရာ ၇၅-နှစ်မြောက် စိန်ရတုတိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ဝန်ထမ်းများအနေဖြင့် သင်ယူမှုများအား စဉ်ဆက်မပြတ် လုပ်နေရမှာ ဖြစ်တယ်၊ လက်တွေ့လုပ်ငန်းများအား လေ့လာသင်ယူနေသလို စာပေများလည်း ဖတ်ရှုကြရမှာဖြစ်တယ်၊ သစ်တောဝန်ထမ်းများအနေဖြင့် သစ်တောဦးစီးဌာနက လစဉ် ထုတ်ဝေလျက်ရှိတဲ့ သစ်တောကြေးမုံကို မဖြစ်မနေ ဖတ်ကြရမှာဖြစ်တယ်၊ သစ်တောကြေးမုံမှာ အတွေ့အကြုံရင့်ကျက်သည့် သစ်တောဝန်ထမ်းများ၊ အငြိမ်းစားကြီးများ၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သည့် ဗဟုသုတဖြစ်ဖွယ် ဆောင်းပါးများ၊ လုပ်ငန်းခွင်အတွေ့အကြုံများ၊ နိုင်ငံတကာမှ ဆောင်ရွက်နေသော သစ်တောပညာ အသိပညာပေး ဆောင်းပါးများအား ရေးသားဖော်ပြနေတာဖြစ်လို့ အသွင်သဏ္ဍာန်နှင့် အနှစ်သာရပြည့်ဝတဲ့ စာစောင်ဖြစ်တဲ့အတွက် ဝန်ထမ်းများအနေဖြင့် အချိန်ယူ၍ ဖတ်ရှုလေ့လာပြီး သင်ယူသွားကြဖို့ မှာကြားလိုပါတယ်။

## ၇၅ နှစ်မြောက် သစ်တောကြေးမုံ စိန်ရတုကျေးဇူးတင်လွှာ



ဒေါက်တာသောင်းနိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန

သစ်တောဦးစီးဌာနမှ လစဉ် ထုတ်ဝေလျက်ရှိသော သစ်တောကြေးမုံသည် ၁၉၅၁ ခုနှစ်တွင် မြန်မာပြည်သစ်တောကြေးမုံအမည်ဖြင့် စတင်ထုတ်ဝေပြီး သစ်တောသတင်းလွှာ၊ သစ်တောရေးရာဂျာနယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ်၊ ယခု သစ်တောကြေးမုံ အမည်တို့ဖြင့် စဉ်ဆက်မပြတ် ထုတ်ဝေခဲ့ရာ ယခုအခါတွင် (၇၅) နှစ်ပြည့်မြောက်၍ စိန်ရတုတိုင်ခဲ့ပြီ ဖြစ်ပါသည်။

ခေတ်အဆက်ဆက်ထုတ်ဝေခဲ့သည့် စာစောင်တွင်ဖော်ပြခဲ့သည့် သတင်းများ၊ သစ်တောဆိုင်ရာနှင့် အခြားဖတ်ချင်စဖွယ် ဆောင်းပါး၊ ကဗျာ၊ ကာတွန်းနှင့် ဗဟုသုတဖြစ်ဖွယ် စာမူများကို လက်ရှိ သစ်တောဝန်ထမ်းများနှင့် အငြိမ်းစား သစ်တောအရာရှိကြီးများနှင့် သစ်တောဝန်ထမ်းများမှ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ရေးသားပေးပို့ခြင်းဖြစ်သည်။ လစဉ် သစ်တောကြေးမုံစာအုပ်ကို စဉ်ဆက်မပြတ် ထုတ်သည့်အတွက် သစ်တောကြေးမုံသည် ယနေ့အချိန်ထိ ၇၅ နှစ် စိန်ရတုတိုင်အောင် အောင်မြင်စွာ ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

သစ်တောကြေးမုံအား အရည်အသွေးပြည့်ဝသည့်စာစောင်အဖြစ် လစဉ်ပုံမှန်ထုတ်ဝေနိုင်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းဆောင်ရွက်ကြသော စာမူရှင်များ၊ စိစစ်တည်းဖြတ်သူများ၊ စာအုပ်အသွင်အပြင် ပြင်ဆင်သူများ၊ ထုတ်ဝေပေးသူများ၊ ဖြန့်ချိသူများနှင့် ဖတ်ရှုသူများအားလုံးကို ကျေးဇူးဥပကာရ များစွာတင်ရှိပါသည်။

PDF Compressor Free Version

# ပြည်သူအတွက် သစ်တောကြေးမုံ

မြန်မာနိုင်ငံ၏ သဘာဝသစ်တောများမှ သစ်တောသယံဇာတများကို ရှေးမြန်မာမင်းများလက်ထက်၌ မိရိုးဖလာ အသုံးအဆောင်များအတွက်သာ အသုံးပြုကြပြီး မင်းတုန်းမင်းလက်ထက်မှစတင်၍ စီးပွားရေးအကျိုးအမြတ်တွက် ရောင်းဝယ် ဖောက်ကားခဲ့သည်။

ကိုလိုနီနယ်ချဲ့လက်အောက်တွင် သဘာဝတောမှ သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲခြင်းနှင့်အတူ ရေရှည်တည်တံ့စေရေးတွက် ၁၈၅၆ ခုနှစ်မှစ၍ သိပ္ပံနည်းကျ သစ်တောစီမံအုပ်ချုပ်ခြင်း ဆောင်ရွက်ရာ နှစ် (၁၇၀) တိုင်လေပြီ။

ထိုသို့အုပ်ချုပ်လာစဉ် လွတ်လပ်ရေးရပြီးနောက် ပြည်သူတို့အတွင်း သစ်တောအသိပညာများဖြန့်ဝေရန်၊ သစ်တောလုပ်ငန်းဆောင်ရွက်မှုများ၊ သစ်ပင်နှင့်မြေဆီလွှာတို့ အရေးကြီးမှုများတို့ကို ပြည်သူများသိရှိစေရန်နှင့်ပြည်သူလူထုအတွင်း သစ်တောစိတ်ဓာတ်ပွားများလာစေရန် ရည်ရွယ်၍ မြန်မာပြည်သစ်တောကြေးမုံ (The Burmese Forester) ကို ၁၉၅၁ ခုနှစ်၊ မတ်လမှ အစပြုမျိုးစေ့ချကာ သစ်တောဦးစီးဌာန (ယခင် မြန်မာပြည်သစ်တောဌာန) မှ ထုတ်ဝေခဲ့သည်မှာလည်း ၇၅ နှစ်မြောက် စိန်ရတုတိုင်လေပြီ။

၂၀၂၆ ခုနှစ်၊ မတ်လအတွင်း (၃) ရက် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်များနေ့၊ (၂၁) ရက် အပြည်ပြည်ဆိုင်ရာသစ်တောများနေ့၊ (၂၂) ရက် ကမ္ဘာ့ရေနေ့ဟူသည့် အထိမ်းအမှတ်နေ့များနှင့်အတူ သစ်တောကြေးမုံ၏ စိန်ရတုနှစ်ပတ်လည်လဖြစ်၍ သစ်တောဦးစီးဌာနအတွက် ဂုဏ်ယူစရာဖြစ်သည်။ သစ်တောကြေးမုံသည် စတင်ထုတ်ဝေသည်မှ ယနေ့တိုင်ထုတ်ဝေသည့် ကာလအပိုင်းအခြား၊ အမည်နာမများ၊ အပြင်အဆင်များ အပြောင်းအလဲရှိခဲ့သော်လည်း ခေတ်အဆက်ဆက် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုများ၊ သစ်တောဦးစီးဌာန၏ သစ်တောမူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များကို ထင်ဟပ်စေသည့် သစ်တောဆိုင်ရာသတင်းအချက်အလက်များ ဖော်ပြလျက်သာ။

မျက်မှောက်ကာလတွင် သစ်တောပြုစုထိန်းသိမ်းရေးလုပ်ငန်းများသည် ပတ်ဝန်းကျင်ရေးရာများ၊ ရာသီဥတုပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ်များ၊ ဂေဟစနစ်တည်ငြိမ်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားများစသည့် နယ်ပယ်ကဏ္ဍစုံတွင် အရေးပါလျက်ရှိသည်။

သစ်တောဆိုင်ရာ အသိပညာ အတတ်ပညာများ၏ သဘောသဘာဝအရ မြေပြင်ကွင်းဆင်းဆောင်ရွက်သည်များရှိရာ လက်တွေ့လုပ်ဆောင်ရာတွင် ကျွမ်းကျင်ရာလိမ္မာဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် သက်ဆိုင်သူများသာမက ပြည်သူများမှလည်း နိုးကြားတက်ကြွသည့် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းလာစေရန် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ စာမူများကို သစ်တောကြေးမုံမှာ ဖော်ပြပေးလျက်ရှိသည်။

လက်ရှိ လစဉ်ပုံမှန်ထုတ်ဝေသည့် သစ်တောကြေးမုံအား စာပေပညာရှင်ကြီးများ၊ စာအုပ်ထုတ်ဝေဖြန့်ချိရေး ကျွမ်းကျင်သူများမပါဘဲ သစ်တောဝန်ထမ်းမျိုးဆက်အဆင့်ဆင့် လက်ဆင့်ကမ်းတာဝန်ယူဆောင်ရွက်လာကြရာ အားနည်းချက်များ ရှိကောင်းရှိနိုင်သော်လည်း ပြည်သူတို့အား အသိပညာပေးလိုသည့် ရည်ရွယ်ချက်ကား မှတ်ကျောက်တင်ခံနိုင်သည့် စေတနာအမှန်ပင်။

“စာအုပ်စာပေ၊ လူ့မိတ်ဆွေ” ဆိုစကားနှင့်အညီ ပြည်သူများအတွက် စစ်မှန်သောမိတ်ရင်းဆွေကောင်းပီသသည့် စာစောင်တစ်ခုအဖြစ် သစ်တောအသိပညာများ ဖြန့်ဝေလျက်ရှိသော သစ်တောကြေးမုံသည် (၇၅) နှစ်တိုင် စိန်ရတုမြောက်နှစ်ပတ်လည် မတ်လမှသည် ထာဝစဉ်ရေရှည်တည်တံ့ပြီး အသွင်သဏ္ဌာန်ဆန်းသစ်မှုများ၊ အနှစ်သာရပြည့်ဝမှုများဖြင့် ရှေ့ဆက်တက်လှမ်းနိုင်ပါစေကြောင်း ဆန္ဒပြုလျက် ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပန်းကျင်ကို ကာကွယ်ရမည်။

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။

PDF Compressor Free Version

# သတင်းကဏ္ဍ

❖ သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာမည်ဖြစ်...

❖ သစ်၊ ဝါး၊ ကြိမ်အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြခန်းပါဝင်ပြသ

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီလ ၈ ရက်မှ ၁၄ ရက်အထိ (၇) ရက် တိုင်တိုင် ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနပြခန်း ပါဝင်ပြသသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်း သိမ်းရေးဝန်ကြီးဌာန ပြခန်းတွင် ဝန်ကြီးဌာနအောက်ရှိ ဌာန/ လုပ်ငန်းတို့ဖြစ်သည့် သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်း၊ သတ္တုတွင်းဦးစီးဌာန၊ အမှတ် (၁) သတ္တုတွင်းလုပ်ငန်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းတို့နှင့် ရန်ကုန်၊ မန္တလေး၊ ပဲခူးတို့မှ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း၊ ကုမ္ပဏီ (၁၂) ခု တို့မှ ထုတ်ကုန်ပစ္စည်းများကို ပြသ ရောင်းချခဲ့ကြောင်း သိရသည်။



### သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

PDF Compressor Free Version

ဆယ့်နှစ်လရာသီပွဲတော်များတွင် တစ်ခု အပါအဝင်ဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းရန်၊ ဝန်ထမ်းအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးပွားပြီး စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်တတ်မှုကို ပိုမိုအားကောင်းလာစေရန်၊ ဝန်ထမ်းများ ပျော်ရွှင်ပြီး လုပ်ငန်းခွင်သာယာစေရန် ရည်ရွယ်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ (၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ၃-၂-၂၀၂၆ ရက်နေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာနရုံးချုပ်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အကဲဖြတ် အမှတ်ပေးအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဝန်ကြီးဌာနအောက်ရှိ ဌာနများနှင့် တက္ကသိုလ်တို့မှ ဝန်ထမ်းများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။







ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး ဌာနများနှင့် တက္ကသိုလ်တို့မှ ပြိုင်ပွဲဝင်အသင်း (၁၂) သင်း၏ ထမနဲထိုး ယှဉ်ပြိုင်နေမှုအား လှည့်လည် ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးက ပထမဆု ရရှိသော မြန်မာ့သစ်လုပ်ငန်း အသင်းအားလည်းကောင်း၊ ဒုတိယဝန်ကြီးက ဒုတိယဆုရရှိသော သစ်တောဦးစီးဌာန အသင်းအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က တတိယဆုရရှိသော မြေတိုင်းဦးစီးဌာနအသင်းအားလည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နှစ်သိမ့်ဆုရရှိသော အသင်းများအားလည်းကောင်း အသီးသီး ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

---

### ၂၀၂၆ ခုနှစ် ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetland Day) အထိမ်းအမှတ် အခမ်းအနားကျင်းပ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူသည် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂) ရက်တွင် ကျရောက်သည့် "ကမ္ဘာ့ရေဝပ်ဒေသများနေ့ (World Wetland Day) အထိမ်းအမှတ်အခမ်းအနား" ကို ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာ၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း အပန်းဖြေစခန်း ကြိုးကြာခန်းမ၌ ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ တက်ရောက်၍ အဖွင့်မိန့်ခွန်း ပြောကြားသည်။



အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်း၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနအကြီးအကဲများ၊ ပဲခူးတက္ကသိုလ် ပါမောက္ခများ၊ ပဲခူးတိုင်းဒေသကြီးမှ ဆက်စပ်ဌာနများ၊ ဆရာ/ဆရာမများနှင့် ဆုရကျောင်းသား/သူများ၊ ကုမ္ပဏီ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

PDF Compressor Free Version

ဦးစွာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးနှင့်ဌာနဆိုင်ရာ အရာရှိကြီးများက စက်လှေများဖြင့် မိုးယွန်းကြီးအင်းအတွင်းရှိ ဆောင်းခိုငှက်များ လှည့်လည်ကြည့်ရှုခြင်း၊ သဘာဝတိုင်းရင်းငါးနှင့် မြန်မာ့ဒေသရင်းလိပ်များအား ဘေးမဲ့လွှတ်ခြင်းတို့ ဆောင်ရွက်သည်။



အခမ်းအနားအစီအစဉ်အရ ဒုတိယဝန်ကြီးက အဖွင့်မိန့်ခွန်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သယံဇာတရေးရာဝန်ကြီးက ရေဝပ်ဒေသများကို ရေရှည်တည်တံ့စွာ ထိန်းသိမ်းကာကွယ်ဆောင်ရွက်မှုများ ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ကမ္ဘာ့ရေဝပ်ဒေသများနေ့ အထိမ်းအမှတ် ပန်းချီပြိုင်ပွဲနှင့် မြန်မာ့ရိုးရာလှေလှော်ပြိုင်ပွဲများတွင် ဆုရသူအား ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး ဆုရကျောင်းသူ၊ ကျောင်းသားများ၏ ပန်းချီများ၊ မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲ မှတ်တမ်းဓာတ်ပုံများ၊ ရေဝပ်ဒေသထိန်းသိမ်းရေးနှင့် ပညာပေးပိုစတာများ လှည့်လည်ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို နေ့လယ် (၁၂:၀၀) နာရီတွင် ရုပ်သိမ်းကြောင်း သတင်းရရှိသည်။

---

**သစ်တော၊ သတ္တဝါနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍ (၃) ရပ် သုတေသန ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးကျင်းပ**

သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ၃-၂-၂၀၂၆ ရက်၊ နေ့လယ် (၁၃:၃၀) နာရီအချိန်တွင် သစ်တော၊ သတ္တဝါနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍ (၃) ရပ် သုတေသန ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကျင်းပရာ သုတေသနပူးပေါင်းဆောင်ရွက်ရေး ဥက္ကဋ္ဌ၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးလှမောင်သိန်း တက်ရောက် အမှာစကား ပြောကြားသည်။



အစီအစဉ်အရ ပထမအကြိမ် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ပူးပေါင်း သုတေသန အဆိုပြုလွှာများအား သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူ အသီးသီး၏ ရှင်းလင်းတင်ပြမှုများအပေါ် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ကြသည်။

အစည်းအဝေးသို့ သုတေသန ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သောင်းနိုင်ဦးနှင့် အဖွဲ့ဝင်များ၊ ဆက်စပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်းနှင့်သုတေသန ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သည် သစ်တော၊ သတ္တဝါနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကဏ္ဍ (၃) ရပ်မှ သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် အရည်အသွေး ပိုမိုတိုးတက်လာစေရန် ဖွဲ့စည်းထားရှိခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

## တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ ဆဋ္ဌမအကြိမ်မြောက် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (OMP-VI) Stakeholder Consultation Meeting ကျင်းပ

PDF Compressor Free Version



တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ ဆဋ္ဌမအကြိမ်မြောက် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (OMP-VI) နှင့်ပတ်သက်၍ Stakeholder Consultation Meeting ကို ၃-၂-၂၀၂၆ ရက် (အင်္ဂါနေ့) နံနက် (၁၁:၀၀) နာရီအချိန်တွင် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံး၊ အင်ကြင်းခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်၊ ဒေါက်တာသောင်းနိုင်ဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေချစ်နှင့် တာဝန်ရှိသူများ၊ ဆက်စပ်ဌာနများ၊ မိတ်ဖက်ဌာနများနှင့် NGOs/ INGOs များမှ ကိုယ်စားလှယ်များ တက်ရောက်သည်။

ဦးစွာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်မှ အဖွင့်အမှာစကားပြောကြားပြီးနောက် တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ ပဉ္စမအကြိမ်မြောက်အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် (OMP- V) ကာလ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းအား video clip ဖြင့် ပြသသည်။

နေ့လယ်ပိုင်းတွင် တနင်္သာရီသဘာဝကြိုးဝိုင်းလုပ်ငန်းစီမံကိန်း၏ ဆဋ္ဌမ (၄) နှစ်တာ အုပ်ချုပ် လုပ်ကိုင်မှုစီမံချက် (မူကြမ်း) အပေါ် တက်ရောက်လာသူများမှ သက်ဆိုင်ရာကဏ္ဍများအလိုက် အုပ်စုဖွဲ့၍ ဝိုင်းဝန်းဆွေးနွေးကြောင်း သတင်းရရှိသည်။

## ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရခိုင်ပြည်နယ်၊ တောင်ကုတ်ခရိုင်၊ တောင်ကုတ်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၀၅,၈၁၅ ဧကရှိသော နယ်မြေကို အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၂၆ အရ “ဆားပြင်တိုးချဲ့ ကြိုးပြင်ကာကွယ်တော”အဖြစ်လည်းကောင်း၊ ဧရိယာ အကျယ်အဝန်း ၇၂,၇၃၀ ဧကရှိသော နယ်မြေကို အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၂၆ အရ “မြင်းမဒါန်းတောင် ကြိုးပြင်ကာကွယ်တော” အဖြစ်လည်းကောင်း တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၄၁,၈၅၅.၉၆ ဧက ရှိသော နယ်မြေကို အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၂၆ အရ “ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော” အဖြစ်လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း ၁၀,၅၇၅ ဧကရှိသောနယ်မြေကို ၁၁/၂၀၂၆ အရ “ပေါက်မ-



တောင်ကုတ်မြို့နယ်အတွင်း ဧရိယာ (၁၀၅,၈၁၅) ဧကရှိ ဆားပြင်တိုးချဲ့ ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်း



တောင်ကုတ်မြို့နယ်အတွင်း ဧရိယာ (၇၂,၇၃၀) ဧကရှိ မြင်းမဒါန်းတောင် ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်း

ကယ်ဘာကြိုးပြင်ကာကွယ်တော'' အဖြစ်လည်းကောင်း ကြိုးပြင်ကာကွယ်[illegible]ကြေညာသည်။

PDF Compressor Free Version

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေမြေထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ သစ်တောဖုံးလွှမ်းမှုတိုးတက်စေရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိသည့် မြေလွတ်မြေရိုင်းများအား ထိန်းသိမ်းကာကွယ်ရန်နှင့် သစ်တောထွက်ပစ္စည်းများစဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ဖွဲ့စည်းခြင်း ဖြစ်ပါသည်။



ဘုတ်ပြင်းမြို့နယ်အတွင်း ဧရိယာ (၄၁,၈၅၅.၉၆) ဧကရှိ ကရသူရိဒ်ရေတော ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်း

ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒေသသစ်မျိုးများနှင့် ကြိမ်ဝါးစသည့် အခြားသစ်တောထွက်ပစ္စည်းများ ထိန်းသိမ်းပြုစုနိုင်မည်ဖြစ်ခြင်း၊ ရှားပါးတောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသများကို ထိန်းသိမ်းကာကွယ်နိုင်မည်ဖြစ်ခြင်း၊ မြေဆီလွှာတိုက်စားမှု လျော့နည်းစေခြင်းနှင့် မြေအောက်ရေထိန်းသိမ်းရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေခြင်း၊ သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်စေနိုင်ခြင်း၊ သစ်တောဖုံးလွှမ်းတိုးတက်လာပြီး ရာသီဥတုပိုမိုတိုးတက်ကောင်းမွန်မှုတလာနိုင်စေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။



စလင်းမြို့နယ်အတွင်း ဧရိယာ (၁၀,၅၇၅) ဧကရှိ ပေါက်မ - ကယ်ဘာ ကြိုးပြင်ကာကွယ်တော သဘာဝရှုခင်း

၂၈.၂.၂၀၂၆ ရက်ထိ မြန်မာနိုင်ငံတစ်ဝန်း ဖွဲ့စည်းသတ်မှတ်ပြီးစီးသည့် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော စုစုပေါင်း (၁,၃၃၇) ခု၊ ဧရိယာ (၄၃,၆၅၅,၈၆၈.၃၇) ဧက ရှိ၍ နိုင်ငံဧရိယာ၏ ၂၆.၁၁ ရှိပြီး သစ်တောနယ်မြေများအဖြစ် ဆက်လက်ဖွဲ့စည်းသတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

## ၂၀၂၆ ခုနှစ်၊ မိုးရာသီ သစ်တောစိုက်ခင်းများတည်ထောင်ရန်နှင့် လူထုဖြန့်ပျိုးပင်များ ဖြန့်ဝေစိုက်ပျိုးရန်လျာထားမှု

| စဉ် | လုပ်ငန်းအမျိုးအစား | သစ်တော | | စိမ်းစို | | သစ်လုပ်ငန်း | | ပေါင်း | |
|---|---|---|---|---|---|---|---|---|---|
| | | ဧက | စိုက်ပင် | ဧက | စိုက်ပင် | ဧက | စိုက်ပင် | ဧက | စိုက်ပင် |
| ၁ | သစ်တောစိုက်ခင်းများ | | | | | | | | |
| | စီးပွားရေး | ၆,၀၂၀ | ၃,၂၅၀,၈၀၀ | - | - | ၂၀ | ၂၄,၂၀၀ | ၆,၀၄၀ | ၃,၂၇၅,၀၀၀ |
| | စက်မှုကုန်ကြမ်း | ၆၇၅ | ၃၆၄,၅၀၀ | - | - | - | - | ၆၇၅ | ၃၆၄,၅၀၀ |
| | ရေဝေရေလဲ | ၂,၁၆၀ | ၄၃၂,၀၀၀ | ၅၅၀ | ၂၂၁,၆၅၀ | - | - | ၂,၇၁၀ | ၆၅၃,၆၅၀ |
| | ဒီရေတော | ၃,၁၂၀ | ၃,၇၇၅,၂၀၀ | - | - | - | - | ၃,၁၂၀ | ၃,၇၇၅,၂၀၀ |
| | ဒီရေတော(INGO) | ၅၀၀ | ၆၀၅,၀၀၀ | | | | | | ၆၀၅,၀၀၀ |
| | ကျေးရွာထင်း | ၁,၀၅၀ | ၉၇၇,၀၄၀ | ၆၀၀ | ၃၂၄,၀၀၀ | ၁၀၀ | ၅၄,၀၀၀ | ၁,၇၅၀ | ၁,၃၅၅,၀၄၀ |
| | အထူးစိမ်း | ၄,၆၈၅ | ၉၃၇,၀၀၀ | - | ၁၀၁,၃၅၀ | - | - | ၄,၆၈၅ | ၁,၀၃၈,၃၅၀ |
| | တောင်တန်း | - | - | ၂၇၅ | ၁၁၀,၈၂၅ | - | - | ၂၇၅ | ၁၁၀,၈၂၅ |
| | အခြား | - | - | ၁၇၅ | ၂၁၁,၇၅၀ | - | - | ၁၇၅ | ၂၁၁,၇၅၀ |
| ၂ | စီးပွားရေးစိုက်ခင်းဟောင်းပြန်လည်ပြုစုထိန်းသိမ်းခြင်း | ၄၀၀ | ၂၁၆,၀၀၀ | - | - | - | - | ၄၀၀ | ၂၁၆,၀၀၀ |
| ၃ | ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း | ၂၂၅ | ၄၅,၀၀၀ | - | - | - | - | ၂၂၅ | ၄၅,၀၀၀ |
| ၄ | ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း | ၆၀ | ၃၂,၄၀၀ | - | - | - | - | - | ၃၂,၄၀၀ |
| ၅ | ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော | ၁၁,၃၃၃.၁၁ | ၁,၆၉၉,၉၆၇ | - | - | - | - | - | ၁,၆၉၉,၉၆၇ |
| ၆ | ဘက်စုံသုံး | - | ၆၀,၀၀၀ | - | - | - | - | - | ၅၀,၀၀၀ |
| ၇ | သဘာဝတောတန်ဖိုးမြှင့်စိုက်ပျိုးခြင်း | ၃,၁၆၀ | ၂၂၁,၂၀၀ | - | - | - | ၁၆၀,၄၃၁ | ၃,၁၆၀ | ၃၈၁,၆၃၁ |
| ၈ | တစ်ရွာ(၂)ဧက | ၃၄၁ | ၃၀၄,၁၄၀ | ၂၀၄ | ၈၂,၂၁၂ | - | - | ၅၄၅ | ၃၈၆,၃၅၂ |
| ၉ | လူထုဖြန့် | - | ၇,၄၀၁,၈၁၀ | - | - | - | - | - | ၇,၄၀၁,၈၁၀ |
| | စုစုပေါင်း | ၃၃,၇၂၉ | ၂၀,၃၁၂,၀၅၇ | ၁,၈၀၄ | ၁,၀၅၁,၇၈၇ | ၁၂၀ | ၂၃၈,၆၃၁ | ၂၃,၇၆၀ | ၂၁,၆၀၂,၄၇၅ |

သတင်းရင်းမြစ်–စိုက်ခင်းလုပ်ငန်းဌာနခွဲ

## ပြည်နယ်နှင့် တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာနများ၏ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလမှ ဇန်နဝါရီလအထိ

PDF Compressor Free Version ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၈၄၆ | |
| ၂ | သစ်မာ | တန် | ၅၈၁ | |
| ၃ | အခြား | တန် | ၂,၀၃၂ | |
| | စုစုပေါင်း | | ၃,၄၅၉ | |
| ၄ | မီးသွေး | တန် | ၂,၀၀၆ | |
| ၅ | ကား | စီး | ၂၁၈ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၅ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း/ ထွန်စက် | စီး | ၁၆ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ်/ နောက်တွဲ | စီး | ၄၀ | |
| ၉ | စက်လှေ/ ပဲ့ထောင်/ ရေယာဉ် | စီး | ၁၉ | |
| | စုစုပေါင်း | | ၂၉၈ | စဉ် (၅) မှ (၉)၊ ယာဉ်/ယန္တရား |
| ၁၀ | သစ်စက်/ အင်ဂျင် | လုံး | ၄၁ | |





သတင်းရင်းမြစ် –စစ်ဆေးရေးဌာနခွဲ

## ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာ အသိပညာပေးခြင်း ဟောပြောပွဲ ဆောင်ရွက်ပြီးစီးမှု အခြေအနေ

(၂၆–၂–၂၀၂၆ ) ရက်ထိ

| စဉ် | နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် | မီးခိုးမြူငွေ့လျော့ချရေးဆိုင်ရာဟောပြောပွဲ | |
|---|---|---|---|
| | | ကြိမ်ရေ | တက်ရောက်သူဦးရေ |
| ၁ | ကချင် | ၅ | ၆၅၉ |
| ၂ | ကယား | ၃ | ၄၄၅ |
| ၃ | ကရင် | ၉ | ၉၂၉ |
| ၄ | ချင်း | ၄ | ၂၈၉ |
| ၅ | စစ်ကိုင်း | ၃၆ | ၃,၇၉၁ |
| ၆ | တနင်္သာရီ | ၄၀ | ၆,၇၈၅ |
| ၇ | ပဲခူး | ၂၇ | ၄,၇၉၀ |
| ၈ | မကွေး | ၁၉ | ၂,၃၃၉ |
| ၉ | မန္တလေး | ၁၉ | ၁,၇၃၄ |
| ၁၀ | မွန် | ၉ | ၁,၄၁၆ |
| ၁၁ | ရခိုင် | - | - |
| ၁၂ | ရန်ကုန် | ၄၁ | ၃,၅၅၂ |
| ၁၃ | ရှမ်း | ၁၈၇ | ၁၄,၅၄၈ |
| ၁၄ | ဧရာဝတီ | ၁၆ | ၃,၂၅၁ |
| ၁၅ | နေပြည်တော် | ၁၃ | ၁,၀၉၃ |
| | စုစုပေါင်း | ၄၂၈ | ၄၄,၈၇၅ |

သတင်းရင်းမြစ် –တိုးချဲ့ပညာပေးရေးဌာနခွဲ

သစ်တောဦးစီးဌာနမှ ထုတ်ဝေသော သစ်တောကြေးမုံစာစောင်အား https://forestdepartment.gov.mm Website နှင့် Forestry extension facebook account တို့တွင် ဝင်ရောက် ဖတ်ရှုနိုင်ပါသည်။

PDF Compressor Free Version

## (၁-၂-၂၀၂၁) နေ့မှ (၂၈-၂-၂၀၂၆) ရက်နေ့ထိ သတ်မှတ်ပြီး ကြိုးဝိုင်း / ကြိုးပြင်ကာကွယ်တောများစာရင်း

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ကြိုးပြင်ကာကွယ်တောအမည် | ဧရိယာ(ဧက) |
|---|---|---|---|
| ၁ | ကချင် | ဆယ်မိုင်ကြိုးပြင်ကာကွယ်တော | ၁၁၅,၂၀၀.၀၀ |
| ၂ | ကချင် | နန့်ရင်းချောင်းရေဝေရေလဲကြိုးပြင်ကာကွယ်တော | ၆၇,၇၀၀.၀၀ |
| ၃ | ကချင် | နန်ထုံကြိုးပြင်ကာကွယ်တော | ၂၂,၈၀၀.၀၀ |
| ၄ | ကချင် | မိုင်းဟိန်း(တိုးချဲ့)ကြိုးပြင်ကာကွယ်တော | ၈,၈၄၁.၀၀ |
| ၅ | ကချင် | ဂျူးဇီကြိုးပြင်ကာကွယ်တော | ၂,၀၀၀.၀၀ |
| ၆ | ကချင် | မိုးစစ်တိုးချဲ့ကြိုးပြင်ကာကွယ်တော | ၆,၇၀၆.၀၀ |
| ၇ | ကချင် | ဝါရှောင်တိုးချဲ့ကြိုးပြင်ကာကွယ်တော | ၃,၈၉၂.၀၀ |
| ကချင်ပေါင်း | | | ၂၂၇,၁၃၉.၀၀ |
| ၁ | ချင်း | ကယက်ကြိုးပြင်ကာကွယ်တော | ၄,၉၈၈.၀၀ |
| ၂ | ချင်း | ရှန်းတောင်ကြိုးပြင်ကာကွယ်တော | ၁,၅၁၇.၀၀ |
| ချင်းပေါင်း | | | ၆,၅၀၅.၀၀ |
| ၁ | စစ်ကိုင်း | မုတ်ဝ(၂)ကြိုးပြင်ကာကွယ်တော | ၈၅၀.၀၀ |
| ၂ | စစ်ကိုင်း | ခါချဉ်တောင်ကြိုးပြင်ကာကွယ်တော | ၁၂,၃၃၅.၀၀ |
| ၃ | စစ်ကိုင်း | ဂဟဲ(၂)ကြိုးပြင်ကာကွယ်တော | ၁,၃၆၃.၀၀ |
| ၄ | စစ်ကိုင်း | နန့်ဖာဒင်ကြိုးပြင်ကာကွယ်တော | ၂၂,၀၀၆.၀၀ |
| ၅ | စစ်ကိုင်း | နန့်ယုတ်ကြိုးပြင်ကာကွယ်တော | ၄၀,၅၁၁.၀၀ |
| ၆ | စစ်ကိုင်း | ကျောက်တောင်(၂)ကြိုးပြင်ကာကွယ်တော | ၁,၃၄၈.၀၀ |
| ၇ | စစ်ကိုင်း | မံလွှဲယံကြိုးပြင်ကာကွယ်တော | ၁၄,၅၃၄.၀၀ |
| ၈ | စစ်ကိုင်း | နန်းစဖိကြိုးပြင်ကာကွယ်တော | ၁၄,၀၀၀.၀၀ |
| စစ်ကိုင်းပေါင်း | | | ၁၀၆,၉၄၇.၀၀ |
| ၁ | တနင်္သာရီ | ကျောက္ကာအနောက်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၇၁၇.၀၀ |
| ၂ | တနင်္သာရီ | မအိုင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၃,၃၄၀.၀၀ |
| ၃ | တနင်္သာရီ | မစန်းပါး(၂)ဒီရေတောကြိုးပြင်ကာကွယ်တော | ၁,၉၆၂.၀၀ |
| ၄ | တနင်္သာရီ | ပြင်ဘုကြီး(၂)ဒီရေတောကြိုးပြင်ကာကွယ်တော | ၁,၄၂၄.၀၀ |
| ၅ | တနင်္သာရီ | ထင်းမယ်ကြိုးပြင်ကာကွယ်တော | ၄,၄၃၅.၀၀ |
| ၆ | တနင်္သာရီ | သယောကြီးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၁,၂၆၉.၀၀ |
| ၇ | တနင်္သာရီ | သရက်တောင်ကြီးဒီရေတောကြိုးပြင်ကာကွယ်တော | ၆၀၁.၆၀ |
| ၈ | တနင်္သာရီ | စခန်းသစ်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၁,၅၉၄.၀၀ |
| ၉ | တနင်္သာရီ | မအိုင်(၂)ဒီရေတောကြိုးပြင်ကာကွယ်တော | ၄၉၅.၀၀ |
| ၁၀ | တနင်္သာရီ | ခိုကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၂၃,၃၇၀.၀၀ |
| ၁၁ | တနင်္သာရီ | ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၁၁,၇၈၆.၈၀ |
| ၁၂ | တနင်္သာရီ | ဆင်ကူးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၉,၆၀၄.၀၀ |
| ၁၃ | တနင်္သာရီ | ချောင်းညီကိုဒီရေတောကြိုးပြင်ကာကွယ်တော | ၆,၃၅၄.၀၀ |
| ၁၄ | တနင်္သာရီ | မစမ်းပါးကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၂,၅၆၀.၀၀ |
| ၁၅ | တနင်္သာရီ | ကဖွားဒီရေတောကြိုးပြင်ကာကွယ်တော | ၂,၄၀၃.၀၀ |
| ၁၆ | တနင်္သာရီ | ကရသူရိဒီရေတောကြိုးပြင်ကာကွယ်တော | ၄၁,၈၅၅.၉၆ |
| တနင်္သာရီပေါင်း | | | ၁၁၃,၇၇၁.၃၆ |
| ၁ | ပဲခူး | အောင်နိမိတ်ဒီရေတောကြိုးပြင်ကာကွယ်တော | ၂၈,၃၉၂.၀၀ |
| ပဲခူးပေါင်း | | | ၂၈,၃၉၂.၀၀ |
| ၁ | မကွေး | ပေါ်လယ်-ဝက်ချိပါကြိုးပြင်ကာကွယ်တော | ၈,၄၀၀.၀၀ |
| ၂ | မကွေး | ဆေးပင်ကြီးကြိုးပြင်ကာကွယ်တော | ၁၃,၁၄၃.၀၀ |
| ၃ | မကွေး | ဖျန်ကြိုးပြင်ကာကွယ်တော | ၄,၈၂၇.၀၀ |
| ၄ | မကွေး | ပေါက်မြောက်ပိုင်း(၁)ကြိုးပြင်ကာကွယ်တော | ၃,၈၁၇.၀၀ |
| ၅ | မကွေး | ပုလဲကြိုးပြင်ကာကွယ်တော | ၂,၆၁၇.၀၀ |
| ၆ | မကွေး | ဇီးပြားကြိုးပြင်ကာကွယ်တော | ၂,၂၀၀.၀၀ |
| ၇ | မကွေး | ပေါက်မ- ကယ်ဘာကြိုးပြင်ကာကွယ်တော | ၁၀,၅၇၅.၀၀ |
| မကွေးပေါင်း | | | ၄၅,၅၇၉.၀၀ |
| ၁ | မန္တလေး | ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၁) | ၇၂၇.၉၁ |
| ၂ | မန္တလေး | ငါ့လင်းပုတ်ကြိုးပြင်ကာကွယ်တောအပိုင်း(၂) | ၄၀၈.၀၇ |
| ၃ | မန္တလေး | ရွှေဆံတော်ကြိုးပြင်ကာကွယ်တော | ၄၁၀.၀၀ |
| ၄ | မန္တလေး | ရွှေနတ်တောင်ကြိုးပြင်ကာကွယ်တောအပိုင်း(၁)၊(၂) | ၃၆၀.၀၀ |
| ၅ | မန္တလေး | တောင်ပင်လယ်ဆည်ကြိုးပြင်ကာကွယ်တော | ၅,၈၆၁.၀၀ |
| ၆ | မန္တလေး | တုရင်တောင်ကြိုးပြင်ကာကွယ်တော | ၁,၉၀၅.၀၀ |
| ၇ | မန္တလေး | ဝါးရှက်ကြိုးပြင်ကာကွယ်တော | ၆,၃၈၃.၀၀ |
| ၈ | မန္တလေး | ရမန်းချောင်းကြိုးပြင်ကာကွယ်တော | ၃,၇၇၁.၀၀ |
| ၉ | မန္တလေး | ကျောက်ဆည်ကန်ကြိုးပြင်ကာကွယ်တော | ၅,၉၆၃.၀၀ |
| မန္တလေးပေါင်း | | | ၂၅,၇၈၈.၉၈ |
| ၁ | နေပြည်တော် | နန်ချိုကြိုးပြင်ကာကွယ်တောအပိုင်း(၁) | ၂၁,၂၅၇.၀၀ |
| ၂ | နေပြည်တော် | နန်ချိုကြိုးပြင်ကာကွယ်တောအပိုင်း(၂) | ၇,၉၂၇.၀၀ |
| ၃ | နေပြည်တော် | နန်ချိုကြိုးပြင်ကာကွယ်တောအပိုင်း(၃) | ၁,၆၈၉.၀၀ |
| ၄ | နေပြည်တော် | ကြိုးကြာအင်းကြိုးပြင်ကာကွယ်တော | ၄,၀၈၇.၀၀ |
| ၅ | နေပြည်တော် | ကျောက်တစ်လုံးကြိုးပြင်ကာကွယ်တော | ၆၇၈.၁၉ |
| နေပြည်တော်ပေါင်း | | | ၃၅,၆၃၈.၁၉ |
| ၁ | မွန် | ကျိုက်ပိရွှေသောင်ကွင်းဒီရေတောကြိုးပြင်ကာကွယ်တော | ၂,၂၇၅.၀၀ |
| ၂ | မွန် | ကဏန်းကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော | ၉,၂၈၄.၀၀ |
| ၃ | မွန် | ငွေသောင်ယံဒီရေတောကြိုးပြင်ကာကွယ်တော | ၁,၆၁၄.၀၀ |
| မွန်ပေါင်း | | | ၁၃,၁၇၃.၀၀ |
| ၁ | ရခိုင် | ကာမကြိုးပြင်ကာကွယ်တော | ၈၉,၀၈၉.၀၀ |
| ၂ | ရခိုင် | ဆားပြင်တိုးချဲ့ကြိုးပြင်ကာကွယ်တော | ၁၀၅,၈၁၅.၀၀ |
| ၃ | ရခိုင် | မြင်းမဒါန်းတောင်ကြိုးပြင်ကာကွယ်တော | ၇၂,၇၃၀.၀၀ |
| ရခိုင်ပေါင်း | | | ၂၆၇,၆၃၄.၀၀ |
| ၁ | ရန်ကုန် | အစိမ်းရောင်တံတိုင်းဒီရေတောကြိုးပြင်ကာကွယ်တော | ၉,၂၇၄.၃၈ |
| ၂ | ရန်ကုန် | ဘိတ်သိတ်-မဟာ-သာသာဒီရေတောကြိုးပြင်ကာကွယ်တော | ၈,၄၉၂.၀၀ |
| ရန်ကုန်ပေါင်း | | | ၁၇,၇၆၆.၃၈ |
| ၁ | ရှမ်း(တ) | လွယ်မောကြိုးပြင်ကာကွယ်တော | ၁,၅၁၀.၀၀ |
| ၂ | ရှမ်း(မ) | ပန်စောက်ကြိုးပြင်ကာကွယ်တော | ၈၇၇.၀၀ |
| ၃ | ရှမ်း(ရ) | အောက်မိုင်းဟဲတိုးချဲ့ကြိုးပြင်ကာကွယ်တော | ၃၁,၄၄၄.၀၀ |
| ၄ | ရှမ်း(ရ) | ကိုးကွေ့တောင်ကြိုးပြင်ကာကွယ်တော | ၁၃,၈၀၃.၀၀ |
| ၅ | ရှမ်း(ရ) | ပန်ကြူရေဝေရေလဲထိန်းသိမ်းရေးကြိုးပြင်ကာကွယ်တော | ၁,၈၂၀.၀၀ |
| ၆ | ရှမ်း(ရ) | မိုင်းဟဲကြိုးပြင်ကာကွယ်တော | ၇,၀၀၀.၀၀ |
| ၇ | ရှမ်း(တ) | ဟန်လင်းတောင်ကြိုးပြင်ကာကွယ်တော | ၁၅,၀၀၀.၀၀ |
| ၈ | ရှမ်း(မ) | လုံမုံကြိုးပြင်ကာကွယ်တော | ၄၆၂.၀၀ |
| ၉ | ရှမ်း(မ) | ကောင်းခါးကြိုးပြင်ကာကွယ်တော | ၃,၀၂၀.၀၀ |
| ၁၀ | ရှမ်း(တ) | ကေလာသတောင်ကြိုးပြင်ကာကွယ်တော | ၁,၂၀၆.၀၀ |
| ၁၁ | ရှမ်း(မ) | နမ့်ပွန်းကြိုးပြင်ကာကွယ်တော | ၃၂၅.၀၀ |
| ရှမ်းပေါင်း | | | ၇၆,၄၆၇.၀၀ |
| စုစုပေါင်း | | | ၉၆၄,၈၀၀.၉၁ |

## ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများသတ်မှတ်ဖွဲ့စည်းခြင်း

| စဉ် | ၃၁-၁-၂၀၂၁ ထိ ဆောင်ရွက်ပြီးစီးမှု | | ၁-၂-၂၀၂၁ မှ ၂၈- ၂ - ၂၀၂၆ ထိ ဆောင်ရွက်ပြီးစီးမှု | | စုစုပေါင်း ဆောင်ရွက်ပြီးစီးမှု | | နိုင်ငံဧရိယာ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | အရေအတွက် | ဧက | အရေအတွက် | ဧက | အရေအတွက် | ဧက | |
| ၁ | ၁၂၆၃ | ၄၂,၆၉၁,၀၆၇.၄၆ | ၇၄ | ၉၆၄,၈၀၀.၉၁ | ၁၃၃၇ | ၄၃,၆၅၅,၈၆၈.၃၇ | ၂၆.၁၁ |

## (၁-၂-၂၀၂၁) နေ့မှ (၂၈-၂-၂၀၂၆) ရက်နေ့ထိ သတ်မှတ်ပြီး သဘာဝထိန်းသိမ်းရေးနယ်မြေများစာရင်း

PDF Compressor Free Version

| စဉ် | ဥယျာဉ်/ဘေးမဲ့တော | ရက်စွဲနှင့် အမိန့်အမှတ် | တည်နေရာ | အကျယ်အဝန်း | |
|---|---|---|---|---|---|
| | | | | ဧက | စတုရန်းမိုင် |
| ၁ | လှိုင်ဆမ်ဆစ်တောင်သဘာဝကြိုးဝိုင်း | ၂၂-၁၀-၂၀၂၁ (၁၂၃/၂၀၂၁) | ရှမ်းပြည်နယ်၊ မူဆယ်ခရိုင်၊ ကွတ်ခိုင်မြို့နယ် | ၁၅,၀၀၀.၀၀ | ၂၃.၄၄ |
| ၂ | မဟာမြိုင်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | ၃၀-၁၂-၂၀၂၁ (၁၇၁/၂၀၂၁) | စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး ခရိုင်၊ မင်းကင်းနှင့် ကလေးဝမြို့နယ်၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့နယ် | ၂၉၀,၁၂၀.၈၄ | ၄၅၃.၃၅ |
| ၃ | လင်းနို့ဂူတောင်ဘူမိရုပ်သွင်ထူးခြားသည့် နယ်မြေ | ၃၀-၁၂-၂၀၂၁ (၁၇၂/၂၀၂၁) | စစ်ကိုင်းတိုင်းဒေသကြီး၊ကန့်ဘလူ ခရိုင်၊ ကန့်ဘလူမြို့နယ်နှင့် ပြင်ဦး လွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ် | ၃၀,၁၉၉.၀၀ | ၄၇.၁၉ |
| ၄ | မန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | ၃၀-၁၂-၂၀၂၁ (၁၇၃/၂၀၂၁) | မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ် | ၃၀,၇၀၀.၀၀ | ၄၇.၉၇ |
| ၅ | ပန်းသီတောင်သဘာဝကြိုးဝိုင်း အပိုင်း(၁) | ၃-၁-၂၀၂၂ (၀၄/၂၀၂၂) | ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲနှင့် ရွာသစ်မြို့နယ် | ၃၄,၉၈၅.၀၀ | ၅၄.၆၆ |
| ၆ | စာမွန်းတောင်အမျိုးသားဥယျာဉ် | ၃-၁-၂၀၂၂ (၀၅/၂၀၂၂) | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန် မြို့နယ် | ၂၈,၂၈၇.၀၀ | ၄၄.၂၀ |
| ၇ | ဇလုံတောင်အမျိုးသားဥယျာဉ် | ၁၃-၁-၂၀၂၂ (၁၂/၂၀၂၂) | စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ဗန်းမောက်မြို့နယ် | ၆၀,၀၄၆.၇၁ | ၉၃.၈၂ |
| ၈ | ကနေဒီ(ခ)လေသာတောင်အမျိုးသား ဥယျာဉ် | ၂၁-၂-၂၀၂၂ ၃၅/၂၀၂၂ | ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ တီးတိန်မြို့နယ် | ၂၃,၄၆၃.၀၀ | ၃၆.၆၆ |
| ၉ | နံ့သာကျွန်းအဏ္ဏဝါအမျိုးသားဥယျာဉ် | ၂၁-၂-၂၀၂၂ ၃၆/၂၀၂၂ | ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ စစ်တွေ နှင့် ရသေ့တောင်မြို့နယ် | ၂၂,၉၇၉.၀၀ | ၃၅.၉၀ |
| | ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်း တိရစ္ဆာန် ဘေးမဲ့တောကို ၂၃၆၇၈ ဧကတိုးချဲ့ခြင်း | ၂၈-၂-၂၀၂၂ ၄၄/၂၀၂၂ | ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရွာငံမြို့နယ် | ၂၃,၆၇၈.၀၀ | ၃၇.၀၀ |
| ၁၀ | မီအေပီ၊ ရဟူတူ၊ လိုမ်ရောမ်းအမျိုးသားဥယျာဉ် | ၁၀-၃-၂၀၂၂ ၅၁/၂၀၂၂ | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန် မြို့နယ် | ၁၂,၃၄၁.၈၀ | ၁၉.၂၈ |
| ၁၁ | ဇိန်မှူတောင်အမျိုးသားဥယျာဉ် | ၁၁-၃-၂၀၂၂ ၅၂/၂၀၂၂ | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန် မြို့နယ်နှင့် ဖလမ်းခရိုင်၊ ဖလမ်းမြို့နယ် | ၉,၉၈၄.၂၈ | ၁၅.၆၀ |
| ၁၂ | ကျီးရီးယန်းတောင်အမျိုးသားဥယျာဉ် | ၈-၈-၂၀၂၂ ၁၂၁/၂၀၂၂ | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ထန်တလန် မြို့နယ် | ၆,၈၀၄.၅၀ | ၁၀.၆၃ |
| ၁၃ | မှုန်တောင်ဒေသခံအစုအဖွဲ့သဘာဝထိန်းသိမ်း ရေးနယ်မြေ | ၁၅-၁၁-၂၀၂၂ ၁၆၆/၂၀၂၂ | ချင်းပြည်နယ်၊ ဟားခါးခရိုင်၊ ဟားခါးမြို့နယ် | ၁,၄၀၆.၀၀ | ၂.၂၀ |
| ၁၄ | ကျွန်းနံ့သာအဏ္ဏဝါအမျိုးသားဥယျာဉ် | ၁၂-၆-၂၀၂၄ ၅၀/၂၀၂၄ | ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ ဂွမြို့ | ၂၃,၀၀၀.၀၀ | ၃၅.၉၄ |
| ၁၅ | ရေထွက်ကျောက်ခေါင်း (လင်းဝေး) ဘူမိရုပ်သွင် ထူးခြားသည့် နယ်မြေ | ၂၅-၁၀-၂၀၂၄ ၉၃/၂၀၂၄ | ရှမ်းပြည်နယ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ ရွာငံမြို့နယ် | ၄၇၅.၀၀ | ၀.၇၄ |
| ၁၆ | ရှိမ္မကားတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော | ၂၃-၁-၂၀၂၅ ၁၂/၂၀၂၅ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဝက်လက်မြို့နယ် | ၃၂၇.၀၀ | ၀.၅၁ |
| | လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်(ပြင်ဆင်) | ၂၈-၈-၂၀၂၅ ၇၉/၂၀၂၅ | တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်း ခရိုင်၊ ကော့သောင်းမြို့နယ်၊ ဘုတ်ပြင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ် | ၂၄၉,၆၃၉.၉၀ | ၃၉၀.၀၆ |
| | စုစုပေါင်း | | | ၈၆၃,၄၃၇.၀၃ | ၁,၃၄၉.၁၆ |

**မှတ်ချက်။** ပန်းလောင်နှင့် ပြဒါးလင်းဂူတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော ဧရိယာ ၈၂,၄၈၃ ဧကကို ၂၃,၆၇၈ ဧက ထပ်မံတိုးချဲ့ခြင်းကြောင့် စုစုပေါင်း ဧရိယာ ၁၀၆,၁၆၁ ဧက ရှိပါသည်။ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ် ဧရိယာ ၅၀,၅၂၈.၇၃ ဧကကို ၂၄၉,၆၃၉.၉၀ ဧက တိုးချဲ့ပြင်ဆင်သတ်မှတ်ခြင်းကြောင့် စုစုပေါင်းဧရိယာ ၃၀၀,၁၆၈.၆၃ ဧက ရှိပါသည်။

## သတ်မှတ်ထားရှိသည့် သဘာဝထိန်းသိမ်းရေးနယ်မြေများ၏ ဧရိယာ

| စဉ် | ၃၁-၁-၂၀၂၁ ထိ ဆောင်ရွက်ပြီးစီးမှု | | ၁-၂-၂၀၂၁ မှ ယနေ့ထိ ဆောင်ရွက်ပြီးစီးမှု | | စုစုပေါင်း ဆောင်ရွက်ပြီးစီးမှု | | နိုင်ငံဧရိယာ၏ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | အရေအတွက် | ဧက | အရေအတွက် | ဧက | အရေအတွက် | ဧက | |
| ၁ | ၄၆ | ၁၀,၁၄၃,၉၅၅.၉၉ | ၁၆ | ၈၆၃,၄၃၇.၀၃ | ၆၂ | ၁၁,၀၀၇,၃၉၃.၀၂ | ၆.၅၈ |

PDF Compressor Free Version




မြန်မာ့သစ်တောမူဝါဒ (၁၉၉၅) အရ နိုင်ငံဧရိယာ၏ (၅) ရာခိုင်နှုန်းကို သဘာဝနယ်မြေများအဖြစ် တည်ထောင်ရန် သတ်မှတ်ထားပြီး အမျိုးသား သစ်တောကဏ္ဍ နှစ်(၃၀) ပင်မစီမံကိန်းတွင် နိုင်ငံဧရိယာ၏ (၁၀) ရာခိုင်နှုန်းအား သဘာဝနယ်မြေများအဖြစ် သတ်မှတ်ဖွဲ့စည်းရန် ချမှတ်ခဲ့ပါသည်။

လက်ရှိတွင် နိုင်ငံဧရိယာ၏ ၆.၅၈ ရာခိုင်နှုန်းရှိသည့် သဘာဝနယ်မြေ (၆၂)ခု၊ ဧရိယာ (၁၁,၀၀၇,၃၉၃.၀၂) ဧက (၁၇,၁၉၉.၀၅) စတုရန်းမိုင် ဖွဲ့စည်းတည်ထောင်၍ ထိန်းသိမ်းကာကွယ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအတွင်း သတ်မှတ်ထားရှိသည့် ဥယျာဉ်/ဘေးမဲ့တောများနှင့် ထူးခြားသည့် ဂေဟစနစ်များရှိသည့် ဒေသများကို နိုင်ငံတကာအသိအမှတ်ပြုသည့် အမျိုးအစားအလိုက် အောက်ပါအတိုင်း သတ်မှတ်ထားရှိသည်။

**(၁) အာဆီယံ အမွေအနှစ်ဥယျာဉ် (ASEAN Heritage Park) များ**

(က)ခါကာဘိုရာဇီအမျိုးသားဥယျာဉ်
(ခ) အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
(ဂ) အလောင်းတော်ကဿပအမျိုးသားဥယျာဉ်
(ဃ)နတ်မတောင်အမျိုးသားဥယျာဉ်
(င) အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
(စ) မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
(ဆ)လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်
(ဇ) ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

**(၂) ရမ်ဆာ ရေဝပ်ဒေသများ**

(က)မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော – ၂၀၀၄
(ခ) အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော – ၂၀၁၆
(ဂ) မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော – ၂၀၁၇
(ဃ)မုတ္တမပင်လယ်ကွေ့– ၂၀၁၇
(င) အင်းလေးကန် – ၂၀၁၈
(စ) နံ့သာကျွန်းနှင့် မေယုမြစ်ဝ – ၂၀၂၀
(ဆ)ပြူကန် – ၂၀၂၄ နှင့်

**(၃) အရှေ့အာရှ– ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်အဖွဲ့အစည်း (East Asian- Australasian Flyway Partnership – EAAFP) –**

(က)မုတ္တမပင်လယ်ကွေ့– ၂၀၁၄
(ခ) အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော – ၂၀၁၄
(ဂ) မိုးယွန်းကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော – ၂၀၁၄
(ဃ)နံ့သာကျွန်းနှင့် မေယုမြစ်ဝ – ၂၀၁၈
(င) မိန်းမလှကျွန်းတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော – ၂၀၁၈
(စ) အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော – ၂၀၂၀
(ဆ)ပလိပ်အင်း – ၂၀၂၃
(ဇ) ပြူကန်– ၂၀၂၃

**(၄) Geopark**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၆–၁၂–၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၂/၂၀၂၃) ဖြင့် ဧရိယာ (၅၂,၃၁၇.၈၅) ဧကကျယ်ဝန်းသည့် ပုပ္ပါးတောင် အမျိုးသားဘူမိဥယျာဉ်အား သစ်တောနယ်မြေတွင် ကျရောက်သည့် ဘူမိနယ်မြေ (Geosites) (၁၅) ခု ဖြင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

**(၅) လူသားနှင့် ဇီဝအဝန်းနယ်မြေ**

(က)အင်းလေးကန်ဇီဝအဝန်းနယ်မြေ
(ခ) အင်းတော်ကြီးဇီဝအဝန်းနယ်မြေ။

++++++++++++++++

# သစ်တောဦးစီးဌာန၊ ခေတ်အဆက်ဆက် ညွှန်ကြားရေးမှူးချုပ်များ

PDF Compressor Free Version

| No | Name | Education | Duration | | Remark |
|---|---|---|---|---|---|
| | | | From | to | |
| 1 | Dr.Dietrich Brandis | Ph.D (Botany) | 1864 | 0881 | Inspector General of Forests |
| 2 | Mr. F BeadonBryant | | 1904-05 | 11.3.1908 | Chif Conservator of Forests |
| 3 | Mr. John Henry Laca | C.I.E | 12.3.1908 | 16.5.1910 | Chief Conservator of Forests |
| 4 | Mr. M Hill | | 17.5.1910 | 23.5.1911 | Chief Conservator of Forests |
| 5 | Mr. John Henry Lace | | 24.5.1911 | 23.7.1913 | Chief Conservator of Forests |
| 6 | Mr. Charies Gilbert Rogers | C.I.E B.Sc (Botany) | 24.7.1913 | 16.10.1919 | Chief Conservator of Forests |
| 7 | Mr. Frederick Alexander Leete | C.I.E | 17.10.1919 | 10.5.1922 | Chief Conservator of Forests |
| 8 | Mr. C B Smales | | 11.5.1922 | 29.11.1922 | Chief Conservator of Forests |
| 9 | Mr. Frederick Alexander Leete | C.I.E | 30.11.1922 | 11.3.1924 | Chief Conservator of Forests |
| 10 | Mr. C B Smales | | 12.3.1924 | 19.11.1924 | Chief Conservator of Forests |
| 11 | Mr. Hugh Wesley Allan Watson | I.F.S | 20.11.1924 | 18.5.1930 | Chief Conservator of Forests |
| 12 | Mr. S F Hopwood | M.C | 19.5.1930 | 21.6.1935 | Chief Conservator of Forests |
| 13 | Mr. Harry Richard Blanford | C.B.E, I.F.S.O.B.E | 22.6.1935 | 25.10.1936 | Chief Conservator of Forests |
| 14 | Mr. C E Milner | | 26.10.1936 | 2.9.1937 | Chief Conservator of Forests |
| 15 | Mr. A M Moodie | I.F.S, O.B.E | 3.9.1937 | 3.5.1939 | Chief Conservator of Forests |
| 16 | Mr. Richard Unwin | | 4.5.1939 | 4.4.1942 | Chief Conservator of Forests |
| 17 | Mr.Herbert Cecil Smith | O.B.E | 5.4.1942 | 6.4.1944 | Chief Conservator of Forests |
| 18 | Mr.Reggie W V Palmer | O.B.E | 7.4.1944 | 2.3.1945 | Chief Conservator of Forests |
| 19 | Mr.Herbert Cecil Smith | O.B.E | 3.3.1945 | 15.10.1945 | Chief Conservator of Forests |
| 20 | Mr. Frederick Thomas Morehead | O.B.E | 16.10.1945 | 27.2.1946 | Chief Conservator of Forests |
| 21 | Mr. D.J Atkinson | | 28.2.1946 | 28.2.1947 | Chief Conservator of Forests |
| 22 | Mr. D.T Griffiths | | 1.3.1947 | 3.1.1948 | Chief Conservator of Forests |
| 23 | Sithu U Hman | B.F.S | 4.1.1948 | 24.4.1951 | Chief Conservator of Forests |
| 24 | U Kyaw Khine | B.Sc (For) | 25.4.1951 | 18.9.1952 | Chief Conservator of Forests |
| 25 | U San | B.Sc (Hons), M.A(Oxon) | 19.9.1952 | 19.11.1952 | Chief Conservator of Forests |
| 26 | U Kyaw Khine | B.Sc (For) | 20.11.1952 | 31.3.1953 | Chief Conservator of Forests |
| 27 | U San | B.Sc (Hons), M.A(Oxon) | 1.4.1953 | 30.6.1953 | Chief Conservator of Forests |
| 28 | U Kyaw Khine | B.Sc (For) | 1.7.1953 | 31.1.1954 | Chief Conservator of Forests |
| 29 | Thiripyanchi U Tan Chein Hoe | B.Sc (Hons), B.Sc (Edin.) | 1.2.1954 | 20.10.1954 | Chief Conservator of Forests |
| 30 | Thiripyanchi U Thein | B.Sc, B.A(Oxon) | 21.10.1954 | 2.1.1955 | Chief Conservator of Forests |

# သစ်တောဦးစီးဌာန၊ ခေတ်အဆက်ဆက် ညွှန်ကြားရေးမှူးချုပ်များ

PDF Compressor Free Version

| No | Name | Education | Duration | | Remark |
|---|---|---|---|---|---|
| | | | From | to | |
| 31 | Thiripyanchi U Tan Chein Hoe | B.Sc(Hons). B.Sc(Edin.) | 3.1.1955 | 20.5.1956 | Chief Conservator of Forests |
| 32 | Thiripyanchi U Thein Han | B.Sc(For), T.D.M,A.T.M | 21.5.1956 | 1956 | Chief Conservator of Forests |
| 33 | Thiripyanchi U Tan Chein Hoe | B.Sc. (Hons), B.Sc.(Edin.) | 1957 | 18.1.1963 | Chief Conservator of Forests |
| 34 | Thiripyanchi U Thein Han | B.Sc., B.A. (Oxon) | 19.1.1963 | 1966 | Chief Conservator of Forests |
| 35 | U Kyi | B.Sc. M.A(Oxon.) | 1966 | 1967 | Chief Conservator of Forests |
| 36 | Wunna Kyaw Htin U Maung Galay(1) | B.Sc., Dip.For. (Canb.) A.M.I.F.A(Aust.) | 1967 | 1979 | Chief Conservator of Forests Director General |
| 37 | U Zaw Aung | B.A., B.Sc.(Edin.), | 1980 | 1982 | Director General |
| 38 | U Sein Maung Wint | B.Sc., Dip. For (Canb.). A.M.I.F.A(Aust.) | 1982 | 1987 | Director General |
| 39 | U Ba Thwin | B Sc. (For) (Rgn.) | 1988 | 1991 | Director General |
| 40 | U Ye Myint | B.Sc.(For) (Rgn.) | 1.1.1992 | 14.9.1992 | Director General |
| 41 | U Soe Kyi | B.Sc.(For) (Rgn) M.F. (Syracuse. )USA | 15.9.1992 | 14.12.1993 | Director General |
| 42 | U Tin Hla | B.Sc.(For) (Rgn.), | 1994 | 1995 | Director General |
| 43 | Dr. Kyaw tint | B Sc. (For) (Rgn) M.Sc., Ph.D. (Forest Inventory) | 1995 | 2001 | Director General |
| 44 | U Shwe Kyaw | B.Sc (For) (Rgri.), M.Sc. (Forest Mensuration) (Canb.) | 2001 | 2004 | Director General |
| 45 | U Soe Win Hlaing | B.Sc.(For) (Rgn.), M. Sc.DMA | 2004 | 2009 | Director General |
| 46 | U Aye Myint Maung | B.Sc. (Chem), RL,EMPA | 2009 | 2012 13.9.2012 | Director General |
| 47 | Dr. Nyi Nyi Kyaw | B.Sc (For), M.Sc. (Tropical Forestry) Ph.D (Forest Science) | 2012 14.9.2012 | 2021 15.9.2021 | Director General |
| 48 | U Htay Aung | B.Sc.(For) (Rgn.) | 16.9.2021 | 15.7.2023 | Director General |
| 49 | U Hla Maung Thein | B.Sc. (For) (Rgn.), M.Sc | 16.7.2023 | 2.10.2023 | P.S |
| 50 | Dr. Thaung Naing Oo | B.Sc . ( Forestry), M.SC (Tropical Forestry), M.A (Defence Studies), Ph.D(Forest Environmental Science) | 3.10.2023 | ယနေ့အထိ | Director General |

ယခင်လမှ အဆက် ➲

PDF Compressor Free Version

# တမူထူးခြားပါတဲ့ တစ်ပါးဆရာသခင် ကျေးရူးရှင် (၂)

အောင်ခင် (သစ်တော)

အထက်ပွဲကတော့ မြေပြင်အထက်မှာ တည်ရှိတဲ့ ရုက္ခစိုး အပါအဝင် သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ဝိုင်းဝန်းစောင့်ရှောက်ကြဖို့ မေတ္တာပို့ အမျှဝေတာပါ။ အောက်ပွဲကတော့ ဘုမ္မစိုး အပါအဝင် မြေပြင် အနီးအနားအတွင်းတည်ရှိကြတဲ့ သတ္တဝါအားလုံးကို ဘေးရန်အန္တရာယ်မရှိရအောင် ရှောင်ကြ ရှားကြဖို့ မေတ္တာပို့ အမျှဝေတာပါ။ သစ်ပင်စိုက်ဖို့ မြေကြီးထဲကို တူးဆွတဲ့အခါ သတ္တဝါငယ်လေးတွေ မထိမခိုက်အောင်လို့ပါ။ တကယ်တမ်းအပင်တွေစိုက်ကြတဲ့အခါ ထင်ထားခဲ့တာထက်များစွာ ပိုမိုအောင်မြင်ခဲ့ပါတယ်။ မြေလုံး မတော်တဆကွဲသွားတဲ့ လူတစ်ရပ်လောက်မြင့်တဲ့ Instant tree အပင်ကြီးတွေတောင် ရှင်ပါတယ်။ ပုံမှန်ပျိုးအိတ်တွေနဲ့ စိုက်တဲ့ အပင်တွေဆိုပြောစရာကို မလိုဘူး။ အကုန်လုံးရှင်ပါတယ်။ သမ္မာဒေဝနတ်များ စောင်မကြတယ်ထင်ပါတယ်။ မိုးလေး တစ်ပြိုက်နှစ်ပြိုက်လည်း ရွာပါသေးတယ်။ တကယ်တော့ ကျွန်တော့်လုပ်ဖော်ကိုင်ဖက် စိုက်ကွက်မှူးနဲ့ တောအုပ် တောခေါင်းတွေ ကြိုးစားကြတာလည်းပါပါတယ်။ လိုအပ်ရင် ရေလောင်းပေးဖို့ bowser ကားတစ်စီးရံထားပါတယ်။ အဲဒီနောက်ပိုင်း ပြောစမှတ်တစ်ခုတွင် သွားပါတယ်။ စိုက်ကွက်မှူးတို့ bowser နဲ့ ရေလောင်းရင် မိုးရွာတတ်တယ်တဲ့။

### "လူမျိုး၊ ဘာသာစကား"

ကောင်းမှုတော်ဘုရားမှာ သစ်ပင်စိုက်ဖို့ သွားရင်းနဲ့ ဘုရားမှာ ဆရာနဲ့ စကားအေးအေးဆေးဆေး ပြောဖြစ်ပါတယ်။ အမှန်တော့ဆရာပြောပြတာတွေ နားထောင်မှတ်သားရတာပါ။ တစ်ခါသားကျတော့ မေတ္တာသုတ်၊ ရတနသုတ်တွေအကြောင်းပြောဖြစ်တယ်။ တရားတော်များကိုရွတ်ဖတ် သရဇ္ဈာယ်တာမှာ သူ့နေရာနဲ့သူ အသံ ပြင်း၊ အသံ ပျော့ ခွဲခြားရွတ်ဖတ်ရကြောင်း၊

ဥပမာ မေတ္တာသုတ်ဆိုရင် သာယာနာပျော်ဖွယ် ရွတ်ဖတ်ရကြောင်း၊ ရတနသုတ်ဆိုရင် တချို့နေရာမှာ အသံမာမာ အသံပြင်းနဲ့ ရွတ်ဖတ်ရကြောင်း၊

ဥပမာ ဝရော....ဝရညူ....ဝရဒေါ....ဝရဟရော.... ဆိုတဲ့နေရာမှာ အသံပြင်းပြင်းနဲ့ ရွတ်ဖတ်ရကြောင်း၊ ဒါမှ မကောင်းဆိုးဝါးတွေ ကြောက်လန့်ပြီးထွက်ပြေးကြမှာဖြစ်ကြောင်း၊ စိတ်ရှည်လက်ရှည် ရှင်းပြပါတယ်။ တစ်ခါတလေကျတော့ တကောင်းကို အဘိရာဇာတို့ ရောက်လာတဲ့အကြောင်း၊ တိုင်းရင်းသားလူမျိုးတွေရဲ့ ဘာသာစကားအကြောင်း၊ ပြောပြပါတယ်။

"ကုလားတွေ ခေါင်းခါရင် သေသေချာချာကြည့်၊ သဘောတူရင် follow လိုက်ရင်လည်း ခေါင်းခါတတ်တယ်ကွ။ အဲဒီအခါမျိုးမှာ ကုလားတွေက ခေါင်းကိုဖြည်းဖြည်းညိတ်ညိတ်လေး ခါတာ၊ ယမ်းတာမဟုတ်ဘူး၊ ပါးစပ်ကလည်း အဟမ်.... အဟမ် လို့ အသံထွက်တာ၊ အဲဒါက yes sir ဆိုတဲ့ အဓိပ္ပါယ်ပေါ့ကွာ...."

### "နိုင်ငံတော်၏ အကြီးအကဲ ခရီးစဉ်"

အဲဒီအချိန်က ဧယျာဝတီမြေကို နိုင်ငံတော်အကြီးအကဲ ခရီးစဉ်ရှိပါတယ်။ ထူးထူးခြားခြား သတိထားမိတာက မြစ်မင်းရောကမ်းခြေမှာ ကျွန်တော်တို့ မမြင်ဖူးတဲ့ ရောမသင်္ဘောဖြူကြီးတစ်စင်းဆိုက်ထားတာပါပဲ။ သူဘယ်အချိန်လာပြီး ဘယ်အချိန်ပြန်သွားသလဲ မသိပါဘူး။ လုံခြုံရေးတွေ ချထားတာကြောင့် အနားကပ်လေ့လာချင်ပေမဲ့ အခွင့်မသာခဲ့ပါဘူး။

အဲဒီအချိန်က စစ်ကိုင်းတောင်ရိုးက ဘုရားစေတီတိုင်းမှာ ဌာနဆိုင်ရာဝန်ထမ်းတွေ သန့်ရှင်းရေး၊ လှုပတင့်တယ်ရေးနဲ့ လုံခြုံရေးတို့ကို ဝိုင်းဝန်းတာဝန်ယူကြရပါတယ်။ သစ်တောဌာနက စစ်ကိုင်းတောင်ရိုး မြောက်ဖျားမှာတည်ရှိတဲ့ ပတ္တမြားစေတီမှာတာဝန်ကျပါတယ်။ ဆရာ ဦးဆောင်ပြီး ကျွန်တော်တို့ အဖွဲ့သားတွေ သွားကြရပါတယ်။ ခြုံရှင်းစရာရှိတာရှင်း၊ သန့်ရှင်းရေးလုပ်စရာရှိတာလုပ်၊ ထုံးသုတ်စရာဆေးသုတ်စရာရှိတာသုတ်၊ ပန်း၊ ဆီမီး၊ ရေချမ်းဆက်ကပ်စရာရှိတာဆက်ကပ်ကြနဲ့ ပျော်စရာကြီးပါ။ အကြီးအကဲက ပတ္တမြားစေတီကို မလာပေမဲ့ ကျွန်တော်တို့ ညအိပ်စောင့်

ကြရပါတယ်။ ဆရာလည်းညဥ့်နက်မှပြန်ပါတယ်။ မှတ်မိပါသေးတယ်။ ဆရာ့ခြေရင်းမှာ ကျွန်တော်တို့အားလုံးခေါင်း PDF Compressor Free Version ဝတ်တက်ကြပါတယ်။ အမျှဝေတဲ့အခါ ကျွန်တော်တို့တစ်ယောက်စီ အမျှဝေရပါတယ်။ ကျွန်တော်ရယ် စိုက်ကွက်မှူးရယ် တောအုပ် တောခေါင်းတွေရယ် အမျှဝေတဲ့အသံနေအသံထားကို ဆရာက အားမရဘူး။ စိတ်တိုင်းမကျဘူး။ နောက်ဆုံးပျိုးဥယျာဉ်က ကလေးမလေးတစ်ယောက် အမျှဝေတာကျမှ သဘောကျပြီး ချီးမွမ်းစကားပြောသွားတယ်။ အဲဒီကလေးမတွေက ကောင်းမှုတော်မှာဝတ်ရွတ်နေကျကိုး။ ကျွန်တော်တို့လို မနက်ဘုရားရှိခိုးညနေပိုင်း ပုလင်းထောင်တတ်တဲ့ကောင်တွေနဲ့ ဘယ်တူပါ့မလဲနော်။

**''ဆရာသခင် ကျေးဇူးရှင်''**

ကျွန်တော်က စစ်ကိုင်းမှာတာဝန်ကျတုန်း အိမ်ထောင်ကျပါတယ်။ အမျိုးသမီးရဲ့ မိဘအိမ်ရှိရာ တောင်သာမှာ မင်္ဂလာဆောင်ပါတယ်။ သူတို့အိမ်ဝိုင်းထဲမှာ အကျဉ်းချုံးညှော့ခံတာပါ။ စစ်ကိုင်း ပြန်ရောက်တော့ အပေါင်းအသင်းမိတ်ဆွေတွေက တောင်းဆိုကြတာနဲ့ ကျွန်တော်ငှါးရမ်းနေထိုင်ရတဲ့ လေးကျွန်းမြေရပ်က အိမ်မှာပဲညှော့ခံပွဲသေးသေးလေးတစ်ခုလုပ်ပါတယ်။ ကျွန်တော့်ဆရာလာတော့ ကျွန်တော့်အဖေက ကျွန်တော်တို့စုံတွဲကို လက်ထပ်ပေးဖို့ ဆရာ့ကိုပြောပါတယ်။ ဆရာက ကျွန်တော်တို့ကို လက်ထပ်ထိမ်းမြားပေးခဲ့တာပါ။ ဆုံးမစကားတွေလည်း ချီးမြှင့်ပေးပါတယ်။ အမျိုးသမီးမကြားအောင် တိုးတိုးလေးပြောသွားတာ ရှိသေးတယ်။ တခြားချော်မတွေးကြပါနဲ့။ ဆရာပြောတာက–

''မင်းမိန်းမ ဘာဟင်းပဲ ချက်ကျွေးကျွေး သိပ်ကောင်းတာပဲလို့ပြောတဲ့။ ချေး မများနဲ့တဲ့''

ဒါလည်းအမှတ်တရပါပဲ။ စစ်ကိုင်းမြို့ ကွက်သစ်ထဲမှာ စည်းခုံကြီးစေတီဆိုပြီး အခုအခါ အထင်အရှားတည်ရှိပါတယ်။ ကျွန်တော် မြို့နယ်သစ်တောရုံးအသစ်တည်ဆောက်ခါစကတော့ ပြိုကျနေတဲ့ အုတ်ပုံကြီးပါပဲ။ တစ်ရက်ကျတော့ အမျိုးသမီးက ရုံးကို လိုက်လာတယ်။ ရုံးနားက စေတီပျက်ကြီးကိုသွားကြည့်တယ်။ စေတီပျက်ကြီးနားမှာ ကိုရင်လေးတစ်ပါး တွေ့တယ်။

''ဒကာမကြီး လာ လာ....'' ဆိုပြီး လက်ဆွဲခေါ်သွားတယ်တဲ့။

စေတီပျက်ကြီးပေါ်ရောက်တော့ ကိုရင်လေးပျောက်သွားပါတယ်။ စေတီပျက်ကြီးက တော်တော်လေးမြင့်တယ်။ ပြန်ဆင်းဖို့ကျတော့ ကိုရင်လေးကိုလည်း မတွေ့တော့ဘူး၊ တစ်ယောက်တည်းလည်း မဆင်းတတ်တာနဲ့အနားကဖြတ်သွားတဲ့ လမ်းသွားလမ်းလာတွေကို အကူအညီတောင်းပြီး ဆင်းခဲ့ရတာတဲ့။ အဲဒီနေ့ အိမ်ပြန်ရောက်တော့အမျိုးသမီးရဲ့ မျက်လုံးတွေက ကြောင်တောင်တောင်နဲ့ဂနာမငြိမ်ဖြစ်နေတာ သတိထားမိတယ်။ အိမ်နားနီးချင်းတွေကလည်း ဝိုင်းဝန်းတိုက်တွန်းကြတာနဲ့ ဆရာ့ဆီ ရောက်သွားကြတယ်။ ဆရာ့ကို ဘိုးတော်လို့ တချို့က ပြောကြတယ်။ တိုတိုပြောရရင် မန်းမှုတ် ပရိတ်ရေတိုက်၊ ချည်မန်းကြိုးတွေ၊ ဘာတွေစည်းပေးလိုက်တယ်။ ဆရာကပြောသေးတယ်။

''အဲဒီဘုရားသိုက်က လူစားလဲမလို့လုပ်တာ''တဲ့။

''ကိုရင်ကလည်း အယောင်ဆောင်ဖန်ဆင်းထားတဲ့ ကိုရင်၊ တကယ့်ကိုရင် အစစ်မဟုတ်ဘူး'' တဲ့။

''မင်းတို့ ကံကောင်းလို့'' တဲ့။

''ဆရာက ဆိုင်ရာ ပိုင်ရာ ပုဂ္ဂိုလ်တွေကို မေတ္တာပို့ အမျှဝေပေးလိုက်တယ်။ ဘာမှမပူကြနဲ့တော့'' တဲ့။

''အဲဒီကျမှ ကျွန်တော်လည်း ကြက်သီးတွေထ''လို့၊

**''စမတ်ကျတဲ့ မြတ်ဆရာ''**

ဆရာက ခရီးသွားရင် ဆာဖာရီကုတ် ဝတ်လေ့ရှိပါတယ်။ ဆရာတို့ခေတ်ကတော့ ပြန်တမ်းဝင်အရာရှိတွေက ယူနီဖောင်းမဝတ်ရပါဘူး။ တောခေါင်းကနေ တောအုပ်ကြီးအဆင့်အထိပဲ ဘားတွေ၊ အပွင့်တွေ တပ်ကြရတယ်။ တစ်ခါသားကျတော့ မုံရွာကို ဆရာသွားတာ တောအုပ်ကြီးတစ်ယောက်ကို ယူနီဖောင်း အပြည့်အစုံဝတ်ခိုင်းပြီး ခေါ်သွားတယ်။ မုံရွာမှာ အလုပ်ကိစ္စရှိလို့ ရဲစခန်းတစ်ခုထဲဝင်သွားတဲ့အခါ ကင်းအဖွဲ့က ယူနီဖောင်းဝတ်၊ ပခုံးပေါ်နှစ်ပွင့်တင်ထားတဲ့တောအုပ်ကြီးကိုမြင်တာနဲ့

''အလေးပြု'' လို့ အော်ပြီး အလေးပြုကြတယ်။

အဲသလို အလေးပြုခံရတာကို ဆရာကအလွန်သဘောကျကြောင်း ကျွန်တော်တို့ကိုပြန်ပြောပြတယ်။

**''မကွေးမှာ''**

၁၉၉၅ ခုနှစ်လောက်မှာ ကျွန်တော် မကွေးမှာ ဦးစီးအရာရှိ တာဝန်ထမ်းဆောင်ရပါတယ်။ ကျွန်တော်ထက် စီနီယာကျတဲ့ ဦးစီးအရာရှိလည်း သိပ်မရှိတော့ပါဘူး။ မကြာခင် ကျွန်တော် ရာထူးတိုးနဲ့ မင်းတပ်ကို ပြောင်းရမယ်လို့ သတင်းကြားရပါတယ်။ အဲဒီအချိန်မှာ ဆရာက မမျှော်လင့်ဘဲ မကွေးကို ရောက်လာတယ်။ ကျွန်တော်ရာထူးတိုးတာ ဝမ်းသာကြောင်းပြောပြီး ဘယ်ကိုပြောင်းရမယ် ကြားသလဲလို့ မေးပါတယ်။

မင်းတပ်လို့ ကြားပါတယ် ဆရာလို့ ပြန်ဖြေရပါတယ်။ ပြည်မမှာ နေရာတွေအများကြီးရှိရဲ့သားနဲ့ ဘာလို့

ဝေးလံဒေသကို ပို့ရသလဲဆိုပြီး ဆရာက သဘောမကျဘူး။ ဆရာက မင်းအိမ်မှာ လာအိပ်မယ် ပြောပါတယ်။ [illegible]လိုက်တဲ့က မကောင်းဘူး၊ ပြင်ပတည်းခိုခန်းတစ်ခုမှာ ကျွန်တော် စီစဉ်ပါမယ် ပြောတာကို ဆရာက မင်းအိမ်မှာပဲအိပ်မယ် ဘုရားစင်ရှေ့မှာ သင်ဖြူးဖျာတစ်ချပ်ခင်း၊ သန့်ရှင်းတဲ့ ခြင်ထောင်နဲ့ စောင်၊ ခေါင်းအုံးရှိရင် ရပြီလို့ ပြောပါတယ်။ အဲဒီအချိန်က မြို့နယ်မှူးအိမ် ခပ်စုတ်စုတ်မှာ ဆရာကို အားနာနာနဲ့ပဲ သိပ်ရပါတယ်။ မအိပ်ခင်အထိ ထိုင်စကားပြောတယ်။ အိပ်ခါနီးကျမှ မနက်စောစော မြသလွန်ဘုရားသွားဖူးရအောင်လို့ ပြောပါတယ်။

မနက်စောစောဆွမ်းချက်ပြီး ယူခဲ့ဖို့လည်း ပြောပါတယ်။ မနက်ကျ ထမင်းအိုး စောစောတည်ပြီး ဘုရားသွားကြတယ်။ ဘုရားရောက်တော့ rice cooker အထဲက သတ္တုအိုးထဲက ဆွမ်းတော်အပေါ်မှာ အိမ်ကယူလာတဲ့ ဘီစကစ်၊ ကိတ်ခြောက် မုန့်တွေထည့်၊ ဘုရားကို ကာရံထားတဲ့ သံပန်းပေါ်ကို အမြင့်မှာ ဆွမ်းတော်ပွဲကို ခက်ခက်ခဲခဲရအောင် တင်ရပါတယ်။ ပြီးမှ ဆီမီး၊ ရေချမ်းနဲ့ ဆွမ်းတော်ကို ဆရာက ကပ်ပါတယ်။ ဘာပကာသနမှ မပါဘူး။ ပြီးတော့မင်း အဝေးမရောက်အောင် ဆရာ ဆုတောင်းပေးခဲ့တယ်လို့ ပြောပါသေးတယ်။ တပည့်အပေါ် တော်တော်လေး စေတနာကောင်းတဲ့ဆရာပါ။

**''သုဗ္ဗာဝတီ မြို့တော်''**

သစ်တောတက္ကသိုလ်မှာ ကျောင်းဆရာ နှစ်နှစ်လောက်လုပ်ပြီးတဲ့အခါ ကျွန်တော် ဒုညွှန်ကြားရေးမှူး ရာထူးတိုးပါတယ်။ စစ်ကိုင်းတိုင်းကိုပြောင်းရတယ်။ နယ်လုပ်ငန်းဟာ အတော်လေး ရှုပ်ထွေးပါတယ်။ အလုပ်များပါတယ်။ လူပင်ပန်းစိတ်ပင်ပန်းနဲ့ပါ။ မိမိကလည်းနားလေးလေတော့ အများအယွင်းလုပ်မိမှာ စိုးကြောက်ပြီး အလုပ်ထွက်စာတင်ပါတယ်။ အထက်အရာရှိက ဆက်တင်ပေးပေမဲ့ ဆရာကတော့ အလုပ်မထွက်ဖို့တားပါတယ်။ နောက်တော့ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ နေပြည်တော်ရုံးခွဲ၊ နောက်တစ်ခါ သစ်တောရုံးချုပ်က လေ့ကျင့်ပညာပေးရေးဌာန၊ အဲဒီနောက်၊ CFDTC ဗဟို သစ်တောလုပ်ငန်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်း၊ ကျောင်းအုပ်စတဲ့ တာဝန်တွေ ထမ်းဆောင်ခဲ့ရပါတယ်။ နောက်ဆုံးကျမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှာ ညွှန်ကြားရေးမှူး ရာထူးရပြီး ပင်စင်ယူခဲ့ပါတယ်။ ဆရာ့စကားနားထောင်ပြီး အလုပ်မထွက်ခဲ့လို့ပါ။ အလုပ်ထွက်ခဲ့ရင် သောင်ပြင်မှာလွှတ်တဲ့ ရွှေဟင်္သာလေးများ ဖြစ်လေမလားပဲနော်။

ပြင်ဦးလွင် သစ်တောကျောင်းဆင်းပွဲတစ်ခုမှာ ဆရာနဲ့ဆုံတော့ ''ဟဲလို.... မင်းကြီး....'' လို့ နှုတ်က အကျယ်ကြီးခေါ်ပြီး ကျွန်တော့်ကို ဖက်လဲတကင်း နှုတ်ဆက်ပါတယ်။

**''သတ္တိကောင်းတဲ့ဆရာ''**

ဆရာ့အကြောင်းကြားဖူးတာလေးတွေ ဆက်ပြောချင်ပါသေးတယ်။ ဆရာက ပြင်ဦးလွင် သစ်တောကျောင်း ကျောင်းအုပ်ကြီးလုပ်ခဲ့ပါတယ်။ သစ်တောကျောင်းသားများ ကံကောင်းတာပါပဲ။ တပည့်တွေကို သစ်တောပညာ ဗဟုသုတတွေများစွာ သင်ကြားပို့ချခဲ့ပါတယ်။ မှန်မှန်ကန်ကန် အလုပ်လုပ်ကြဖို့နဲ့ ပြောစရာရှိတာကို သတ္တိရှိရှိပြောကြဖို့ ဆုံးမသွန်သင်တတ်ပါတယ်။

ဆရာ ကျောင်းအုပ်ကြီးလုပ်စဉ်က သင်တန်းတစ်ခုကို ဆိုင်းတွေ၊ ဗုံတွေနဲ့ ဖွင့်လှစ်ပြီး ကျောင်းဆင်းပွဲကျတော့ ခေတ်ပေါ်တီးဝိုင်းနဲ့ ညှော်ခံတာလို့ ကြားဖူးပါတယ်။ ဆရာကဂန္ထိရစာပေတွေ၊ ဗေဒင်ပညာတွေကိုလည်း စိတ်ဝင်စားပါတယ်။

ဒါကြောင့် တမူထူးခြားတဲ့ ဆရာလို့ပြောတာပါ။ ဆရာကိုယ်တိုင် မန္တလေးတိုင်း၊ ညွှန်ကြားရေးမှူးဖြစ်တဲ့အခါ တိုင်းအေးချမ်းသာယာရေးကောင်စီရဲ့ အပြန်အလှန်လေးစားမှုကိုခံခဲ့ရပါတယ်။ အပါတ်စဉ် အစည်းအဝေးတွေမှာ သစ်တောကဏ္ဍကို တင်ပြဆွေးနွေးပြီးရင် ဆရာ့ရုံးကိုပြန်ဖို့ ဥက္ကဋ္ဌကို ခွင့်တောင်းရင် ဥက္ကဋ္ဌက ရပါတယ် အန်ကယ်လို့ ပြောပါတယ်တဲ့။ တခြားဘယ်သူမှ ဆရာ့လို အစည်းအဝေးတွေမှာ မပြီးခင်ထပြန်ဖို့ ပြောရဲမှာမဟုတ်ပါဘူး။ တခြားသူတွေကတော့ ကိုယ့်ကဏ္ဍ မဟုတ်တာရော၊ ဟုတ်တာရော အောင့်အည်းသည်းခံပြီး အစည်းအဝေးပြီးသည်အထိ နေကြရတာပါပဲ။ ပြောစရာများစွာရှိပေမဲ့ တမူထူးခြားတဲ့ဆရာတစ်ပါးမို့ စိတ်ထဲမှာ မှတ်မိနေတဲ့ အကြောင်းအရာများကိုသာ ပြောပြခြင်းဖြစ်ပါတယ်။

ကျေးဇူးရှင် ဆရာ့ကို ဒီစာစုဖြင့် ဂါရဝပြုလိုက်ပါတယ်။ ။

************************

**တိုးချဲ့ပညာပေးရေးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ**

(က) အသိပညာပေးခြင်း
(ခ) သင်တန်းများပို့ချခြင်း
(ဂ) ပြခန်းများခင်းကျင်းပြသခြင်း
(ဃ) သတင်းမှတ်တမ်းရိုက်ကူးထိန်းသိမ်းခြင်း
(င) မှတ်တမ်းရုပ်သံအစီအစဉ်ရိုက်ကူးခြင်း

PDF Compressor Free Version

PDF Compressor Free Version

# ပင်ကြီးမြင့် ကျွန်တော်



ဝင်းချစ် (အမျိုးသားစာပေဆုရ)



ဆရာဝင်းချစ်ကို မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကန်မြဲရွာတွင် ဦးမင်းနိုင်+ဒေါ်သန်းခင်တို့က မွေးဖွားခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းကို First Division မှ အောင်မြင်ခဲ့သည်။ ၁၉၆၆ ခုနှစ်တွင် မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ B.Sc. (Hons.) ဘွဲ့ကို ရူပဗေဒဘာသာရပ်ဖြင့်ရရှိခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရူပဗေဒဌာန၌ သရုပ်ပြဆရာအဖြစ် အမှုထမ်းခဲ့ပြီး ထိုနှစ်မှာပင် သစ်တောဦးစီးဌာနသို့ သစ်အသားသေပါရဂူအဖြစ် ပြောင်းရွှေ့အမှုထမ်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်းပညာ ဒီပလိုမာ (D.S.) ရရှိခဲ့သည်။ ၁၉၈၃ ခုနှစ် တွင် အမေရိကန်ပြည်ထောင်စုရှိ Virginia Tech. မှ M.S (Forest Products) ဘွဲ့ရရှိခဲ့သည်။

၁၉၇၈ ခုနှစ်တွင် သစ်တောသုတေသနဌာနကို ရေဆင်း၌ စတင်တည်ထောင်ရာတွင် လိုက်ပါအမှုထမ်းခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် သစ်တောတက္ကသိုလ်သို့ ပြောင်းရွှေ့ခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပါမောက္ခချုပ်အဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ထို့နောက် သစ်တောတက္ကသိုလ်တွင် ကျွမ်းကျင်သူအဖြစ် ၂၀၁၀ ပြည့်နှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ပြည်ထောင်စုရွှေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၅ ခုနှစ်တွင် စိမ်ထူးချွန် (ပထမအဆင့်)နှင့် ၂၀၀၆ ခုနှစ်တွင် အမျိုးသားစာပေဆုကို ချီးမြှင့်ခံခဲ့ရသည်။ ၂၀၁၇ ခုနှစ်တွင် ထွန်းဖောင်ဒေးရှင်းဆုရရှိခဲ့သည်။ သုတေသနစာတမ်းပေါင်း ၄၀ နှင့် သုတ၊ ရသစာအုပ် ၂၆ အုပ် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ ဆရာသည် သားသမီးမြေးများနှင့်အတူ ရန်ကုန်မြို့၊ တောင်ဥက္ကလာပတွင် နေထိုင်လျက်ရှိသည်။

''မြန်မာပြည်သစ်တောကြေးမုံဂျာနယ်'' – "The Burmese Forester Journal'' ကို ၁၉၅၁ ခုနှစ်၊ မတ်လတွင် စတင်ထုတ်ဝေခဲ့ရာ ယခု ၂၀၂၆ ခုနှစ်၌ ၇၅ နှစ်ပြည့်မြောက်ပြီး စိန်ရတုတိုင်ရောက်ခဲ့ပြီ ဖြစ်ပါသည်။ ထိုဂျာနယ်ကို ၆ လ တစ်ကြိမ်ထုတ်ဝေခဲ့ရာ အကြောင်းကြောင်းကြောင့် ၁၉၆၄ ခုနှစ်၊ ဒီဇင်ဘာလ၌ ထုတ်ဝေမှုရပ်ဆိုင်းသွားခဲ့ပါသည်။ (အချို့နှစ်များတွင် တစ်နှစ်လျှင် တစ်ကြိမ်တည်းသာ ထုတ်ဝေနိုင်ခဲ့ပါသည်။)

၁၉၉၈ ခုနှစ်၊ ဇူလိုင်လတွင် သစ်တောဦးစီးဌာနက ''သစ်တောသတင်းလွှာ'' ကို စတင်ထုတ်ဝေခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် ၁၉၆၄ ခုနှစ်က ရပ်ဆိုင်းသွားခဲ့သော မြန်မာပြည်သစ်တောကြေးမုံဂျာနယ် ပြန်လည်ထမြောက် ရှင်သန်ရန်အတွက် စတင်၍ နိဒါန်းပျိုးခဲ့ခြင်းပင် ဖြစ်ပါသည်။

ဖော်ပြပါ သစ်တောသတင်းလွှာကို ၂၀၀၄ ခုနှစ်၊ ဩဂုတ်လတွင် သစ်တောရေးရာဂျာနယ်အဖြစ် အမည်ပြောင်းကာ ထုတ်ဝေခဲ့ပါသည်။ ပထမဦးစွာ နှစ်လတစ်ကြိမ် ထုတ်ဝေခဲ့ရာမှ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလမှ စတင်ကာ တစ်လတစ်ကြိမ် ထုတ်ဝေခဲ့သည်။

အထက်ဖော်ပြပါ သစ်တောရေးရာဂျာနယ်ကို

၂၀၀၁ ခုနှစ်၊ ဇူလိုင်လမှ စတင်ကာ ''ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ်'' ဟု အမည် ပြောင်းလဲခဲ့ပါသည်။ ထိုမှတစ်ဖန် ၂၀၁၆ ခုနှစ်၊ ဧပြီလမှ စတင်ကာ **''သစ်တောကြေးမုံဂျာနယ်''** အမည်သို့ ပြောင်းလဲ ထုတ်ဝေခဲ့သည်။

PDF Compressor Free Version

**မှူးစာလမ်းဆုံ**

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ရေဆင်း၊ သစ်တောသုတေသနဌာန တည်ထောင်စဉ် ကာလက စွမ်းစွမ်းတမံ ဦးဆောင်ခဲ့သည့် အစ်ကိုကြီး ဦးစိန်ဝင်း (B.Sc. Forestry – 1956 Batch) မှာ နလုံး ဝေဒနာဖြင့် ရုတ်တရက်ကွယ်လွန်ခဲ့ပါသည်။ အစ်ကိုကြီး ဦးစိန်ဝင်းသည် သစ်တောသုတေသနဌာနမှ ဝန်ထမ်းများ နှင့် ဝန်ထမ်းမိသားစုအားလုံးက လေးစားချစ်ခင်ပြီး အားကိုးအားထားခဲ့ရသူတစ်ဦး ဖြစ်ပါသည်။ ထို့ကြောင့် အားလုံး၏ကိုယ်စား အစ်ကိုကြီး ဦးစိန်ဝင်းကို တသ လွမ်းဆွတ် ဂုဏ်ပြုလိုသည့်အတွက် ''လူသေသော်လည်း သုတေသနလုပ်ငန်းများမသေ'' စာမူကို ရေးသားပြီး သစ်တောသတင်းလွှာသို့ ပေးပို့ခဲ့ပါသည်။

ထိုစာမူကို ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလထုတ် သစ်တောသတင်းလွှာတွင် ဖော်ပြခြင်းခံခဲ့ရပါသည်။ ၎င်းစာမူသည် ကျွန်တော့်အား စာရေးဆရာအဖြစ်သို့ ရောက်ရှိအောင် ပို့ဆောင်ပေးခဲ့သည့် ပထမဦးဆုံး စက်တင် ပုံနှိပ်ခြင်းခံရသော စာမူဖြစ်ပါသည်။

ဤနေရာတွင် အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ မိမိအနေဖြင့် စာများကို မည်မျှပင်ရေးနိုင်သည်ဖြစ်စေ သစ်တောသတင်းလွှာကဲ့သို့သော ''စာပေစကြံန်'' သာ မရှိခဲ့ပါက စာရေးဆရာဖြစ်ခွင့် ရရှိခဲ့မည် မဟုတ်ပါ။

ဖော်ပြပါစာမူမှစတင်ကာ သစ်တောသတင်းလွှာမှ သည် ယခု သစ်တောကြေးမုံ ဂျာနယ်အထိ စာမူများကို ဆက်တိုက်ရေးသားလာခဲ့သည်မှာ ၂၈ နှစ်တိုင်ရှိခဲ့ပြီ ဖြစ်ပါသည်။

**ယခင်ကလည်း ရေးခဲ့ပါသည်။ ယခုလည်း ရေးနေဆဲဖြစ်ပါသည်။ နောင်တွင်လည်း ဆက်လက်၍ ရေးသားဦးမည် ဖြစ်ပါသည်။ ''ကျွန်တော့် အသက်ရှည်သမျှပါ မကြေးမုံ''။**

************************

**တိုးချဲ့ပညာပေးခြင်း၏ အဓိကလုပ်ငန်း ၃ ရပ်**

(က) ဝန်ထမ်းများအား လေ့ကျင့်ပညာပေးခြင်း။

(ခ) ပြည်သူလူထုအား နည်းပညာများဖြန့်ဝေခြင်း။

(ဂ) ပညာရပ်ဆိုင်ရာနည်းပညာစုစည်းခြင်းနှင့် ဖြန့်ဝေခြင်း။

## (၇၅) နှစ်မြောက် စိန်ရတုသစ်တောကြေးမုံ ဝိုင်းတော်သားများ



ဦးသိန်းနိုင်ကြွယ်
ညွှန်ကြားရေးမှူး
စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ



ဦးအောင်နိုင်ဌေး
ဒုတိယညွှန်ကြားရေးမှူး
စာတည်းမှူး



ဦးအုန်းလွင် - ၃
လက်ထောက်ညွှန်ကြားရေးမှူး
စာတည်းမှူး



ဦးဇော်လင်းသန်း
ဦးစီးအရာရှိ
စာတည်းအဖွဲ့ဝင်



ဒေါ်မေဇင်မြင့်
ဦးစီးအရာရှိ
စာတည်းအဖွဲ့ဝင် (English Editor)



ဒေါ်ဇာဇာဖြိုး
စာရင်းကိုင်-၄
စာအုပ်အတွင်းအပြင်ဒီဇိုင်း



ဒေါ်ဇာဇာမွန်
အငယ်တန်းစာရေး
စာအုပ်အတွင်းအပြင်ဒီဇိုင်း

ပုံနှိပ်သူ- ဦးရဲလွင်ဌေး (မြဲ- ၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်

PDF Compressor Free Version




## အပြည်ပြည်ဆိုင်ရာသစ်တောနေ့

**"သစ်တောများနှင့် စီးပွားရေး (Forests and Economies)"** သည် ၂၀၂၆ ခုနှစ်၊ မတ်လ (၂၁) ရက်တွင် ကျရောက်သော **အပြည်ပြည်ဆိုင်ရာသစ်တောနေ့ (International Day of Forests)** ၏ အဓိကခေါင်းစဉ်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ပေးရာတွင် သစ်တောများ၏ မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍကို ဂုဏ်ပြုအလေးထားဖော်ပြခြင်း ဖြစ်ပါသည်။ သစ်တောများသည် ထောက်ပံ့မှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ထိန်းညှိမှုဆိုင်ရာ ဝန်ဆောင်မှုများ၊ ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာဝန်ဆောင်မှုများ စသည့် အခန်းကဏ္ဍအသီးသီးတွင် ကျယ်ပြန့်စွာ ပါဝင်လျက်ရှိပါသည်။ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုး၊ ပြန်လည်အသုံးချနိုင်သော ကုန်ကြမ်းအရင်းအမြစ်အမျိုးမျိုးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကို ထောက်ပံ့ပေးလျက်ရှိပြီး ကျေးလက်ပြည်သူများအတွက် စားဝတ်နေရေး အခြေခံလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရုံမက နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း သစ်တောများက ပံ့ပိုးပေးလျက်ရှိပါသည်။




သစ်တောများသည် ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးကို အထောက်အကူပြုရန် မရှိမဖြစ် အရေးပါသော အရင်းအမြစ်တစ်ခုလည်းဖြစ်သည်။ သစ်တောများတည်ရှိ ရှင်သန်နေခြင်းသည် "အတိတ်ကာလ၏ အမွေအနှစ်၊ ပစ္စုပ္ပန်၏ အကျိုးစီးပွားနှင့် အနာဂတ်၏ ဖွံ့ဖြိုးမှု" ဟု ဆိုသည့်အတိုင်း သစ်တောများသည် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်တောများ ထာဝစဉ်တည်တံ့စေရေးအတွက် စနစ်တကျစီမံအုပ်ချုပ်ခြင်းသည် နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

## ရေရှည်တည်တံ့သော ဇီဝစီးပွားရေးစနစ်

ယခုအခါ ကမ္ဘာ့နိုင်ငံအများစုသည် သက်ရှိသဘာဝအရင်းအမြစ်များကို စနစ်တကျ ထုတ်လုပ်ခြင်း၊ အသုံးချခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြန်လည်စိုက်ပျိုးခြင်း၊ မွေးမြူခြင်းကို အဓိကထားဆောင်ရွက်သည့် ရေရှည်တည်တံ့သော ဇီဝစီးပွားရေးစနစ် (sustainable bioeconomy) သို့ ပြောင်းလဲရန် ကြိုးပမ်းလာလျက်ရှိသည်။ သစ်အခြေခံထုတ်ကုန်များ၊ ကြိမ်၊ ဝါး အစရှိသည့် သစ်တောထွက်ပစ္စည်းများနှင့် ဇီဝစွမ်းအင်တို့ကို နည်းပညာများ အသုံးပြု၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာကြသည်။ သစ်သား၊ ဝါး၊ ကြိမ် တို့သည် ပြန်လည်ပြည့်ဖြိုးမြဲ သဘာဝအရင်းအမြစ်များဖြစ်ပြီး သံမဏိ၊ ကွန်ကရစ်နှင့် ပလပ်စတစ်ကဲ့သို့ ကာဗွန်ထုတ်လွှတ်မှုများသောပစ္စည်းများကို အစားထိုးအသုံးပြုနိုင်သည့် အရင်းအမြစ်များဖြစ်သည်။ သစ်တောထွက်ပစ္စည်းများ၊ သစ်တောထုတ်ကုန်များသည် ကာဗွန်ထုတ်လွှတ်မှုများသော ပစ္စည်းများကို အစားထိုးနိုင်ပြီး စီးပွားရေးအခွင့်အလမ်းအသစ်များကိုလည်း ဖန်တီးပေး

နိုင်သည့် ဇီဝစီးပွားရေး၏ အရေးကြီးသော အစိတ်အပိုင်း တစ်ရပ်ဖြစ်[illegible]စ PDF Compressor Free Version ဇီဝစီးပွားရေးစနစ်၏ အလယ်ဗဟိုတွင်ရှိနေပြီး အဓိက အခန်းကဏ္ဍမှ ပါဝင်လာလျက် ရှိနေပါသည်။

**အစိမ်းရောင်စီးပွားရေး**

သစ်တောများသည် အစိမ်းရောင် စီးပွားရေး၏ အခြေခံအုတ်မြစ်ဖြစ်ပြီး အရေးပါသော ပတ်ဝန်းကျင်စနစ် ဝန်ဆောင်မှုများ၊ ပြန်လည်အသုံးပြုနိုင်သော သဘာဝ အရင်းအမြစ်များနှင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ပံ့ပိုးပေးနိုင်သည့်အပြင် ရာသီဥတုပြောင်းလဲမှုကို လျော့ချ ပေးရာတွင်လည်း အရေးပါသော အခန်းကဏ္ဍမှ ပါဝင် လျက်ရှိသည်။ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်း သည် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ ဖြေရှင်းနိုင်ရေး အတွက် သဘာဝအခြေပြုဖြေရှင်းခြင်း (Nature-based Solutions) နည်းလမ်းတစ်ရပ် ဖြစ်သည်။ သစ်တောစီမံ အုပ်ချုပ်မှု အတတ်ပညာ၊ သိပ္ပံနှင့် နည်းပညာ၊ ဆန်းသစ် တီထွင်မှုများကို အသုံးပြု၍ သစ်အခြေခံစက်မှုလုပ်ငန်းများ အပါအဝင် သစ်တောထွက်ပစ္စည်းအခြေခံသော စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ သစ်တောများ ရေရှည် တည်တံ့စေရန် စနစ်တကျ စီမံအုပ်ချုပ်ခြင်း (Sustainable Forest Management)၊ သစ်တောစိုက်ခင်း များနှင့် ဝါးစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ ဝါးနှင့် ကြိမ်တို့ အခြေခံသော ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဆေးဖက်ဝင်အပင်များ ထုတ်လုပ်ခြင်း၊ အလှကုန်နှင့်စား သောက်ကုန်များ ထုတ်လုပ်ခြင်း၊ သဘာဝအခြေခံခရီးသွား လုပ်ငန်း (Ecotourism) ကို မြှင့်တင်ခြင်း၊ သစ်တော ပြုန်းတီးခြင်းနှင့်သစ်တောအတန်းစား ကျဆင်းခြင်းမှကာဗွန် ထုတ်လွှတ်မှု လျှော့ချခြင်း (Reducing Emissions from Deforestation and Forest Degradation-REDD+)၊ ဂေဟစနစ် ဝန်ဆောင်မှုတန်ဖိုးပေးချေခြင်း ဆိုင်ရာလုပ်ငန်းများ (Payment for Ecosystem Services-PES) စသည့် လုပ်ငန်းများသည် သစ်တောပြုန်းတီးမှုကို လျှော့ချနိုင်ပြီး ပတ်ဝန်းကျင်တည်ငြိမ်ရေးကို အထောက်အကူပြုနိုင်သည့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆီသို့ ကူးပြောင်း နိုင်မည် ဖြစ်သည်။



**အပြည်ပြည်ဆိုင်ရာသစ်တောနေ့ အဓိကသတင်း စကား**

၂၀၂၆ ခုနှစ်တွင် ကျရောက်သည့် အပြည်ပြည် ဆိုင်ရာသစ်တောနေ့အတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေ ရေးတွင် သစ်တောများ၏ အရေးပါသည့် အခန်းကဏ္ဍက အောက်ဖော်ပြပါအတိုင်း မီးမောင်းထိုးဖော်ပြထားပါသည်-

- သစ်တောများသည် ကမ္ဘာ့ကုန်းနေဇီဝမျိုးစုံမျိုးကွဲ ၈၀ ရာခိုင်နှုန်း၏ ခိုလှုံရာဖြစ်ပြီး သစ်ပင်မျိုးစိတ် ပေါင်း ခြောက်သောင်းကျော် ပါဝင်လျက်ရှိကြောင်း၊
- သစ်တောများသည် ကမ္ဘာ့စီးပွားရေးကို မောင်း နှင်ပေးလျက်ရှိပြီး ကမ္ဘာ့တစ်ဝန်းရှိ လူသန်းပေါင်း များစွာ၏ အလုပ်အကိုင်များကိုလည်း ထောက်ပံ့ ပေးလျက်ရှိကြောင်း၊
- အမေရိကန်ဒေါ်လာ ၄၄ ထရီလီယံခန့် တန်ဖိုးရှိ သော စီးပွားရေးလုပ်ငန်းများသည် သစ်တောများ အပါအဝင် သဘာဝဂေဟစနစ်များအပေါ် အား ထားဆောင်ရွက်နေကြောင်း၊
- ကမ္ဘာ့ လူဦးရေ ၁.၆ ဘီလီယံခန့်သည် အစား အစာ၊ ခိုလှုံစရာ၊ စွမ်းအင်၊ ဆေးဝါးများနှင့် ဝင်ငွေအတွက် သစ်တောများအပေါ် တိုက်ရိုက်မှီခို လျက်ရှိပြီး လူဦးရေ ၃၃ သန်းအတွက် အလုပ် အကိုင် ဖန်တီးပေးလျက်ရှိကြောင်း၊
- လက်ရှိအချိန်တွင် ကမ္ဘာနှင့်တစ်ဝန်း နှစ်စဉ် သစ်ထုတ်လုပ်မှု ပမာဏမှာ ခန့်မှန်းအားဖြင့် ကုဗမီတာ ၄ ဘီလီယံခန့် ရှိကြောင်းနှင့် ၂၀၅၀ ပြည့်နှစ်အရောက်တွင် စက်မှုလုပ်ငန်းသုံး သစ်လုံး (industrial roundwood)ကုဗမီတာ ၁ဘီလီယံ ခန့် ထပ်မံလိုအပ်လာနိုင်ကြောင်း၊
- ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၅.၈ဘီလီယံခန့်သည် မိမိတို့၏ အသက်မွေးဝမ်းကျောင်းနှင့်လူမှုဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် သစ်မဟုတ်သော သစ် တောထွက်ပစ္စည်းများ (Non-Timber Forest Products-NTFPs) ကို အရေးပါသော အရင်း အမြစ်အဖြစ် အသုံးပြုလျက်ရှိကြောင်း၊
- အစားအစာများ၊ ဆေးဝါးများ၊ သစ်စေးများ (Resins)၊ အလှဆင်အပင်များနှင့် တိရစ္ဆာန်အစာ (Fodder) များအပါအဝင် သစ်မဟုတ်သော သစ် တောထွက်ပစ္စည်းထုတ်ကုန်များသည် ကမ္ဘာလုံး ဆိုင်ရာအဆင့်တွင် နှစ်စဉ် အနည်းဆုံး အမေရိကန်

PDF Compressor Free Version

ဒေါ်လာ ၉.၄၁ ဘီလီယံခန့် တန်ဖိုးရှိကြောင်း၊

- ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၂ ဘီလီယံကျော်သည် ထင်းနှင့် မီးသွေးတို့ကို နေ့စဉ် ချက်ပြုတ်ရေးနှင့် အပူပေးရေးဆိုင်ရာ စွမ်းအင်အရင်းအမြစ်များ အဖြစ် အသုံးပြုလျက်ရှိကြောင်းနှင့် သစ်အခြေ ပြုခေတ်မီ လောင်စာတောင့် (wood pellets) များကို လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့်အပူ စွမ်းအင် အသုံးချရေး စသည့် စက်မှုလုပ်ငန်းများ တွင်ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိကြောင်း၊
- သစ်တောများသည် ရေကိုသန့်စင်ပေးနိုင်သော ကြောင့် သန့်ရှင်းသောရေအရင်းအမြစ်များ ထုတ်လုပ်ရရှိရန် လိုအပ်သည့် ကုန်ကျစရိတ် များကို လျှော့ချစေနိုင်ခြင်းနှင့် သဘာဝဘေး အန္တရာယ်များ တားဆီးကာကွယ်ပေးခြင်းဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံချီသော ဆုံးရှုံးနိုင်မှု အန္တရာယ်များမှ ကာကွယ်ပေးကြောင်း၊

**နိုင်ငံ့စီးပွားဖွံ့ဖြိုးရေးအတွက် မြန်မာ့သစ်တောသယံဇာတများ**

မြန်မာနိုင်ငံသည် သစ်တောသယံဇာတများ အလွန် ကြွယ်ဝသောနိုင်ငံဖြစ်သည်။ ၂၀၂၅ ခုနှစ်၊ သစ်တောဖုံး လွှမ်းမှုဆန်းစစ်လေ့လာမှုများအရ မြန်မာနိုင်ငံ၏သစ်တော ဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂.၁၅ ရာခိုင်နှုန်းရှိပြီး မတူကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုး အစား စုံလင်စွာ ပေါက်ရောက်လျက်ရှိသည်။ မြန်မာနိုင်ငံ မြောက်ဖျားမှသည် တောင်ဖျားအထိ အအေးပိုင်းသစ်တော များ၊ ရွက်ပြတ်ရောနှောတောများ၊ အပူပိုင်းသစ်တောများ၊ အမြဲစိမ်းတောများ၊ တောင်ပေါ်တောများနှင့် ဒီရေတော များ၊ ရွှံ့နွံတောများစသည်ဖြင့် စုံလင်စွာ ပေါက်ရောက် လျက်ရှိသည်။ မြန်မာနိုင်ငံတွင် မှတ်တမ်းတင်ထားနိုင်သော အပင်မျိုးစိတ် ၁၁,၈၂၄၊ နို့တိုက်သတ္တဝါ မျိုးစိတ် ၂၅၈၊ ငှက်မျိုးစိတ် ၁၀၉၈၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၁၊ ကုန်းနေ ရေနေမျိုးစိတ် ၁၁၉၊ လိပ်ပြာ မျိုးစိတ် ၁၂၀၀၊ ရေချိုငါး မျိုးစိတ် ၅၂၀၊ ရေငန်ငါး မျိုးစိတ် ၅၇၈၊ သန္တာ မျိုးစိတ် ၁၃၂၊ ပင်လယ် မြက်မျိုးစိတ် ၁၁၊



ပင်လယ်ရေမှော် ၃၈၊ ဝါး မျိုးစိတ် ၁၀၂ မျိုးနှင့်ဆေး ဖက်ဝင်ပင် မျိုးစိတ် ၁,၅၄၀ တို့ ရှင်သန်လျက်ရှိသည်။ ပိတောက်၊ တမလန်း၊ သင်းဝန်၊ အင်၊ ကညင် စသည့် စီးပွားရေးအရ အဖိုးတန်သစ်မျိုးများ အပါအဝင် အပင်မျိုး စိတ်များ ပေါများစွာ ပေါက်ရောက်လျက်ရှိသကဲ့သို့ ဝါး၊ ကြိမ် အစရှိသည့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်း အမျိုးအစားနှင့် အရေအတွက်များစွာ ပေါက်ရောက်လျက် ရှိပြီး သစ်တောထွက်ပစ္စည်းများသည် နိုင်ငံ၏စီးပွား ဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုလျက်ရှိသည်။ မြန်မာ့ သစ်တောများမှ ရရှိသော ဝါး၊ ကြိမ်များ အပါအဝင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများဖြစ်သည့် အပင်မျိုးစိတ်များ၏ အမြစ်၊ အခေါက်၊ နွယ်၊ မြက်၊ အစေ့၊ အဖူး၊ သစ်ဥသစ်ဖု၊ အဆီနှင့်အစေး၊ အမွှေးနံ့သာ၊ ဆိုးဆေး၊ တောရိုင်းတိရစ္ဆာန်အစိတ်အပိုင်းများနှင့် လျှော်၊ ဆေးဖက်ဝင်ပင်၊ ငှက်သိုက်၊ လင်းနို့ချေး၊ ချိပ်၊ သစ်ခွ၊ မှို အစရှိသည့် အခြားသစ်တောထွက်ပစ္စည်းများသည် ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းနှင့် လူမှု စီးပွားဖွံ့ဖြိုးစေရုံသာမက နိုင်ငံ့စီးပွားရေးအတွက် အလွန် အရေးပါလျက်ရှိသည်။



ဝါး၊ ကြိမ်အပါအဝင် သစ်မဟုတ်သော သစ်တော ထွက်ပစ္စည်းများသည် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးတိုး တက်မှုနှင့်အတူ စိမ်းလန်းသောတည်ဆောက်မှု အလေ့ အကျင့်ကောင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာ ခြင်း၊ တီထွင်ဆန်းသစ်မှုများ၊ အဆင့်မြင့် နည်းပညာများ ဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ကာ လုပ်ငန်း နယ်ပယ် အသီးသီးတွင် ကျယ်ပြန့်စွာ အသုံးပြုလာခြင်းတို့ ကြောင့် ကမ္ဘာ့စီးပွားရေး ဈေးကွက်တွင် သိသိသာသာ တိုးတက်လျက်ရှိသည်။

ဥပမာ ကမ္ဘာ့ဝါးဈေးကွက်သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၀.၅၉ ဘီလီယံ၊ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၇၅.၁၂ ဘီလီယံနှင့် ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၂ ဘီလီယံကျော်ထိ တိုးလာခဲ့သည်။

၂၀၂၇ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၉၂.၆၂ ဘီလီယံ အထိတိုးလာမည်ဟု ခန့်မှန်းထားပြီး အဆိုပါအသုံးပြုမှု အများအပြားတွင် ကုန်ကြမ်းများ၊ စက်မှုထုတ်ကုန်များ၊ ပရိဘောဂများ၊ မျှစ်များနှင့် သစ်သားနှင့် ပရိဘောဂများ၊ ဆောက်လုပ်ရေး၊ အစားအစာ၊ ပျော့ဖတ်နှင့် စက္ကူတို့မှ အသုံးပြုသည့် အခြားပစ္စည်းများ၊ အထည်အလိပ်၊ စိုက်ပျိုးရေးနှင့် အခြားကုန်ပစ္စည်းထုတ်လုပ်အသုံးပြုမှုများ ပါဝင်ပါသည်။ ကြိမ်ပရိဘောဂ (Rattan Furniture) ဈေးကွက်သည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၂၅ ဘီလီယံ တန်ဖိုးရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၀.၉၆ ဘီလီယံ တန်ဖိုးရှိခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာ မျှစ်ဈေးကွက်သည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံ တန်ဖိုးရှိခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂.၈ ဘီလီယံ တန်ဖိုးရှိခဲ့သည်။ အော်ဂဲနစ်နှင့် သမားရိုးကျ ဆေးဖက်ဝင်အပင်များ၊ အလှကုန်များ၊ ဆေးဖက်ဝင်လက်ဖက်ရည်၊ ကျန်းမာရေးဖြည့်စွက်စာများ၊ ဆေးဖက်ဝင် လက်ဖက်ရည်များသည် ဘေးထွက်ဆိုးကျိုး အလွန်နည်းသဖြင့် တစ်ကမ္ဘာလုံးတွင် ဝယ်လိုအားမြင့်တက်လာပြီး ဈေးကွက်ကို တွန်းအားပေးလျက်ရှိသည်။ ကမ္ဘာ့ဆေးဖက်ဝင်အပင်များ ဆေးဝါးဈေးကွက် အရွယ်အစားသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ မှ ၂၁၅ ဘီလီယံ တန်ဖိုးရှိပြီး ၂၀၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၁၃ မှ ၂၃၃ ဘီလီယံအထိ တိုးလာခဲ့ပါသည်။



နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းရာတွင် သစ်အခြေခံ ထုတ်ကုန်ပစ္စည်းများကိုသာမက သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများကို စနစ်တကျထုတ်ယူပြီး ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်၍ ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

**သစ်တောများနှင့် စီးပွားရေး**

သစ်တောများသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အခြေခံအုတ်မြစ်တစ်ခုဖြစ်သည့်အတွက် စီးပွားရေးတည်ငြိမ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို အနာဂတ်အတွက် အရေးကြီးသောရင်းနှီးမြှုပ်နှံမှုအဖြစ်သတ်မှတ်ကာ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်ကြရမည်ဖြစ်သည်။ ခေတ်မီနည်းပညာများ အသုံးပြု၍ သစ်တောသယံဇာတများ ထိန်းသိမ်းနိုင်ရန်၊ သစ်တောကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံ၏စီးပွားရေးကို အထောက်အကူပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ သစ်တောကဏ္ဍနှင့် ဆက်စပ်လျက်ရှိသော ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှု သဘောတရား အခြေခံသည့် အစိမ်းရောင်စီးပွားရေး (Green Economy)၊ ပင်လယ်၊ သမုဒ္ဒရာကမ်းရိုးတန်းသယံဇာတများကို အခြေခံသော အပြာရောင်စီးပွားရေး (Blue Economy)၊ စွန့်ပစ်ဘေးထွက်ပစ္စည်းများ အနည်းဆုံးဖြစ်စေရန် ပြန်လည်ပြုပြင်အသုံးပြုသည့် ပတ်လည်စီးပွားရေး (Circular Economy) နှင့်ရေရှည်တည်တံ့ခိုင်မြဲသော ဇီဝစီးပွားရေး (Bioeconomy) ဆိုင်ရာလုပ်ငန်းများတွင် ခေတ်မီနည်းစနစ်များ၊ တီထွင်ဆန်းသစ်မှုများဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရတော့မည် ဖြစ်ပါသည်။

သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေသည်ဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှု တိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် သဘာဝတောများကို စဉ်ဆက်မပြတ်စီမံ အုပ်ချုပ်ခြင်း၊ တောနိမ့်တောကျဲပါးနေရာများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သစ်တောနယ်မြေများတွင်သာမက သစ်တောနယ်မြေပြင်ပ သစ်တောသစ်ပင်များ (Trees Outside Forests) စိုက်ပျိုးထိန်းသိမ်းခြင်း၊ သစ်ပင်သစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိက၊ ဒေသခံပြည်သူများအားလုံး ပူးပေါင်းပါဝင်ခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာပြီး နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူပြုလာနိုင်မည်ဖြစ်ပါသည်။

**ကိုးကား**

https://www.fao.org/international-day-of-forests/key-messages/en -

https://www.cognitivemarketresearch.com/

*********************

PDF Compressor Free Version



# ဘက်စုံအသုံးပြုနိုင်သည့် နိုက်ထရိုဂျင်ဓာတ်ဖြည့်သစ်ပင်များ

PDF Compressor Free Version




ဒေါက်တာ ညီညီကျော် (သစ်တောသုတေသနဌာန)




ဆရာ ဒေါက်တာညီညီကျော်သည် ၁၉၈၆ ခုနှစ်တွင် ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်မှ သိပ္ပံ (သစ်တောပညာ) ဘွဲ့၊ ဂျာမနီနိုင်ငံ ဂိုတင်ဂန်တက္ကသိုလ်မှ ၁၉၉၅ ခုနှစ်တွင် မဟာသိပ္ပံဘွဲ့ (အပူပိုင်းသစ်တော) နှင့် ၂၀၀၃ ခုနှစ်တွင် ပါရဂူဘွဲ့ (သစ်တော စီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စိုက်ပျိုးပြုစုရေး) ရရှိခဲ့ပါသည်။

သစ်တောဦးစီးဌာနတွင် ၁၉၈၇ ခုနှစ်မှစ၍ စိုက်ကွက်လက်ထောက်ရာထူးဖြင့် အလုပ်စတင် ဝင်ရောက်ခဲ့သည်။ ဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ၂၀၁၀ မှ ၂၀၁၂ ခုနှစ်အထိ ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးဖြင့်လည်းကောင်း၊ ၁၄- ၉ -၂၀၁၂ မှ ၁၄-၉-၂၀၂၁ ထိ ညွှန်ကြားရေးမှူးချုပ် ရာထူး/ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ရာထူးတို့ဖြင့် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့် အငြိမ်းစားယူခဲ့သည်။

[ဆရာ ဒေါက်တာ ညီညီကျော် (သစ်တောသုတေသနဌာန) ရေးသားခဲ့သည့် ''ဘက်စုံအသုံးပြုနိုင်သည့် နိုက်ထရိုဂျင်ဓာတ်ဖြည့် သစ်ပင်များ'' ဆောင်းပါးအား ၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ အတွဲ (၁)၊ အမှတ် (၂) သစ်တောရေးရာ ဂျာနယ်တွင် ဖော်ပြခဲ့ရာ ယခု သစ်တောကြေးမုံမှ မူရင်း စာသားအတိုင်း ဂုဏ်ပြုမှတ်တမ်းတင် ပြန်လည်ဖော်ပြအပ်ပါသည်။]

မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများ တည်ထောင်ရာတွင် အဓိကအားဖြင့် တွေ့ရှိရသော မြေနေရာများမှ ထွန်ယက်စိုက်ပျိုး၍မရသော မြေများ၊ သီးနှံမဖြစ်ထွန်းသော မြေများနှင့် သစ်ပင်ပေါက်ရောက်မှု မရှိသော လွင်တီးခေါင်ဒေသများ (Wasteland) ဖြစ်ကြပေသည်။ ၎င်းမြေများသည် လေပြင်းတိုက်ခတ်သော ကန္တာရလွင်ပြင်များ သို့မဟုတ် ပြင်းထန်စွာ မြေတိုက်စားထားသော လျှိုမြောင်များ၊ မတ်စောက်သော တောင်ကုန်းများနှင့် အပေါ်ယံမြေဆီလွှာ အနည်းငယ်သာရှိသော မြေများဖြစ်ပြီး၊ အခြားအကြောင်း အမျိုးမျိုးကြောင့် မြေဆီလွှာ ပျက်စီးပြုန်းတီးနေသော မြေများလည်း ပါဝင်ပါသည်။ မြေ၏ ဂုဏ်သတ္တိအနေဖြင့် မြေဆီဩဇာမရှိသောမြေ၊ ဆားပေါက်သောမြေ၊ အက်ဆစ်ဓာတ်ရှိသောမြေ၊ တိုက်စားခြင်းခံရသောမြေနှင့် ကျောက်သား ကျောက်လွှာများဖြစ်ကြပြီး မြေအနုအကြမ်းသဘာဝ (Texture) အနေဖြင့် အလယ်အလတ်မှ အကြမ်းအဆင့် (Medium to heavy) ရှိသော မြေဩဇာညံ့ဖျင်းသည့် မြေနီ (Infertile red soils) များ ဖြစ်ကြသည်။

အဆိုပါမြေများတွင် နိုက်တြိုဂျင်ဓာတ်ချို့တဲ့မှု အများဆုံးတွေ့ရပြီး၊ ဖော့စပရပ်ဓာတ်ချို့တဲ့မှုသည်၊ ဒုတိယ အများဆုံးကြောင့် တွေ့ရှိရပေသည်။ မြေဆီလွှာတိုက်စားခြင်းသည် အပူပိုင်းဒေသများ၏ ၇၅% ခန့်တွင် ဆိုးဝါးစွာ ကြုံတွေ့နေရသော ပြဿနာတစ်ခုဖြစ်သည်။ မြေဆီလွှာ အက်ဆစ်ဓာတ်ရှိခြင်း (Soil acidity) နှင့် ဆက်နွယ်၍၊ အပင်အဆိပ်သင့်ခြင်းနှင့် အာဟာရဓာတ်ချို့တဲ့ခြင်းသည် ၃၀% ခန့်ရှိပြီး ဆားပေါက်ခြင်းနှင့် အက်ကာလီဓာတ် ရှိခြင်းသည် ၇% ခန့်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

အထက်ဖော်ပြပါ မြေနေရာများကို မြေသယံဇာတအရင်းအမြစ် (Land resources) လိုအပ်ချက်အရ နည်းပညာ (Technology) နှင့် သွင်းအားစု (Inputs) များရရှိနိုင်သည့် အခြေအနေပေါ်မူတည်၍ ပြောင်းလဲနိုင်ပါသည်။ ဥပမာအားဖြင့် သဘာဝသစ်တောသစ်ပင် လုံးဝ ပေါက်ရောက်မှုမရှိသော လွင်တီးခေါင်ဒေသများအား ရေသွင်းစနစ် ဆောင်ရွက်ခြင်း၊ လိုအပ်သောသဘာဝ ဓာတ်များ ဖြည့်တင်းပေး၍ သင့်တော်သော သီးနှံ သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် မြေဆီဩဇာကောင်းမွန်သော မြေ (fertile & productive land) အဖြစ် ပြုပြင်ပြောင်းလဲနိုင်သည်။

PDF Compressor Free Version

နိုက်တြိုဂျင်ဓာတ်ဖြည့်သစ်ပင်များ (Nitrogen Fixing Trees- NFTs) သည် နိုက်တြိုဂျင်ဓာတ်ချို့တဲ့သောမြေ (N-deficient soils) များတွင် အပင်များအတွက် လိုအပ်သောနိုက်တြိုဂျင်ဓာတ်ကို သိသာထင်ရှားစွာ ဖြည့်တင်းပေးနိုင်စွမ်းရှိသော Nutrient Pumps များဖြစ်ပေသည်။ ၎င်း NFTs များကို စနစ်တကျစီမံအုပ်ချုပ်ပါက မြေဆီလွှာတိုက်စားခြင်းကိုလည်း ကာကွယ်တားဆီးနိုင်ပါသည်။ တချို့ NFTs များသည် အက်ဆစ်ဓာတ်၊ အယ်ကာလီနှင့်ဆားပေါက်သောမြေများတွင် ရှင်သန်ကြီးထွားနိုင်ပြီး ၎င်းမြေမျိုးများတွင်စိုက်ပျိုးခြင်းဖြင့် မြေဆီလွှာအကာအကွယ် (Soil cover) ရရှိစေပြီး ဇီဝနည်းဖြင့် ပြုပြင်ပေးသည့်စနစ်တစ်ခု (Biological treatment) အဖြစ် ဆောင်ရွက်နိုင်ပါသည်။

ယခုအချိန်ထိ သုတေသနပြုချက်များအရ နိုက်တြိုဂျင်ဓာတ်ဖြည့်သစ်ပင်မျိုးပေါင်း ၆၄၀ ကျော်ရှိကြောင်း သိရှိရပြီး၊ ၎င်းတို့မှာ Legume family များဖြစ်ကြသော *Caesalpinaceae Mimosaceae* နှင့် *Papilimaceae* စသည်တို့၏ မျိုးစိတ်များဖြစ်ကြပြီး အဓိကသစ်မျိုးများအနေဖြင့် *Acacia, Albizzia, Leucaena* နှင့် *Casurina* တို့ဖြစ်ကြပါသည်။ ၎င်း NFTs တစ်မျိုးချင်း၏ အခြေခံစရိုက်လက္ခဏာ (Basic Characteristics)နှင့် ၎င်းတို့၏ ကိုယ်ပိုင်ထူးခြားသည့်ဂုဏ်သတ္တိများ (own unique properties) များအပေါ်မူတည်၍ စိုက်ပျိုးရန် ရွေးချယ်နိုင်ပါသည်။

NFTs များသည် သဘာဝအားဖြင့် ကိုင်းတက်ဖြာထွက်တတ်ပြီး ပင်စည်တစ်ခု (သို့) တစ်ခု ထက်ပိုသော (one or more woody stems) စရိုက်လက္ခဏာရှိကြပါသည်။ ၎င်းတို့တွင် N- fixing organism များဖြစ်သည့် Rhizobium မှ nodule forming bacteria နှင့် Frankia မှ Actinomycetes တို့၏ အပြန်အလှန်ဇီဝဖြစ်စဉ်ဖွဲ့စည်းမှု (N- fixation) ဖြစ်ခြင်းဖြစ်ပါသည်။ NFTs များသည် စိုက်ခင်းတည်ထောင်ပြီး ၄-၅ နှစ်အတွင်း မြေကြီးတွင် နိုက်တြိုဂျင်ဓာတ်ဖြည့်နိုင်ပြီး၊ ၎င်းအပင်များကို Farm Forestry System ဖြင့်စိုက်ပျိုးပါက သစ်၊ ထင်း၊ လောင်စာအဖြစ်လည်းကောင်း အရွက်အခက်အလက်များအား တိရစ္ဆာန်အစားအစာဖြစ်လည်းကောင်း အသုံးပြုနိုင်ပါသည်။

NFTs များ၏ အဓိက ဆောင်ရွက်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(၁) နိုက်တြိုဂျင်ဓာတ်ဖြည့်တင်းပေးခြင်း (Nitrogen fixation)**

မည်သည့် သစ်ပင်သစ်မျိုးမဆို ၎င်းတို့ရှင်သန်ကြီးထွားရန်အတွက် နိုက်တြိုဂျင်ဓာတ်ကို ဓာတုမြေသြဇာ (Chemical fertilizer) များ သုံးစွဲခြင်းဖြင့် ရရှိနိုင်သော်လည်း ၎င်းတို့ကို ဓာတ်သတ္တုများ၊ ကျောက်ဖြစ်ရုပ်ကြွင်းနှင့် သဘာဝဓာတ်ငွေ့များ (fossil fuel and natural gas) စသည့်တို့မှာ ထုတ်ယူရသဖြင့် အကန့်အသတ်ရှိခြင်း၊ ငွေကြေးကုန်ကျစရိတ်များခြင်းတို့အပြင် မြေဆီလွှာအက်ဆစ်ဖြစ်စေခြင်း (Soil acidification) မြေအောက်ရေလွှာသို့ နိုက်တြိုက်ဓာတ်များယိုစိမ့်ခြင်း (Leaching of nitrate into ground water) အမိုးနီးယားနှင့် နိုက်တြိုဂျင်အောက်ဆိုဒ် ဓာတ်ငွေ့များသည် ဖန်လုံအိမ်ဓာတ်ငွေ့များအဖြစ် လေထုအတွင်းပျံ့နှံ့ခြင်းစသည့်ဆိုးကျိုးများဖြစ်ပေါ်စေနိုင်ပေသည်။ NFTs များ စိုက်ပျိုးခြင်းသည် ဇီဝနည်းအားဖြင့် နိုက်တြိုဂျင်ဓာတ်အား မြေဆီလွှာသို့ တိုက်ရိုက်ဖြည့်ဆည်းပေးခြင်းဖြစ်သဖြင့် မည်သည့်ဆိုးကျိုးမျှမရှိသကဲ့သို့ ကုန်ကျစရိတ်သက်သာစေပါသည်။ ဥပမာအနေဖြင့် ဘောစကိုင်းသစ်မျိုးကို စိုက်ပျိုးခြင်းဖြင့် ၁၀၄-၅၄၈ Kg-N/ha/ year ရရှိနိုင်ပြီး မြန်မာကုက္ကိုသစ်မျိုးသည် 94 Kg-N/ha/ year ရရှိနိုင်ပေသည်။ (Khanna, 1998).

**(၂) အကြီးမြန်ခြင်း (Rapid Growth)**

ကြီးထွားမှုကောင်းသော NFTs များကို သက်ပတ်ကာလ ၃ နှစ်မှ ၁၀ နှစ်အတွင်း ထားရှိခြင်းဖြင့် နိုက်တြိုဂျင်ဓာတ်ပြည့်ဝစေပြီး စမ်းသပ်သုတေသနပြုချက်များအရ နှစ်စဉ်တောထွက် (Annual yield) အနေဖြင့် ၃၀-၉၀ ကုဗမီတာ/ ဟတ်တာ (၈-၂၅ ကုဗတန်/ ဧက) ရရှိနိုင်ကြောင်း တွေ့ရှိရပါသည်။

**(၃) ဂေဟဗေဒဆိုင်ရာ ထူးခြားမှု (Ecological Significance)**

NFTs များသည် နိုက်တြိုဂျင်ဓာတ်ဖြည့်ပေးသကဲ့သို့ အခြားတွဲဖက်ပေါက်ရောက်နေသော သစ်မျိုးများအတွက်လည်း ပေါက်ရောက်မှုကောင်းမွန်စေပြီး သဘာဝဝန်းကျင်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပါသည်။ သဘာဝအားဖြင့်လည်း ၎င်းတို့သည် Non- NFTs များနှင့် တွဲဖက်ပေါက်လေ့ရှိပါသည်။ ဥပမာအားဖြင့် သြစတေးလျနိုင်ငံတွင် Acacia သစ်မျိုးနှင့် Eucalyptus သစ်မျိုးတို့သည်လည်းကောင်း၊ အမေရိကမြောက်ပိုင်းတွင် Alders (NFT) နှင့် Dauglas Fir တို့သည်လည်းကောင်း တွဲဖက်ပေါက်လေ့ရှိပါသည်။

အပူပိုင်းဒေသများတွင် Soil Nitrogen သည် မြေကြီး၏ အပေါ်ယံ ၂၀-၄၀ စင်တီမီတာတွင်ရှိသဖြင့် သစ်တောပြုန်းတီးမှု သို့မဟုတ် မြေဆီလွှာတိုက်စားခြင်းဖြစ်

PDF Compressor Free Version

ပေါ်ပါက အပေါ်ယံရှိ အာဟာရဓာတ်များဆုံးရှုံးပြီး၊ သစ်ပင်များပေါက်ရောက်နိုင်မှုမရှိတော့ဘဲ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်ပါသည်။ NFTs များသည် အဆိုပါ မြေမျိုးတွင် မြေဆီလွှာအကာအကွယ်ပြုသဖြင့် မြေတိုက်စားမှုကိုပါ လျော့ကျစေပါသည်။

### (၄) ဘက်စုံသုံးစွဲနိုင်ခြင်း (Multiple purposes)

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် NFTs များကို ဘက်စုံသုံးသစ်မျိုးအဖြစ် သုံးပြုကြပါသည်။ (က) ထင်း၊ လောင်စာ (fuel)၊ (ခ) တိရိစ္ဆာန်အစာ (Fodder)၊ (ဂ) လူအစားအစာ (Food)၊ (ဃ) မြေသြဇာ (Fertilizer)၊ (c) အမျှင်ထွက်ပစ္စည်း (Fibre)များအဖြစ် အမျိုးမျိုးအသုံးပြုနိုင်ပါသည်။ ထို့အပြင် NFTs များကို လွန်ခဲ့သောဆယ်စုနှစ်များအတွင်းက အရိပ်ပင်အဖြစ်လည်းကောင်း၊ လယ်ယာသီးနှံပင်များနှင့် တွဲဖက်၍လည်းကောင်း အောင်မြင်စွာ စိုက်ပျိုးအသုံးပြုကြသည်ကိုတွေ့ရပါသည်။ အကြီးမြန်ခြင်း နိုက်တြိုဂျင်ဓာတ်ဖြည့်ခြင်းတို့ကြောင့် Agroforestry system တွင်လည်းကောင်း၊ Wasteland Rehabilitation system တွင်လည်းကောင်း NFTs များကို ရွေးချယ်အသုံးပြုနိုင်ပါသည်။

### (၅) မျိုးရိုးဗီဇ ဖွံ့ဖြိုးတိုးတက်မှုအလားအလာရှိခြင်း (Potential for Genetic Improvement)

NFTs များသည် နှစ်အနည်းငယ်အတွင်း သီးပွင့်ကြပြီး ၇၅% သော NFTs သစ်မျိုးများသည် ပင်တည်းမျိုးပွားမှုမရှိဘဲ အပင်အချင်းချင်းဝတ်မှုံကူးလေ့ရှိသဖြင့် မျိုးရိုးဗီဇအရအလွန်ကွဲပြားမှု (high genetically variation) ရှိကြပါသည်။ NFTs သစ်မျိုးတစ်မျိုးနှင့်တစ်မျိုးမှ စပ်မျိုးကွဲများ (Hybridization) ဖြစ်လွယ်သဖြင့် ကျန်းမာသန်စွမ်းပြီး ကြီးထွားနှုန်းကောင်းသော စပ်မျိုး(hybrid)များရရှိနိုင်ပါသည်။

### (၆) လွယ်ကူစွာမျိုးပွားခြင်း (Easy Propagation)

များစွာသော NFTs များသည် အစေ့မှ လွယ်ကူစွာအညှောက်ပေါက်နိုင်စွမ်းရှိကြပါသည်။ အချို့အစေ့များသည် အစေ့ခွံထူသဖြင့် ကြာရှည်စွာ သိုလှောင်ထားနိုင်သော်လည်း ၎င်းကို အညှောက်ပေါက်ရန်အတွက် အစေ့ခွံအား ညှပ်ပေးခြင်း သို့မဟုတ် ကြိုတင်ပြုပြင်ပေးရန် လိုအပ်ပါသည်။

အပူပိုင်းဒေသ သဘာဝတောများနှင့် စိုက်ခင်းများတွင် သုတေသနပြုစူးစမ်းလေ့လာချက်များအရ သစ်တောစိုက်ခင်းများတွင် NFTs အသုံးပြုခြင်းကြောင့် မြေဆီလွှာအတွင်း နိုက်တြိုဂျင်ဓာတ်တိုးလာသော်လည်း၊ ခုတ်လှဲထုတ်ယူမှုကြောင့် အဓိကအဟာရဓာတ်အချို့ (ဥပမာ–ပိုတက်ဆီယမ်ဓာတ်) လျော့နည်းစေကြောင်း တွေ့ရှိရပါသည်။ (Sanchezetal, ၁၉၈၄)။ ထို့ကြောင့် စဉ်ဆက်မပြတ်တောထွက်ရရှိရေးကို အခြေခံပါက အဆိုပါလျော့နည်းသွားသော အဟာရဓာတ်ကို မြေသြဇာထည့်သွင်း၍ ဖြည့်ဆည်းပေးရန် လိုအပ်ပါသည်။ စင်စစ်အားဖြင့် သီးနှံတစ်မျိုးတည်း စဉ်ဆက်မပြတ် စိုက်ပျိုးသော လယ်ယာတစ်ခုတွင် တစ်ကြိမ်ရိတ်သိမ်းပြီး နောက်တစ်ကြိမ်စိုက်ပျိုးရာတွင် ဓာတ်မြေသြဇာ မကျွေးပါက သီးနှံအထွက်နှုန်း လျော့ကျသကဲ့သို့ ဖြစ်ပါသည်။ ထို့ကြောင့် တစ်ကြိမ်ခုတ်လှဲထုတ်ယူပြီးသော ယူကလစ် စိုက်ခင်း၏ နောက်သက်တမ်းအတွက် မူလစိုက်ပင်၏ ငုတ်များအကြား NFTs များ ထပ်မံစိုက်ပျိုးပေးသင့်ပေသည်။ သို့မှသာ စိုက်ခင်း၏ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။

မြေဆီလွှာတိုက်စားခြင်းခံရသော မြေပေါ်တွင် NFTs များ စိုက်ပျိုးခြင်းဖြင့် မြေအဟာရဓာတ်တိုးလာနိုင်သော်လည်း ၎င်းမြေနေရာအား မြေဆီလွှာထိန်းသိမ်းခြင်းနည်းစနစ် ( Soil conservation technique) တစ်ခုဖြင့် စနစ်တကျစီမံအုပ်ချုပ်မှုမရှိပါက ဆက်လက်၍ မြေဆီလွှာညံ့ဖျင်းတိမ်ကောမှု ဖြစ်ပေါ်မြဲ ဖြစ်နေမည်ကို သတိပြုရမည်ဖြစ်ပါသည်။ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်လာစေရန် NFTs များအား စိုက်ပျိုးရာတွင် နေရာဒေသ (အပူချိန်၊ မိုးရေချိန်၊ မြေမျက်နှာပြင်အနိမ့်အမြင့်၊ မြေအမျိုးအစား စသည့်)နှင့် ကိုက်ညီမှုရှိရန် အရေးကြီးသကဲ့သို့ သင့်တော်မည့်သစ်မျိုး၏ မူလစရိုက်လက္ခဏာ၊ အသုံးပြုနိုင်မှုတို့ကိုလည်း သိရှိထားရန်လိုအပ်ပါသည်။ မိမိစိုက်ပျိုးမည့်ဒေသနှင့် ကိုက်ညီမှုရှိ မရှိ သိရှိရန် ဇရိယာကေမြောက်များစွာဖြင့် စိုက်ခင်းမတည်ထောင်မီ သစ်မျိုးရွေးချယ်စမ်းသပ်ခြင်း (Species Trial) အနေဖြင့် ကနဦးစိုက်ပျိုးသင့်ပါကြောင်း လေ့လာတင်ပြလိုက်ရပါသည်။

**ကျမ်းကိုးစာရင်း**


၁။ Nitrogen Fixing Trees for Wastelands (RAPAPUB. FAO, 1998)

၂။ Nutrient Cycling Under Mixed Species Tree Systems in Southeast Asia (P.K. Khanna, CSIRO,1998)

၃။ Eucalyptus, Water and Sustainability (ODA Forestry Series No.6)


***************

PDF Compressor Free Version



# ယုံချင်ယုံ၊ မယုံချင်နေ

**သစ်တောမင်းကြီး ဦးဘိုးမှူ**

[ဆရာ သစ်တောမင်းကြီး ဦးဘိုးမှူ ရေးသားခဲ့သည့် ''ယုံချင်ယုံ၊ မယုံချင်နေ'' ဆောင်းပါးအား ၁၉၅၄ ခုနှစ်၊ ဒီဇင်ဘာလထုတ် မြန်မာပြည်သစ်တောကြေးမုံတွင် ဖော်ပြခဲ့ရာ ယခု သစ်တောကြေးမုံမှ မူရင်းစာသားအတိုင်း ဂုဏ်ပြုမှတ်တမ်းတင် ပြန်လည်ဖော်ပြအပ်ပါသည်။]

(၁) **ခါးတောင်းကြိုက်ကြောင့် အသက်ချမ်းသာသည်ဟု ထင်သောမုဆိုး**

မုဆိုး တယောက်သည်၊ အမဲပစ်ရန် သစ်ပင်ပေါ်၌ ထိုင်၍ စောင့်နေသည့်အခါ၊ နေဝင်ခါစအချိန်၊ ဆတ်လာသည်ကိုမြင်ရ၏။ သို့ရာတွင် သေနတ်မမှီလောက်သည့် နေရာ၌ရှိသော သစ်ပင်ကလေး နှစ်ပင်ကြားသို့ ရောက်ရှိသည့်အခါ လှည့်ပြန်သွားသဖြင့် မပစ်ရပါ။ သူသည် ၎င်းသစ်ပင်နှစ်ပင်ပေါ်၌ နွယ်ကြီးတခု တန်းနေသည်ကိုလည်း သတိပြုမိပါသည်။ ဆတ်သည် ၎င်းသစ်ပင်သို့ ရောက်ရင်း ပြန်ရင်း အကြိမ်ကြိမ်ပြုနေသည်ကို ကြည့်နေရာ၊ နွယ်တန်းကြီးလည်း အစက မြင်ခဲ့သည်ထက် နိမ့်၍ ကျလာသည်ကိုလည်း သတိပြုမိသည်။ နောက်တဖန် သစ်နှစ်ပင် ကြားသို့ ဆတ်ရောက်သည့်အခါ နွယ်တန်းကြီး ကျွတ်ကျပြီး ဆတ်ကိုပတ်မိသဖြင့် တပွဲပွဲနှင့် အော်လေတော့သတည်း။ ထိုအခါကျမှ စပါးကြီးမြွေသည် ဆတ်ကိုညှို့ပြီး သေချာလောက်သည့်အခါမှ သူ့ကိုယ်ကို ပစ်ချပြီး ဆတ်ကိုပတ်မှန်း သိသဖြင့် စောင့်၍ ကြည့်နေ၏။ စပါးကြီးမြွေပတ်လျက်နှင့် ဆတ်ကောင်ကြီး လူးလိမ့်ခြင်း ငြိမ်သက်သွားသည့်အခါ လင့်စင်ပေါ်ကဆင်းပြီး၊ စပါးကြီးရောဆတ်ပါ သက်သာစွာဖြင့် သိမ်းယူလိုက်လေ၏။

စပါးကြီးသည် တိရစ္ဆာန်ကိုသာမဟုတ် လူကိုပင် ညှို့သည်ကိုလည်း ကြားဘူးပါသည်။ တရံရောအခါ လူတယောက်သည်၊ အမဲဖျက်ပြီးနောက် ဓားမြှောင်တလက်ကို ခါးတွင်ထိုးလျက်၊ ရေချိုးရန် ချောင်းသို့ သွား၏။ ကျွဲနွားများ ဆင်းနေကျ လမ်းချိုင့်ထဲသို့ ရောက်သည့်အခါ။ မည်ကဲ့သို့ စိတ်ပေါ်လာမှန်း မသိဘဲ၊ တဖန်ပြန်တက်လာ၏။ ထိုကဲ့သို့ မေ့မေ့လျော့လျော့နှင့် အတန်တန် တက်ခါဆင်းခါ လုပ်နေရာ၊ လမ်းပေါ်အုပ်နေသောခြုံထဲမှ စပါးကြီးတကောင်ခုံချ၍ သူ့ကိုပတ်လေတော့၏။ မြွေပတ်မှန်းသိ၍ တအားကုန် ရုန်းကန် ဖယ်ရှားသော်လည်း၊ မရနိုင်သဖြင့် မောဟိုက်နေသည့်အခါ၊ ခါးက ဓားမြှောင်ကို သတိရ၍ဆွဲထုတ်ပြီး စ၍လှီးသည်နှင့်တပြိုင်နက် မြွေကလည်း အတော်ငြိမ်သွားသည့် မိမိ၏အစာကို ညက်ညက်ပါအောင် နောက်ဆုံးညှစ်ပတ်လိုက်သဖြင့် ဓားခံ၍ လှီးသည့်နေရာတွင်၊ ထက်ပိုင်းပြတ်၍ ၎င်းသက်သာရာရလေ၏။ ထူးဆန်းသည့်အချက်တရပ်မှာ အသက်ဘေးမှ ချမ်းသာရအောင် လုံးပမ်းနေသည့်အခါ၊ မြွေ၏အမြီးသည် အအား မနေ၊ မထိ တထိနှင့် ပေါင်ကြားနှင့် တင်ပါးတခွင် တွင်တွင်ကြီးကလိထိုးသည်မှာ အသဲယားကြောင်းနှင့် ဓားမြှောင်ကို ကျေးဇူးမတင်ဘဲ။ ကံကောင်းသဖြင့် ခါးတောင်းမျှောင်အောင် ကြိုက်ထားမိ၍သာ အသက်ချမ်းသာကြောင်း ၎င်းလူပြော၍ သိရပါသည်။

(၂) **ဝက်ဝံကလေး ယောင်ဆောင်၍ ပျားသလက် တောင်းသူ။**

မုဆိုးတယောက်ဟာ တောလည်ရင်း၊ ပျဉ်းကတိုးပင်ပေါ်မှာ၊ ဝက်ဝံတကောင် သစ်ခေါင်းပျားရေ စားရဘို့ ကိုက်နေဒါကို တွေ့တယ်တဲ့။ ပစ်ဘို့ချိန်လိုက်တော့၊ ဝံကြီးအောက်က ဝံပေါက်ကလေးမြင်ရလို့၊ ရှေးက မုဆိုးထုံးစံအတိုင်း၊ သားသယ် အမိကို မပစ်ဘဲ၊ ရပ်ကြည့်နေတယ်တဲ့၊ ဝံကလေးဟာ မအေကြီးကိုကုတ်လိုက်တိုင်း၊ မအေ


PDF Compressor Free Version

ကြီးက လှည့်မကြည့်ဘဲ (လှည့်ကြည့်ရင် အမွေးပါးတဲ့ မျက်ခွက်မှာ ပျားတုတ်မှာပေါ့) ပျားသလက်ကလေး တခြမ်းကို ကမ်းပေးဒါ မြင်တော့၊ ပျားရေစားချင်ရင်၊ ဝံကလေးကိုတုပြီး နောက်ကနေ ကုတ်လိုက်ရင်လွယ်လွယ်နဲ့ စားရတယ်လို့ သဘောပိုက်မိတယ်တဲ့။

နောက်အတော်ကြာတော့ကာ ခါတိုင်းကဲ့သို့ တောလယ်ရင်း၊ ဝံတကောင်တောင်ဘို့ထဲက ပျားအုံကို တူးယက်နေဒါမြင်တော့၊ ထမင်းကလဲဆာဒါနဲ့၊ ကော်ဒါဘဲဆိုပြီး မြေကြီးတွင်းထဲမှာ ခေါင်းမြှုတ်နေသောဝံနားသို့တဖြည်းဖြည်းချဉ်းကပ်သွားတယ်တဲ့။ သို့သော် သတိဆိုဒါပိုတယ်လို့ မရှိဘူးဆိုတဲ့ စကားအရ သေနတ်မောင်းကိုကိုင်လျက်၊ ဝက်ဝံကြီး၏ တင်ပါးကို ဖြည်းညှင်းစွာ၊ ဝံကလေးကဲ့သို့ ကုတ်လိုက်တယ်တဲ့။ တမုဟုတ်ချင်း ဝံကြီးက၊ ပဒပ်ရပ်ပြီးဖက်တော့မယ် ဆဲဆဲမှာ သေနတ်ပြောင်းဝကို၊ လခြမ်းပေါ်တေ့တွန်းပြီး မောင်းဖြုတ်လိုက်ရာ၊ ဝံကြီးမှာ သူ့ဘက်သို့လေးဘက် မှောက်ကျလို့၊ အနိုင်နိုင်ရှောင်လိုက်ရသတဲ့။ ကြက်သေ သေ၍ အရင်တွေ့ခဲ့သော ဝံနှင့်မတူ၊ ယခုဝံ၏ထူးခြားသော အမူအရာကို အံ့သြတွေးတောပြီး သတိရခါမှ၊ မုဆိုး၏ ထုံးစံအတိုင်း၊ ကျည်ဆံဘယ်မှန်လို့ ဘယ်ဖောက်တယ်ဆိုတာ ကြည့်ရအောင် ဝံကြီးကို၊ ပက်လက်လှန်လိုက်တယ်တဲ့။ လက်စသတ်တော့ ဝက်ဝံအထီးကိုဗျ။

**(၃) ရဲရင့်သော ဂျီငယ်ကိုသတ်မိလေစွ။**

ချေ (ဂျီ) များသည်၊ အလွန်ကြောက်တတ်သည့် အကောင်မျိုးဖြစ်သည့်အတွက်၊ ချေ (ဂျီ) အီးနှင့် ချေ (ဂျီ) လန့်သည်ဟူသော စကားပုံပင်ဖြစ်ပေါ်လာသည်။ သို့ရာတွင် တခါတလေ မကြောက်သည့်အပြင်၊ ၎င်းကပင်ပြန်၍ ခြောက်သည်ကို တွေ့ခဲ့ရဘူးပါသည်။ အာလံနယ်၊ ဆတ်ဆူဝရွာနှင့် မနီးမဝေးတောတွင်၊ တယောက်တည်း ယာခင်း၌ စားနေသော ချေ (ဂျီ) များ တွေ့လိုတွေ့ငြား၊ ညနေစောင်းအချိန်သွား၍ ချောင်းပါသည်။ ယာခင်း မရောက်မီ၊ လမ်းဘေး၌ ချေ (ဂျီ) တကောင်ကို တွေ့သော်လည်း၊ ချုံထူသဖြင့် လမ်းကိုဖြတ်မှ ပစ်မည်ဟု စိတ်ကူးပြီး သေနတ်ဖြင့်ချိန်ထားရာ၊ ကွယ်သွားသဖြင့် ထွက်လောက်သည့်နေရာကိုကြည့်နေရင်း၊ မမြှော်လင့်ဘဲ ပေနှစ်ဆယ်လောက်အကွာတွင် ဘွားကနဲပေါ်လာပါသည်။ ငြိမ်သက်စွာနေသည့်အခါမှာ သူလာတွေ့သဖြင့်၊ လူမှန်း သစ်ငုတ်မှန်း ခွဲခြား၍မရသည့်အသွင်ဖြင့်၊ စူးစိုက်၍ကြည့်လေ၏။ မျက်တောင်မခပ်ဘဲ၊ တဦးနှင့်တဦး အတော်ကလေးကြာကြာကြည့်ကြပြီးနောက်၊ ချေ (ဂျီ) က ရှေ့ခွာနှင့် မြေကြီးကို သုံး လေးချက်ပေါက်၍ အကဲခပ်နေ၏။ ငြိမ်သက်စွာသူ့ကိုကြည့်နေသော်လည်း၊ မကျေနပ်သေးသဖြင့် တဖန်မြေကြီးကိုခွာဖြင့် သုံးလေးချက်ပေါက်၍ ခြောက်ကြည့်ပြန်၏။ မျက်တောင်မခတ်ဘဲကြည့်မြဲတိုင်း ကြည့်နေသဖြင့် မလှုပ်ရှားတတ်သော အရာဖြစ်မည်ဟု ကျေနပ်ဟန်ဖြင့်၊ လမ်းအတိုင်းနောက်ခိုင်း၍ ထွက်သွားလေ၏။ ပေငါးဆယ်လောက်အကွာတွင်၊ သေနတ်တန်းလိုက်သည်ကို မြင်သဖြင့်၊ တအားခုန်၍ပြေးသော်လည်း၊ မြေကြီးပေါ်သို့ တတိယအကြိမ်အကျတွင် ပြန်မထဘဲဖြစ်လေတော့သတည်း။ ထိုစဉ်အခါက "တယ်တော်တဲ့ငါဘဲ" ဟု အောက်မေ့ခဲ့သော်လည်း၊ ယခုမူကား၊ တမျိုးလုံးတွင် သူရသတ္တိနှင့် ပြည့်စုံသည့်၊ တကောင်တည်းသော ချေ (ဂျီ) ငယ်ကို၊ သတ်လိုက်မိသည့်အတွက်၊ ဝမ်းနည်း၍ မဆုံးနိုင်တော့သည်။

**(၄) သေနတ်ပစ်တတ်သောကျား။**

ဓနိုးမှ ယာကယာဗိုလ်တဲသို့ စခန်းရွှေ့သွားစဉ်၊ လမ်းဘေးရှိ စမ်းလူးအိုင်တအိုင်ကိုတွေ့၍ ဆတ်များ၊ ဝက်များ မလူးဘူးလားဟုမေးရာ အရပ်သားလှည်းသမားက၊ ထူးဆန်းသောအဖြစ်အပျက်တခုဖြစ်ပြီးနောက် ၎င်းအိုင်သို့ မည်သည့်တောကောင်မျှ မဆင်းတော့ကြောင်းပြောပြပါသည်။ ထိုအဖြစ်အပျက်မှာ–လွန်ခဲ့သည့် ၁၀ နှစ်လောက်က ကျွဲတကောင်သည်၊ ခြေထောက်ကြောကို၊ ကျားကိုက်မိ၍ မသွားနိုင်သဖြင့်၊ အဆိုပါအိုင်တွင်ဝင်အိပ်နေရာ ကျားကိုက်သတ်လိုက်ပါသည်။ ကျွဲရှင်နှင့်ရွာသားများက အပေါက်တပေါက်ထား၍ အိုင်ကို ကာပြီး၊ ၎င်းအပေါက်မှဝင်လျှင်ထိမှန်ရန် သေနတ်ဖြင့် ထောင်ထားလေ၏။ ညအချိန်သေနတ်ပေါက်သံကြား၍၊ နံနက်သွားကြည့်သည့်အခါ၊ ကြိုးခလုပ်ဖြင့်၊ ယမ်းတောင့်အမှန်ပေါက်ထွက်သော်လည်း၊

ကျားကိုကား မမြင်သဖြင့်၊ အံ့ဩမိကြသည်။ နောက်တညသေနတ်နှစ်လက်ဖြင့်ထောင်၍ သေနတ်နှစ်လက်စလုံးပေါက်သံကြားသော်လည်း၊ နံနက်သွားကြည့်သောအခါ၊ ကြိုးခလုတ်ဖြင့်၊ ယမ်းတောင့်အမှန်ပေါက်ထွက်သော်လည်း၊ ကျားကိုမဆိုထားနှင့် သွေးစက်ပင်မတွေ့သဖြင့်၊ သေနတ်နှစ်လက်ဖြင့် ထောင်ထားသည့်အပြင်၊ တခုနှင့်တခုမြင်နိုင်လောက်အောင် လင့်စင်သုံးစင်ထိုး၍ စောင့်ကြည့်ရန် စီစဉ်ကြ၏။ ထိုနေ့ည နေမဝင်မီကလေးတွင်၊ ကျားသည်အိုင်သို့ချဉ်းကပ်လာရာ၊ အပေါက်နားရောက်သည့်အခါ၊ တိုက်ရိုက်မဝင်ဘဲ၊ နောက်ပြန်လှည့်ပြီး ခလုပ်ကြိုးကို အမြီးဖြင့်ရိုက်ချလေ၏။ ယမ်းတောင့်ထွက်သွားသော်လည်း၊ ကျားမှာတစုံတရာမျှထိခိုက်ခြင်းမရှိ၊ ၎င်းနည်းအတိုင်း၊ ဒုတိယအပေါက်သို့သွား၍ ခလုပ်ကြိုးကို အမြီးနှင့်ရိုက်ချပြီးနောက်၊ ချုံကိုနှစ်ပါတ်သုံးပါတ်လှည့်၍ ကြည့်ပြီးမှ၊ ကျွဲသေကောင်ကိုဝင်၍ စားလေ၏။ ပဋ္ဌမတချက်ကိုက်စားပြီး ခေါင်းပြန်ထောင်လိုက်သည့်အခါ၊ ကြိုတင်စီမံထားသည့်အတိုင်း၊ လင့်စင်များမှ သေနတ်သုံးလက်စလုံးဖြင့်၊ တချိန်တည်းဝိုင်း၍ပစ်ကြရာ၊ ကျားသေဆုံးသွားလေ၏။ ၎င်းနေ့မှစပြီး ထိုလူးအိုင်သို့မည်သည့် တောကောင်မျှမဆင်းတော့ကြောင်း လှည်းသွားကပြော၍ သိရပါသည်။

### (၅) ငါးဖမ်း ကျင်လည်သောမြွေ။

၁၉၂၉ ခုနှစ် နွေရာသီမှာ ရေးချောင်းကြိုးဝိုင်းရှိ အကွက်များကို တောမျိုးပါဝင်ပင်မြေပုံကို လုပ်ကိုင်နေပါသည်။ နိမ့်သည့်နေရာ၌ အိုင်ကလေးများပြတ်တောက်ပြတ်တောက်ရှိသည့် ချောင်းကလေး တချောင်းကို ဆန်တက်စဉ်၊ လူများ ငါးပက်သည့် အသံကဲ့သို့ကြားရာ၊ တောဓလေ့အတိုင်း အူလိုက်သော်လည်း၊ မည်သူမျှပြန်မထူးပါ။ သို့ရာတွင် ရေပက်သံမှာ ကြားရလျက်ပင်။ ယိုးဒယားနယ်မှကျော်လာပြီး မတရားသဖြင့် အမဲလိုက်သူများ ဖြစ်ကောင်း ဖြစ်လိမ့်မည်ကို သတိရ၍၊ တဖြည်းဖြည်းသွားပြီး ချောင်းကွေ့တိုင်း၌၊ ရှေ့သို့ ချောင်းမြောင်းကြည့်ရာ၊ အမြီးပိုင်းနှင့် ခေါင်းပိုင်းကို၊ အိုင်ကလေးတဖက်တချက်တွင်ရှိသော သစ်ပင်ကလေးနှစ်ပင်တွင် ပတ်လျက်ကိုယ်လုံးဖြင့် အိုင်ထဲက ရေရောငါးပါရိုက်လျက်နေသော စပါးကြီးမြွေကိုမြင်သောအခါ အထူးအံ့ဩမိပါသည်။ ငါးနှစ်သက်သူ ဖြစ်သည့်အလျောက်၊ ကျောက်ခဲကလေးများပေါ်တွင် ခုံနေသောငါးကလေးများကိုတွေ့၍ ဝမ်းသာနေခိုက်၊ နောက်က သေနတ်ထမ်းသူက စပါးကြီးမြွေ၏ ခေါင်းကို၊ ပြေး၍ ဖြတ်လိုက်လေ၏။ လူကြီးပြီပြီ အရေပြားနှင့် ၉၆ ပါးသော ရောဂါကို ပျောက်စေတတ်သည့် သီးခြေကို သိမ်းပိုက်လိုက်၏။ ထိုည၌၊ မြွေသားဟင်းတဝ၊ ငါးကြော်ကတသွယ်၊ အမယ်မတူ၊ မီးခိုးတွေ တလူလူနှင့် စခန်းတွင်ဆူနေလေတော့သတည်း။

### (၆) ကလေးများဆော့လွန်းက သမန်းကျားနှင့်ခြောက်။

ကျားများဟာ အစာပြတ်၍ ဝေါ်လာလျှင်၊ မတော်တဆ သစ်ကိုင်းပေါ်ကချော်ပြီး မြေကြီးပေါ်သို့ ကျမည့်မျောက်ကို ဖမ်းစားရန် မျောက်အုပ်နေသည့် သစ်ပင်အောက်ခြုံထဲတွင် သူ၏ဓလေ့အတိုင်း အမြီးကို အမြဲလှုပ်ပြီး ချောင်း၍ ဝပ်နေတတ်၏။ သစ်ကိုင်းပေါ်ကချော်ပြီး မြေကြီးပေါ်ကျသောမျောက်အလွန်ရှားပါသည်။ သို့သော် ကတ်သီးကတ်သတ်ဆော့ခြင်းနှင့် မည်သည့်အရာမဆို သိချင်ဇောကြီးကြီးနှင့် စုံစမ်းတတ်သော ဝါသနာကိုကား လူတိုင်းအသိဖြစ်ပါသည်။ ကြက်ချီးကို ကိုင်ကြည့်၊ နမ်းကြည့်၊ နှာခေါင်းရှုံ့၍ ပစ်ချပြီးနောက်၊ ဤနည်းအတိုင်းပင် အဘန်တလဲလဲ လုပ်တတ်ပါသည်။ ထိုဝါသနာကြောင့်၊ အုပ်စီးမျောက်ဖိုလ်က ရန်သူရှိကြောင်း အသံကိုပေးလိုက်လျှင်၊ သူတို့အထဲက အကောင်တွေက၊ မည်သည့်နေရာတွင်ရှိသည်ကို လိုက်ရှာတတ်သည်။ ကျားကိုတွေ့ခဲ့လျှင်၊ ကျားနောက်က မည်သည့်အရာ လှုပ်ရှားနေသည်ကို စုံစမ်းရန်အောက်ပိုင်းသို့ ဆင်းလာတတ်သည်။ အားမရ၍ တဘန်နီးနီး ကြည့်ရှုစုံစမ်းရန် မြေကြီးပေါ်သို့ဆင်းပြီး ချဉ်းကပ်သွားတတ်ပါသည်။ သို့သော် လှုပ်နေသော အရာသည်၊ မည်ကဲ့သို့ စက်ကိရိယာဆင်ထားကြောင်း သိလို၍ ကိုင်လိုက်သည်နှင့်တပြိုင်နက်၊ ကျားကလှည့်အုပ်ပြီး စားပစ်လိုက်ပါသည်။ ထိုကြောင့် ကလေးများ ဆော့လွန်း၍ ခိုက်မိမှာစိုးလျှင်၊ လူကြီးများက ''မျောက် (ဇီး) သမန်းရှမယ်နော်'' ဆိုသည့်စကားပေါ်လာသည် ဟူသတတ်။

### (၇) ဣန္ဒြေမဲ့အောင် ခြောက်သည့်ကျား။

ကျားများ၏အဟန့်သည် အလွန်ကြီးသဖြင့်၊ ခွေးများကျားနံ့ရလျှင် ဖင်သီပြီး ဒရွတ်တိုက်သွားသည်ကိုလည်းကောင်း၊ နွားနှင့်မြင်းများမှာ ခရီးဆက်မသွားတော့ဘဲ၊ လည်ပင်းကိုစင်း၍နေသည်ကိုလည်းကောင်း လူတိုင်း အသိပင်ဖြစ်သည်။ တိရစ္ဆာန်ကို မဆိုထားနှင့် လူများပင်ဣန္ဒြေမရှိလောက်အောင် ကြောက်ရွံ့ကြသည်ကို၊ အောက်ပါအဖြစ်အပျက်ကို ထောက်ရှုခြင်းအားဖြင့် သိနိုင်ပါသည်။

ဒေါ်ပုတ်ကလေးသည် ခေါင်းရွက်သည် ဖြစ်သည့်အလျောက်၊ ဈေးရောင်းအပြန်နေပူသဖြင့်၊ ထမီရင်ရှားပြီး တထည်တည်းသာ ဝတ်လာသော ရင်စိအင်္ကျီကိုချွတ်၍ ရှေ့က နေကာအဖြစ်နှင့် ဈေးတောင်းပေါ် တွဲလောင်းချ၍၊ အင်းစိန်နယ်၊ ကြီးပင်လဟာရွာမှ ရေတွင်းကုန်းရွာသို့ပြန်ခဲ့၏။ ၎င်းနှစ်ရွာစပ်ကြား ကိုက်တရာလောက် ကျယ်သော

စာမျက်နှာ (၃၂) သို့

PDF Compressor Free Version

ယခင်လမှ အဆက်

PDF Compressor Free Version

# မြန်မာ့ကျွန်း၊ ကမ္ဘာ့ကျွန်း (၂)

ဒေါက်တာ ကျော်တင့်




ဆရာ ဒေါက်တာကျော်တင့်သည် ပြည်ခရိုင်၊ သဲကုန်းမြို့ ရွာတောင်ကုန်းရွာ ဇာတိဖြစ်ပြီး ၁၉၆၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (သစ်တောပညာ) ရရှိခဲ့ပြီး ၁၉၇၁ ခုနှစ်တွင် ယူကရိန်းနိုင်ငံ၊ ကီယက်မြို့ ယူကရိန်းစိုက်ပျိုးရေး အကယ်ဒမီမှ သစ်တောပညာပါရဂူဘွဲ့တို့ကို ရရှိခဲ့သည်။

သစ်တောဦးစီးဌာနသို့၁၉၆၃ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် စတင်ဝင်ရောက်ပြီး ၁၉၉၃– ၉၄ ခုနှစ်တွင် သစ်တောတက္ကသိုလ်ရေဆင်း၌ သစ်တောပညာပါမောက္ခ၊ ၁၉၉၄– ၉၅ ခုနှစ်တွင် သစ်တောရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန၌ ဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ ၆–၉–၁၉၉၅ ရက်မှစ၍ သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့တွင် ညွှန်ကြားရေးမှူးချုပ်ရာထူးဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၃– ၈–၂၀၀၁ ရက်တွင် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။ လက်ရှိအချိန်ထိ သစ်တောဆိုင်ရာစာပေများ ရေးသားလျက်ရှိသည်။

[ဆရာဒေါက်တာ ကျော်တင့် (ညွှန်ကြားရေးမှူးချုပ် အငြိမ်းစား) ရေးသားခဲ့သည့် "မြန်မာ့ကျွန်း၊ ကမ္ဘာ့ကျွန်း" ဆောင်းပါးအား ၁၉၉၉ ခုနှစ် မတ်လ၊ မေလ၊ ဩဂုတ်လထုတ် အတွဲ (၂)၊ အမှတ် (၂၊ ၃၊ ၄) တို့ကို သစ်တောသတင်းလွှာတွင် ဖော်ပြခဲ့ရာ ယခု သစ်တောကြေးမုံမှ မူရင်းစာသားအတိုင်း ဂုဏ်ပြုမှတ်တမ်းတင် ပြန်လည် ဖော်ပြအပ်ပါသည်။]

## သဘာဝကျွန်းတောများ အုပ်ချုပ်လုပ်ကိုင်မှုစနစ်

သဘာဝကျွန်းတောများကို အုပ်ချုပ်လုပ်ကိုင်ရာတွင် အဓိကအားဖြင့် ရွေးချယ်ခုတ်လှဲခြင်းစနစ် (Selection System) ကို အသုံးပြုကြသည်။ သဘာဝတောများတွင် သစ်မျိုးပေါင်းရာနှင့်ချီ၍ ရောနှောပေါက်ရောက်ရာတွင် ကျွန်းသည်အရေအတွက်အားဖြင့် ၁၀ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအတွင်းသာ ပါဝင်လေ့ရှိသဖြင့် ၎င်းကိုထုတ်ယူရန်အတွက် ရင့်ကျက်သောအရွယ်အစားကို သတ်မှတ်၍ ယင်းအရွယ်အစားမှီသောအပင်များကိုသာ ခုတ်လှဲခြင်း ပြုသည်။ သဘာဝတောများ ပိုမိုကောင်းမွန်စေရန်နှင့် ပိုမိုတန်ဖိုးမြင့်မားစေရန် ကျွန်းပင်ငယ်များကို ကြားညှပ်စိုက်ပျိုးခြင်း၊ ကွက်လပ်များတွင် ကျွန်းစိုက်ခင်းများတည်ထောင်ခြင်း၊ ကျွန်းပင်များကို အုပ်ဆိုင်းနေသော သို့မဟုတ် ကျွန်းပင်များနှင့်ပြိုင်နေသော အခြားတန်ဖိုးနည်းသည့်အပင်များကို ခုတ်လှဲခြင်း၊ ကျွန်းသည် အလင်းကြိုက်သောသစ်မျိုးဖြစ်၍ သဘာဝအလျောက် ကျွန်းပင်ငယ်များ ပေါက်ရောက်ရှင်သန်စေရန် အလင်းဖွင့်ခြင်း၊ ကျွန်းပင်ငယ်များ စုရုံးပေါက်ရောက်နေသည့် နေရာများတွင် ပင်ကျပ်နုတ်ခြင်း၊ ညောင်ပင်များနှင့် ညောင်ပတ်ပင်များကိုလှဲခြင်း၊ နွယ်ဖြတ်ခြင်းလုပ်ငန်းများကို လုပ်ကိုင်ပေးရသည်။

အိန္ဒိယနိုင်ငံတွင် ရွေးချယ်ခုတ်လှဲခြင်း နည်းစနစ်အပြင် တောညှံ့တောနိမ့်များ၌ ငုတ်တက်စနစ် (Coppice System) ကိုသုံး၍ သက်တမ်းကို နှစ် ၃၀ မှ ၄၀ အထိ သတ်မှတ်သည်။ အသက်နှင့်အရွယ် အမျိုးမျိုးရှိသော သဘာဝတောများကို ဆင်တူတောများ (Uniform Forests) အဖြစ် ပြောင်းလဲရာ၌ ပြောင်းလဲသည့် ကာလကို နှစ် ၆၀ မှ ၈၀ အထိ ထားရှိသည်။

ထိုင်းနိုင်ငံတွင် ဘရန်းဒစ်ရွေးချယ်ခုတ်လှဲနည်းစနစ် (Brandis Selection System) ကို ၁၈၉၆ ခုနှစ်မှ စတင်အသုံးပြု၍ ခုတ်ပတ် (Felling Cycle) နှစ် ၃၀ နှင့် ကန့်သတ်လုံးပတ် (၂၁၃) စင်တီမီတာ (၇) ပေကို ၁၉၃၉ ခုနှစ်တွင် စတင်သတ်မှတ်သည်။ ကန့်သတ်လုံးပတ်ဆိုသည်မှာ ခုတ်လှဲရန်ခွင့်ပြုသော ရင်စို့လုံးပတ်အရွယ်ဖြစ်၍ ရင်စို့လုံးပတ်ဆိုသည်မှာ သစ်ပင်၏ မြေပြင်မှ ၄ ပေ ၆ လက်မ အမြင့်တွင်ရှိသော လုံးပတ်ဖြစ်သည်။ ဘရန်းဒစ်ရွေးချယ်ခုတ်လှဲနည်းစနစ်ကို မြန်မာ့ရွေးချယ်ခုတ်လှဲနည်းစနစ် ( Myanma Selection System ) ဟုလည်း ခေါ်သည်။

လာအိုနိုင်ငံတွင်လည်း ရွေးချယ်ခုတ်လှဲနည်းစနစ်ကိုပင်သုံးသည်။ မျိုးဆက်ပင်ပေါက်များ ရရှိရန်အတွက် သစ်ထုတ်၍ဖြစ်ပေါ်လာသော ကွက်လပ်များတွင် ကျွန်းစေ့များကို တိုက်ရိုက်ကျင်းတူးစိုက်ပျိုးပြီးနောက် မြေပြင်ကို

သစ်ရွက်များဖုံးအုပ်သည့်အခါ၌ မီးရှို့လေ့ရှိသည်။

PDF Compressor Free Version

မြန်မာနိုင်ငံတွင် ကျွန်းသစ်တောများ အုပ်ချုပ်လုပ်ကိုင်ခြင်းကို မြန်မာဘုရင်များလက်ထက် ရာစုနှစ်ပေါင်းများစွာကပင် စတင်ခဲ့ကြသည်။ မြန်မာဘုရင်များသည် ကျွန်းသစ်လုပ်ငန်းကို အောက်ပါ နည်းလမ်းနှစ်သွယ်ဖြင့် ထိန်းချုပ်ခဲ့သည်။

၁။ အဓိကကျသော မြစ်ကြီးများနှင့် လှည်းလမ်းမကြီးများတစ်လျှောက်တွင် ကင်းတဲများနှင့် အကောက်ရုံးများဖွင့်၍ သစ်သယ်ယူပြောင်းရွှေ့မှုကို စစ်ဆေးခြင်းနှင့် အခွန်ငွေကောက်ခံခြင်း၊ ကျွန်းသစ်ကို မြစ်ကြောင်းမှ သယ်ယူခြင်းသည် အလွယ်ကူဆုံးနှင့် ကုန်ကျစရိတ်အသက်သာဆုံးဖြစ်ရာ မြစ်ကြောင်းတစ်လျှောက် ဖွင့်လှစ်ထားရှိသော အကောက်ရုံးများသည် ကျွန်းသစ်သယ်ယူရွှေ့ပြောင်းမှုကို ထိန်းသိမ်းရာတွင် အလွန်ထိရောက်သည်။

၂။ ကျွန်းပင်ကို သင်းသတ်ပြီးမှ ထုတ်ယူစေခြင်း၊ ကျွန်းပင်ကို သင်းသတ်စေပြီး နှစ်နှစ်၊ သုံးနှစ်ကြာ မတ်ရပ်အခြောက်ခံထားခြင်းအားဖြင့် ကျွန်းသစ်၏ အရည်အသွေးပိုမိုကောင်းမွန်လာသည့်အပြင် သယ်ယူရွှေ့ပြောင်းခြင်းကို ပိုမိုလွယ်ကူစေသည်။ ပိုမိုအရေးကြီးသည့် အချက်တစ်ချက်မှာ ကွပ်ကဲမှုကို ပိုမိုထိရောက်စေခြင်းဖြစ်သည်။ ကျွန်းသစ်ကိုဈေးကွက်သို့ သယ်ယူရွှေ့ပြောင်းသည့် လမ်းကြောင်းများကို ကန့်သတ်လိုက်ခြင်းအားဖြင့် ထိန်းချုပ်မှုနှင့် အခွန်ကောက်ယူမှုကို လွယ်ကူစေသည်။ အကောက်ရုံးများသို့ ရောက်ရှိလာသည့် ကျွန်းသစ်များကို သင်းသတ်ထားခြင်းရှိ၊ မရှိ သင်းသတ်ထားလျှင် မည်သည့်အချိန် မည်သည့်ဒေသတွင် သင်းသတ်သည် စသည်တို့ကို စစ်ဆေးနိုင်သည်။ ပိုမိုတန်ဖိုးရှိသောတောများအတွက် အထူးအစီအစဉ်ဖြင့် တောကြပ်များခန့်ထား၍ ခြောက်သွေ့သောရာသီတွင် လှည့်လည်စစ်ဆေးစေသည်များလည်း ရှိခဲ့သည်။ ကျွန်းသစ်အပြင် အခြားသစ်တောထွက်ပစ္စည်းများကို ထိန်းချုပ်သောနည်းဥပဒေများလည်းရှိခဲ့သည်။ သစ်နှင့်သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများကို ကိုလိုနီခေတ် မတိုင်မီကပင် အခွန်ကောက်သောမှတ်တမ်းများ (စစ်တမ်းများ) ရှိခဲ့သည်။ သူကြီးနှင့် အခြားဒေသခံအရာရှိများက အခွန်ကောက်ခံကြပြီး ရရှိသည့်အခွန်မှ သတ်မှတ်ထားသည့် ရာခိုင်နှုန်းကို ကောက်ခံသူကယူ၍ ကျန်သည့်အခွန်ငွေကို နိုင်ငံတော်ဘဏ္ဍာအဖြစ် အပ်နှံရသည်။

ကျွန်းကို တော်ဝင်သစ်အဖြစ် ကုန်းဘောင်ခေတ်ကာလ သက္ကရာဇ် ၁၇၇၅ ခုနှစ်တွင် သတ်မှတ်၍ ကျွန်းသစ်လုပ်ငန်းကို နိုင်ငံတော်က လုံးဝချုပ်ကိုင်ခဲ့သည်။ ကျွန်းသစ်ရောင်းဝယ်ဖောက်ကားမှုကို မြန်မာတို့က ဥရောပ



**သစ်တောဦးစီးဌာန၊ တောင်ငူမြို့နယ် ကျွန်းသစ်စေ့ထုတ်ဧရိယာ**

တိုက်သားများထက်စော၍ စတင်ခဲ့သည်။ မြန်မာများသည် ၁၇ ရာစုနှစ် မတိုင်မီကပင် မြန်မာပြည်တောင်ပိုင်း၌ ကျွန်းသစ်ဖြင့် သင်္ဘောများတည်ဆောက်၍ နိုင်ငံခြားသို့ တင်ပို့နေကြပြီ ဖြစ်သည်။

အင်္ဂလိပ်များ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် မြန်မာ့သစ်တောများကို အုပ်ချုပ်လုပ်ကိုင်ကြရာ၌ မြန်မာဘုရင်များ၏ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို အတုယူခဲ့ကြရသည်။ ကိုလိုနီခေတ် သစ်တောမူဝါဒအပေါ် မြန်မာ့သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်က များစွာသြဇာသက်ရောက်မှုရှိခဲ့သည်။ ဥရောပသစ်ကုန်သည်များနှင့် သစ်တောအရာရှိများသည် မြန်မာတို့၏ သစ်ထုတ်လုပ်မှုနှင့် ထိန်းချုပ်မှုနည်းစနစ်များကို လက်ဆင့်ကမ်းယူခဲ့ကြသည်။ ထို့ကြောင့် Dr. Raymond Leslie Bryand က သူ၏ Ph.D. Thesis (၁၉၉၃) တွင် အောက်ပါအတိုင်းဖော်ပြထားခြင်းဖြစ်သည်။

"Pre-colonial forest regulation thus developed over centuries as a means to tax and control forest use. The British continued, or later revived, many of these indigenous forms of control. Colonial foresters affirmed the royal monopoly on teak and regulated extraction through the technique of girdling. They monitored and taxed the flow of timber at revenue stations located along the main river routes. Other forest products were also taxed as the administrative capacity of the Forest Department increased.

… the British borrowed techniques of resource control from the Burmese …"

ကျွန်းသင်းသတ်ခြင်း (Girdling of Teak) နှင့် ပတ်သက်၍ Dr. Dietrich Brandis (မြန်မာနိုင်ငံ၏ သိပ္ပံနည်းကျ သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစနစ်ကို စတင်ခဲ့

သည့် ဂျာမန်လူမျိုး ရုက္ခဗေဒပညာရှင်) က အောက်ဖော်ပြပါအတိုင်း ရေးသားခဲ့သည်။

PDF Compressor Free Version

အမှန်အားဖြင့် ဤအထူးကောင်းမွန်သော အလေ့အကျင့်ကို ကျွန်ုပ်ဆက်လက်သုံးစွဲခဲ့ပါသည်။ အိန္ဒိယအစိုးရလက်အောက်တွင် ကျွန်ုပ်တာဝန်ထမ်းဆောင်ခဲ့သည့် ကာလအတွင်း ကျွန်ုပ်ရင်ဆိုင်ခဲ့ရသည့် ပြဿနာများစွာအနက် တစ်ခုမှာ ကျွန်းသင်းသတ်ခြင်းကို အသုံးမကျသော၊ မယဉ်ကျေးသော၊ သစ်ကိုအနာတရဖြစ်စေသော၊ ကျွန်းသစ်၏ ကျော်ကြားမှုကိုလည်း ပျက်စီးစေနိုင်သော အလေ့အကျင့်ဟု ပြစ်တင်ရှုတ်ချသူများနှင့် ထိပ်တိုက်ရင်ဆိုင်ရသည့် ပြဿနာ ဖြစ်ပါသည်။ အခြားသူများကလည်း သင်းသတ်ခြင်းသည် ဂျာမန်သီအိုရီ၏ ရလဒ်ဟုဆိုကြပါသည်။ အမှန်စင်စစ် ယင်းသည် မြန်မာတို့က စတင်ခဲ့သော အလေ့အကျင့်ဖြစ်ပြီး အဓိကအားဖြင့် ယင်းအလေ့အကျင့်ကြောင့်ပင် မြန်မာ့ကျွန်းသစ် နာမည်ကျော်ကြားခြင်းဖြစ်ပါသည်။

ပထမ အင်္ဂလိပ်–မြန်မာစစ်ပွဲ (၁၈၂၄–၂၆) ဖြင့် အင်္ဂလိပ်တို့သည် တနင်္သာရီ (ယခု–တနင်္သာရီတိုင်းနှင့် မွန်ပြည်နယ်) ကို သိမ်းပိုက်လိုက်ပြီးနောက် တနင်္သာရီ ကျွန်းတောများမှ ကျွန်းသစ်များကိုထုတ်ယူ၍ မော်လမြိုင်မြို့၌ သစ်လုပ်ငန်းနှင့် သင်္ဘောတည်ဆောက်ခြင်း လုပ်ငန်းတို့ကို အကြီးအကျယ် လုပ်ကိုင်ခဲ့သည်။

ကလကတ္တား ရုက္ခဗေဒဥယျာဉ်များ၏ အုပ်ချုပ်ရေးမှူးဖြစ်သူ Dr. Nathaniel Wallich သည် ဗြိတိသျှအစိုးရ၏ တာဝန်ပေးချက်အရ ၁၈၂၇ ခုနှစ်တွင် တနင်္သာရီကျွန်းတောများကို စစ်ဆေးပြီး အစီရင်ခံရာ၌ ယင်းတောကြီးများသည် ပမာဏကြီးကျယ် များပြားသည်သာမက အရည်အသွေးမှာလည်း အလွန်မြင့်မားကြောင်း၊ အများအားဖြင့် လူများလုံးဝဝင်ရောက်ခုတ်ထစ်ခြင်း မခံရသေးသော တောကြီးများဖြစ်ကြောင်းဖော်ပြခဲ့သည်။

ဝေါလစ်၏ အစီရင်ခံစာအရ ဗြိတိသျှအစိုးရ (အိန္ဒိယအစိုးရ) သည် တနင်္သာရီပြည်နယ်၏ ပထမဆုံး ပြည်နယ်မင်းကြီးဖြစ်သူ မိန်ဂျီ (Mr. Anthony D.Maingy) အား တနင်္သာရီသစ်တောများကို အစိုးရကိုယ်စားထိန်းသိမ်းအုပ်ချုပ်ရန် အမိန့်ပေးခဲ့သည်။ ၁၈၂၇ မှ ၁၈၂၈ ခုနှစ်အထိ နှစ်နှစ်အကြာမျှ ကျွန်းသစ်ကို အစိုးရက လုံးဝချုပ်ကိုင်ခဲ့သည်။ ၁၈၂၈ ခုနှစ်၊ မေလခန့်တွင် မိန်ဂျီသည် စစ်တပ်နှင့် အခြားအစိုးရလုပ်ငန်းများတွင် သုံးစွဲရန်လည်းကောင်း၊ ကလကတ္တားဈေးကွက်ကို စမ်းသပ်ရန်လည်းကောင်း ရည်ရွယ်၍ ရူပီး ၆၀၀၀ တန်းဖိုးရှိသည့် ကျွန်းသစ် ၅၁၁ လုံးကို ထားဝယ်မှ ကလကတ္တားသို့ သင်္ဘောဖြင့် တင်ပို့ခဲ့ရာ ရူပီးငွေ ၂၅၀ အရှုံးပေါ်ခဲ့သည်။ ဤဖြစ်ရပ်ကိုအကြောင်းပြု၍ အင်အားကောင်းသော သစ်ကုန်သည်များသည် ကလကတ္တားနှင့် လန်ဒန်ရှိ အကြီးတန်းအစိုးရအရာရှိများအား ကျွန်းသစ်ကို အစိုးရမှ ချုပ်ကိုင်မှုကိုစွန့်လွှတ်ရန် ဖိအားပေးလာကြသည်။

> **ကျွန်းတောများကို အစိုးရက အသုံးပြုရန်သက်သက်အတွက် ထိန်းသိမ်းရန် ဝန်ထမ်းအဖွဲ့အစည်းများဖွဲ့စည်းပြီး အကုန်အကျခံမည့်အစား ပုဂ္ဂလိကများသို့ သစ်ထုတ်ရန် လိုင်စင်များ ထုတ်ပေး၍ ပြည်ပသို့တင်ပို့ရန် သစ်များထုတ်ယူလာသည့်အခါ ယင်းသစ်များကို တန်ဖိုးသတ်မှတ်၍ ထိုတန်ဖိုး၏ ၁၀ ရာခိုင်နှုန်း သို့မဟုတ် ၁၅ ရာခိုင်နှုန်းကို အခွန်တော်အဖြစ် ကောက်ခံခြင်းသည် အကောင်းဆုံး နည်းလမ်းဖြစ်သည်။ အစိုးရအနေဖြင့် ထုတ်ယူလာသော သစ်မှလိုသမျှကို ပြည်သူပိုင်အဖြစ် အချိန်မရွေး သိမ်းယူနိုင်သည်။ အခွန်တော်ကို သစ်ပင်အရွယ်အပေါ် အခြေမခံဘဲ တစ်ပြေးညီ သတ်မှတ်ခြင်းဖြင့် အပင်ငယ်များနှင့် တန်ဖိုးနည်းသော အပင်များကိုထုတ်ယူခြင်းမှ ကာကွယ်နိုင်သည်။ ၎င်းပြင် သတ်မှတ်ထားသော အရွယ်အစားမမီသည့် သစ်လုံးများကို ပြည်သူပိုင်သိမ်းယူခြင်းဖြင့် အပင်ငယ်များကိုလည်း ကာကွယ်နိုင်သည်။**

မိန်ဂျီသည် ဤအစီအစဉ်ကို ချမှတ်အကောင်အထည်ဖော်ခြင်းဖြင့် သစ်ကုန်သည်များရော အစိုးရအတွက်ပါ အကျိုးဖြစ်ထွန်းပြီး ကျွန်းတောများအားလည်း အလွန်အကျွံခုတ်ထုတ်ခြင်းမှ တားဆီးနိုင်လိမ့်မည်ဟု ယုံကြည်ခဲ့သည်။ ဤသို့ဖြင့် ၁၈၂၉ ခုနှစ်တွင် တနင်္သာရီကျွန်းတောများကို သစ်ကုန်သည်များသို့ လုံးဝ ဖွင့်ပေးခဲ့သည်။ Laissez-Faire ခေါ် သစ်ကုန်သည်များအား ကြိုက်သည့်သစ်ပင်များကို ကြိုက်သည့်နေရာမှ ကြိုက်သလောက်ခုတ်ယူခွင့်ပြုသည့်စနစ်ကို ကျင့်သုံးလိုက်ခြင်းပင်ဖြစ်သည်။ သစ်ကုန်သည်များ အကြိုက်တွေ့သွားတော့သည်၊ တနင်္သာရီပြည်နယ်သို့ သစ်ကုန်သည်များ စုပြုံရောက်ရှိလာကြပြီး မော်လမြိုင်သည်လည်း သစ်လုပ်ငန်းနှင့် သင်္ဘောတည်ဆောက်ခြင်းလုပ်ငန်းတို့အတွက် အရေးပါသော မြို့ကြီးတစ်မြို့ ဖြစ်လာတော့သည်။

သစ်ထုတ်ခြင်းကို အဓိကအားဖြင့် အမျိုးသားသစ်ကုန်သည်များနှင့် အလုပ်သမားများက ဆောင်ရွက်ပြီး ဥရောပသစ်ကုန်သည်များက မော်လမြိုင်တွင်ထိုင်၍ သစ်ရောင်းဝယ်မှုကိုချုပ်ကိုင်ကြသည်။ ဥရောပသစ်ကုန်သည်များက အမျိုးသားသစ်ကုန်သည်များကို ကန်ထရိုက်ပေး၍ လိုသည့် သစ်ကိုထုတ်ယူခြင်းရှိသကဲ့သို့ အမျိုးသားအလုပ်သမားများအား စရန်ငွေများပေး၍ သစ်ထုတ်စေခြင်းမျိုးလည်းရှိသည်။

PDF Compressor Free Version

အစိုးရတွင် ဝန်ထမ်းအင်အား ချို့တဲ့ခြင်းနှင့် အခြားလုပ်[illegible]ပြည်နယ်မင်းကြီး မိန်ဂီနှင့် အခြားကိုလိုနီအရာရှိများသည် သစ်ကုန်သည်များအနေဖြင့် လိုင်စင်စည်းကမ်းများနှင့်အညီ သစ်ထုတ်လုပ်ကူးသန်းရောင်းဝယ်ခြင်း ရှိမရှိ ထိရောက်စွာကြီးကြပ်နိုင်ခြင်းမရှိခဲ့ပေ။ ၎င်းပြင် သစ်တောများ တစ်နေရာမဟုတ် တစ်နေရာတွင် ပျက်စီးပြုန်းတီးခြင်းသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပေးဆပ်သင့်သော တန်ဖိုးဖြစ်သည်ဟုလည်း ယင်းကိုလိုနီအရာရှိများက ယူဆခဲ့ကြသည်။

သို့သော်လည်း တနင်္သာရီကျွန်းတောကြီးများသာ အကြီးအကျယ်ပြုန်းတီးလာသည်။ သစ်မှရရှိသည့် အခွန်တော်ငွေက ၎င်းတို့ ထင်သလောက် နိုင်ငံတော်စီးပွားရေးအတွက် အထောက်အကူ မပြုခဲ့ပေ။ ၁၈၂၉ ခုနှစ်မှ ၁၈၄၁ ခုနှစ်အထိ အခွန်တော်ငွေ စုစုပေါင်း ရူပီး ၁၉၂၅၉ ရရှိခဲ့ရာ တစ်နှစ်ပျမ်းမျှ ရူပီး ၁၆၀၄၉ မျှသာ ရှိသည်။ ထုတ်ယူသည့် သစ်၏လေးပုံသုံးပုံကို ခိုးထုတ်ပြီး အခွန်တော်ရှောင်သွားသည်ဟု ယူဆရသည်။

ဗြိတိသျှအစိုးရသည် ကျွန်းတောကြီးများကို သစ်ကုန်သည်တို့က အလွန်အကျွံ ထုတ်ယူနေခြင်းကို သိမြင်ပြီး မကြာမီ သစ်အငတ်ဘေးနှင့်ကြုံကြိုက်နိုင်သည်ကို သဘောပေါက်လာသည့်အလျောက် ပိုမိုပြင်းထန်သော သစ်ထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေစည်းကမ်းများကို ၁၈၄၁ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ခုတ်ထုတ်ရမည့်အပင်များ၏ အနိမ့်ဆုံးလုံးပတ်ကို လေးပေမှ ခြောက်ပေသို့ တိုးမြှင့်လိုက်ပြီး လိုင်စင်ပိုင်ဆိုင်သူများသည် သစ်တစ်ပင်ထုတ်တိုင်း ငါးပင်ပြန်စိုက်ပေးရမည်ဟု သတ်မှတ်လိုက်သည်။ မော်လမြိုင်မြို့၏ အမှုဆောင်အင်ဂျင်နီယာဖြစ်သူ Captain Tremenheere ကိုလည်း တနင်္သာရီပြည်နယ်၏ ပထမဆုံးသစ်တောအရာရှိအဖြစ် ခန့်ထားလိုက်သည်။ စနစ်သစ်အရ ပထမသုံးနှစ်အတွင်း သစ်တောအခွန်ငွေသည် တစ်နှစ်လျှင် ရူပီး ၄၅၀၀၀ ခန့်ထိ တိုးတက်ရရှိလာသည်။ သို့ရာတွင် ထရီမန်ဟီးရေးသည် သစ်တောလုပ်ငန်းများကို ထိထိရောက်ရောက် ကြီးကြပ်နိုင်ခြင်းကား မရှိခဲ့ပေ။ ပြည်နယ်မင်းကြီး ဒူရန်း (Henry M. Durand) က သစ်ကုန်သည်များသည် သစ်တောဥပဒေများကို အစွမ်းကုန်လျစ်လျူရှုခဲ့ပြီး ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခဲ့ကြောင်း ၁၈၄၆ ခုနှစ်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

Laissez- Faire စနစ်၏ အန္တရာယ်ကို မျှော်တွေးမိကြသဖြင့် သိပ္ပံပညာရှင်များဖြစ်ကြသော Dr. Wallice သည် ၁၈၂၇ ခုနှစ်တွင်လည်းကောင်း၊ Dr. John Helfer သည် ၁၈၃၇–၃၈ ခုနှစ်တွင်လည်းကောင်း၊ Dr. H.Falconer သည် ၁၈၄၉ ခုနှစ်တွင်လည်းကောင်း သစ်လုပ်ငန်းကို အစိုးရက ချုပ်ကိုင်ရန်အစီရင်ခံအကြံပြုခဲ့ကြသည်။

သို့ရာတွင် ဗြိတိသျှအစိုးရသည် သိပ္ပံပညာရှင်များ၏ အကြံပြုချက်များကို လိုက်နာခြင်း မပြုခဲ့ပေ။ သို့ဖြင့် သစ်ကုန်သည်များသည် တနင်္သာရီကျွန်းတောကြီးများအား ၁၈၅၅ ခုနှစ်အထိ မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ ထုတ်လုပ်ခဲ့ကြလေသည်။ ၁၈၅၅ ခုနှစ်ကို ရောက်ရှိ၍ Lassez- Faire စနစ်ကို ရပ်ဆိုင်းသည့်အခါတွင်ကား သိပ္ပံပညာရှင်များ ဟောကိန်းထုတ်ခဲ့ကြသည့်အတိုင်းပင် တနင်္သာရီ၌ ကျွန်းတောကြီးများပျက်စီးပြီး ကျွန်းသစ်အငတ်ဘေးနှင့် ကြုံတွေ့နေပြီဖြစ်သည်။

---

***စာမျက်နှာ (၂၈) မှအဆက်***

တောတန်းရှည်အနီးသို့ချဉ်းကပ်လာသည့်အခါ၊ ကျား ဟေ့ ကျား ဟု အော်ဟစ်ဆူညံနေသောအသံကို တောင်ဘက်က ကြားရသော်လည်း ဝေးသေးသဖြင့် သွားမြဲတိုင်း သွားခဲ့၏။ တောတန်းကိုဖြတ်၍ အလယ်လောက်ရောက်သည့်အခါ၊ ကျားသည် သူမ၏ ရှေ့နားတွင် လွှားကနဲ လမ်းကို ခုံကျော်လိုက်သဖြင့်၊ အလန့်တကြားဖြစ်ခါ ဈေးတောင်းကို ပစ်ချ၍၊ ခြုံထဲသို့ တိုးပြီး၊ ပါးစပ်က ကျား ဟေ့ ကျား ဟု အော်လျက် ရွာဘက်သို့ ပြေးလေ၏။ ထိုအော်သံကို ကြားရ၍ ဒူးလေးဆွဲပြီး အိမ်ပေါ်မှ ဆင်းလာကြသော ယောကျ်ားဟူသမျှတို့သည်၊ ဆံပင်ဖားလျားနှင့် ဒေါ်ပုတ်ကလေးကို မြင်သည်နှင့်တပြိုင်နက် အိမ်ပေါ်သို့ ပြန်ပြေးတက်ပြီး ထရံပေါက်က ချောင်းကြည့်ကြ၏။ မိန်းမတယောက်မှာမူကား၊ ကျား ဟေ့ ကျား ဟု အဆက်မပြတ်အော်နေသော ဒေါ်ပုတ်ကလေး အနားသို့ပြေးကပ်ပြီး "ကျားတော့ဟုတ်ပါပြီ၊ သည်ဟာကိုယူပါအုံး" ဟု လက်ထဲက ထမီကိုပြ၍ ပြောသော်လည်း၊ ဒေါ်ပုတ်ကလေးမှာ၊ အရေးမစိုက်သည့် အပြင်၊ ကျား ဟေ့ ကျား ဟု ခုန်ပေါက်ပြီး၊ ပိုမိုကျယ်လောင်စွာ အဆက်မပြတ်အော်ပြန်သဖြင့် သုံးလေးယောက်ဝိုင်း၍ အတင်းဖုံးလွှမ်းခါ ပွေ့ပိုက်ပြီး အိမ်ပေါ်သို့ တင်ကြရ၏။ ဒေါ်ပုတ်ကလေးသည် လိပ်ပြာလွင့်ပြီး၊ သုံးရက်တိတိ သည်းထန်စွာဖျားသော်လည်း၊ ပြန်၍ကျန်းမာလာပါသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်လောက်ကျမှ အိုမင်းမစွမ်းဖြစ်ပြီး အနိစ္စရောက်ခါ ပဥ္စင်းအမေဖြစ်သည့်အလျောက်၊ ကြီးကျယ်လှသော မယ်တော်ပျံပွဲကို ကြည့်လိုက်ရပါသေးသည်။

**(သစ်တောမင်းကြီး ဦးဘိုးမှု ကွယ်လွန် အနိစ္စရောက်ပြီးမှ၊ ဇနီး မင်းကြီးကတော်ထံက ရရှိသော ဗဟုသုတဖြစ်ဖွယ်ရာ မှတ်စုများကို ကျေးဇူးတင်စွာဖြင့် ပုံနှိပ်အပ်ပါ၏။ အယ်ဒီတာ။)**

PDF Compressor Free Version

# သက်စုံရှယ်ညီ၊ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး



ဦးတင်လှ (သစ်တော)




ဆရာ ဦးတင်လှ (ညွှန်ကြားရေးမှူးချုပ် – အငြိမ်းစား) အား မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် အဖ ဦးသာတင့်၊ အမိ ဒေါ်အုန်းရွှေတို့မှ (၁၄–၇–၁၉၃၅) ရက်တွင် မွေးဖွားခဲ့သည်။

ရန်ကုန်တက္ကသိုလ်မှ **B.Sc (forestry)** ဘွဲ့ကို ၁၉၅၇ ခုနှစ်တွင် ရရှိခဲ့ပြီး၊ သစ်တောဦးစီးဌာနတွင် သစ်တောဝန်ထောက်အဆင့်မှ စတင်တာဝန်ထမ်းဆောင်ကာ ညွှန်ကြားရေးမှူးချုပ်ရာထူး အဆင့်ဖြင့် ၁–၁–၁၉၉၄ မှ ၅–၉–၁၉၉၅ အထိ တာဝန်ထမ်းဆောင်၍ သက်ပြည့်အငြိမ်းစားယူပြီးနောက် သစ်တောရေးရာဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခဲ့သည်။

ဆရာကြီးဦးတင်လှသည် သစ်တောဦးစီးဌာနတွင် ဖွင့်လှစ်သော သင်တန်းများတွင် သင်ကြားပို့ချသကဲ့သို့ ကလောင်အမည် ဦးတင်လှ (သစ်တော)အမည်ဖြင့် သစ်တောသမိုင်း၊ သစ်တောပညာရပ်၊ ဌာန၏ သစ်တောလုပ်ငန်းများနှင့် အခြား ဗဟုသုတဆိုင်ရာ စာပေများကို သစ်တောဦးစီးဌာနမှ ထုတ်ဝေသည့်စာစောင်များတွင် စဉ်ဆက်မပြတ်ရေးသားပြီး ဆောင်းပါး ပေါင်းချုပ်များကို စိမ်းလန်းစိုပြည် နိုင်ငံမြေများနှင့်အခြားသဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆောင်းပါးများ အမည်ဖြင့် (၂၀၁၀) ခုနှစ်တွင် စာအုပ်ထုတ်ဝေခဲ့သည်။

သစ်တောဦးစီးဌာန၏ လုပ်ငန်းတာဝန်များကို သက်ရှိထင်ရှားရှိချိန်တွင် ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဆရာကြီးဦးတင်လှသည် (၂၄–၈–၂၀၁၃) ရက် (၁၅း၀၀) နာရီအချိန်တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီးကွယ်လွန်ခြင်းသည် သစ်တောဦးစီးဌာနအတွက် အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုကြီးဖြစ်သည်။

[ဆရာ ဦးတင်လှ (သစ်တော) ရေးသားခဲ့သည့် ''သက်စုံရှယ်ညီ၊ တစ်ဦးစီ သုံးပင်စိုက်ရေး စည်းရုံးပေး'' ဆောင်းပါးအား ၂၀၀၇ ခုနှစ်၊ ဖွန်လထုတ် သစ်တောရေးရာ ဂျာနယ်တွင် ဖော်ပြခဲ့ရာ ယခု သစ်တောကြေးမုံမှ မူရင်းစာသားအတိုင်း ဂုဏ်ပြုမှတ်တမ်းတင် ပြန်လည်ဖော်ပြအပ်ပါသည်။]

မြန်မာမြေသည် မြေဆီလွှာသြဇာ ကောင်းမွန်၍ သစ်တောကြီးများနှင့် စိမ့်စိမ့်ညို့ညို့ ပြည့်ဖြိုးဝေဆာလျက်ရှိပြီး၊ သဘာဝအလှေ့ကျပန်း၊ လူတို့စိုက်ပျိုးသော ပန်းမျိုးစုံ ဖူးငုံပွင့်၍ ရနံ့သင်းပျံ့ ထုံမွှမ်းလျက်ရှိပါသည်။

ယနေ့ ကမ္ဘာတခွင်ကို ကြည့်ရှုလေ့လာလိုက်ပါက လူတွေအတွက် အကျိုးပြုနေတဲ့ တောကြီးတွေ၊ သစ်ပင်၊ ဝါးပင်၊ သစ်တော၊ ဝါးတော စသည့် တောများဟာ အကြောင်းအမျိုးမျိုးကြောင့် ပြုန်းတီးပျက်စီးလျော့ပါးနေတာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီသစ်ပင်၊ ဝါးပင်၊ သစ်တောတွေ ပြုန်းတီး ပျက်စီးလျော့ပါးကုန်တဲ့အတွက် ရာသီဥတုမမျှမတဖြစ်ကြရတာတွေ၊ မြေဆီမြေသြဇာခမ်းခြောက် ပျောက်ကွယ်ကြရတာတွေ၊ မြစ်ချောင်းရေလျှံပြီး၊ ရေလွှမ်းမိုးခြင်းခံကြရတာတွေ၊ သဲကန္တာဖြစ်လာကြရတာတွေ စတဲ့ ဘေးဆိုးဒဏ်ဆိုးတွေ ပေါ်လာကြပါတယ်။

ဒီဘေးဆိုးဒဏ်ဆိုးတွေကို သိမြင်လာကြတဲ့ နိုင်ငံတကာသိပ္ပံပညာရှင်ကြီးတွေဟာ နည်းလမ်းအမျိုးမျိုးရှာကြံပြီး အားထုတ်ဆောင်ရွက်ခဲ့ကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကဆိုရင် အဲဒီကိစ္စတွေအတွက် ဆော်ဆော်သြသြ ပြုလုပ်ကြပြီး **''သစ်ပင်တွေစိုက်ကြပါ''** လို့ စဉ်ဆက်မပြတ်ကြွေးကြော်ပေးခဲ့ပါတယ်။ အဲ့ဒါကြောင့် **''ကမ္ဘာ့သစ်ပင်ပွဲတော်''** ''WORLD FESTIVAL OF TREESDAY''ကို နှစ်စဉ် **ဖွန်လ ၂၇** ရက်နေ့ကို သတ်မှတ်ပေးခဲ့ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးအနေနဲ့ သစ်ပင်စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ပါရဂူတွေကို ကမ္ဘာ့အနှံ့အပြားသို့ စေလွှတ်ပြီး ဆောင်ရွက်စေခဲ့ပါတယ်။

မြန်မာနိုင်ငံဟာလည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သလို **''ကမ္ဘာ့သစ်ပင်များပွဲတော်''** အခမ်း

အနားကို ၁၉၅၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့မှာ **ပထမဆုံး အကြိမ်အဖြစ်** စည်ကားစွာကျင်းပခဲ့ပါတယ်။

PDF Compressor Free Version

**ပထမဆုံးအကြိမ် ကမ္ဘာ့သစ်ပင်များပွဲတော် (မြန်မာပြည်)** နှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ''မြေယာကျေးလက်ကြီးပွားတိုးတက်ရေး ကော်ပိုရေးရှင်း'' ကကြီးမှူး၍ ''သစ်ပင်သစ်တောများအား တန်ဖိုးထား'' ''VALUE OF TREES''လာစေရန် အဓိကရည်ရွယ်ပြီး အရမ်းမဲ့ ခုတ်လှဲဖြုန်းတီးခြင်းဘေးများမှကာကွယ်ရန် နိုင်ငံအနှံ့အပြားတွင်ကျင်းပခဲ့သည်။ ပထမအကြိမ်သစ်ပင်ပွဲတော်နေ့ စတင်ကျင်းပသည့်နှစ်တွင် အပင်ပေါက် (ပျိုးပင်)တစ်သိန်းခန့် သစ်စေ့မျိုးစုံအမျိုးမျိုးသုံးသိန်းခန့်ကို တစ်ပြည်လုံးနေရာအနှံ့အပြားတွင် ဝေငှစိုက်ပျိုးခဲ့ကြောင်း တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် သစ်ပင်တစ်ပင်စိုက်ပျိုးခြင်းမှပင် သင်ခန်းစာတစ်ရပ် ရရှိသွားခဲ့ပေသည်။ ထိုသင်ခန်းစာမှ သစ်ပင်ကို ညှိုးနွမ်းမသွားဘဲ ကြီးပြင်း ရှင်သန်လာစေရန်အတွက် ဘေးရန်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပေးရန်အတွက် မည်မျှဂရုစိုက်ပြုစုပေးရကြောင်း သတိမူမိမည်အမှန် ဖြစ်ပေသည်။ တစ်ဆက်တည်းမှာပင် သစ်တောဝန်ထမ်းများအနေနှင့် ကျွန်းပင်ကဲ့သို့ နှစ်ပေါင်း ၁၀၀–၁၅၀ ခန့် သက်တမ်းရှိစေမည့် အပင်မျိုးများအတွက် ဘေးရန်အပေါင်းမှ ကာကွယ်စောင့်ရှောက်ပေးရသည့် တာဝန်ဝတ္တရားများ မည်မျှကြီးလေးကြောင်းပေါ်လွင်စေပါသည်။

ပထမအကြိမ် သစ်ပင်ပွဲတော်စသည့်နှစ် ၁၉၅၄ ခုနှစ်မှာပင် အခြားဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ အမျိုးသမီးအဖွဲ့များ၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ ကျောင်းသူကျောင်းသားများနှင့် တစ်ဦးချင်းအနေနှင့် ဝါသနာထုံသူ စသည်တို့သည် အသင်းအဖွဲ့လိုက် စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းများ ပြုလုပ်ကြလေသည်။ ပိုမိုစိတ်အားထက်သန်လာစေရန်အတွက် ပျိုးပင်ပေါက်ကလေးများ အမျိုးမျိုးကို မြန်မာပြည် နေရာအနှံ့အပြားရှိ ပျိုးခင်း (ပျိုးဥယျာဉ်) များမှ လိုသလောက် အခမဲ့ဖြန့်ဖြူးပေးခဲ့ပါသည်။ ထိုစဉ်ကပင် တပ်မတော်တပ်ရင်းတပ်ဖွဲ့များက အားတက်သရော စိုက်ပျိုးခြင်းများ တွေ့ရှိရ၍ အထူးအားတက်စရာဖြစ်ကြောင်းဖော်ပြခြင်းကို မှတ်တမ်းများတွင် တွေ့ရပါသည်။

၁၉၅၈ ခုနှစ်တွင် ကျင်းပသော ''ကမ္ဘာ့သစ်ပင်ပွဲတော်'' နေ့တွင် နိုင်ငံတော်သမ္မတက မေမြို့ (ပြင်ဦးလွင်) ကန်တော်ကြီးရုက္ခဗေဒဥယျာဉ်ကတက်တော့ တောင်ပေါ်၌ စိုက်ပျိုးခြင်း၊ ဝန်ကြီးချုပ်နှင့်အဖွဲ့က အမျိုးသမီးအဖွဲ့များပါ ကမ္ဘာအေးဘုရားဝန်းအတွင်းတွင် အပင်အမျိုးမျိုးကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်က ဗိုလ်ချုပ်ပန်းခြံ၌လည်းကောင်း သစ်ပင်ပန်းပင်အမျိုးပေါင်းတစ်ရာကျော်၊ အပင်ပေါင်း ၂၀၀၀ ခန့် စိုက်ပျိုးပြီး ပွဲတော်ကို ဆင်ယင်ကျင်းပခဲ့ကြောင်း တွေ့ရှိရပါသည်။ ထိုနှစ်က တစ်ပြည်လုံးတွင် **''ကမ္ဘာ့သစ်ပင်ပွဲတော်''** နေ့အဖြစ် စိုက်ပျိုးရန် သစ်ပင်ပေါက်အမျိုးမျိုးနှစ်သန်းခွဲခန့် ဝေငှစိုက်ပျိုးခဲ့ကြောင်း သိရှိရပါသည်။

**ခေတ်မှီလိုလျှင် သစ်ပင်စိုက်**

ကမ္ဘာ့တစ်ဝန်းတွင် **''ကမ္ဘာ့သစ်ပင်ပွဲတော်''** များကျင်းပပြီး လှုပ်ရှားလာမှုကြောင့် နိုင်ငံအသီးသီးမှာ အမျှော်အမြင်ရှိသော နိုင်ငံခေါင်းဆောင်များက ဦးဆောင်စည်းရုံးပြီး၊ သစ်ပင်များ စိုက်ပျိုးခဲ့ကြပါတယ်။ သဲအတိဖြစ်တဲ့ အစ္စရေးနိုင်ငံမှာဆိုရင် သစ်တောတွေ ပြန်လည်ဖြစ်ထွန်းလာရေးအတွက် သင့်တော်တဲ့သစ်ပင်တွေကို နည်းမျိုးစုံနဲ့ ပြန်စိုက်ကြပါတယ်။ အိန္ဒိယနိုင်ငံမှာဆိုရင်လည်း အချို့သဲကန္တာရထဲမှာတောင် သစ်တောတွေ ပြန်ဖြစ်လာအောင် အားထုတ်နေကြပါတယ်။ တရုတ်နိုင်ငံမှာဆိုရင်လည်း မြောက်ဘက်တစ်လွှား ဂိုဘီသဲကန္တာရကြီးကို တားဆီးလိုတဲ့အတွက် သစ်ပင်သစ်တောတွေကို ပြန်စိုက်နေကြပါတယ်။ ဥရောပတိုက်ရော၊ ရုရှားနိုင်ငံ၊ အမေရိကန်နိုင်ငံ၊ ဂျပန်နိုင်ငံ စသည့် နိုင်ငံတွေမှာလည်း သစ်ပင်အမျိုးမျိုးကို နှစ်စဉ်နှစ်တိုင်း တိုးချဲ့စိုက်ပျိုးနေကြပါတယ်။ အဲဒီနိုင်ငံတွေကို ကြည့်ရင် နိုင်ငံရေးဝါဒချင်း ကွဲချင်ကွဲမယ်၊ စီးပွားရေးစနစ်တွေ ကွဲချင်ကွဲမယ်၊ သစ်ပင်သစ်တောတွေကို ကြိုးစားပြီး စိုက်တဲ့နေရာမှာတော့ တစ်ဝါဒတည်းဘဲ ဖြစ်ကြတာကိုသာ တွေ့ရပါတယ်။ သို့ပါ၍ ခေတ်မှီလိုလျှင် ပင်လယ်ငါးကို စားကြပါဆိုသလို ''ခေတ်မှီလိုလျှင် သစ်ပင်စိုက်'' ကြပါလို့ နှိုးဆော်လိုက်ပါတယ်။

**ငွေပင်ငွေရင်း–မြှုပ်နှံခြင်း (ရွှေအိုး–မြှုပ်စီမံကိန်း)**

သီးစားပင်၊ ရွက်စားပင်၊ ဘယဆေးပင် စတဲ့ အပင်တွေကို ကိုယ့်ဝင်းကိုယ့်ခြံအတွင်းမှာ အခါကာလအလျှောက် အခြေအနေပေးသလောက်၊ သင့်တော်တာကို ရွေးပြီး စိုက်ပျိုးကြည့်ဖို့ လိုလာပါတယ်။ အဲဒီသီးစားပင်၊ ရွက်စားပင် (ဟင်းသီးဟင်းရွက်) အပင်တွေကို စိုက်ပျိုးပါက လက်ငင်းချက်ခြင်းဆိုသလို ဈေးဖိုးသက်သာလာမဲ့ အကျိုးကိုခံစားရမှာဖြစ်ပါတယ်။ မြန်မာစကားပုံအရ ''အိမ်နောက်ဖေး ဈေးဆိုင်တည်'' နိုင်ငံအိမ်ထောင်တစ်ခု၏ အသုံးစရိတ်ကို ခြွေတာသက်သာရာ ရောက်စေနိုင်ပါတယ်။ ရှေးလူကြီးတွေ ဆုံးမတဲ့စကား ''ချမ်းသာမယ်'' လို့ ပြောခြင်းဟာ အိမ်ထောင်စုတစ်စု ဝင်ငွေထွက်ငွေကို မျှအောင်တစ်နည်း၊

PDF Compressor Free Version

ထွက်ငွေနည်းသွားအောင် အကြံပြုခြင်းဖြစ်ပါတယ်။ ထွက်ငွေနည်းတော့ စုငွေ (အပိုငွေ) ရလာလို့ ချမ်းသာမှာလို့ ပြောဆိုတာဖြစ်ပါမယ်။ နောက်တစ်ခုကြားဘူးတာက ''အိမ်ရှေ့ တမာ၊ အိမ်နောက် ကတက် စီးပွားတက်'' လို့ အဆိုရှိရာ အိမ်ရှေ့မှာ တမာပင်စိုက်ထားလို့အရိပ်အာဝါသရခြင်း၊ တမာပွင့်၊ တမာရွက်တို့က လူကိုကျန်းမာစေခြင်း၊ လေကောင်းလေသန့်ရခြင်းကြောင့် ကျန်းမာရေးပြည့်စုံစေပါသည်။ အိမ်နောက်မှာကတက်ပင်ရှိ၍ ဟင်းတစ်ခွက်အချိန်မရွေးရနိုင်သလို ထင်းအတွက်လည်း သုံးနိုင်သဖြင့် ထွက်ငွေကို လျှော့ပါးစေပါတယ်။ ဆိုလိုတာကတော့ လူတိုင်းလူတိုင်းရဲ့ ဝင်းထဲခြံထဲမှာ ဟင်းသီးဟင်းရွက်ပင်တွေ စိုက်ကြလို့ဆိုတာဖြစ်ပါမယ်။



**''ရွှေအိုး–မြုပ်စီမံကိန်း''** ဆိုတာလည်း အမျှော်အမြင်ကြီးသူတွေက ကိုယ့်ရဲ့သားစဉ်မြေးဆက်တွေ မပူမပင်သုံးစွဲနိုင်အောင် အညာဒေသတွေမှာ သရက်၊ မန်ကျည်း၊ အုန်း၊ ကွမ်းသီး၊ ထန်း စတဲ့ စားသုံးသီးပင် (နှစ်ရှည်ပင်)တွေကို စိုက်ပျိုးပေးခဲ့ပြီး၊ စိုက်ပျိုးတဲ့လူတွေ ခေတ်မှာမစားရတာတောင် သားစဉ်မြေးဆက်ခေတ်မှာ စားသုံးရလို့ လူကြီးမိဘတွေမြုပ်နှံခဲ့တဲ့ **''ရွှေအိုး–မြုပ်စီမံကိန်း''** ရဲ့ အသီးအပွင့်တွေကို တူးဖော်စားရတာ ဖြစ်ပါတယ်။

မိုးများရာဒေသတွေမှာ အုန်းပင်၊ ကွမ်းသီးပင်၊ သရက်ပင်၊ ဒူးရင်း၊ ပိန္နဲ၊ မင်းကွတ်၊ ဓနိခြံ၊ ဝါးခြံတွေ စတဲ့ နှစ်ရှည်ပင်တွေကို လူကြီးတွေစိုက်ပျိုးပေးခဲ့၍ ''ရွှေအိုးမြုပ်နှံ'' ပေးခဲ့သလိုဖြစ်ပြီး သား၊ မြေး၊ မြစ် လက်ထက်တိုင် ထိုနှစ်ရှည်ပင်များရဲ့ အသီး၊ အပွင့် အကျိုးကျေးဇူးတွေကို ခံစားရတာဖြစ်ပါတယ်။

အညာဒေသတွေမှာ ပြောလေ့ရှိတဲ့ စကားတစ်ခုကို ဖော်ပြရရင် **''မန်ကျည်းပင် သူဌေးဘိုးသာ ဘေးကိုကြည့်''** ဆိုတဲ့စကား ဖြစ်ပါတယ်။ ဘိုးသာဘေးက ငယ်ရွယ်စဉ်ကဆိုရင် မန်ကျည်းပင်တွေကို စိုက်လွန်းလို့ ''မန်ကျည်းပင်ရူး'' လို့ ခေါ်ကြကြောင်းနဲ့ ဘိုးသာဘေးကတော့ မည်သူတွေဘာဘဲပြောပြော မန်ကျည်းပင်ကို သူ့ခြံသူ့ဝင်းထဲမှာကော၊ ရပ်ထဲရွာထဲမှာကော တတ်နိုင်သလောက် စိုက်ခဲ့ပါတယ်။ နှစ်ကာလကြာလာတော့ မန်ကျည်းပင်တွေက ပွင့်ကြသီးကြတော့ ဘိုးသာဘေး **''မန်ကျည်းပင် သဌေး''** တစ်ဦး ဖြစ်လာခဲ့ပါတော့တယ်။ ရွာသူရွာသားတွေလည်း မန်ကျည်းပင်တွေရှိလို့ အရိပ်အာဝါသနဲ့လဲ ပြည့်စုံ၊ အသီးအပွင့်၊ အရွက်တွေလိုတဲ့အခါ ဝယ်မစားရတော့လို့ အသုံးငွေလျှော့သွားပါတယ်။ ဒါကြောင့် ရှေးလူကြီးတွေရဲ့ စကားတွေ၊ အပြုအမူတွေကို လိုက်နာကြမယ်ဆိုရင် အိမ်ထောင်စုတိုင်းဟာ ထွက်ငွေလျှော့ပြီး၊ ဝင်ငွေတိုးလာတာနဲ့ အတူတူဖြစ်မှာပါဘဲ ဆိုတာကို ''ရွှေအိုးမြုပ်စီမံကိန်း'' လို့ တင်စားတာကို ဖော်ပြလိုပါတယ်။

သို့ပါ၍ လူအများအတွက် အသုံးဝင်တဲ့အပင်တွေ၊ အရွက်တွေ၊ သီးစားပင်၊ သစ်ပင်၊ ဝါးပင်၊ ဘယဆေးပင်တွေ စတဲ့အပင်တွေကို (ဥပမာ– သရက်၊ ပိန္နဲ၊ အုန်း၊ ကွမ်းသီး၊ ထန်း၊ မာလကာ၊ ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်၊ ကော်ဖီ၊ ငြုပ်ကောင်း၊ လေးညှင်း၊ ဇာဒိပ္ဖိုလ်၊ လက်ဘက်၊ ဂျင်း၊ နနွင်း၊ ကင်ပွန်းချဉ်၊ သီဟိုသရက်၊ ဖာလာ စတဲ့) အပင်တွေဟာ **''ငွေပင်ငွေရင်း''** တွေ ဖြစ်ပါတယ်။ သစ်ပင်တစ်ပင်စိုက်လိုက်တာဟာ ငွေပင်ငွေရင်းတစ်ခု မြုပ်နှံလိုက်တာနဲ့အတူတူပါဘဲ၊ ဒီသစ်ပင်တွေ အသီးအပွင့်၊ အရွက်တွေ၊ အဖူးတွေ ဝေဝေဆာဆာနဲ့ဖြစ်ထွန်းလာတဲ့နေ့ဟာ ကိုယ်မြုပ်နှံထားတဲ့ **''ငွေပင်ငွေရင်း''** တစ်နည်း **''ရွှေအိုး''** ကို အတိုးနဲ့အရင်းပါ ဖော်ထုတ်သုံးစွဲရတဲ့နေ့ဖြစ်လို့ သစ်ပင်စိုက်ပျိုးတာကို အားပေးကြရမှာဖြစ်ပါတယ်။

**ကမ္ဘာကြီးပူနွေးလာမှု လျှော့ပါးရေး သစ်တောသစ်ပင်များ စိုက်ပျိုးပေး**

မြန်မာနိုင်ငံသည် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာကွန်ဗင်းရှင်း (UNITED NATIONS FRAMEWORK CONVENTION ON CLIMATE CHANGE- UNFCC) အဖွဲ့ဝင်အဖြစ် ၁၉၉၂ ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင်လည်းကောင်း၊ ကျိုတိုနောက်ဆက်တွဲစာချုပ် (KYOTO PROTOCOL) ကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင်လည်းကောင်း၊ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် လက်မှတ်ထိုး၍ အဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ပါသည်။

ယနေ့ အချိန်ကာလတွင် ကမ္ဘာမြေတစ်ဝန်းတွင် သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်းကြောင့်လည်းကောင်း၊ စက်မှုလုပ်ငန်းများမှ ရုပ်ကြွင်းလောင်စာစွမ်းအင်များ တိုးမြှင့်အသုံးပြုခြင်းကြောင့်လည်းကောင်း၊ မှန်လုံအိမ်ဓာတ်ငွေ့များ

(GREENHOUSE GASES) လေထုထဲသို့ ထုတ်လွှင့်ခြင်း လွန်စွာတိုးတက်မြင့်မားလျက်ရှိပါသည်။ အဆိုပါ မှန်လုံအိမ်ဓာတ်ငွေ့များကို အချိန်မီစနစ်တကျ နိုင်ငံပေါင်းစုံမှ စုပေါင်းထိန်းချုပ်ခြင်း မပြုလုပ်၊ မဆောင်ရွက်ပါက ကမ္ဘာကြီးသည်ပူနွေးလာပြီး၊ ကမ္ဘာမြောက်ဝင်ရိုးစွန်းရှိရေခဲထုကြီးများပျော်ကျကာ၊ ကမ္ဘာ့ပင်လယ်ရေမျက်နှာပြင်သည် မြင့်တက်လာပြီး အန္တရာယ်မျိုးစုံ ကြုံတွေ့နိုင်ပါသည်။

PDF Compressor Free Version

ထိုဘေးအန္တရာယ်များကို ကျော်လွှားနိုင်ရန် ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ဖွံ့ဖြိုးပြီးနိုင်ငံများ (DEVELOPED COUNTRIES) မှ မှန်လုံအိမ်ဓာတ်ငွေ့များ ထုတ်ယူမှုကို လျှော့ချခြင်းအားဖြင့် ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုကို လျှော့နည်းစေရန် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်းကို လက်မှတ်ရေးထိုးပြီး သဘောတူဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ပါသည်။

ဥပဒေကြောင်းအရ အချုပ်အနှောင်ရှိသည့် ကျိုတိုနောက်ဆက်တွဲ အဖွဲ့ဝင်နိုင်ငံများအနေနှင့် မှန်လုံဓာတ်ငွေ့များ ထုတ်လွှတ်မှုကို ရည်မှန်းချက်ထား လျှော့ချရန်နှင့် အဆိုပါရည်မှန်းချက် ပြည့်မီရေးအတွက် နည်းဗျူဟာများ ဖော်ထုတ်ခဲ့ကြပါသည်။ ထိုနည်းဗျူဟာတွင် နိုင်ငံများမှ သစ်တောသစ်ပင်၊ သစ်တောစိုက်ခင်းများမှ ရရှိသော ကာဗွန်ဓာတ်ငွေ့ကို ရောင်းဝယ်ဖောက်ကားမှု (CARBON TRADE) ပြုလုပ်ခြင်းလည်း နည်းတစ်ခုအဖြစ် ပါဝင်ပါသည်။

မှန်လုံဓာတ်ငွေ့များ ထုတ်လွှတ်ခြင်းကို လျှော့ချရန် ရောင်းဝယ်ဖောက်ကားမည့် ကာဗွန်ပမာဏကို (CARBON CREDIT) ကို ၁၉၉၀ ပြည့်နှစ် နောက်ပိုင်းတွင် စိုက်ပျိုးတည်ထောင်ထားပြီးသော သစ်တောစိုက်ခင်းများရှိ သစ်ပင်များ၏ ရွက်အုပ်ပမာဏအပေါ် အခြေခံ၍ရရှိနိုင်မည့် ကာဗွန်ဓာတ် မက်ထရစ်တန်ပမာဏဖြင့် တိုင်းတာတွက်ချက် ရောင်းဝယ်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။ မှန်လုံဓာတ်ငွေ့ တစ်မျိုးဖြစ်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို သစ်ပင်များကသန့်စင်ပေးသောကြောင့် အဆိုပါ သစ်တောစိုက်ခင်းများကို ကာဗွန်စုတ်ယူသူများ (CARBON SINKS) ဟု ခေါ်ကြကြောင်းတွေ့ရပါသည်။ သို့ပါ၍ သစ်တောစိုက်ခင်းများတွင်လည်းကောင်း၊ အခြားသင့်တော်ရာဒေသများတွင်လည်းကောင်း၊ သစ်ပင်များကို နည်းလမ်းမျိုးစုံဖြင့် တိုးချဲ့စိုက်ပျိုးပေးခြင်းဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချစေရန် ထိန်းချုပ်နိုင်သည့်နည်းဖြစ်ပါကြောင်းနှင့် သစ်တောသစ်ပင် သစ်တောစိုက်ခင်းများမှရရှိလာမည့် ကာဗွန်ပမာဏကို ရောင်းချရန် စီစဉ်ဆောင်ရွက်လျက်ရှိမှုသည် သစ်တောသစ်ပင်များကို ခုတ်လှဲရောင်းချခြင်းမပြုဘဲ ထိန်းသိမ်းစောင့်ရှောက်ရုံဖြင့် နိုင်ငံအတွက်လည်း လိုအပ်သောနိုင်ငံခြားဝင်ငွေ ရရှိနိုင်မည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါတယ်။

**မိုးရာသီ လူထုလှုပ်ရှားမှုဖြင့် သစ်ပင်စိုက်ပျိုးခြင်း**

ကမ္ဘာနှင့်အဝန်း သစ်ပင်စိုက်ပျိုးရေးပွဲတော်များကို သစ်ပင်များစိုက်ပျိုး၍ ရှင်သန်နိုင်သောအချိန်ကာလအလိုက် သစ်ပင်စိုက်ပျိုးရေးပွဲတော်များအဖြစ် ပြောင်းလဲသတ်မှတ်ပြီး ပြည်သူတွေပါ ပါဝင်စိုက်ပျိုးလေ့ရှိကြပါတယ်။

မြန်မာနိုင်ငံတွင်လည်း ဒေသအလိုက် မိုးရွာသွန်းမှုအခြေအနေကွဲပြားသဖြင့် မိုးရာသီကာလတစ်လျှောက်လုံးကို (၀ါ) သစ်ပင်များကို စိုက်ပျိုးရန် အစိုဓာတ်အလုံအလောက်ရနိုင်တဲ့ အချိန်ကာလတစ်လျှောက်မှာ ‘‘မိုးရာသီသစ်ပင်စိုက်ပျိုးရေးကာလ’’အဖြစ် သတ်မှတ်ပြီး သစ်ပင်စိုက်ပွဲတော်များကို ကျင်းပခဲ့ပါသည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ သစ်ပင်ကို **တစ်နေ့တစ်ရက်၊ တစ်လတွင်**သာ စိုက်ပျိုးရန်မဟုတ်ဘဲ မိမိဒေသတွင် သစ်ပင်စိုက်ပျိုးရန် လိုအပ်သော အစိုဓာတ်ရနေသ၍ စိုက်ပျိုးကြရန် လှုံ့ဆော်လျက်ရှိကြောင်း တွေ့ရပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံတွင် သဘာဝတောကြီးများကို ထိန်းသိမ်းထားရုံမျှမက ‘‘သစ်ပင်စိုက်ပျိုးရေးပွဲတော်များ’’ ကျင်းပပြီး သစ်ပင်များကိုနိုင်ငံအဝန်း သိန်းသန်းချီ၍ ပြည်သူလူထုပါ လူထုလှုပ်ရှားမှုဖြင့် ပါဝင်စိုက်ပျိုးခြင်းမှာ ကမ္ဘာကြီးပူနွေးလာမှုကို ဝိုင်းဝန်းတားဆီးရာ၌ တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ဆင်နွှဲနေသည်ဟု ဝင့်ကြွားနိုင်ပါတယ်။

နှစ်စဉ် ဇူလိုင်လကို ‘‘မြန်မာ့သစ်ပင်စိုက်ပျိုးရေးလ’’ ဟု သတ်မှတ်၍ နှစ်စဉ်ပျိုးပင်ပေါင်း (၁၀) သန်းကို ဒေသခံပြည်သူများကို ဖြန့်ဝေစိုက်ပျိုးခြင်း၊ ၁၉၈၇ ခုနှစ်တွင် ပျိုးပင်ပေါင်း (၁၁) သန်းခန့်ကို ‘‘သစ်ပင်စိုက်ပျိုးရေးပွဲတော်’’ များကျင်းပ၍ ပြည်သူများက ပါဝင်စိုက်ပျိုးခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်တွင် ပျိုးပင်ပေါင်း (၁၇) သန်း အထိ တိုးမြှင့်ဖြန့်ဝေစိုက်ပျိုးခဲ့ကြောင်း တွေ့ရှိရပါတယ်။

‘‘နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်’’ ဟူသောဆောင်ပုဒ်နှင့်အညီ (က) သစ်ပင်ပျိုးပွဲတော်၊ (ခ) သစ်ပင်စိုက်ပွဲတော်၊ (ဂ) သစ်ပင်ထိန်းပွဲတော်များအား ဒေသခံအာဏာပိုင် အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြန်မာနိုင်ငံကြက်ခြေနီ၊ မီးသတ်အဖွဲ့ဝင်များ၊ ကျောင်းသူကျောင်းသားများနှင့် ပြည်သူလူထုတို့ ပူးပေါင်းပါဝင်မှုဖြင့် နှစ်စဉ် ပျိုးပင်ပေါင်း သန်းနှင့်ချီ၍ ဖြန့်ဝေစိုက်ပျိုးလျက်ရှိကြောင်း

တွေ့ရှိရပါတယ်။

PDF Compressor Free Version

**သက်စုံရွယ်ညီ၊ တစ်ဦးစီ၊ သုံးပင်စိုက်ရေး၊ စည်းရုံးပေး**

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သစ်ပင်၊ ဝါးပင်၊ ဘယဆေးပင်၊ လူများအတွက် အသုံးဝင်သည့် အသီး၊ အပွင့်၊ အရိပ်ရအပင် စသည်များကို စိုက်ပျိုးကြရန် နည်းလမ်းပေါင်းစုံဖြင့် နှိုးဆော်ဆောင်ရွက်ခဲ့ကြရာ–

- ခေတ်မီလိုလျှင် သစ်ပင်စိုက်
- စိုက်သူထက်၊ ခုတ်သူတွေများနေ
- ငွေပင်ငွေရင်း–မြုပ်နှံခြင်း (ရွှေအိုး–မြုပ်စီမံကိန်း)
- သစ်ပင်အလှ စာဖွဲ့ခဲ့ကြ
- ကမ္ဘာ့သစ်ပင်များ ပွဲတော်မှသည် ယနေ့အထိ ပြောင်းလဲ၊ ဆောင်ရွက်ခဲ့မှုများကို လေ့လာဖတ်ရှုသမျှ ရေးသားခဲ့ပါတယ်။

ယခု ဆက်လက်ပြီးတင်ပြလိုတာကတော့ ''သက်စုံရွယ်ညီ၊ တစ်ဦးစီ၊ သုံးပင်စိုက်ရေး၊ စည်းရုံးပေး'' ဆိုတဲ့



ဆောင်ပုဒ်ကို ဆွေးနွေးဖော်ပြလိုပါတယ်။

''သက်စုံရွယ်ညီ'' ဆိုတဲ့အတိုင်း နိုင်ငံအဝန်းပြည်သူတွေအနက် အသက်အရွယ်တန်းစုံ (လူကြီး၊ လူလတ်၊ လူငယ်) အညီအညွတ်ပါဝင်ခြင်း၊ တစ်ဦးစီ သုံးပင်ဆိုတဲ့အတိုင်း လူတစ်ဦးစီ လူကြီး၊ လူလတ်၊ လူငယ်၊ အမျိုးသား၊ အမျိုးသမီးမရွေးတစ်ယောက်စီတိုင်း၊ တစ်ဦးစီတိုင်း ''သစ်ပင်သုံးပင်'' ကို ရှင်သန်အောင်မြင်အောင် စိုက်ကြဘို့ စည်းရုံးရန် မည်သို့အခြေခံပါသလဲ မေးမြန်းလာပါက တင်ပြလိုသည်မှာ **တစ်ဦးစီ သုံးပင်စိုက်ရေး** ဆိုတာကတော့–

**၁။ ပထမတစ်ပင် ''ကျေးဇူးဆပ်ခြင်း'' သို့မဟုတ် ''အကြွေးဆပ်ခြင်း''**

လူတိုင်းရဲ့ အမိအဘ ဘိုးဘွားတွေဟာ ခေတ်အဆက်ဆက် အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်များကို စိုက်နိုင်သူများ ရှိခဲ့သလို၊ အခြေအနေမပေး၍ စိုက်ပျိုးခွင့်မရဘဲ အကြောင်းအမျိုးမျိုးကြောင့် သစ်ပင်များကို မစိုက်နိုင်ခဲ့သူ၊ စိုက်၍ အကြွေးတင်ခဲ့သူများလည်း ရှိနိုင်ပါတယ်။ သို့ပါ၍ စိုက်ပျိုးနိုင်ခဲ့လို့ စိုက်ပျိုးပေးခဲ့ကြတဲ့ ဘိုးဘွားမိဘများရဲ့ အပင်တွေကို ထုတ်ယူသုံးစွဲခွင့်ရတဲ့ မျိုးဆက်သစ်တွေက ဘိုးဘွားမိဘများကို ကျေးဇူးတင်ထိုက်ကြ၍ ကျေးဇူးဆပ်တဲ့သဘော တစ်ပင်စိုက်ရပါမယ်။ အကြောင်းအမျိုးမျိုးကြောင့် မစိုက်နိုင်ခဲ့ကြတဲ့ မိဘဘိုးဘွားတွေမှာ စိုက်ပျိုးရန်အကြွေးတင်ခဲ့သလို ဖြစ်နေရင်လည်း ယခုမျိုးဆက်သစ်တွေက ''ကြွေးပြန်ဆပ်တဲ့'' သဘော တစ်ပင်စိုက်ရန်ဖြစ်ပါတယ်။

**၂။ ဒုတိယတစ်ပင် ''ရင်းနှီးခြင်း'' သို့မဟုတ် ''ပဒေသာပင် မတည်ခြင်း''**

လူတိုင်းကိုယ်စီမှာ စားဝတ်နေရေး၊ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး စတဲ့ကိစ္စများမြောင်တာတွေရှိကြသလို ဝင်ငွေမှန်မှန်ရှိအောင်လည်း ရိုးသားစွာ ကြိုးစားလုပ်ကြရပါတယ်။ ဒီလို လုပ်ကိုင်ကြဘို့ ''အရင်းအနှီး'' သို့မဟုတ် မတည်ငွေ လိုအပ်မည်ဖြစ်ရာ၊ ထိုငွေကို ကိုယ်ဘဝသက်တမ်းမှာ ပုံမှန်ရနေဘို့ ''ရင်းနှီးမြုပ်နှံဘို့'' လိုပါမယ်။ တစ်နည်းအားဖြင့် ''မတည်ငွေ'' တွေ ''ပဒေသာပင်'' စိုက်တာလို အကျိုးများများရရှိအောင် ''ရင်းနှီးခြင်း'' ''ပဒေသာပင် မတည်ခြင်း'' လို့ခေါ်ဆိုနိုင်တဲ့ ဒုတိယအပင်ကို စိုက်ပျိုးပေးရန် ဖြစ်ပါတယ်။

**၃။ တတိယတစ်ပင် ''အမွေပေးခြင်း''**

လူတိုင်းကိုယ်စီမှာ သားစဉ်မြေးဆက် အမွေဆက်ခံမယ့်သူတွေရှိကြပါတယ်။ ကိုယ်ရဲ့သားသမီး မြေးဆက်အမွေဆက်ခံမယ့်သူတွေ ရှိကြပါတယ်။ ကိုယ်ရဲ့သားသမီးမြေးမြစ်တွေ လက်ထက်ကျလို့ လူလားမြောက်လာလို့ လိုအပ်လာမဲ့အချိန်မှာ မပင်မပန်းဘဲ စိတ်သောကမရောက်ဘဲ၊ စိတ်အေးလန်း ပျော်ရွှင်စွာဖြင့် လိုအပ်သလောက်ထုတ်ယူသုံးစွဲနိုင်ရအောင် တတိယအပင်ကို ''အမွေပေးခြင်း'' အနေဖြင့် စိုက်ပျိုးပေးရန် ဖြစ်ပါတယ်။

သို့ပါ၍ ''နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်'' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ရရှိအောင် ယခုနှစ် သစ်ပင်စိုက်ပျိုးခြင်းပွဲတော်မှသည် နောင်ကျင်းပမည့်ပွဲတော်များဆီသို့တိုင် ''သက်စုံရွယ်တူ၊ တစ်ဦးစီ၊ သုံးပင်စိုက်ရေးစည်းရုံးပေး'' ကြပါစို့လို့ အကြံပြုရေးသားလိုက်ရပါတော့သတည်း။

**တိုက်တာဆင့်ဆင့် မိုးထိမြင့်လည်း၊**
**ပန်းနှင့် သစ်ပင် မတွေ့မြင်က၊**
**ဝန်းကျင်ခြောက်ခမ်း စိတ်ပင်ပန်း၏။**

*******************

PDF Compressor Free Version

# နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့

ဒေါက်တာ တင်နောင်အေး (စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ)

''သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည်'' ဟူသော ရှေးဆိုရိုးစကားသည် သဘာဝတရား၏ အကျိုးကျေးဇူးကြီးမားမှုကို မီးမောင်းထိုးပြနေသော ဆိုရိုးစကားတစ်ခု ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ သာယာဝပြောမှု ဆိုသည်မှာ ငွေကြေးချမ်းသာကြွယ်ဝမှုနှင့် ခေတ်မီတိုက်တာ အဆောက်အအုံများ တည်ရှိမှုချည်းကိုဆိုလိုခြင်း မဟုတ်ဘဲ ပြည်သူတို့၏ စိတ်နှလုံး ချမ်းမြေ့မှု၊ ကျန်းမာရေးကောင်းမွန်မှု၊ ရာသီဥတုမျှတမှုနှင့် သဘာဝပတ်ဝန်းကျင် တောတောင် ရေမြေ အလှတရားများ မပျက်စီးဘဲ တည်ရှိနေမှုတို့အပေါ်တွင် များစွာအခြေခံပါသည်။

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာမြေ၊ ရှူရှိုက်နေသော လေ၊ သောက်သုံးနေသော ရေ၊ မှီခိုအားထားနေရသော သစ်တောများနှင့်ဇီဝမျိုးစုံမျိုးကွဲများအားလုံးကို ခြုံငုံခေါ်ဆိုခြင်းဖြစ်ပါသည်။ သစ်တောများသည် ရာသီဥတုကိုထိန်းညှိပေးခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်စောင့်ရှောက်ခြင်း၊ ကျေးလက်ဒေသနေပြည်သူများအတွက် စားဝတ်နေရေး အခြေခံလိုအပ်ချက်များကို ပံ့ပိုးပေးခြင်း စသည့် အကျိုးကျေးဇူးများစွာ ပေးစွမ်းပါသည်။ သမိုင်းအစဉ်အဆက်ကပင် မြန်မာနိုင်ငံ၏ သဘာဝကျွန်းသစ်တောကြီးများနှင့် ဂေဟဗေဒအရစုံလင်ကွဲပြားသော ရေမြေတောတောင်များသည် သဘာဝသယံဇာတကြွယ်ဝမှု အမှတ်လက္ခဏာတစ်ရပ်အနေဖြင့် တည်ရှိနေပါသည်။ သို့သော်လည်း ယခုအခါတွင်တိုးပွားလာသည့် လူဦးရေနှင့် လျော်ညီသည့် နေထိုင်စားသောက်မှုများကို ဖြေရှင်းနိုင်ရေးအတွက် သစ်တောမြေအတွင်း ကျူးကျော်စိုက်ပျိုးခြင်း၊ စက်မှုအတတ်ပညာတိုးချဲ့ခြင်း၊ မြစ်ဝှမ်းများတွင် တရားမဝင်ရွှေမျောများတိုးချဲ့လာခြင်း၊ သဘာဝသစ်တောရိုင်းများကို ခုတ်ထွင်ခြင်းတို့ကြောင့် သစ်တောပြုန်းတီးမှု၊ ရေထု၊ မြေထုညစ်ညမ်းမှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုတို့သည် ယခင်ကတည်ရှိခဲ့သော သဘာဝပတ်ဝန်းကျင်ဂေဟဗေဒစနစ်ကို ခြိမ်းခြောက်လျက်ရှိပေသည်။

ငြိမ်းချမ်းသာယာဝပြောပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် ကုန်ထုတ်လုပ်မှု၊ ပညာရေးနှင့် ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုတို့သည် ဦးစားပေးဆောင်ရွက်ရမည့် ကဏ္ဍများပင်ဖြစ်ပါသည်။ နိုင်ငံတော်အကြီးအကဲကလည်း ''သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်ကြောင်း'' တိုက်တွန်း ပြောကြားထားပြီး ''နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့''၊ ''နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့''၊ ''နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့''ဟူသော ဆောင်ပုဒ်များဖြင့် မူဝါဒများချမှတ်ထားပြီး နိုင်ငံတော်တစ်ဝန်းလုံး ဖွံ့ဖြိုးတိုးတက်၍စိမ်းလန်းစိုပြည်သာယာလှပစေရန် ရည်မှန်းချက်ထားရှိထားပါသည်။

သစ်တောများသည် မိုးရွာသွန်းမှုပုံစံများကို ထိန်းညှိပေးခြင်း၊ မြေဆီလွှာတိုက်စားခြင်းမှ ကာကွယ်ခြင်း၊ သဘာဝဘေးအန္တရာယ်ကို လျှော့ချခြင်းနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှုကိုထိန်းသိမ်းရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ သစ်တောများပျောက်ကွယ်သွားသောအခါ ရပ်ရွာလူထုသည် မိုးခေါင်ခြင်း၊ ရေလွှမ်းမိုးခြင်းနှင့်လယ်ယာကုန်ထုတ်စွမ်းအား ကျဆင်းခြင်းတို့ကို ခံစားကြရပါသည်။ နိုင်ငံတကာသဘာဝပတ်ဝန်းကျင်လေ့လာမှုများအရ သစ်တောများဆုံးရှုံးခြင်းသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တိုက်ရိုက်ဖြစ်စေပြီး လူသားများအတွက် ရေရှည်စားနပ်ရိက္ခာဖူလုံရေးကို ခြိမ်းခြောက်လျက်ရှိပါသည်။ ထို့ကြောင့် မြန်မာ့သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်တစ်ရပ်သာမက စိုက်ပျိုးရေးနှင့် သစ်တောအခြေခံ အသက်မွေးဝမ်းကျောင်းမှုအပေါ် မှီခိုနေရသော သန်းနှင့်ချီသော မြန်မာပြည်သူများအတွက် စီးပွားရေး လိုအပ်ချက်လည်း ဖြစ်ပေသည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှ၏ ဇီဝမျိုးစုံ

မျိုးကွဲအပေါများဆုံးနိုင်ငံများထဲမှ တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံရှိ PDF Compressor Free Version မျိုးကွဲပြားသော ဂေဟစနစ်အမျိုးမျိုးတွင် သစ်တောအမျိုးအစားစုံလင်စွာ ပေါက်ရောက်လျက်ရှိရာ နိုင်ငံ့မြောက်ဖျားမှသည် တောင်ဖျားအထိ ဒီရေတော (Tidal Forest)၊ ရွံ့နွံတော (Swamp Forest)၊ သဲသောင်ခုံတော (Beach and Dune Forest)၊ ရွက်ပြတ်ရောနှောတော (Mixed Deciduous Forest)၊ တောခြောက်(Dry Forest)၊ အင်တိုင်းတော (Dipterocarp Forest)၊ အမြဲစိမ်းတော (Evergreen Forest)၊ တောင်ပေါ်တော (Hill and Temperate Forest) စသည်ဖြင့် တောမျိုးစုံလင်စွာ တည်ရှိလျက်ရှိပါသည်။

အဆိုပါတောများအတွင်း မှတ်တမ်းတင်ထားနိုင်သော အပင်မျိုးစိတ် ၁၁,၈၂၄ မျိုး၊ ဝါးမျိုးစိတ် ၁၀၂ မျိုး၊ နို့တိုက်သတ္တဝါမျိုးစိတ် ၂၅၈ မျိုး၊ ငှက်မျိုးစိတ် ၁၀၉၈ မျိုး၊ တွားသွားသတ္တဝါမျိုးစိတ် ၂၉၁ မျိုး၊ ကုန်းနေရေနေမျိုးစိတ် ၁၁၉ မျိုး၊ လိပ်ပြာမျိုးစိတ် ၁,၂၀၀ မျိုး၊ ရေချိုငါးမျိုးစိတ် ၅၂၀၊ ရေငန်ငါးမျိုးစိတ် ၅၇၈ မျိုး၊ သန္တာမျိုးစိတ် ၁၃၂ မျိုး၊ ပင်လယ်မြက်မျိုးစိတ် ၁၁ မျိုး၊ ပင်လယ်ရေမှော် ၃၈ မျိုးနှင့် ဆေးဖက်ဝင်ပင်မျိုးစိတ် ၁,၅၄၀ ကျော်ရှိပါသည်။ အာရှဆင်၊ ကျား၊ ကျားသစ်၊ မြန်မာ့ရွှေသမင်နှင့် မျက်ခုံးဖြူ မျောက်လွဲကျော်တို့ အပါအဝင် မျိုးသုဉ်းလုနီးပါး မျိုးစိတ်အများအပြားသည် ကျန်ရှိနေသည့် သစ်တောများပေါ်တွင် မှီခိုနေရသည်။ ထို့ကြောင့် သစ်တောများကို ကာကွယ်ခြင်းသည် နိုင်ငံတော်၏ ထူးခြားသောတောရိုင်းတိရစ္ဆာန်များ၊ သဘာဝအမွေအနှစ်များနှင့် ဂေဟဗေဒဆိုင်ရာ ဟန်ချက်ညီမျှမှုကို ကာကွယ်ခြင်းလည်းဖြစ်သည်။ ဒေသခံတိုင်းရင်းသားလူမျိုးအများစုသည် သစ်တောများနှင့် ရာစုနှစ်ပေါင်းများစွာ လိုက်လျောညီထွေနေထိုင်လာခဲ့ပြီး ရိုးရာဆေးပညာ၊ အစားအစာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့် အသက်မွေးဝမ်းကျောင်းမှုများအတွက် သစ်တောဂေဟစနစ်ကို မှီခိုအားထားကြရပါသည်။ သစ်တောများကို ထိန်းသိမ်းခြင်းသည် အဆိုပါရိုးရာဓလေ့ထုံးတမ်းများ ရှင်သန်မှုကို အားကောင်းစေပြီး နိုင်ငံ၏ယဉ်ကျေးမှု စုံလင်ကွဲပြားမှုကို အားပေးထောက်ပံ့ပေးခြင်းပင်ဖြစ်ပါသည်။

ငြိမ်းချမ်းသာယာသော မြန်မာနိုင်ငံသည် သဘာဝသယံဇာတများကို တရားမျှတပြီး တာဝန်သိစွာဖြင့် စီမံခန့်ခွဲသည့်နိုင်ငံဖြစ်ရပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)၊ ပုဒ်မ (၄၅) တွင်လည်း "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရမည်" ဟု အတိအလင်းရေးဆွဲပြဋ္ဌာန်းထားပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများသည် သယံဇာတအရင်းအမြစ်အသုံးချမှုဆိုင်ရာ ပဋိပက္ခများ၊ စီးပွားရေးမညီမျှမှုနှင့်လူမှုရေးမတည်ငြိမ်မှုများကို ဖြစ်ပေါ်စေပါသည်။ အပြန်အလှန်အားဖြင့် သစ်တောများထိန်းသိမ်းခြင်းသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း၊ ရေရှည်တည်တံ့သော စက်မှုလုပ်ငန်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပညာပေးလုပ်ငန်းများဖွံ့ဖြိုးစေပြီး လူထုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ပါသည်။ ဤအခွင့်အလမ်းများမှ တစ်ဆင့် နိုင်ငံသူနိုင်ငံသားအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်မှီခိုယုံကြည်မှု တိုးပွားစေပြီး ငြိမ်းချမ်းရေးအတွက်အခြေခံအုတ်မြစ်များ ပိုမိုခိုင်မာလာမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုကွန်ဗင်းရှင်း၊ ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်းများ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးနှင့် သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေး၊ စဉ်ဆက်မပြတ်သစ်တောစီမံအုပ်ချုပ်ရေး၊ တောနိမ့်တောပျက်များ ပြန်လည်တည်ထောင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သစ်တောများကို ကာကွယ်ထိန်းသိမ်းရာတွင် နိုင်ငံတစ်ဝန်း တရားမဝင်သစ် ခိုးထုတ်မှုတားဆီးရေး၊ သစ်တောပြန်လည်ထူထောင်ရေးနှင့် ဒီရေတောများ ပြန်လည်ထူထောင်ရေးတို့ကို ပံ့ပိုးပေးပြီး ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲမှု အလေ့အကျင့်ကောင်းများကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုကဲ့သို့သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိစေရန်မှာ လူထု၏အသိပညာနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုအပေါ် အထူးပင်မူတည်လျက်ရှိပါသည်။ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်လူငယ်အဖွဲ့အစည်းများသည် သစ်တောများ၏အရေးပါသည့်အခန်းကဏ္ဍကိုသတိပြုမိကြပြီး သားစဉ်မြေးဆက် ကာကွယ်ထိန်းသိမ်းရမည့်တာဝန်အမွေတစ်ခုအဖြစ် ခံယူသွားရန် လိုအပ်ပါသည်။ မိမိနိုင်ငံ၏သဘာဝပတ်ဝန်းကျင်ကို မပျက်မယွင်းရေရှည်တည်တံ့အောင် ထိန်းသိမ်းခြင်းဖြင့် ငြိမ်းချမ်းသာယာဝပြောပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ်နိုင်ငံသူနိုင်ငံသားအားလုံးက ပူးပေါင်းပါဝင်တည်ဆောက်သွားကြရမည်သာဖြစ်ပေသည်။

*****************************

# ဒေသခံများအတွက်အကျိုးများစေသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများ

PDF Compressor Free Version



သိုက်ဝင်းထွန်း

ဆောင်းရာသီမို့ အပြာရောင်ကောင်းကင်ပြင်၌ တိမ်တို့ကင်းစင်နေသည်။ မြောင်းမြခရိုင်သစ်တောရုံးမှ ဌာနပိုင် မာဇဒါဂျစ်ကားလေးကို မြောင်းမြ–လပွတ္တာ ကားလမ်းအတိုင်း မောင်းလာ၏။ သိပ်မကြာခင်မှာပင် 'ကျောက်ကုန်း သစ်တောကြိုးဝိုင်း'အတွင်းသို့ မြေနီလမ်းခွဲလေးတစ်ခုအတိုင်း ချိုးဝင်ခဲ့သည်။

ကျောက်ကုန်းသစ်တောကြိုးဝိုင်းသည် မြောင်းမြမြို့နယ်အတွင်း တည်ရှိပြီး ဧရိယာ ၁၃၄၅ ဧကနှင့် 'ကြိုးဝိုင်းအကွက်' နှစ်ခုခွဲခြားထားသည်။ ကြိုးဝိုင်းမှာ ငယ်သော်ငြား အနီးအပါးကျေးရွာများမှ ကျေးရွာသားတို့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများကို တည်ထောင်ထားသည့် သစ်တောနယ်မြေတစ်ခု ဖြစ်ပေသည်။

ဘုရားငုတ်တို၊ ရှမ်းစု၊ ဘုရားကုန်း၊ မြေတံတား၊ မုဆိုးကွင်း၊ ကုန်းသာ၊ မြချင်းကုန်း၊ ငါးကျည်းစမ်း၊ ချင်းကုန်း၊ ရှုခင်းသာ စသောကျေးရွာတို့မှ ဒေသခံရွာသူရွာသားတို့၏ မှီခိုအားထားရာ သစ်တောမြေတစ်ခုဟု ဆိုရပေမည်။ သတ်မှတ်စည်းကမ်းနှင့်အညီ စုဖွဲ့ထားသည့် အဖွဲ့ပေါင်း ၁၉ ဖွဲ့၊ အဖွဲ့ဝင် ၂၁၁ ဦး မှ စုစုပေါင်းဧရိယာ ၂၂၆ ဧကအား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများအဖြစ် တည်ထောင်ဆောင်ရွက်လျက် ရှိပေသည်။

ဤနေရာတွင် ရှင်းပြရန်မှာ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း (Community Forestry) ဆိုသည်မှာ.. ဒေသခံများကိုယ်တိုင်ဆောင်ရွက်သည့် ရေရှည်တည်တံ့စေသော သစ်တောသစ်ပင်စီမံအုပ်ချုပ်အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ရပ်ဖြစ်သည်။ တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်အထိ အလုပ်အကိုင် နှင့် ဝင်ငွေအခွင့်အလမ်းဖန်တီးရန်၊ အစားအစာထုတ်လုပ်ရန်၊ ဂေဟစနစ်တည်ငြိမ်စေရန် နှင့် သဘာဝပတ်ဝန်းကျင်ပိုမိုကောင်းမွန်လာစေရန် အတွက် သစ်တောစိုက်ခင်းအသစ်များ တည်ထောင်ခြင်းရှိပြီး သစ်တောများကိုစီမံအုပ်ချုပ်ခြင်းတို့ဖြစ်သည်။

ထို့အပြင် သစ်တောနှင့်အတူ သီးနှံအမျိုးမျိုးရောနှောစိုက်ပျိုးခြင်း၊ သစ်တောများအတွင်း ပျားမွေးမြူရေးအပါအဝင် သစ်တောအမျိုးအစားအပေါ်မူတည်၍ (ဒီရေတောများ၌) ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေး စသည်ဖြင့် သစ်တောကို ထိခိုက်ခြင်းမရှိသည့် မွေးမြူရေးလုပ်ငန်း၊ ဖြစ်နိုင်လျှင် သစ်တောနှင့် သဟဇာတဖြစ်စေမည့် မွေးမြူရေးလုပ်ငန်းများ၊ သဘာဝသစ်တောနှင့် သစ်တောစိုက်ခင်းများမှ တန်ဖိုးမြှင့် ကုန်ချောထုတ်လုပ်ခြင်းများ စသည်ဖြင့် ဆောင်ရွက်နိုင်သည်။

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်များနှင့် သစ်တောဖုံးလွှမ်းလျက်ရှိသောနေရာဒေသအနီး နေထိုင်သောဒေသခံပြည်သူများက အဓိကသက်ဆိုင်သူများဖြစ်သည်။ ရှိပြီးသစ်တောများကို စီမံအုပ်ချုပ်ခြင်းအတွက် သစ်တောဦးစီးဌာနမှ နည်းပညာထောက်ကူပြီး လိုအပ်သလို ပူးပေါင်းကူညီဆောင်ရွက်ပေးသည်။ သစ်တောစိုက်ခင်းအသစ်တည်ထောင်နိုင်ရန်အတွက် သစ်တောပျိုးပင်များကို အခမဲ့ဖြန့်ဖြူးပေးသည့်အပြင် စိုက်ပျိုးခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများပံ့ပိုးသည်။ စိုက်ပျိုးထားသော သစ်တောသစ်ပင်များ၏ အသက်အရွယ်အလိုက် ကိုယ်တိုင်အသုံးချနိုင်သည့်အပြင် ပြည်တွင်း/ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေးအထိ ဆက်သွယ်ကူညီဆောင်ရွက်ပေးသည်။

ယနေ့လာသည့် ရည်ရွယ်ချက်မှာ ကြိုးဝိုင်းအတွင်း တည်ထောင်ထားသော အထက်ပါ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော (community forest-CF) အခြေအနေကို ကွင်းဆင်းစစ်ဆေးရန်ဖြစ်သည်။ ကျွန်တော်နှင့်အတူ မြို့နယ်သစ်တောရုံးမှ ဦးစီးကိုမြင့်သန်းကို၊ တောအုပ်ထွန်းတင်စိုး၊ တောခေါင်းအောင်ဇန်ဦးနှင့် ကျွန်တော့်ခရိုင်ရုံးမှ တောအုပ်ကြီး သိမ့်ရွှေစင်ဖြိုးတို့ လိုက်ပါလာကြသည်။

သူငယ်ချင်းဖြစ်သူ မြောင်းမြခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီး[illegible] PDF Compressor Free Version [illegible]တူ လိုက်ပါလာသည်။

ပထမဆုံး ကျောက်ကုန်းကြိုးဝိုင်း အကွက်အမှတ် ၂ အတွင်း တည်ထောင်ထားသော ဘုရားငုတ်တို၊ ရှမ်းစုရွာနေ ဦးအောင်တင်ထွန်းပါအဖွဲ့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောနှင့် အနီးရှိ ဒေါ်ခင်ထွေးရီပါအဖွဲ့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို စစ်ဆေးကြသည်။ ယခုနှစ်မိုးရာသီမှာ မန်ဂျန်ရှားသစ်မျိုးကို ခြောက်ပေခြားဖြင့် စိုက်ပျိုးထားပြီး အပင်တို့၏ ပျမ်းမျှအမြင့် ခြောက်ပေကျော်သည်။ ချဉ်ပေါင်၊ ငရုတ်တို့ကြားညှပ် ထည့်ထားသည်။ ၂၀၂၁ ခုနှစ်မှာ တည်ထောင်ခွင့်ရခဲ့သည်။ အဖွဲ့ဝင်များက ဤရေိယာများအတွင်း မီးမဝင်နိုင်အောင် မီးတားလမ်းဖောက်နေကြသည်။ ယခင်ရက်များက ဝန်ထမ်းတွေကိုယ်တိုင်ကြီးကြပ်ပြီး နည်းစနစ်များလက်တွေ့ပြသခဲ့သည်။ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

''မန်ဂျန်ရှားပင်တွေ လှတယ်ဗျို့ တခြားသီးနှံမျိုးစုံက ဘာတွေထည့်စိုက်ကြမှာလဲ''

''အခုတော့ ချဉ်ပေါင်၊ ငရုတ်၊ မုန်လာ၊ ဂေါ်ဖီအစုံဘဲဆရာ...မန်ဂျန်ရှားပင်တွေကြီးလာရင် ငရုတ်ကောင်းထည့်မယ်လို့ စီမံထားတယ်''

''ကောင်းပါတယ်... ဒ့ါအပြင် ဝင်ငွေကောင်းတဲ့ ဝဥလည်း ထည့်စိုက်ဖို့ ကောင်းတယ်... ဝဥက နှစ်ချင်းဖော်ဖို့အတွက်ဆိုရင် ဥကြီးတွေ ပြန်စိုက်ရမယ်၊ အရင်းများမယ်၊ တစ်နှစ်နဲ့ အမြတ်ပြန်ရမယ်၊ ရွက်သီးဆိုရင် သုံးနှစ်လောက်စောင့်ရမယ်၊ အရင်းတော့နည်းမယ်၊ မျိုးစေ့နဲ့ စိုက်မယ်ဆိုရင်တော့ ငါးနှစ်စောင့်ရမယ်... အရင်းအနည်းဆုံး၊ စောင့်ရတာလည်း အကြာဆုံးပေါ့''

သူတို့အတွက် ဝဥစိုက်ပျိုးရေးက စိမ်းနေပုံရသည့်အတွက် ကျွန်တော်တို့မှာပါလာသော ဝဥစိုက်ပျိုးရေးနှင့် ပတ်သက်သည့် လက်ကမ်းစာစောင်များ ဝေပေးသည်။ စိုက်ပျိုးပြုစုသည့် နည်းပညာ၊ ရနိုင်သော အကျိုးအမြတ်တို့ကိုရှင်းပြသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးမှလည်း အသေးစိတ်ထပ်ဆင့်ရှင်းပြသည်။ သူ့မှာပါလာသည့် လက်ကမ်းစာစောင်များကိုလည်း ထပ်မံဝေငှပေးသည်။

ထိုနေရာကထွက်လာတော့ ထီးရိုးဝါးတွေစိုက်ထားသော တစ်နေရာမှာ ကြက်အုပ်ဆောင်းယက်နေသူတစ်ယောက်ကိုတွေ့ရသဖြင့် ခေတ္တထိုင်ပြီး စူးစမ်းကြသည်။

စုံစမ်းသိရှိရသည်မှာ ကြက်အုပ်ဆောင်းတစ်လုံးကို ခြောက်ထောင်ကျပ်ဖြင့် ရောင်းရသည်။ ကြက်အုပ်ဆောင်းတစ်လုံးယက်လုပ်ဖို့အတွက် ထီးရိုးဝါးသုံးလုံးကုန်သည်။ ဝါးကြောသီးသန့်ဖြင့် ယက်လုပ်ခြင်းဖြစ်သည်။ ဝါးအသားလွှာမပါ။ ထီးရိုးဝါးတလုံးကို (ထိုစဉ်က) ငါးရာကျပ်ပေါက်သဖြင့် လက်ခ လေးထောင့်ငါးရာရသည်။ လူတစ်ဦးတစ်နေ့လျှင်ကြက်အုပ်ဆောင်းနှစ်လုံးယက်လုပ်ပြီးစီးသည်။

''မဆိုးဘူးဘဲ.. ဒါဆိုဝါးကကိုယ်ပိုင်မဟုတ်လို့ဝယ်ရရင်တောင် တစ်ရက်ကိုးထောင်ဝင်ငွေရမှာပေါ့၊ အခုဝါးရုံက ကိုယ်ပိုင်ဆိုတော့ တွက်ခြေကိုက်တာပေါ့''

''ဟုတ်ကဲ့...ဝါးနဲ့လုပ်တဲ့ အသုံးအဆောင် လက်မှုပစ္စည်းလေးတွေ အမှာရှိတဲ့အခါလည်း ပိုက်ဆံရပါတယ်''

''ဝါးကနေ လူသုံးကုန်ပစ္စည်းအမျိုးမျိုး လုပ်ရောင်းပါလား၊ ဆက်တီ၊ ကုတင်၊ ကုလားထိုင်မျိုးစုံ၊ စားပွဲမျိုးစုံ၊ အိမ်သုံးပစ္စည်းအမျိုးမျိုးပေါ့''

''အဲလိုဝါးပရိဘောဂပစ္စည်းမျိုးကို အဆင့်မြင့်မြင့်တော့ မလုပ်တတ်သေးဘူးခင်ဗျ''

''ဒါဆို ဝါးကနေပရိဘောဂနဲ့ လက်မှုပစ္စည်းထုတ်တဲ့ သင်တန်းတွေရှိတယ်၊ တက်မယ်ဆိုရင် ကျွန်တော်တို့ကူညီပါ့မယ်၊ သင်တန်းတက်လို့ရအောင် စီစဉ်ပေးပါ့မယ်''

''အဲလို သင်တန်းတက်လို့ရရင် ကောင်းတာပေါ့ဗျာ ..ကျုန်တဲ့အဖွဲ့တွေပါ သတင်းပေးလိုက်ပါမယ်၊ သူတို့လည်း ဒါမျိုးတက်ချင်နေတာ''

''ဒီလို ဝါးကနေ ကုန်ချောထုတ်ရောင်းရတော့ တန်ဖိုးပိုမြင့်လာတာပေါ့၊ လူတွေလည်း အလုပ်အကိုင်နဲ့ ဝင်ငွေပိုတိုးလာကြမှာ''

''ဟုတ်တော့ဟုတ်ပါရဲ့။ တစ်ခုရှိတာက ...ဒီမြို့မှာ ရောင်းလို့ကိုက်ပါ့မလား''

''ဈေးကွက်က ကိုယ့်ဆီမလာရင် ဈေးကွက်ရှိတဲ့ဆီပို့ရမှာပေါ့၊ ပုသိမ်–ရန်ကုန်ကားလမ်းပေါ်က ပန်းတနော်လို ဈေးကွက်ရှိတဲ့မြို့ကို ပို့မယ်၊ ရန်ကုန်ဆိုတာလည်း မဝေးပါဘူး၊ လမ်းတွေလည်းကောင်းနေတာဘဲ၊ လိုအပ်ရင် ဈေးကွက်တင်တဲ့ကိစ္စအထိ ကူညီပါ့မယ်'' ထိုသူကား သူ့လုပ်ငန်းကို ဆက်လုပ်နေရင်းကျန်ခဲ့သည်။

ရန်ကုန်၊ နေပြည်တော် စသည့်မြို့များတွင် သစ်တောဦးစီးဌာနနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းတချို့မှာ ဝါးမှကုန်ချောထုတ်လုပ်သည့် သင်တန်းများကို နှစ်စဉ်ကြိမ်ရေများစွာ ဖွင့်လှစ်သည်။ ထိုသင်တန်းများသို့ ဤအဖွဲ့များမှစိတ်ပါဝင်စားသူနှင့် ဒေသခံကျေးရွာသားတို့ တက်ရောက်နိုင်ရေး ကြိုတင်အသိပေးထားရန် ဝန်ထမ်းများနှင့်ဆွေးနွေးညှိနှိုင်းကြသည်။

ထို့နောက် မြေတံတားကျေးရွာနေ ဦးမြင့်သန်း ဦးဆောင်သည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို လေ့လာကြသည်။ သူတို့က ၂၀၁၈ ခုနှစ်ကတည်းက တည်

ထောင်ခွင့်ရခဲ့ကြရာ သတ်မှတ်အရေအတွက် သစ်တောပင်အဖြစ်စို[illegible] PDF Compressor Free Version ရင်စို့လုံးပတ် တစ်ပေခွဲအထိ ကြီးထွားနေကြပြီ။ ခြောက်သွေ့ရာသီရောက်လာပြီဖြစ်၍ ထိန်းသိမ်းပြုစုခြင်းအနေဖြင့် စိုက်ခင်းမီးကာကွယ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ရှိသည်။

သစ်မာပင်တို့ကို သီးသန့်နေရာ သတ်မှတ်စိုက်ပျိုးထားပြီး ကျန်နေရာလွတ်များတွင် သီးနှံသစ်တောရောနှောစိုက်ပျိုးရေးစနစ်ဖြင့် ရာသီသီးနှံများဖြစ်သော ကင်မွန်းချဉ်၊ မုန်လာဥ၊ ဂန္ဓမာ၊ ရုံးပတီ၊ ချဉ်ပေါင်၊ ငရုတ်၊ ဂေါ်ဖီထုပ်၊ ခရမ်းသီး၊ ပိန်းဥပင်တို့ကို ဘောင်များဖြင့် စိုက်ပျိုးထားကြသည်။ သီးနှံခင်းတို့ကသန်စွမ်း၏။

"ခင်ဗျားတို့အဖွဲ့က တယ်ဟုတ်ပါလား၊ သစ်တောသစ်ပင်တွေအောင်မြင်သလို နှစ်ချင်းဝင်ငွေရတဲ့သီးနှံတွေအောင်မြင်တော့ ဒါတွေကနေ့စဉ်ဝင်ငွေတွေ ရနေပြီပေါ့"

"ရပြီလား ဆရာရေ .. သစ်ပင်တွေက အခုဆိုတိုင်၊ မျောသုံးလို့ရပြီ၊ ဒါ့ထက်ပိုကြီးလာတဲ့အခါ သစ်အဖြစ်သုံးရမယ် .. အခုက နှစ်ချင်းဝင်ငွေရတဲ့ သီးနှံတွေပေါ်မှာလည်း မိသားစုမှီခိုလို့ရတာပေါ့"

"သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အကျိုးအမြတ်ကောဘယ်လိုရှိကြလဲ"

"မိသားစုစားဝတ်နေရေးအတွက် လုံလောက်ပါတယ်၊ အလုပ်လုပ်နိုင်တဲ့မိသားစုဝင်အားလုံး အလုပ်ရတယ်၊ ဒီကရတဲ့ဝင်ငွေဟာ အိမ်ထောင်စုတွေအတွက် အင်အားတစ်ရပ်ပါဘဲ"

ပိန်းဥက တစ်ပိဿာကို သွင်းဈေးရှစ်ရာကျပ်၊ မုန်လာဥဆိုလျှင် အခင်းပြတ်လာဝယ်ပြီး ဆယ်လံပတ်လည်ကို နှစ်သိန်းကျပ်၊ ချဉ်ပေါင်ရွက်ဟင်းတစ်အိုးစာတစ်စည်းဆိုလျှင် နှစ်ရာကျပ်၊ ဖောက်သည်သွင်းဈေးဆိုလျှင် ချဉ်ပေါင်အစည်းတစ်ရာကို တစ်သောင်းလေးထောင်ကျပ်၊ ဂေါ်ဖီတစ်ထုပ်လျှင်နှစ်ရာကျပ်၊ ရုံးပတီသီးငါးတောင့်လျှင် နှစ်ရာကျပ်ရသည်။ (ထိုအချိန်က ဈေးနှုန်းများဖြစ်သည်)

"ရောင်းရေးဝယ်တာရော ကောင်းကြရဲ့လား"

"စိုက်သလောက် ရောင်းထွက်ပါတယ် .. ကျွန်တော်တို့ စိုက်ခင်းတွေက မြို့နဲ့နီးတာကိုး .. တချို့ဆို ကျွန်တော်တို့သွားပို့စရာမလိုဘူး .. အခင်းထိ သူတို့ကိုယ်တိုင်လာသိမ်းတယ်"

"အခုလို ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ကြတာ အဆင်ပြေကြပါတယ်နော"

"ပြေပြီကောဆရာတို့ရေ.. သစ်တောကြိုးဝိုင်းထဲကသစ်တောမြေမှာ အခုလိုလုပ်ကိုင်ခွင့်ရကြတော့ ကျွန်တော်တို့အားလုံး သစ်တောဦးစီးဌာနကို ကျေးဇူးတင်ကြတယ်.. ဒီလိုတည်ထောင်လုပ်ကိုင်ခွင့်ရဖို့အတွက် ငွေကြေး တစ်စုံတစ်ရာကုန်ကျစရာမလိုဘူး၊ တည်ထောင်လုပ်ကိုင်ခွင့်က နှစ်သုံးဆယ်ရတယ်၊ ညွှန်ကြားချက်အတိုင်းစနစ်တကျလုပ်နိုင်ရင် နောက်ထပ်နှစ်ပေါင်းသုံးဆယ်စီ အကြိမ်ကြိမ်သက်တမ်းတိုးခွင့်ရမယ်၊ သားစဉ်မြေးဆက်လုပ်နိုင်တော့ ကိုယ့်မျိုးစဉ်မျိုးဆက်များရဲ့နောင်ရေးအတွက် စိတ်အေးရပါတယ်" ဤသို့ကြားသိရတာ ကျေနပ်စရာကောင်းပါသည်။

ဦးစီးနှင့်ဝန်ထမ်းများက ထပ်ဆင့်ရှင်းပြကြသည်။ "သူတို့ကျေးရွာနဲ့နီးတဲ့ သစ်တောကြိုးဝိုင်းထဲမှာ အခုလိုသစ်တော သစ်ပင်တွေလည်းစိုက်ပျိုး၊ သီးနှံမျိုးစုံလည်းစိုက်ပျိုး၊ မိသားစုစားဝတ်နေရေးအတွက် ဝင်ငွေအလုံအလောက်ရတော့ ဌာနကို ကျေးဇူးတင်ကြတယ်၊ သားမြေးနောင်ရေးအတွက်ပါ စိတ်ချရတာကိုး"

စိုက်ပျိုးထားသော သစ်တောသစ်ပင်များ ပြုစုထိန်းသိမ်းရေးအပြင် ကြားဖြတ်တောထွက်ရရှိနိုင်မှုအခြေအနေ၊ မျော၊ တိုင်ထုတ်လုပ်ချိန်တွင် ကိုယ်တိုင်အသုံးချနိုင်သလို ရောင်းချနိုင်မှုအခြေအနေ၊ သစ်ထွက်နိုင်သော အရွယ်ရောက်လျှင် မိသားစုအိမ်ထောင်သုံးအပြင် ထုတ်လုပ်ရောင်းချနိုင်သော အခြေအနေတို့ကို ထိုအဖွဲ့သားများအား ကျွန်တော်ရှင်းပြတော့ သူတို့သိပြီးဖြစ်၏။ မြို့နယ်ဝန်ထမ်းတွေ ရှင်းပြထားပါသည်ဟု သူတို့ကဆိုသည်။

သစ်တောအဖွဲ့ပြီးတော့ စိုက်ပျိုးရေးဆရာအလှည့်ကျသည်။ သူကလည်း စေတနာပါစွာဖြင့် ခေတ်နှင့်အညီတိုးတက်လာသည့် သီးနှံမျိုးစုံတို့၏ စိုက်ပျိုးနည်းစနစ်သစ်တို့ကိုရှင်းပြသည်၊ မြေကိုလိုအပ်သလိုပြုပြင်ဖို့၊ သဘာဝမြေဩဇာကို ကိုယ်တိုင်ဖန်တီးသုံးစွဲဖို့နှင့် ဓာတ်မြေဩဇာကို ထိန်းချုပ်သုံးစွဲနည်းစနစ်တို့ကို ပြောပြတော့ စိတ်ဝင်တစားနားထောင်ကြသည်။ သူတို့ သိလိုသည်များကိုလည်း ဖြေကြားပေးသည်။

ထိုအဖွဲ့ကို နှုတ်ဆက် ထွက်ခွာလာပြီးသော် ကျောက်ကုန်းကြိုးဝိုင်း၊ အကွက်အမှတ် ၂ အတွင်းမှာပင် တည်ထောင်ထားသော ဘုရားငုတ်တိုကျေးရွာနေ ဦးမြင့်စိုးပါအဖွဲ့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောကို စစ်ဆေးကြသည်၊ သူတို့အဖွဲ့ကတော့ ၂၀၁၉ ခုနှစ်မိုးရာသီ၌ သစ်တောသစ်ပင်သတ်မှတ်အရေအတွက်အား မန်ကျည်းရွှား စိုက်ပျိုးထားပြီး ပျမ်းမျှရင်စို့လုံးပတ် တစ်ပေအထိ ရှိနေပေပြီ။

သူတို့စိုက်ပျိုးပုံမှာ တစ်ဦးစီ၏ လုပ်ကိုင်ခွင့် နယ်နိမိတ်တစ်လျှောက်၌ သစ်မာပင်တို့စိုက်ထားပြီး အတွင်းမှာရာသီသီးနှံစုံတို့စိုက်ပျိုးသည်။ စိုက်ပျိုးသည့်သီးနှံတို့ကလည်း အများအားဖြင့် အခြားအဖွဲ့တွေနှင့်တူကြသည်။ သူတို့အဖွဲ့

မှာ ဘူး၊ ဖရုံ၊ မုန်ညင်း၊ ကြက်ဟင်းခါးပင်တို့လည်းတွေ့ရသဖြင့် [illegible] PDF Compressor Free Version

မုန်ညင်းကတစ်ပင်ငါးဆယ်ကျပ်၊ ကြက်ဟင်းခါးသီးက တစ်လုံးတစ်ရာမှနှစ်ရာ့ငါးဆယ်ကျပ်၊ ဘူးနှင့် ဖရုံကို အသီးထက် အညွန့်ဖြတ်ရောင်းခြင်းဖြင့် ဝင်ငွေစောစောရသည်။ သူတို့လည်း ဤသို့တည်ထောင်ခွင့်ရရှိခြင်းကို အတိုင်းထက်အလွန် ကျေးဇူးတင်ကြသည်။ ထိုသို့ဒေသခံတို့၏ စားဝတ်နေရေးအဆင်ပြေစေပြီး သူတို့စိတ်ချမ်းသာတော့ ဌာန၏လုပ်ပေးနိုင်စွမ်းအတွက် ကျွန်တော်တို့ဝန်ထမ်းတွေကလည်း ဝမ်းမြောက်ကြသည်။

ယခုလည်း ဤလုပ်ငန်းနှင့်နှီးနွှယ်ပတ်သက်သမျှ သူတို့သိချင်တာတွေမေးသလို ကျွန်တော်တို့ကလည်း သူတို့အတွက် အကျိုးကျေးဇူးများမည့်နည်းပညာများနှင့် သိသင့်သောသတင်းအချက်အလက်တို့ကို မျှဝေပညာပေးကြသည်။

သူတို့အဖွဲ့မှာ အဖွဲ့ဥက္ကဋ္ဌက ကြက်မွေးမြူရေးကို ခြံနှင့်စနစ်တကျ လုပ်ထားသည်။

"ဘယ်လိုလဲဗျ..လုပ်ငန်းတွေ အောင်မြင်လား"

"ဟုတ်ကဲ့ .. အောင်မြင်ပါတယ်။ သစ်တောသစ်ပင်တွေ စိုက်ထားတာလည်း အောင်မြင်ပါတယ် ဆရာ"

သူ့စကားကြောင့် ကျွန်တော်တို့တစ်ဖွဲ့လုံး ပြုံးမိကြပြီး ..

"တွေ့ခဲ့ပြီးပါပြီ.. ဌာနညွှန်ကြားချက်အတိုင်းလိုက်နာတော့ ကောင်းတာပေါ့ဗျာ"

အရိပ်ကောင်းသောနေရာမှာ ဝါးစားပွဲတစ်လုံးနှင့်ဝါးကုလားထိုင်လေးတွေချထားသည်။ ကျွန်တော်တို့အဖွဲ့လည်း ညောင်းပြီဆိုတော့ ခွင့်တောင်းပြီးထိုင်ကြသည်။ ဥက္ကဋ္ဌက ရေနွေးကြမ်းတစ်အိုးနှင့် လက်ဖက်အုပ်လာချပေး၏။ ကျွန်တော်တို့မှာပါသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ထုံးလုပ်နည်းဆိုင်ရာအပါအဝင် တိုးချဲ့ပညာပေးရေးဆိုင်ရာ လက်ကမ်းစာစောင်များ သူတို့ကိုဝေငှပေး၏။

"ဆရာတို့ .. ရေနွေးကြမ်းသောက်ကြဦး"

"ဆောင်းရာသီမှာ ရေနွေးကြမ်းက အကောင်းဆုံးပေါ့ဗျာ..လာထိုင်ပါဦး၊ အတွေ့အကြုံ ဖလှယ်ကြရအောင်"

သူ့မှာကြက်ခြံနှစ်ခုရှိပြီး ကြက်အကောင်တစ်ထောင်စီ ထည့်ထားသည်။ လှောင်အိမ်စနစ်ဖြစ်ရာ တစ်ပေခွဲပတ်လည် လှောင်အိမ်တွေမှာ ကြက်နှစ်ကောင်စီထည့်ထားသည်။ ဒေသအခေါ် ရွှေနီမျိုးဥစားကြက်တွေဖြစ်ပြီး ဥသက်မှာ လပေါင်းနှစ်ဆယ်မှနှစ်နှစ်အထိ ကြာသည်။ အစာဖိုးက တစ်ရက်တစ်သိန်းသုံးသောင်း၊ ကြက်ဥက တစ်ရက်အလုံးတစ်ထောင့်ခြောက်ရာ၊ ကြက်ဥဒိုင်သွင်းဈေးက တစ်လုံးတစ်ရာ့နှစ်ဆယ်ရသဖြင့် အစာဖိုးနှုတ်ပြီး တစ်ရက်အသားတင်အမြတ်ငွေကျပ်ခြောက်သောင်းကျော်ရသည်။

"တစ်ရက်ခြောက်သောင်းကျော် ကျန်တယ်ဆိုတော့..တစ်လသိန်းနှစ်ဆယ်လောက် အမြတ်ရတာဘဲ"

"သင်္ချာနည်းနဲ့တွက်ရင်တော့ ဟုတ်တာပေါ့ ဆရာတို့.. ပထမတစ်နှစ်ကတော့ ကြက်ခြံ၊ ကြက်မျိုး (ဥစမ်းတစ်ကောင်ရှစ်ထောင်ကျပ်)၊ ဆေးဖိုးစသဖြင့် စိုက်ထားရတဲ့ အရင်းတွေနှုတ်ရသေးတယ် .. နောက်တစ်နှစ်ကတော့ လုံးဝအမြတ်ပေါ့ .. နောက်ပြီး ဥသက်နှစ်နှစ်ကြာလို့ ဥနှုန်းကျပြီဆိုရင် ကောင်ပြတ်တစ်ကောင်ကို ငါးထောင်ကျပ်နဲ့ ထုတ်ရောင်းလို့ရတဲ့ငွေကလည်းအမြတ်ပေါ့ .. အဲလိုတွက်လို့ရပါတယ်"

"ဘာပြောပြော ဝင်ငွေကောင်းတာဘဲ..တခြားအဖွဲ့တွေကို သတင်းပေးချင်လို့လေ့လာရတာဗျို့၊ နောက်တစ်ခါလာရင်တိကုဌာနကဆရာပါ ခေါ်ခဲ့မယ်"

\+ + +

ရေနွေးကြမ်းလည်းကုန်ပြီ။ လက်ဖက်လည်းကုန်ပြီ။ မေးစရာတွေက မကုန်သေးပေမဲ့ သူ့အလုပ်ကိုယ့်အလုပ်တို့ကလည်း ရှိကြသေးသည်မို့ ပြန်ဖို့ပြင်ကြသည်။ ပြန်ဖို့ထကြတော့ သူတို့အဖွဲ့တွေက ကျွန်တော်တို့ကို ဟင်းသီးဟင်းရွက်တွေ လက်ဆောင်ပေးကြသည်။ ကြက်ဥလည်း ပါ၏။

"ကျွန်တော်တို့စေတနာအရပါ၊ အခုလို ကွင်းဆင်းပြီး လိုအပ်သလို ကူညီစောင့်ရှောက်ပေးကြတဲ့ ဌာနဆိုင်ရာများကိုကျွန်တော်တို့အားလုံးက ကျေးဇူးတင်ပါတယ်"

ပိုက်ဆံပေးတော့ မယူသဖြင့် ဖွတ်ပင်ပေးရပါသည်။

ဒါ့အပြင် ကျွန်တော်တို့အဖွဲ့ကိုပေးဖို့ ကြိမ်ဖူးသွားခုတ်ခိုင်းတာ မလာသေးလို့ စောင့်ပါဦးဟုဆိုနေရာ ငြင်းကြရသည်။

ခရိုင်သစ်တောရုံးကို ပြန်ရောက်တော့ပါလာသည့် ဟင်းသီးဟင်းရွက်များကို ရုံးဝန်းထဲနေဝန်ထမ်းများအား ဝေငှပေးကြသည်။ သစ်တောပျိုးဥယျာဉ်မှာ အလုပ်ဝင်တာမကြာသေးသည့် တောကြပ်လေးက သူ့အတွက်ရသောဝေပုံကျကို ဝမ်းပန်းတသာယူလိုက်ရင်း..

"အင်း. ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောဆိုတာ ကောင်းတယ်နော်ဆရာ၊ နောက်တစ်ခါ ကွင်းဆင်းသွားတဲ့အခါ ကျွန်တော်လည်းလိုက်ချင်ပါတယ်" ဟု အားတက်သရောဆိုရာ ကျွန်တော်တို့အားလုံး ရယ်မောမိကြသည်။

**အိမ်တိုင်းမှာသစ်ပင်၊ ရွာစဉ်မှာတောတန်း၊**
**တစ်တောဝင် တစ်တောဆက်၊**
**မြို့တက်မယ့်လမ်း။**

PDF Compressor Free Version

# သစ်တောကြေးမုံ၏ ကြေးမုံ



အုန်းမြင့်လေး

သစ်တောပညာသည် လေ့လာဆည်းပူးသင်ယူ၍ မကုန်နိုင်ပါ။ ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ယခုကာလတွင် သစ်တောပညာတတ်သိပညာရှင်များသည် လေ့လာဆည်းပူးထားသည့် သစ်တောနှင့်ပတ်ဝန်းကျင်ပညာရပ်များအပြင် ပညာရပ်အား ဗဟိုပြုသည့် ဆက်နွှယ်သောဘာသာရပ်များကိုလည်း ဆက်လက်လေ့လာ ဖော်ထုတ်နေရမည်ဖြစ်သကဲ့သို့ တာဝန်ထမ်းဆောင်ဆဲ သစ်တောဝန်ထမ်းများကလည်း ခေတ်နှင့်လျော်ညီ၍ နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များအား လေ့လာနေရပေမည်။ ပြည်သူများအား ဖြန့်ဝေအသိပညာပေးနေရပေမည်။

သစ်တောလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ''အရိုးကို အရွက်မဖုံးစေနှင့်'' ''ရေးထုံးလည်း မပယ်နှင့်'' ဆိုရိုးစကားများကို လျစ်လျူမရှုဘဲ နည်းပညာများကို နယ်ပယ်ကဏ္ဍပေါင်းစုံတွင် တွင်ကျယ်စွာအသုံးပြုလာပြီး သစ်တောသစ်ပင်များ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍအတွက် ကျယ်ပြန့်စွာအသုံးပြုတတ်ရမည်။

သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အရေးကိစ္စများအား နိုင်ငံတကာမှ အရေးစိုက်လာချိန်၊ မြန်မာနိုင်ငံအတွင်း နိုင်ငံတော်အကြီးအကဲများ၊ အစိုးရဌာန/ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများက အားပေးအားမြှောက်ပြုနေချိန်တွင် ပြည်သူတိုင်းကလည်း အခြေခံသစ်တောနှင့်ပတ်ဝန်းကျင် အသိပညာများအား သိရှိသဘောပေါက် နားလည်လက်ခံပြီး တစ်ဦးချင်းမှ စတင်လိုက်နာပြီး လုပ်နိုင်သည့်ကစ၍ လုပ်နေရပေမည်။

လက်တွေ့နယ်ပယ်တွင် အတတ်ပညာ၊ အသိပညာတစ်ရပ်ရပ်ကို ''ပေးသူရှိစေ- ရယူလိုသူရှိပါမှ၊ ရယူလိုသူ ရှိစေ- ပေးသူရှိပါမှ'' အဖြစ်မျိုးမရှိရလေအောင် အခြေခံမှအစ အဆင့်မြင့်သော အဆင့်အတန်းအထိ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၏ ပုံမှန်လစဉ်ထုတ် သစ်တောကြေးမုံစာစောင်တွင် ဖော်ပြဖြန့်ဝေပေးလျက်ရှိသည်၊၊

မြန်မာပြည်သစ်တောကြေးမုံ (The Burmese Forester) ကို ၁၉၅၁ ခုနှစ်၊ မတ်လမှအစပြုကာ သစ်တောဦးစီးဌာန (ယခင်မြန်မာပြည်သစ်တောဌာန)၏ သစ်တောလုပ်ငန်းများဆောင်ရွက်မှုများ၊ သစ်ပင်နှင့် မြေဆီလွှာတို့အရေးကြီးမှုများတို့ကို ပြည်သူများသိရှိစေရန်နှင့် ပြည်သူလူထုအတွင်း သစ်တောစိတ်ဓာတ်ပွားများလာစေရန်ရည်ရွယ်၍ သစ်တောဝန်ထမ်းများက အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် စတင်ဖန်တီးထုတ်ဝေခဲ့သည်။

မူလ မြန်မာပြည်သစ်တောကြေးမုံအား ခေတ်အဆက်ဆက်တွင် အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်မထုတ်ဝေနိုင်ခဲ့ပါ။ ၁၉၉၈ ခုနှစ် ဇူလိုင်လမှ ၂၀၀၄ ခုနှစ် ဇူလိုင်လအထိ သစ်တောသတင်းလွှာအဖြစ် နှစ်လတစ်ကြိမ်ထုတ်ဝေဖြန့်ချိခဲ့သည်။ ရေရှည် ပုံမှန် မထုတ်ဝေနိုင်သော်

လည်း အခြေအနေပေးသည့်အလျောက် အခါအားလျော်စွာ ရတနာသစ် မြန်မာမဂ္ဂဇင်း၊ စိမ်းရောင်လွှင်မဂ္ဂဇင်း (၁၉၉၇ –၂၀၀၃) နှင့် ၁၉၉၉ ခုနှစ်တွင် သုံးလတစ်ကြိမ်ဖြင့် Myanmar Forestry Journal တို့ကို ထုတ်ဝေဖြန့်ချိခဲ့သည်။

PDF Compressor Free Version




**၁၉၅၁ ခုနှစ်၊ မတ်လ ပထမဆုံးထုတ်ဝေသည့် မြန်မာပြည်သစ်တောကြေးမုံ မျက်နှာဖုံး**

၂၀၀၄ ခုနှစ်၊ ဩဂုတ်လတွင် သစ်တောရေးရာဂျာနယ်အမည်တို့ဖြင့် နှစ်လ တစ်ကြိမ် ပြန်လည်ထုတ်ဝေပြီး အေဖိုးဆိုဒ် စာမျက်နှာ ၂၀ ထိ ရောင်စုံဓာတ်ပုံတို့ဖြင့် ထုတ်ဝေခဲ့ရာမှ ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် တစ်လတစ်ကြိမ် ပုံမှန်ထုတ်ဝေဖြန့်ချိခဲ့သည်။ ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဂျာနယ်အမည်ဖြင့် ထုတ်ဝေပြီး ၂၀၁၆ ခုနှစ် ဧပြီလမှ ယနေ့အထိ သစ်တောကြေးမုံ အမည်သုံးစွဲကာ ဆောင်းပါးကဏ္ဍနှင့် စာမျက်နှာများတိုးချဲ့ခြင်း၊ ရောင်စုံဓာတ်ပုံများပါဝင်ခြင်း၊ ထူးခြားသည့်အခြေအနေတွင် အထူးထုတ်အဖြစ် ထုတ်ဝေဖြန့်ချိနိုင်ခဲ့သည်။

သစ်တောဦးစီးဌာနသည် သစ်ပင်သစ်တောဆိုင်ရာ အသိပညာများအား ပြည်သူများအတွင်း နိုင်ငံပိုင်ရုပ်မြင်သံကြားတို့မှ သတင်းမှတ်တမ်း၊ ဇာတ်လမ်းတိုများ၊ နိုင်ငံပိုင်သတင်းစာများမှ ဆောင်းပါးများရေးသား၍ ဖော်ပြဖြန့်ဝေလျက်ရှိပြီး လက်ရှိ လစဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် သစ်တောကြေးမုံစာစောင်တွင် သစ်တောဆိုင်ရာသတင်းအချက်အလက်များ၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများ၊ သစ်တောဦးစီးဌာန၏ သစ်တောမူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်များကိုထင်ဟပ်စေသည့် ဆောင်းပါးများ၊ သစ်တောဥပဒေစိုးမိုးရေး အားကောင်းစေသည့် ဆောင်းပါးများ၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်သော စီမံကိန်းများ၊ အထိမ်းအမှတ်နေ့များ၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်ထိန်းသိမ်းရေး၊ သစ်တောနှင့်ဆက်နွယ်သည့် ပြည်သူတို့၏ လူမှုစီးပွားများ၊ သစ်တောသုတေသန၊ သစ်တောပြုစုထိန်းသိမ်းရေး၊ သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းအသုံးချမှု၊ သစ်တောဝန်ထမ်းတို့၏ တောတွင်းအတွေ့အကြုံစသည်ဖြင့် မျက်မှောက်ခေတ်နှင့် လျော်ညီထင်ဟပ်ပြီး နောင်လာနောက်သားထိ အကျိုးရှိစေသော သိမှတ်ဖွယ်ရာဆောင်းပါးများ၊ ကဗျာ၊ ကာတွန်း၊ ဓာတ်ပုံတို့ကို ပုံနှိပ်ထုတ်ဝေဖြန့်ချိလျက်ရှိသည်၊

ပုံနှိပ်ပြီးစာစောင်ကို စာအုပ်အဖြစ် စာကြည့်တိုက်များ၊ အစိုးရအဖွဲ့ဝန်ကြီးဌာနရုံးများ၊ သစ်တောဦးစီးဌာနနှင့် ဆက်စပ်သောလုပ်ငန်း/ဌာနများသို့ ဖြန့်ဝေခြင်း၊ https: // www.forestdepartment.gov.mm Website လွှင့်တင်ခြင်း၊ Forestry Extension facebook account တွင် တင်ပြခြင်းဖြင့် ဖြန့်ဝေပါသည်။

သစ်တောကြေးမုံ စာစောင်တွင် စာပေဆိုင်ရာ ကျွမ်းကျင်သူ ထင်ရှားသည့် စာရေးဆရာကြီးများ၏စာမူများ မပါဝင်ဘဲ မိမိတို့ဝါသနာအလျောက် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာအကြောင်းအရာများ ရေးသားပေးပို့သည့် သစ်တောဝန်ထမ်းများ၊ အငြိမ်းစားသစ်တောဝန်ထမ်းများ၏ စာမူများ၊ ပြင်ပမှ ဆက်စပ်သူ စာပေရေးသားသူများ၏ စာမူများကို ဖိတ်ခေါ်၍ စိစစ်တည်းဖြတ် ဖော်ပြလျက်ရှိသည်။ ဖော်ပြမည့် စာမူများ ရွေးချယ်တည်းဖြတ်ရာတွင်လည်းကောင်း၊ စာအုပ်အပြင်အဆင် ဆောင်ရွက်ရာတွင်လည်းကောင်း၊ သက်ဆိုင်ရာများသို့ ရောက်ရှိရေးဖြန့်ချိရာတွင်လည်းကောင်း လက်ရှိသစ်တောဝန်ထမ်းများနှင့် သစ်တောကြေးမုံဝိုင်းတော်သားများက အချိန်မီဝိုင်းဝန်းဖန်တီး ဆောင်ရွက်ကြသည်။ ဤသည်လည်း ယခင်သစ်တောဝန်ထမ်း နောင်တော်ကြီးများ၏ ဆောင်ရွက်ခဲ့မှုများကို ယခုမျိုးဆက်သစ် ညီငယ်များက လက်ဆင့်ကမ်းတာဝန်ယူထားခြင်းဖြစ်သည်။

သစ်တောမူဝါဒများအနက် သစ်တောများ စီမံအုပ်ချုပ်ခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းကာကွယ်ရေးတွင် ပြည်သူလူထုပူးပေါင်းပါဝင် ဆောင်ရွက်လာစေရန်နှင့် နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောသယံဇာတများ၏ အရေးပါမှုအပေါ် ပြည်သူများ၏ အသိ

PDF Compressor Free Version

အမြင်ကို ရှင်သန်ကြီးထွားလာစေရန်တည်းဟူသော မူဝါဒတို့ကို သစ်တောကြေးမုံက [illegible]နေရာမှ ပါဝင်အားဖြည့်ပြီး သစ်တောပြုစုထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ သစ်တောသယံဇာတ ရေရှည်တည်တံ့ရေးတွက် ပြည်သူများမှ ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ရေးကို အများပြည်သူသိရှိရန် ရည်ရွယ်ချက်ဖြင့် ရှေ့သို့ဆက်လက် ချီတက်လျက်ရှိပါသည်။

လစဉ် သစ်တောကြေးမုံကို အဆင့်အတန်းရှိရှိ၊ အရည်အသွေး ကောင်းကောင်း၊ အရေအတွက်များများ ဖန်တီးထုတ်ဝေဖြန့်ချိနိုင်ရေးအတွက် သစ်တောကြေးမုံ ဝိုင်းတော်သားတို့သည် စိတ်ရင်းဖြူဖြူ စေတနာမှန်မှန် ရိုးသားကြိုးစားဆောင်ရွက်နေပါသည်။ စာစောင်ကို လစဉ် ဆန်းသစ်သည်ထက်ဆန်းသစ်၍ အသွင်သဏ္ဍာန်ပြည့် ဆွဲဆောင်မှုရှိသည့် အပြင်အဆင်ဖြင့် အရည်အသွေး ကောင်းသည့် စက္ကူများ အသုံးပြုထုတ်လုပ်ထားပြီး သစ်တောဦးစီးဌာနသမိုင်းတွင် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ရေးတွက် သင်ယူရင်း ဖန်တီးသလို၊ ဖန်တီးရင်း သင်ယူနေရပါသည်။ လစဉ်ထုတ် သစ်တောကြေးမုံစာစောင်၏ အားနည်းချက်တစ်ခုခုကြောင့် စာဖတ်သူတစ်ဦးချင်းစီအတွက် စိတ်ခံစားချက် အလိုမကျသည်များရှိကောင်း ရှိခဲ့သော် သစ်တောကြေးမုံကို ဖန်တီးကြသူတို့လည်း လောကီသားတွေမို့ အမှားနဲ့မကင်းပါလားရယ်လို့ စာနာနားလည်ပေးပါရန် အနူးအညွတ်ပန်ကြားပါရစေ၊

သစ်တောကြေးမုံ ထာဝစဉ်ရှင်သန်နေစေရေး၊ အဆင့်အတန်းရှိစေရေးတွက် ဝိုင်းဝန်းပျိုးထောင်ပြုစုသူများ၊ အကြံဉာဏ်ကောင်းများဖြင့် ပံ့ပိုးကြသူများ၊ စာစောင်ဖြစ်မြောက်ရေးတွက် ထုတ်လုပ်ပေးသူများနှင့် စာဖတ်သူများအပါအဝင် သက်ဆိုင်သူ၊ ပတ်သက်ခဲ့သူများအားလုံး ဘေးရန်အပေါင်းကင်းဝေး၍ ၅၅ နှစ်မြောက် စိန်ရတုနှစ်ပတ်လည်တွင် ရွှင်လန်းချမ်းမြေ့ပါစေကြောင်း သစ်တောကြေးမုံ ဝိုင်းတော်သားများကိုယ်စား တောင်းဆုမွန်ချွေ ဆန္ဒပြုတင်ပြအပ်ပါသည်။







၁၉၅၅ ခုနှစ်မှ သစ်တောထိန်းသိမ်းရေးပညာပေးပိုစတာများ



BURMA TEAK
is
GENUINE TEAK

,A WARNING TO BUYERS OF BURMA TEAK.

TEAK, botanically known as TECTONA GRANDIS, is renowned all over the world for ts distinctive properties and uses.

ealizing the constant high demand for TEAK, certain unscrupulous and irresp onsible lements in some quarters of the world have been making frantic efforts to put on sale a number of imbers, under the camouflage of TEAK. Some of these timbers are:—

IROKO (CHLOROPHORA EXCELSA) sometimes called AFRICAN TEAK
ZAMBESI REDWOOD (BAIKIAEA PLURIJUGA) sometimes called RHODESIAN TEAK
BORNEO CAMPHOR WOOD (DRYOBALANOPS AROMATICA) sometimes called MAHOBORN TEAK
MERBAU (PARASHOREA STELLATA) sometimes called BORNEO TEAK

None of the above is TECTONA GRANDIS, or botanically allied to it, nor do they have the particular virtues of genuine TEAK. They are far from being similar to GENUINE TEAK. They are merely imitations. There is ONLY ONE KIND OF TEAK and that is TECTONA GRANDIS. SO BEWARE OF IMITATIONS.

Export of TECTONA GRANDIS from Burma constitutes not less than 75% of the exports from all teak-producing countries of the world. Buyers desirous of getting the real TEAK should make sure to get hold of only BURMA TEAK. BURMA TEAK IS GENUINE TEAK.

PROPERTIES AND USES OF TEAK

The following are the data of strains and stresses of TEAK:—

Weight of oven-dried wood (Moisture content 14 per cent) 43 lbs. per cu. feet
Transverse Strength
At elastic limit 9,195 lbs. per Sq. inch
At breaking limit 14,965 lbs. per Sq. inch
Impact bending strength
At elastic limit 21,890 lbs. per Sq. inch
Compression parallel to grain
At elastic limit 5,345 lbs. per Sq. inch
At breaking limit 8,525 lbs. per Sq. inch

A comparison of TEAK with ten of the chief timbers of Europe and America (Pine, Spruce, Larch, Douglas Fir, Oak, Ash, Elm, Beech, Hickory und Walnut) shows:—

(1) Shrinkage in all cases is at least 40% more than that of TEAK, while the average shrinkage of all ten timbers is almost double that of TEAK.
(2) None is as strong for beams, posts and struts; they average about 3/4 TEAK strength.
(3) Only in shock resistance is TEAK surpassed by Ash and Hickory.
(4) Oak and Beech are as heavy as TEAK and Hickory is slightly heavier.

Burma TEAK is incomparably superior in its mechanical properties and is unique and excellen for ship-building, bridges, wharfs, railway carriages and wagons, houses, furniture, wheels, shingles carvings, general carpentry and veneer.

STATE TIMBER BOARD, REVOLUTIONARY GOVERNMENT OF THE UNION OF BURMA, is the ONLY EXPORTER OF BURMA TEAK. Distribution of Burma TEAK through the length and breath of the world is made through an extensive network of Approved Dealers of the STATE TIMBER BOARD.

LOOK FOR THIS MARK ON EVERY PIECE

(STB) BURMA TEAK (STB)

STATE TIMBER BOARD, AHLONE, RANGOON.

၁၉၆၄ ခုနှစ်ထုတ် မြန်မာပြည်သစ်တောကြေးမုံပါရှိသည့် ကြော်ငြာ

**ဂျီဝမ်းနှင့်ဂျီတူး**

ကျွန်တော် သစ်တောဌာနသို့ အလုပ်ဝင်စအချိန် (၁၉၆၇ ခုနှစ်)က ညွှန်ကြားရေးမှူးချုပ်သည် ဦးမောင်ကလေး –၁ ဖြစ်ပါသည်။ ကျွန်တော်လုပ်ကိုင်သည့် သစ်တောသုတေသနနှင့် လေ့လာသင်ကြားရေးတိုင်း (Forest Research and Training Circle - FRTC) မှ သစ်တောစိုက်ပျိုးပြုစုရေးဝန်သည် ဦးမောင်ကလေး–၂ ဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦးကို ဂျီဝမ်းနှင့်ဂျီတူး ဟုခေါ်ကြပါသည်။ သူတို့ကို ကျွန်တော်က တော်တော်ဂျီကျတဲ့အတွက် ထိုကဲ့သို့ ဂျီဝမ်းနှင့်ဂျီတူးလို့ ခေါ်ဆိုကြခြင်းဖြစ်သည်ဟု ထင်မိပါသည်။

၎င်းတို့၏အမည်များသည် အင်္ဂလိပ်လို– Maung Galay-1 နှင့် Maung Galay-2 ဖြစ်သဖြင့် အတိုကောက် G-1 နှင့် G-2 ဟု ခေါ်ဆိုခြင်းဖြစ်သည်ကို နောင်မှသိရပါသည်။ ကျွန်တော်တို့ သူငယ်ချင်းထဲတွင် အလွန်ဂျီကျသည့် သန့်တင်ကို “ဂျီသန့်” ခေါ်ခဲ့ကြခြင်းကြောင့် ထိုသို့ အထင်မှားခဲ့မိခြင်းဖြစ်ပါသည်။

**ရိုးလိုက်ပါဘိတော့တယ် အညာသားရယ်။**

**ရေဆင်းကဝေဝင်း**

*******************************




ရော်ညောင်းပြီး ဟောင်းနွမ်းသော ရွက်ကြွေတို့က လေမှာဝေ့ဝဲကာ မြေခလို့လာနေကြသည်။ ရိုးတံကျဲသော ပင်ယံထက်ဆီ ရွက်ရင့်အကျန်တို့ကြားမှ ဥဩငှက်က လွမ်းတေးကို တစ်ကိုယ်တည်းဆိုညည်းနေသည်။ ကျွန်တော့် မွေးမြေအညာရပ်ဆီက နွေသရုပ်ပင်ဖြစ်ပါသည်။ ဤအခါ လို ရာသီမျိုးမှာ အညာသဘာဝကပူပြင်းလှပါသည်။ နေက ပူသလို လေထုကလည်း ခြောက်သွေ့လှသည်။ သစ်ပင်စုစု တောအုပ်အုပ်အောက်မှာ သစ်ရွက်ခြောက်တို့ အလွှာလိုက် စုပုံလာကြသလို တောင်စောင်းနဲ့လမ်းဘေး နေရောင်ခြည် အောက်မှာလည်း မြက်ခြောက်တို့က အပြိုင်းအရိုင်း ရှိလာ ကြသည်။ ရံဖန်ရံခါ၌ ဟုန်းဟုန်းထသော တောမီးတောက် များကို တွေ့ရသလို၊ တစ်ရံတစ်ခါ၌လည်း မြေပြင်ပေါ် သစ်ရွက်ခြောက်တို့မှာ ရှပ်တိုက်လောင်ကျွမ်းသွားသော မီးလွင်ပြင်အတန်းများကိုလည်း တွေ့ရလေ့ရှိသည်။ အမြီး ရှည်ရှည်နှင့် အနက်ရောင်ငှက်တစ်အုပ်ကလည်း ထိုမီးလျှံ များအထက် လွင့်ပျံ့လာနေသည့် ပြာမှုန်များအကြား ဝဲပျံ ရင်း တစ်ခါတစ်ခါထိုးဆင်းပျံသန်း၍ ပိုးမွှားတို့ကို ဖမ်းယူ စားသုံးနေကြသည်မှာ ကျွမ်းကျင်မှုရှိလှသည်။

လေထုခြောက်သွေ့ပြီး အပူချိန်မြင့်မားသည့် အခါကာလများမို့ တောမီး၊ မြက်မီး၊ သစ်ရွက်ခြောက်မီး တို့အပြင် လူနေမှုကို ထိပါးစေသော ရပ်ရွာအိုးအိမ် မတော်တဆမီးများလည်း ဖြစ်ပွားလေ့ရှိကြရာ သတင်းများ တွင် တွေ့မြင်ကြားသိနေရသည်။ မိမိနိုင်ငံတော်အတွင်း မီးဘေးသတင်းများကို ဖတ်ကြားသိမြင် နေရခြင်း၌ စိတ်နှလုံးမချမ်းမြေ့ဖြစ်ရသည်။ ကမ္ဘာကျော်တောမီးကူးစက် လောင်ကျွမ်းမှုတစ်ခုသည်လည်း ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ လက အမေရိကန်ပြည်ထောင်စု၊ ကယ်လီဖိုးနီးယား ဒေသ၌ ဖြစ်ပွားခဲ့သည်။ လော့စ်အိန်ဂျလိစ်ဧရိယာ ဟောလိဒ်ဝုဒ်တောမီးဟု လူအများ သတိထားအာရုံစိုက် ခဲ့ကြရသည်။ အဆောက်အဦပေါင်း ထောင်ဂဏန်းမျှ မီးလောင်ပျက်စီးခဲ့ရပြီး၊ လူသေဆုံးထိခိုက်မှုလည်းရှိခဲ့ သည်။ မီးလောင်ကျွမ်းမှုဧရိယာ ဧက ၂၃,၀၀၀ ကျော် ပျက်စီးခဲ့သည်။ လူဦးရေသောင်းဂဏန်းမျှ အိုးအိမ် စွန့်ခွာထွက်ပြေးကြရသည်။ ဆုံးရှုံးမှုတန်ဖိုး လွန်စွာကြီးမား ခဲ့ပါသည်။

ကျွန်တော်တို့၏ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း တောမီးလောင်ကျွမ်းမှုများ နှစ်စဉ်ဖြစ်ပေါ်ပါသည်။ ရွက်ပြတ် ရောနှောတောခြောက်များနှင့် အပူပိုင်းဒေသတောများတွင် အများဆုံးဖြစ်ပွားပါသည်။ သဘာဝကြောင့်ဖြစ်ပွားသော တောမီးရာခိုင်နှုန်းမှာ ပြောပလောက်အောင်မရှိပါ။ လူတို့၏ ပယောဂကြောင့်ဖြစ်ပွားသော တောမီးများသာဖြစ်ကြသည်။ ထို့ကြောင့်သာပင်လျှင် အမြဲစိမ်းတောများနှင့် ဒီရေတော များ၌ပါ တောမီးဖြစ်ပွားမှုကို နှစ်စဉ်တွေ့မြင်နေရခြင်းဖြစ် ပေသည်။ နိုင်ငံဖြတ်ကျော် မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများ တားဆီးကာကွယ်နိုင်ရေးနှင့် ပတ်သက်၍လည်း အထူး အလေးထားဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံသားအားလုံး က အသိရှိရှိဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ကြရန် လိုအပ်ပါသည်။ တောမီးဖြစ်စေ၊ အမှိုက်ပုံမီးဖြစ်စေ၊ ရပ်ရွာအိုးအိမ် မတော်တဆမီးဖြစ်စေ၊ စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းများကိုဖျက်ဆီးသည့် ရှို့မီးဖြစ်စေ ကမ္ဘာ့လေထုထဲသို့ ပျံ့ဝင်ရောက်ရှိသည်ဖြစ်ရာ မီးခိုးမြူနှင့်ပတ်သက်၍ အရေးတယူ ဂရုပြုကာကွယ်တားဆီးကြရန် လိုအပ်ပါသည်။

ယနေ့ခေတ်သည် သတင်းအချက်အလက်နှင့် နည်းပညာခေတ် ဖြစ်သည်နှင့်အညီ ကမ္ဘာနှင့် မြန်မာအရေး သတင်းအမျိုးမျိုးအစုံစုံကိုလည်း ကြည့်ရှုနားထောင်ခြင်း၊ ဖတ်ရှုခြင်းတို့ ပြုလုပ်နေကြသည်ဖြစ်ရာ အမေရိကန်ပြည် ထောင်စု၏ (၅၁)ခုမြောက် ပြည်နယ်ဖြစ်လာရမည်ဟု သမ္မတ ဒေါ်နယ်လ်ထရမ့် ကြွေးကြော်အားထုတ်နေသည့် ဂရင်းလန်ကျွန်း (Greenland Island) ကိုလည်း စိတ်ဝင် စားသဖြင့် ဖတ်ရှုလေ့လာမိပါသည်။ ဤတွင် ဂရင်းလန်၏ ပထဝီအခြေအနေနှင့် လူမှုစီးပွားကိစ္စများထက် ကျွန်တော်

PDF Compressor Free Version

ပိုမိုစိတ်ဝင်စားစရာ ဖြစ်သွားသော အချက်တစ်ချက်ကို တွေ့ရှိမိလိုက်ပါသည်။ ယင်းသည်ကား Christine Forsetlund Solbakken ကရေးသားပြီး ၁၀.၄.၂၀၁၈ ရက်နေ့စွဲဖြင့် ဝက်ဘ်ဆိုဒ်သို့တင်ခဲ့သည့် "ဂရင်းလန်ရှိ စိမ့်မြေများလောင်ကျွမ်းမှု၊ ရေခဲများအရှိန်မြင့် လျင်မြန်စွာ အရည်ပျော်ကျဆင်းလာစေမည့် ရှေ့ပြေးနိမိတ်ပေလော" (The peat fires in Greenland: A harbinger of accelerated ice melting?) ဟူသည့် ဆောင်းပါးဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု၏ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးဌာန (National Aeronautics and Space Administration – NASA) ၏ *NASA Earth Observatory image by Jesse Allen, using Landsat data from the U.S. Geological Survey. (https://earthobservat ory. nasa.gov/IOTD/view.php?id=90709)* တွင် ဖော်ပြထားခြင်း ဖြစ်ပါသည်။

ဂရင်းလန်သည် ကမ္ဘာ့မြောက်ဝင်ရိုးစွန်းအနီး အာတစ်သမုဒ္ဒရာ၌တည်ရှိပြီး နှစ်ပတ်လည်ရေခဲများ ဖုံးလွှမ်းလျက်ရှိသော အအေးပိုင်းဒေသဖြစ်သည်။ ဧရိယာ ၂,၁၆၆,၀၈၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး၊ လူဦးရေ ၅၆,၀၀၀ ကျော်မျှသာ နေထိုင်လျက်ရှိသည်။ ကျွန်းဧရိယာ တစ်ခုလုံး၏ ၈၉ % သည် တစ်နှစ်ပတ်လုံး ရေခဲပြင်ဖုံးလွှမ်းနေသော အအေးပိုင်းသက်သက်ဖြစ်သည်။ အပူပိုင်းဒေသ၊ မြန်မာပြည်အလယ်ပိုင်းက တောမီးနှင့် မီးခိုးတို့အကြောင်း အလေးဂရုပြုနေသော ကျွန်တော့်အဖို့ အဆိုပါဒေသ၏ စိမ့်မြေများ လောင်ကျွမ်းမှုနှင့် မီးခိုးမြူတို့အကြောင်းသည် အထူးပင် စိတ်ဝင်စားစရာဖြစ်ခဲ့ရပါသည်။

ဆောင်းပါးရှင်၏အချက်အလက်များထဲမှ တချို့ကို ထုတ်နုတ်တင်ပြသွားလိုပါသည်။ သိပ္ပံပညာရှင်တို့သည် ဂြိုဟ်တုအာရုံခံစနစ်ဖြင့် ဂရင်းလန်ကျွန်း၏ အနောက်ဖက်ကမ်းခြေတစ်လျှောက်၌ ဧရိယာအတန်အသင့်ကြီးမားသော တောမီးလောင်ကျွမ်းမှုကို ခြေရာခံသိရှိခဲ့ကြရပါသည်။ ဂြိုဟ်တုအာရုံခံစနစ်သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် စတင်ခြေရာခံတွေ့ရှိခဲ့ကြသည်။ ဩဂုတ်လ ၃ ရက်နေ့တွင် ပိုမိုအသေးစိတ်သောပုံရိပ်ကို ထပ်မံရိုက်ကူးနိုင်ခဲ့သည်။ ဂရင်းလန်တွင် မီးလောင်ကျွမ်းမှုကို ဂြိုဟ်တုအာရုံခံစနစ်ဖြင့် စောင့်ကြည့်မှုသည် မကြုံစဖူးမဟုတ်သော်လည်း အချက်အလက်များ စတင်စုဆောင်းခဲ့သည့် ၂၀၀၀ ခုနှစ်နောက်ပိုင်း၌ ထိုတွေ့ရှိရသော ၂၀၁၇ ခုနှစ် တောမီးနှင့် မြူငွေ့ အပူအာရုံခံ အချက်အလက်များသည် ပမာဏအများဆုံးဖြစ်ခဲ့သည်။ အသင့်အတင့်မျှ ကြည်လင်ပြတ်သားသော ပုံရိပ်ဖော် ရောင်စဉ်တန်းရေဒီယိုမီတာ (Moderate Resolution Imaging Spectroradiometer - MODIS) မှ ဖမ်းယူရရှိသည့် မီးအပူသည် သေးငယ်သော တောတွင်းခရီးသွား စခန်းချမီးဖိုများအပါအဝင်ကို မှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လတွင် တွေ့ရှိခဲ့ရသော မီးတောက်နှင့်အပူငွေ့တို့မှာ အတန်သင့်ကြီးမားကျယ်ပြန့်ပြီး သစ်ဆွေးမြေများတွင် လောင်ကျွမ်းနေခြင်းဖြစ်ပုံရကြောင်း မိုင်ယာမီတက္ကသိုလ်မှ သိပ္ပံပညာရှင် ဂျက်စီကာ မက်ကာတီ (Jessica Mc Carty) က မှတ်ချက်ပြုခဲ့ပါသည်။ မီးလောင်မှုအကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရသော်လည်း မီးမလောင်မီ မိုးကြိုးပစ်မှုကဲ့သို့သော မီးဖြစ်စေသည့် အထောက်အထားမှတ်တမ်းများ မတွေ့ရသဖြင့် လူ့ပယောဂကြောင့် ဖြစ်သောမီးဟု ယူဆနိုင်ပါသည်။ အဆိုပါနေရာသည် ရိန်းဒီးယားသမင်များကို အမဲလိုက်လေ့ရှိသည့် ဧရိယာဖြစ်ပါသည်။

ဂရင်းလန်သည် အေးခဲဒေသဖြစ်သော်လည်း လေထုခြောက်သွေ့မှု လွန်ကဲသောအရပ်ဖြစ်ပါသည်။ ဂရင်းလန်၏ အနောက်ဖက်ဧရိယာများ၌ မိုးမခအပင်ပုများ၊ ချုံပုတ်များ၊ ရေညှိများနှင့် အခြားအပင်ငယ်များသည် ခြောက်သွေ့သောလေထုတွင်မီးလောင်ကျွမ်းမှုကိုလွယ်ကူစွာ စတင်နိုင်သည့်အရာများ ဖြစ်နေကြသည်။ ထိုလောင်ကျွမ်းမှုများမှ ကျပ်ခိုးမည်းများနှင့် မီးခိုးမြူတို့ကို ထုထဲစွာ လွင့်ပျံ့စေသည်။ ၎င်းတို့သည် ကျွန်း၏အရှေ့ဖက် ရေခဲပြင်များရှိရာသို့ ပျံ့လွင့်ပြီး ကာဗွန်ဖြင့်မည်းမှောင်သော ဆီးနှင်းနှင့် ရေခဲတန်းတို့ကို ဖြစ်ပေါ်လာစေပါသည်။ ထိုဆီးနှင်းအမည်းများသည် ရေခဲစိုင်များအရည်ပျော်စေမှုကို ပိုမိုမြန်ဆန်စေသည်ဖြစ်သောကြောင့် ရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များအတွက် ဤကိစ္စသည် အရေးတကြီး စိတ်ဝင်စားဖွယ်ဖြစ်နေပါသည်။

၂၀၁၇ ခုနှစ်၊ ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၂၁ ရက်အတွင်းတွင် သစ်ဆွေးမြေလောင်ကျွမ်းခဲ့မှုသည် အေးခဲစိမ့်မြေများ အရည်ပျော်စေခြင်းနှင့်အတူ ကျပ်ခိုးဆီးနှင်းအမည်းများဖြစ်ပေါ်စေပြီး ပုံမှန်ရာသီဥတုကို ထိခိုက်စေမည်ဖြစ်ပါသည်။ ဤဖြစ်ရပ်သည် ဂရင်းလန်ပေါ်သို့ နေရောင်ခြည်ကျရောက်မှု၊ အပူစုပ်ယူမှုနှင့် အလင်းပြန်သက်ရောက်မှုတို့အပေါ် မည်မျှထိခိုက်စေခဲ့ကြောင်း လေ့လာဆန်းစစ်ရန် လိုအပ်လာပါသည်။ "National University of Life and Environmental Sciences of Ukraine" နှင့် King's College London in UK" တို့၏ လေ့လာဆန်းစစ်ထုတ်ပြန်ချက်များအရ သစ်ဆွေးမြေဧရိယာ စုစုပေါင်း

၂,၃၄၅ ဟက်တာခန့်လောင်ကျွမ်းခဲ့ကြောင်း၊ ထိုမှ မီးခိုးမြူတန်းဖြစ်ပေါ်ပြီး အရှေ့ဘက်ရေခဲပြင်ဧရိယာများဆီသို့ ကျပ်ခိုးဆီးနှင်းအမည်းများ စုစုပေါင်း မက်ထရစ် (၇) တန်ခန့်၊တစ်နည်းအားဖြင့် ထွက်ရှိကျပ်ခိုးများ၏ ၃၀ % ခန့်သည် ရေခဲမျက်နှာပြင်များအပေါ် ဖုံးလွှမ်းသွားခဲ့ကြောင်း သိရှိရပါသည်။ ယင်းပမာဏသည် ဂရင်းလန်အဖို့ အံ့ဖွယ်ဖြစ်ရပ်မှန်သော်လည်း တစ်ကမ္ဘာလုံးဆိုင်ရာ မှတ်တမ်းပမာဏများနှင့်နှိုင်းယှဉ်ပါက အနည်းငယ်မျှသာဖြစ်နေသေးပါသည်။ သို့သော် လျစ်လျူရှုစရာမဟုတ်သည်ကို နော်ဝေနိုင်ငံ သိပ္ပံပညာရှင်အသင်းမှ အကြီးတန်းသိပ္ပံပညာရှင် Andreas Stohl က ဗီယင်နာတွင်ကျင်းပသော ဥရောပဘူမိသိပ္ပံသမဂ္ဂ၏ အထွေထွေညီလာခံ (General Assembly of the European Geosciences Union in Vienna) တွင် တင်ပြသွားခဲ့ပါသည်။

ဂရင်းလန်တွင် ထူထဲသောသစ်တောနှင့် ခြောက်သွေ့လောင်စာ များများစားစားရှိသည် မဟုတ်ပါ။ မီးလောင်ကျွမ်းစေရန်အတွက် အဓိကအထောက်အကူ ဖြစ်စေသည်မှာ အေးခဲစိမ့်မြေများ လျော့ပါးပျက်စီးခြင်းကသာ ဖြစ်ပါသည်။ အစောပိုင်းကာလများက ခန့်မှန်းချက်အရ ဂရင်းလန်၏ အေးခဲစိမ့်မြေများပျက်ယွင်းမှုသည် ၂၁ ရာစု နှောင်းပိုင်းတွင် စတင်ဖြစ်ပေါ်လာနိုင်သည်ဟု ဆိုပါသည်။ သို့ရာတွင် ယခုလက်ရှိတွေ့ကြုံရမှုများအရ မူလခန့်မှန်းချက်ထက်များစွာစောပြီး အေးခဲစိမ့်မြေများ ပျက်ယွင်းလျော့နည်းမှုကြုံလာရပြီဟု သုံးသပ်နိုင်ပါသည်။ ရေခဲမျက်နှာပြင်များပေါ်တွင် ကျပ်ခိုးနှင့်မီးခိုးမြူမည်းများ ဖုံးလွှမ်းသွားခဲ့မှုကြောင့် နေရောင်ခြည်ကျရောက်ခြင်းနှင့် အလင်းပြန်ခြင်းစသည့် အပူစုပ်ယူမှုနှင့် ပြန်လည်ထုတ်လွှတ်မှုဆိုင်ရာပြောင်းလဲခြင်း (albedo change) သည် ၀.၀၀၆ ခန့်ဖြစ်မည်ဟု ခန့်မှန်းတွက်ချက်ကြောင်း သိရှိရပါသည်။ တစ်နည်းအားဖြင့်ဆိုရသော် ထိုပမာဏသည် ဂြိုဟ်တုမှတိုင်းတာရန် အလွန်သေးငယ်ပြီး သာမန်မျက်စိအမြင်ဖြင့်လည်း သိသာနိုင်မည် မဟုတ်ဟုဆိုပါသည်။ ထိုနှစ် ဩဂုတ်လ ၃၁ ရက်နေ့ မွန်းတည့်အချိန်တွင် ပျမ်းမျှလက်ငင်း မျက်နှာပြင်မှ နေရောင်ခြည်ဖြာထွက်အားမှာ ၀.၀၃ Watt/m2 ရှိပြီး၊ ဒေသအတွင်း ဖြစ်ပေါ်သော အမြင့်ဆုံးတန်ဖိုးများမှာ ၀.၆၃ Watt/m2 ဖြစ်သည်ဟု သိရှိရပါသည်။

ဂရင်းလန်၏ စိမ့်မြေတောမီးသည် ကမ္ဘာနှင့်ယှဉ်သော် သေးငယ်ပမာဏဖြစ်သော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အခြေခံအချက်များတွင် အရေးပါသောကိစ္စတစ်ခုဖြစ်နေပါသည်။ အပူပိုင်းဒေသဖြစ်သော မြန်မာနိုင်ငံမှ တောမီးကိုစိုးရိမ်နေသည့်နည်းတူ ရေခဲပြင်ဧရိယာများအကြားက တောမီး (wild fire) ကိုလည်း သတိထားမိစရာ ဖြစ်လာရပါသည်။ ကျွန်တော် ဖတ်ရှုမိသောဆောင်းပါးတစ်ပုဒ်အရ ၂၀၁၇ ခုနှစ်က အဆိုပါစိမ့်မြေတောမီးအကြောင်းကိုသာ ဖော်ပြခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက်ပိုင်းတွင် ဂရင်းလန်ကဲ့သို့သော အေးခဲစိမ့်မြေများပျက်ယွင်းခြင်းနှင့် အခြားသော ရေခဲပြင်ဧရိယာများ၌ တောမီးလောင်ကျွမ်းမှု ဖြစ်စဉ်များလည်း ရှိနေခဲ့နိုင်မည်ဖြစ်ပါသည်။ ရာသီဥတုပြောင်းလဲခြင်းအပေါ် သက်ရောက်မှုများရှိနေသည့် တောမီးနှင့်မီးခိုးမြူငွေ့ ထိန်းချုပ်ကာကွယ်တားဆီးရေးဆိုင်ရာ လုပ်ငန်းစဉ်များအပေါ်တွင် အလေးထား ဆောင်ရွက်နိုင်ကြပါစေရေးအတွက် စေတနာမွန်ဖြင့် တင်ပြအပ်ပါသည်။






PDF Compressor Free Version



# စိမ်းလန်းစိုပြည် ကျိုက်ထီးရိုးမြေ

မိုးသန်း (ဖဟာသတ္တ)

ကျိုက်ထီးရိုးဒေသအား ၁၉၉၇ ခုနှစ်တွင် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း ကြေညာခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် ကျိုက်ထီးရိုး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအဖြစ် သတ်မှတ်ခဲ့ပါသည်။ ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ကျိုက်ထိုမြို့နယ်အတွင်း တည်ရှိပြီး (၆၀.၃၁ စတုရန်းမိုင်)၊ (၃၈,၆၀၀ဧက) ကျယ်ဝန်းပါသည်။ ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးသည် ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်းကျေးရွာတွင်တည်ရှိပြီး ကျိုက်ထီးရိုးဒေသအား ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျိုက်ထီးရိုးဒေသတည်ရှိရာသည် ပေါင်းလောင်းတောင်တန်း၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့်အလျောက် တောင်ကုန်း၊ တောင်တန်း၊ လျှိုမြောင်၊ ချောင်းငယ်များ၊ ရေထွက်စမ်း၊ သဘာဝပေါက်ပင်၊ ရှားပါးတောရိုင်းတိရစ္ဆာန်များ၊ ရေတံခွန်ငယ်များ၊ ဘယဆေးပင်များ၊ သစ်ခွမျိုးစိတ်များပေါက်ရောက်လျက်ရှိပြီး တောအမျိုးအစားအနေဖြင့် အမြဲစိမ်းတော၊ အထက်ရွက်ပြတ်ရောနှောတောစုံနှင့် တောင်ပေါ်တောအမျိုးအစားများ ပေါက်ရောက်တည်ရှိပါသည်။

ရာသီဥတုအနေဖြင့် တောင်ပေါ်ဒေသဖြစ်သည့်အတွက် အေးမြစိုစွတ်ပြီး မိုးရာသီကာလတွင် မိုးရေချိန်အလွန်များပြားသည့်ဒေသ ဖြစ်ပါသည်။ ကျိုက်ထီးရိုးစေတီတော်တည်ရှိပုံနှင့် ထူးခြားချက်မှာ စေတီတော်၏ အောက်ခံကျောက်တုံးကြီးသည် ဂရန်းနိုက်ကျောက်အမျိုးအစားဖြစ်ပြီး အမြင့် (၂၅) ပေ၊ လုံးပတ် (၅၀) ပေခန့်ရှိပြီး ကျောက်တုံးကြီးသည် တောင်စွန်းပေါ်တွင် ဟန်ချက်ညီညီ တည်ရှိနေပြီး အောက်ခြေကျောက်နှင့် ထိတွေ့ကွာဟမှုဧရိယာမှာ အလွန်သေးငယ်ပြီး အပ်ချည် တစ်မျှင်စာမျှ ဖြတ်သန်းနိုင်အောင်ကွာဟနေသည်ဟု အစဉ်အဆက်ယုံကြည်ခဲ့ကြပါသည်။ ကျောက်တုံးကြီးပေါ်တွင် အမြင့်ပေ (၂၄) ပေ ရှိသော စေတီတော်ကို တည်ထားကိုးကွယ်ပြီး မြတ်ဗုဒ္ဓ၏ဆံတော်ရှင်အား ထည့်သွင်းပူဇော်ထားပါသည်။

ကျိုက်ထီးရိုးဆိုသည်မှာ မွန်ဘာသာစကား "ကျိုက် – က္လသိ – ယိုး" မှ ဆင်းသက်လာခြင်း ဖြစ်ပါသည်။

"ကျိုက်" – ဘုရား

"က္လသိ" – ရသေ့

"ယိုး" – ရွက်ဆောင်ခြင်း၊ ထမ်းပိုးခြင်း

အဓိပ္ပါယ်မှာ ရသေ့၏ဦးခေါင်းပေါ်တွင် တည်ထားသော ဘုရားဟု အဓိပ္ပါယ်ရသည်။



ကျိုက်ထီးရိုးတောင် (ခေါ်) ပေါင်းလောင်းတောင်၏ အမြင့်မှာ (၃,၆၁၅ ပေ) နှင့် ရသေ့တောင် (၃,၁၈၈ ပေ) တို့သည် ကျိုက်ထီးရိုးစေတီတော်မြတ်တည်ရှိရာဒေသ၏ အမြင့်ဆုံးတောင်များ ဖြစ်ကြပါသည်။

ကျိုက်ထီးရိုးဒေသသည် ဘာသာရေးအရ အထွတ်

PDF Compressor Free Version

အမြတ်ထားရာဒေသ ဖြစ်ရုံသာမက ဇီဝမျိုးစုံမျိုးကွဲများ ပေါ်များထွန်းသည့် ဒေသတစ်ခုဖြစ်ပါသည်။ ကျားသစ်၊ အင်းကျား၊ တောင်ဆိတ်၊ ဝက်ဝံ၊ တောဝက်၊ ဂျီ၊ တောကြောင်အမျိုးမျိုး၊ ရှားပါးလုနီးပါးမျိုးစိတ်များဖြစ်ကြသော မျောက်မျက်ကွင်းဖြူ၊ သင်းခွေချပ်များကိုလည်း လေ့လာတွေ့မြင်နိုင်ပြီး ချောင်းမြောင်းပေါများသည့်ဒေသဖြစ်သည့်အလျောက် ကုန်းနေရေနေ သတ္တဝါအစုံကိုလည်း မြင်တွေ့နိုင်ပါသည်။ ကျိုက်ထီးရိုးဒေသတွင် စတင်တွေ့ရှိခဲ့သော မျိုးစိတ်အသစ်ဖြစ်သည့် စပါးနီမြွေ (Burmese Short-tailed Python Python kyaiktiyo-Squamata Serpents) မြွေမျိုးများအပါအဝင် ကုန်းနေရေနေတွားသွား (၄၀) မျိုး၊ ငှက်မျိုးစိတ် (၅၁) မျိုး၊ လိပ်ပြာ (၄၅) မျိုး စသည့် သဘာဝတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားလျက်ရှိပြီး သဘာဝပေါက်ပင်များအနေဖြင့် သစ်မျိုး (၂၃) မျိုး၊ ဝါးမျိုး (၉) မျိုး၊ ကြိမ် (၃) မျိုး၊ ဆေးဘက်ဝင်အပင် (၁၃) မျိုးနှင့် သစ်ခွ (၂၀) မျိုး ပေါက်ရောက်လျက်ရှိပါသည်။ ကျိုက်ထီးရိုးဘေးမဲ့တောအတွင်း တောင်ဆိတ် (Serow) များအတွက် အရေးပါသောနေရာတစ်ခု ဖြစ်ပါသည်။ တောင်ဆိတ်သည် မြန်မာနိုင်ငံတွင်ရှားပါး၍ ကာကွယ်ထားရသည့် တောရိုင်းတိရစ္ဆာန်ဖြစ်ပြီး ကျောက်ဆောင်ထူထပ်သည့် ချောက်ကမ်းပါးများတွင် ကျက်စားလေ့ရှိပါသည်။ ကျိုက်ထီးရိုးသဘာဝနယ်မြေသည် မတ်စောက်သော ကျောက်ဆောင်၊ တောင်တန်းများ၊ ပေါက်ရောက်သည့် သဘာဝအပင်များ၊ စိမ့်စမ်းများသည် ၎င်းတို့အတွက်အလွန်ကောင်းမွန်သော ဘေးကင်းသည့် နေရာတစ်ခု ဖြစ်ပါသည်။

ကျိုက်ထီးရိုးဘုရားပွဲတော်အား နှစ်စဉ်ပုံမှန်အားဖြင့် သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ဘုရားပွဲတော်ကာလအဖြစ် သတ်မှတ်ထားသော်လည်း တစ်နှစ်ပတ်လုံး သွားလာနိုင်သည့် လမ်းခရီးများကြောင့် စည်ကားလျက်ရှိပါသည်။ ကင်မွန်းချောင်းမှတစ်ဆင့် ဘုရားဖူးများအားပို့ဆောင်ရန် တောင်တက်မော်တော်ယာဉ် ကားအစီးရေ (၁၅၀) နေ့စဉ်ပြေးဆွဲလျက်ရှိပြီး ရသေ့တောင်စခန်းမှ ဆံတော်ရှင်စေတီတော်အထိ ကေဘယ်လ်ကား (Cable Car) ဖြင့် သွားရောက်နိုင်ပါသည်။ ကင်မွန်းချောင်းစခန်းမှ ဘုရားရင်ပြင်တော်အထိ ခြေလျင်တက်လိုသူများအတွက်လည်း ခြေလျှင်တောင်တက်လမ်းရှိပြီး ရေတံခွန်၊ စိမ့်စမ်း၊ ကျေးငှက်သံများနှဲ့ ရာသီအလိုက်ပွင့်သော ပန်းရနံ့ရှူရှိုက်လို့ သဘာဝဝန်းကျင်ကိုခံစားရင်း မောသမျှပြေပျောက် စေတီတော်ထိ အရောက်သွားနိုင်ကြပါသည်။ ဆံတော်ရှင်ကျိုက်ထီးရိုးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများအနေဖြင့် အထူးလည်ပတ် သွားရောက်သင့်သည့်နေရာမှာ တောင်အထပ်ထပ်၊ ကြီးမားသည့် ကျောက်တုံးကျောက်ဆောင်များကြားမှ ကြည်လင်အေးမြစွာ (၁၂)ရာသီ စီးဆင်းနေသော ကဒတ်ချောင်းပင်ဖြစ်သည်။ ကဒတ်ချောင်းသည် နှစ်စဉ်ဝါဆိုလပြည့်နေ့ရောက်တိုင်း ဝါဆိုပန်းချိုးနေ့ဟု ဒေသခံပြည်သူများနှင့် ဘုရားဖူးများ ယုံကြည်သက်ဝင်ကြ၍ ၎င်းနေ့တွင် လူအများ ကြက်ပျံမကျ စည်ကားလျက်ရှိပါသည်။ ကဒတ်ချောင်းအနီး ပတ်ဝန်းကျင်တွင် စားသောက်ဆိုင်တန်းများ၊ ချောင်းအတွင်း ရေကူးကြသူများ၊ အမှတ်တရ ဓာတ်ပုံရိုက်ကူးသူများနှင့် လွန်စွာစည်ကားသည့် ခရီးသွားရင်း ပင်ပန်းနွမ်းနယ်သမျှ ပြေပျောက်စေသည့် နေရာတစ်ခုဖြစ်ပါသည်။

လေ့လာကြည့်ရှုအပန်းဖြေနိုင်သည့် အခွင့်အလမ်းများအနေဖြင့် ဘူမိရုပ်သွင်အရ ထူးခြားအံ့သြဖွယ်ရာဖြစ်သော သဘာဝကျောက်တုံးကြီးပေါ်တွင်တည်ရှိနေသော ကျိုက်ထီးရိုးစေတီတော် ဖူးမျှော်နိုင်ခြင်း၊ တောင်တက်မော်တော်ယာဉ်ကားများဖြင့် သွားရောက်နိုင်ပြီး ခြေလျင် တောတွင်း တောင်တက်လမ်းလျှောက်၍ သဘာဝရှုခင်းအလှကို မြင်တွေ့ခံစားနိုင်ခြင်း၊ ဒေသရင်းငှက် မျိုးစိတ်များ၊ တောရိုင်းတိရစ္ဆာန်များကို မြင်တွေ့နိုင်ကြပြီး ချောင်း၊ မြောင်း၊ စိမ့်စမ်း၊ ရေတံခွန်ငယ်များ၊ သဘာဝအလျောက်ပေါက်ရောက်သည့် သစ်ခွမျိုးစိတ်များနှင့် အပင်များကို လေ့လာကြည့်ရှုအပန်းဖြေနိုင်သော အခွင့်အရေးများလည်း ရရှိနိုင်ပါသည်။ သဘာဝတောများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုအတွက် ရေအရင်းအမြစ်များထိန်းသိမ်းခြင်း၊ ဆေးဖက်ဝင်အပင်နှင့် အသေးစားသစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲနိုင်ခြင်း သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြင့် ဒေသခံများ၏အခြေခံစားဝတ်နေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများ အထောက်အကူ ဖြစ်စေပါသည်။ ဒေသခံပြည်သူများ အနေဖြင့် မိရိုးဖလာ ဉယျာဉ်ခြံလုပ်ငန်းလုပ်ကိုင်ခြင်း၊ သစ်၊ ဝါးဖြင့် ပြုလုပ်ထားသည့် ကျိုက်ထီးရိုးအမှတ်တရ ဝါးသေနတ်မျိုးစုံ၊ ခြင်း၊ ပလိုင်း၊ ဒေသထွက်သစ်သီးယိုမျိုးစုံနှင့် အမှတ်တရ အဝတ်အထည်များ၊ ရာသီအလိုက်အသီးအနှံများရောင်းချခြင်းဖြင့် ဒေသခံများအတွက် ဝင်ငွေရရှိအောင် အထောက်အကူဖြစ်စေပါသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးစေသည့် စိန်ခေါ်မှုများအနေဖြင့် ဉယျာဉ်ခြံမြေချဲ့ထွင်ခြင်း၊ ခရီးသွားပြည်သူများ များပြားခြင်းကြောင့် ပလတ်စတစ်နှင့် အမှိုက်စွန့်ပစ်မှုများပြားခြင်း၊ တောမီးရှို့ခြင်းတို့သည် ကျိုက်ထီးရိုးဒေသ၏ ဂေဟစနစ်အတွက် စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ပါသည်။

*စာမျက်နှာ (၅၄) သို့*

PDF Compressor Free Version

# ဂေဟစနစ် ဝန်ဆောင်မှုများ တန်ဖိုးဖြတ်ခြင်း (Valuation of Ecosystem Services)




ဒေါက်တာ ဖြူဖြူညင်း

ဂေဟစနစ်ဟူသော ဝေါဟာရသည် စာလုံးလေးလုံးနှင့်သာ ဖွဲ့စည်းထားသော်လည်း ၎င်းအဓိပ္ပါယ်သည်ကားကျယ်ပြန့်လှသည်သာမက ၎င်းမှ လူသားတို့အား ပေးစွမ်းနိုင်သော အကျိုးကျေးဇူးများသည်လည်း များပြားလှပေသည်။ ဂေဟစနစ်ဆိုသည်မှာ သက်ရှိများနှင့် သက်မဲ့များ (ရေ၊ လေ၊ မြေ)တို့ ပတ်ဝန်းကျင်တစ်ခုတွင် ဆက်စပ်တည်ရှိနေသော အစုအဖွဲ့တစ်ခုကို ဆိုလိုပါသည်။ တန်ဖိုးဖြတ်ခြင်း (Valuation) ကို တန်ဖိုး၊ အရည်အသွေး (သို့) လုပ်ငန်းဆောင်ရွက်မှုတစ်ခုခုကို အကဲဖြတ်ခြင်း၊ တိုင်းတာခြင်းဟူ၍ အဓိပ္ပါယ်သတ်မှတ်နိုင်ပေသည်။ သို့ဖြစ်၍ ဂေဟစနစ် ဝန်ဆောင်မှုများ တန်ဖိုးဖြတ်ခြင်းကို ဂေဟစနစ်များနှင့် ၎င်း၏ဝန်ဆောင်မှုများကို ငွေကြေးတန်ဖိုးများဖြင့် ဖော်ပြခြင်းဟူ၍ သတ်မှတ်နိုင်ပေသည်။ ဂေဟစနစ်ဝန်ဆောင်မှုများသည် သက်ရှိလူသားများအတွက် အရေးပါလှသော်လည်း ၎င်းတို့၏ စီးပွားရေးစနစ်အားအထောက်အကူပြုနိုင်မှုကို ငွေကြေးတန်ဖိုးများဖြင့်ဖော်ပြရန်ခက်ခဲလှသည်။ ဂေဟစနစ်ဝန်ဆောင်မှုများကို တန်ဖိုးဖြတ်ရာတွင် စီးပွားရေးရှုထောင့်မှ တွက်ချက်ထားသော တန်ဖိုးအပြင် ဂေဟဗေဒစနစ်တစ်ခုလုံး၏ အထောက်အပံ့ပြုနိုင်မှုများစွာ (ဥပမာ – အကျိုးအမြတ်ရပိုင်ခွင့်များ၊ ပိုင်ဆိုင်ခွင့်များ၊ အလှရသခံစားနိုင်မှုများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ကျန်းမာရေးအထောက်အကူပြုနိုင်မှုအခြေအနေ စသဖြင့် အခြားသောရှုထောင့်ပေါင်းများစွာ) ပါဝင်လျက်ရှိပါသည်။ ယခင်က ထိုကဲ့သို့သော ဂေဟစနစ်တစ်ခု၏ ထောက်ပံ့မှုများကို ကုန်ပစ္စည်းတစ်ခုအနေဖြင့် ရောင်းချနိုင်ခဲ့ခြင်းမရှိသည့်အတွက် မူဝါဒနှင့် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ထည့်သွင်းစဉ်းစားခြင်း မရှိခဲ့ပေ။ အကျိုးဆက်အနေဖြင့် ရေတိုအကျိုးအမြတ် ရနိုင်ပြီး ရေရှည် မတည်တံ့စေနိုင်သော အသုံးပြုမှုများကိုသာ စဉ်းစားခဲ့ကြသဖြင့် ပျက်စီးဆုံးရှုံးမှုများ ဆက်လက် ဖြစ်လာရပေသည်။ ထို့ကြောင့် ဂေဟစနစ် တန်ဖိုးဖြတ်ခြင်းကို ဂေဟစနစ်များ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန်နှင့် ဈေးကွက်ဆုံးရှုံးမှုများ မဖြစ်စေရန် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် အသုံးဝင်သည့်နည်းလမ်းတစ်ခုအဖြစ် အသုံးပြုလာကြသည်။ သို့ရာတွင် ဂေဟစနစ်တန်ဖိုးဖြတ်ခြင်းသည် သဘာဝတရားကြီးအား ကုန်ပစ္စည်းတစ်ခုအဖြစ် ရောင်းဝယ်မှုပြုရန်အတွက် ဈေးနှုန်းသတ်မှတ်ခြင်းမဟုတ်ပေ။ လူအဖွဲ့အစည်းတစ်ခုလုံးအား အကျိုးကျေးဇူးများစွာပေးနိုင်သည့် အညွှန်းတစ်ခုအဖြစ် စီးပွားရေး၊ နိုင်ငံရေးနှင့် ပတ်ဝန်းကျင်ဂေဟစနစ်ထိန်းသိမ်းရေးများတွင် ထည့်သွင်းစဉ်းစားရန်အတွက်သာ သတ်မှတ်ခြင်းဖြစ်ပေမည်။




ဂေဟစနစ်ဝန်ဆောင်မှုများကို စီးပွားရေးအရတန်ဖိုးတွက်ချက်ရာတွင် Total Economic Value (TEV) Framework ကို အများဆုံးအသုံးပြုကြသည်။ ထိုနည်းလမ်းတွင် လူသားများနှင့်ဆက်နွယ်လျက်ရှိသော ဂေဟစနစ်၏အကျိုးကျေးဇူးနှင့် တန်ဖိုးအမျိုးမျိုးကို စုစည်းဖော်ပြထားသည်။

ဂေဟစနစ်တစ်ခု၏ တန်ဖိုးဟုဆိုရာ၌ အသုံးပြုနိုင်သော အကျိုးကျေးဇူးများ (Use Value) နှင့် အသုံးမပြုနိုင်သော အကျိုးကျေးဇူးများ (Non-Use Value) ဟူ၍ ခွဲခြားနိုင်ပေသည်။ အသုံးပြုနိုင်သော အကျိုးကျေးဇူးများ (Use Value) တွင် တိုက်ရိုက် အသုံးချနိုင်သော အကျိုးကျေးဇူး (Direct Use Value) များ (ဥပမာအားဖြင့် အစားအစာထောက်ပံ့မှုများ၊ သစ်နှင့်အခြားသစ်တောထွက်ပစ္စည်းများ ထုတ်လုပ်နိုင်မှုများ၊ အပန်းဖြေအနားယူမှုများ၊ သုတေသန လုပ်ငန်းဆောင်ရွက်မှုများ) အပြင် သွယ်ဝိုက်၍

PDF Compressor Free Version



ရသော အကျိုးကျေးဇူး (Indirect Use Value) များ (ဥပမာအားဖြင့် သစ်တောများ၏ ရေထု၊ လေထုသန့်စင်ပေးနိုင်မှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များကို လျော့နည်းစေရန် ထိန်းညှိပေးနိုင်မှု)တို့ ပါဝင်သည်။ ထို့ပြင် အသုံးမပြုနိုင်သော ဝန်ဆောင်မှုတစ်ခုအတွက် ၎င်းဝန်ဆောင်မှုမရှိလျှင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို ရှောင်လွှဲနိုင်ရန် လူသားတို့က ပေးဆောင်လိုသည့် ဈေးနှုန်းတစ်ခုကို ခန့်မှန်းတွက်ယူနိုင်သော Option Value (အနာဂတ်တွင် ရရှိနိုင်သော အကျိုးကျေးဇူး)များလည်း ပါဝင်သည်။ ဥပမာအားဖြင့် လူတစ်ယောက်၏ အပန်းဖြေအနားယူစရာ နေရာတစ်ခုကို နောင်ကာလများစွာတိုင် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းလိုစိတ်ဖြင့် အခကြေးငွေ ပေးဆောင်လိုခြင်းကို ဆိုလိုသည်။ သို့သော် တစ်ခါတစ်ရံတွင် ထိုတန်ဖိုးသည် လက်ရှိကာလတွင် တိုက်ရိုက်အသုံးပြုနိုင်ခြင်း မရှိသည့်အတွက် အသုံးမပြုနိုင်သော အကျိုးကျေးဇူးများ (Non-Use Value) တွင် ထည့်သွင်းစဉ်းစားကြသည်။

အသုံးမပြုနိုင်သော အကျိုးကျေးဇူးများ (Non-Use Value) တွင် လူသားတို့ အသုံးမပြုသည့်တိုင် ထိုဂေဟစနစ်ဝန်ဆောင်မှုတစ်ခုတည်ရှိနေခြင်းကို စိတ်ပျော်ရွှင်ကျေနပ်မှုမှ ရရှိလာသည့် Existence Value များ ပါဝင်သည်။ ဥပမာ ပန်ဒါဝက်ဝံများကို မမြင်ဖူးသည့်တိုင် ၎င်းတို့ရှိနေခြင်းကြောင့် ရရှိလာသည့် စိတ်ကျေနပ်မှုတန်ဖိုးကို ဆိုလိုသည်။ ထို့ပြင် အမွေအနှစ်တန်ဖိုး (Bequest Value) များ (ဥပမာ - သဘာဝပတ်ဝန်းကျင်အား နောင်လာနောက်သားများထံ လက်ဆင့်ကမ်းလိုသော အသိစိတ်ဓာတ်)လည်း ပါဝင်ပေသည်။

ဂေဟစနစ်တစ်ခုအား တန်ဖိုးဖြတ်နိုင်သည့် နည်းလမ်းများစွာရှိပါသည်။ အသုံးပြုမည့်နည်းလမ်းကို ရွေးချယ်ရာတွင် ရှိနေသောဂေဟစနစ်၏ ဝိသေသလက္ခဏာများ၊ တွက်ယူလိုသည့် ဝန်ဆောင်မှုအမျိုးအစား၊ ရရှိနိုင်သော အချက်အလက်များနှင့် အချိန်ကာလ၊ ရှိနေသော အရင်းအမြစ်များနှင့်ရည်ရွယ်ချက်များအပေါ်တွင် မူတည်နေသည်။ အထက်တွင် ဖော်ပြခဲ့သော TEV ၏ တန်ဖိုးအမျိုးအစားများကို နားလည်လျှင် မည်သည့်စီးပွားရေးတန်ဖိုးတွက်ချက်မှုနည်းလမ်းကို အသုံးပြုမည်ကို စဉ်းစားဆုံးဖြတ်နိုင်မည်ဖြစ်သည်။ တန်ဖိုးတွက်ချက်ရာ၌ တိုက်ရိုက် အသုံးချနိုင်သော အကျိုးကျေးဇူး (Direct Use Value) များသည် စဉ်းစားရာတွင် လွယ်ကူနိုင်ပြီး အသုံးမပြုနိုင်သော အကျိုးကျေးဇူးများ (Non-Use Value) တန်ဖိုးတွက်ချက်ရာတွင် အခက်အခဲများစွာ ရှိနိုင်ပေသည်။ တန်ဖိုးဖြတ်ရာတွင် အများဆုံးအသုံးပြုသော နည်းလမ်းများကို အောက်ဖော်ပြပါပုံတွင် ဖော်ပြထားသည်။

| | TOTAL ECONOMIC VALUE (TEV) | | | | |
|---|---|---|---|---|---|
| | USE VALUE | | | NON-USE VALUE | |
| TEV CATE-GORIES | Direct use value | Indirect use valuet | Option value | Existence value | Bequest value |
| COMMONLY USED VALUATION METHODS | Market based, revealed preference, cost-based and state preference approaches | Change in productivity, cost-based and state preference approaches | Change in productivity, cost-based and state preference approaches | State preference approaches | State preference approaches |

Decreasing ease of valuation →

အချုပ်အားဖြင့်ဆိုရသော် ဂေဟစနစ်ဝန်ဆောင်မှုများ တန်ဖိုးဖြတ်ခြင်းအားဖြင့် မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် များစွာအကျိုးရှိနိုင်ပေသည်။ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများချမှတ်ရာတွင် ဂေဟစနစ်နှင့် လူအဖွဲ့အစည်းကို ထိခိုက်နိုင်သည့် အခြေအနေမျိုးဖြစ်ပါက ဆောင်ရွက်ရန် သင့်မသင့် အကဲဖြတ်နိုင်သည်။ ရင်းနှီးမြှုပ်နှံမှုတစ်ခုသို့ စီမံကိန်းတစ်ခု၏ တွက်ခြေကိုက်မှုကို နှိုင်းယှဉ်ဆုံးဖြတ်နိုင်သည်သာမက ပတ်ဝန်းကျင်ထိခိုက်နိုင်မှု အလားအလာများကိုလည်း အကဲဖြတ်နိုင်သည်။ ထို့ပြင် ဂေဟစနစ်ဝန်ဆောင်မှုများမှ ငွေကြေးရရှိနိုင်

ရန် ဈေးကွက်ဖန်တီးမှုများ (ဥပမာ – ကမ္ဘာ့ကာဗွန်ဈေးကွက်များတွင် ရောင်းချခြင်း) ပြုလုပ်နိုင်သည်။ ဂေဟစနစ် ဝန်ဆောင်မှုများသည် လူသားများ၏ လူမှုစီးပွားကို အထောက်အကူပြုနိုင်မှုကို ပြည်သူများသိရှိစေရန် အသိပညာပေးခြင်းများ လုပ်ဆောင်ရာ၌လည်း အသုံးပြုနိုင်သည်။

PDF Compressor Free Version

ကိုးကားချက်များ–

- Science for Environment Policy (2015). Ecosystem Services and the Environment. In-depth Report 11 produced for the European Commission, DG Environment by the Science Communication Unit, Bristol. http://ec.europa.eu/science-environment-policy
- GIZ (2012). Economic Valuation of Ecosystem Services
- http://en.m.wikipedia.org/wiki/Ecosyste
- www.fao.org/docrep/006/y4773e.y 4773e 04.htm

"အဂတိလိုက်စားမှု ရှောင်ရှားရန်"

"ပေးကမ်းခြင်းသည် အောင်မြင်ရာ၏" ဟူသော စကားပုံတစ်ခုတွင် စွန့်ကြဲခြင်းသဘောထားနှင့် အပေးအယူလုပ်ခြင်းသဘောထား အဓိပ္ပါယ်နှစ်မျိုးတွေ့ရှိရသော်လည်း လူအများစုကမူ အဂတိလိုက်စားမှုကို အားပေးသော အပေးအယူလုပ်ခြင်းသဘောထားကို ရှေးဦးစွာ တွေးမိကြမည်ဖြစ်၏

*စာမျက်နှာ (၅၁) မှအဆက်*

သစ်တောဦးစီးဌာန၊ သဘာဝဝန်းကျင်နှင့်သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနအနေဖြင့် ကျိုက်ထီးရိုးဒေသအား သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် ထိန်းသိမ်းကြခြင်းရည်ရွယ်ချက်မှာ

- ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ခိုင်မြဲစေရန်
- ရေအရင်းအမြစ်များထိန်းသိမ်းရန်
- သိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများ လေ့လာဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။



ကျိုက်ထီးရိုးဒေသ၏ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများ၊ ရှားပါးတောရိုင်းတိရစ္ဆာန်များအား ထိန်းသိမ်းကာကွယ်ရန်အတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း အစီအစဉ် (RNH) လုပ်ငန်းများကိုလည်း ကျိုက်ထီးရိုးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောရှိဝန်ထမ်းများမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ သဘာဝတောများရေရှည်တည်တံ့ခိုင်မြဲဖို့ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ကြပါစို့လို့ တိုက်တွန်းလိုက်ပါသည်။

''သစ်မျိုးစုံစွာ ပန်းလိပ်ပြာနှင့်
ကျေးငှက်တေးဆို နားဝင်ချိုသည့်
ရေတံခွန်စိမ့်စမ်း ကျောက်တောင်တန်းဖြင့်
သစ်တောဂေဟ စဉ်မြဲလှသည့်
လေ့လာမကုန် ဇီဝစုံပြီး
မြင်သူဘဝင်နှလုံး ရွှင်မြူးမဆုံးတဲ့
စိမ်းလန်းစိုပြည် ကျိုက်ထီးရိုးမြေ။''

ယခင်လမှအဆက်

PDF Compressor Free Version

# ကောင်းကင်မှကျလာသည့် သစ်ပင်မျိုး

ဦးငွေးအောင် (စိမ်းစိုသစ်)

**ဦးငွေးအောင် (ညွှန်ကြားရေးမှူးချုပ်– အငြိမ်းစား)**

**ကလောင်အမည်– ဦးငွေးအောင် (စိမ်းစိုသစ်)**



ဆရာ ဦးငွေးအောင် (ညွှန်ကြားရေးမှူးချုပ်– အငြိမ်းစား) ကို ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၌ အဖဦးကြည်ရှိန်– အမိဒေါ်လှလှတို့မှ (၁၅–၇–၁၉၆၁) ရက်တွင် မွေးဖွားခဲ့သည်။

ဆရာသည် ၁၉၈၃ ခုနှစ်၌ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ သိပ္ပံဘွဲ့ (သစ်တောပညာ) ရရှိခဲ့ပြီး သစ်တောဦးစီးဌာနတွင် စိုက်ကွက်လက်ထောက်ရာထူးဖြင့် စတင်အလုပ်ဝင်ရောက်၍ ရာထူး အဆင့်ဆင့်တိုးမြှင့်ကာ ညွှန်ကြားရေးမှူးချုပ်ရာထူးဖြင့် ၂၇–၄–၂၀၁၁ ရက်မှစ၍ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနနှင့် ၁၅–၉–၂၀၂၁ မှ ၁၄–၇–၂၀၂၃ ရက်ထိ သစ်တောဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်ပြီး သက်ပြည့်ပင်စင်ခံစားခဲ့သည်။

ယနေ့အချိန်အထိ ဦးငွေးအောင် (စိမ်းစိုသစ်) ကလောင်အမည်ဖြင့် သစ်တောကြေးမုံတွင် သစ်တောဆိုင်ရာ အသိပညာပေးစာပေများကို ရေးသားလျက်ရှိသည်။

၁၃။ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) သစ်မျိုးရွေးချယ်ခြင်း။ သစ်စေ့တိုက်ရိုက်ချစိုက်ပျိုးခြင်း/ သစ်စေ့မြေလုံးကြဲချခြင်းပြုမည်ဆိုပါက ဆောင်ရွက်မည့်နေရာဒေသပေါ်မူတည်ပြီး ဒေသနှင့်ကိုက်ညီမည့် သစ်မျိုး၊ သစ်စေ့၏အပင်ပေါက်ရောက်နိုင်မှု ရာခိုင်နှုန်း၊ သစ်စေ့၏စေ့တွင်းစာ (Viability) သိုလှောင်နိုင်မှုကာလ၊ မျိုးဆက်ပြန့်ပွားရန် လွယ်ကူလျင်မြန်မှု၊ အစေ့မှအညှောက်၊ အပင်ဖြစ်စတွင် ရာသီဥတုနှင့်ကျွဲ၊ နွားအစရှိသည့် အိမ်မွေးတိရစ္ဆာန်ဖျက်ဆီးမှု စသည်တို့ကို အခြေခံစဉ်းစားပြင်ဆင်သင့်ပါသည်။ ထိုသို့ရွေးချယ်ရာတွင် အစေ့ချစိုက်ပျိုးခြင်းဖြစ်စေ၊ သစ်စေ့မြေလုံးပြုလုပ်ကြဲချသည်ဖြစ်စေ သစ်မျိုး၏ လွှမ်းမိုးပြန့်ပွားလွယ်မှုကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။ (ဥပမာ–ကန္တာစိမ်း၊ ဘောစကိုင်း စသည်)

(ခ) သစ်စေ့ကြိုတင်စုဆောင်းခြင်း။ စိုက်ပျိုးရန် ရွေးချယ်ထားသည့် သစ်မျိုး၏ သစ်စေ့ရင့်မှည့်ကာလကို အခြေခံပြီး သစ်စေ့စုဆောင်းခြင်းကို ကြိုတင်ပြင်ဆင်ရမည်ဖြစ်ပါသည်။ အပူပိုင်းဒေသတွင် ပေါက်ရောက်သည့် သစ်မျိုးများ၏ သစ်စေ့ရင့်မှည့်သည့်ကာလမှာ အနည်းငယ်ကွာခြားမှုရှိသဖြင့် စိုက်ပျိုး/ကြဲချမည့် စီမံချက်ကာလကိုမူတည်ပြီး ကြိုတင်စုဆောင်းရန် လိုအပ်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် ဘောစကိုင်းသစ်မျိုးသည် ဖေဖော်ဝါရီ–မတ်လ အတွင်းတွင်လည်းကောင်း၊ မြန်မာရှား၊ မြန်မာကုက္ကိုတို့မှာ မတ်– ဧပြီလများတွင်လည်းကောင်း၊ တမာ၊ စိန်ပန်း ကဲ့သို့သော သစ်မျိုးများမှာ ဇွန်/ ဇူလိုင်လများတွင်လည်းကောင်း ရင့်မှည့်လေ့ရှိရာ အချိန်ကာလအားဖြင့် အနည်းငယ်စီ ကွာခြားသဖြင့် ကြိုတင်စုဆောင်းပြီး စနစ်တကျပြုစုထိန်းသိမ်းထားရန် လိုအပ်ပါသည်။

(ဂ) သစ်စေ့များအား လိုအပ်သည့်ကြိုတင်ပြုစုမှုပေးခြင်း။ သဘာဝနည်းလမ်းဖြင့် မျိုးဆက် ရှင်သန်ပေါက်ရောက်ရန်ခက်ခဲသောနေရာများတွင် သစ်စေ့တိုက်ရိုက်ချ စိုက်ပျိုးခြင်း၊ သစ်စေ့မြေလုံးကြဲချခြင်း ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးကြဲချမည့်သစ်မျိုးကို မူတည်ပြီး အပင်ပေါက်ရောက်ရှင်သန်မှု လွယ်ကူလျင်မြန်စေရန်အတွက် သစ်စေ့များကို ကြိုတင်ပြုစုပြင်ဆင်ပေးရန် လိုအပ်မည်ဖြစ်ပါသည်။ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရှင်သန်ပေါက်ရောက်သည့် သစ်မျိုးများသည် သစ်စေ့မှ အညှောက်ထွက်ရှိ အပင်ပေါက် ရှင်သန်တည်မြဲနိုင်ရန်အတွက် ရေ၊ မြေ၊ ရာသီ သင့်တော်အချိန်ကိုက်ဖြစ်ရန် လိုအပ်သည်သာမက ကျွဲ၊ နွား၊ သိုး၊ ဆိတ် အစရှိသည့် အိမ်မွေးတိရစ္ဆာန်အပါအဝင် အင်းဆက် ပိုးမွှားများကို အလေးပေး စဉ်းစားသင့်ပါသည်။

သို့ဖြစ်သဖြင့် ကြဲချစိုက်ပျိုးမည့်သစ်စေ့များကို အပင်၊ အညှောက်ပေါက်ရောက်မှု လွယ်ကူလျင်မြန်စေရန် သစ်စေ့မြေလုံးမပြုလုပ်မီ ပြုစုပြင်ဆင်ပေးရန်မှာလည်း အရေးကြီးသော အချက်တစ်ခုဖြစ်ပါသည်။ ထိုသို့ ကြိုတင် ပြုစုပြင်ဆင်ပေးထားသည့် သစ်စေ့ထည့်သွင်းထားသည့် သစ်စေ့မြေလုံးသည် မြေပြင်ပေါ်သို့ ရောက်ရှိကွဲထွက်ရာမှ အစေ့ဘဝ၊ အစို့/

အညှောက် ဘ၀၊ အပင်ငယ်ဘ၀ ရောက်ရှိသည်အထိ လွယ်ကူလ[illegible]တ ပေါင်းစပ်ရရှိမှသာ ရှင်သန်ကြီးထွားနိုင်မည်ဖြစ်ပါသည်။

PDF Compressor Free Version

(ဃ) စိုက်ပျိုး/ကြဲချမည့်နေရာဒေသ၏ ဘူမိရူပဆိုင်ရာ အချက်များကိုအခြေခံခြင်း။ သစ်စေ့မြေလုံး ကြဲချမည့်နေရာဒေသ၏ မြေအမျိုးအစားများသည် ရာသီဥတု၊ သဘာ၀ ပေါက်ပင်နှင့် မိခင်ကျောက်သားများပေါ်မူတည်ပြီး အမျိုးအစား ကွဲပြားသလို မြေဆီလွှာ၏မြေအနုအကြမ်း၊ ဖွဲ့စည်းပုံ၊ အရောင် အဆင်း အစရှိသည့် ရူပဂုဏ်သတ္တိများသည်လည်းကောင်း၊ မြေဆီလွှာ၏ ချဉ်ငံဓာတ်၊ ဆားဓာတ်နှင့် N:P:K ကဲ့သို့သော အာဟာရဓာတ်အစရှိသည့် ဓာတ်ဂုဏ်သတ္တိများသည် လည်းကောင်း၊ မြေဆီလွှာ၏ ဆွေးမြေ့မှုနှုန်း၊ အစိုဓာတ်ပါဝင်မှု၊ မြေဆီလွှာ တိုးတက်ကောင်းမွန်စေသည့် ပိုးမွှားများ (Microbe) အနည်း/အများအစရှိသည့် ဇီဝဂုဏ်သတ္တိများ ကလည်း အသေးစိတ်ကွဲပြားခြားနားကြပါသည်။ သို့ဖြစ်ရာ သစ်စေ့မြေလုံး ကြဲချမည့်ဒေသနှင့် သင့်လျော်သည့် သစ်မျိုးကို ရွေးချယ်ရာတွင် မြေအမျိုးအစား၊ ရူပ/ဓာတုဆိုင်ရာ ဂုဏ်သတ္တိ၊ အစိုဓာတ်ရရှိမှုနှင့် ရာသီဥတုတို့ကို ထည့်သွင်းစဉ်းစား သင့်ပါသည်။

(င) စိုက်ပျိုး/ကြဲချမည့်ရာသီကာလရွေးချယ်ခြင်း။ အထက် တင်ပြပါအတိုင်း သစ်စေ့မြေလုံးကြဲချရန် သတိပြုလိုက်နာ ရမည်တို့ကို ပြင်ဆင်ဆောင်ရွက်ပြီးနောက် အဓိကအကျဆုံးမှာ ကြဲချလိုက်သည့် သစ်စေ့မြေလုံးသည် မြေပြင်သို့ကျရောက်ပြီး မြေလုံးအတွင်းမှ သစ်စေ့ငယ်သည် အပင်ငယ်အဖြစ် ရှင်သန် နိုင်ရန်လိုအပ်သည့် ပတ်ဝန်းကျင်အခြေအနေကောင်းများနှင့် အချိန်အခါမီရာသီချိန်အမီ တိုက်ရိုက်ထိ တွေ့မှုရရှိပြီး ရှင်သန် ကြီးထွားတည်မြဲရန်အရေးကြီးလှပါသည်။

ထိုသို့ စိုက်သမျှသစ်စေ့/ သစ်ပင် ရှင်သန်ကြီးထွား တည်မြဲစေရန်အတွက်လည်း သစ်တောဦးစီးဌာနနှင့် အပူပိုင်း ဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့မှ ထုတ်ပြန်ညွှန်ကြား ထားရှိသည့် သစ်တောစိုက်ခင်းများတည်ထောင်ရာတွင် လိုက်နာလုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure for Artificial Regeneration) တွင် သစ်တောဦးစီးဌာနအနေဖြင့် သစ်စေ့တိုက်ရိုက်ချစိုက်ပျိုး ခြင်းကို ဧပြီလလယ်မှမေလကုန်အတွင်းအပြီး ဆောင်ရွက်ရ မည်ဟုလည်းကောင်း၊ ပျိုးအိတ်ဖြင့် စိုက်ပျိုးခြင်းကို ဇူလိုင်လ အပြီး စိုက်ပျိုးရမည်ဟုလည်းကောင်း၊ အပူပိုင်းဒေသစိမ်းလန်း စိုပြည်ရေးဦးစီးဌာနအနေဖြင့် ပျိုးအိတ်ဖြင့်စိုက်ပျိုးခြင်းကို မေလမှဇွန်လအတွင်း အပြီးစိုက်ပျိုးရမည်ဟုလည်းကောင်း (သစ်စေ့တိုက်ရိုက်ချစိုက်ပျိုးခြင်းကိုမူ အပူပိုင်းဒေသဖြစ်သဖြင့် ရှင်သန်ရန်မလွယ်ကူသဖြင့် စိုက်ပျိုးခြင်းမပြုပါ) သတ်မှတ် ညွှန်ကြားထားရှိပါသည်။

၁၄။ ထိုသို့ လုပ်ငန်းစဉ်ဇယားများဖြင့် သတ်မှတ်အချိန် ကိုက်ဆောင်ရွက်မှသာ အောင်မြင်သည့် သစ်တောစိုက်ခင်း များရရှိမည်ဖြစ်ရာ ယခုဆောင်းပါးပါ ကောင်းကင်မှ ရဟတ် ယာဉ်ဖြင့်ကြဲချမည့် သစ်စေ့မြေလုံးများအတွက် မိုးဦးကာလ (မေ/ဇွန်လ)အချိန်မီ ကြဲချနိုင်မည်ဆိုပါက ဖော်ပြပါ ပေါက်ရောက်ရှင်သန်မည့် အပင်ငယ်များသည် ပတ်ဝန်းကျင် အနှောင့်အယှက်၊ ဖျက်ဆီးမှုများကို ရင်ဆိုင်ယှဉ်ပြိုင်ပြီး မိုးလယ်၊ မိုးနှောင်းကာလ ရွာသွန်းမည့်မိုးရေ အစိုဓာတ် များဖြင့် ရှင်သန်၊ ကြီးထွား၊ တည်မြဲမည်ဖြစ်ပြီး လာမည့် နောက်တစ်နှစ်၏ ပူပြင်းခြောက်သွေ့ကာလများကို ကျော်ဖြတ် နိုင်မည်ဖြစ်ရာ သစ်စေ့မြေလုံးကြဲချသည့် အချိန်ကာလကိုလည်း အချိန်ကိုက်ဖြစ်စေရေး အလေးထားဆောင်ရွက်သင့်ပါသည်။

**နိဂုံး**

၁၅။ ယနေ့ခေတ်ကာလတွင် ကမ္ဘာ့အဝန်းရှိ သဘာဝသစ်တော ကြီးများသည် နေ့စဉ်ပျက်စီးပြုန်းတီးလျက်ရှိသည့်နည်းတူ မြန်မာနိုင်ငံတွင်လည်း များစွာသောအကြောင်းတရားများ၏ အကျိုးဆက်အဖြစ် သဘာဝသစ်တောများ၊ ပတ်ဝန်းကျင် အခြေအနေများ ပျက်စီးဆုံးရှုံးလျက်ရှိရာ နိုင်ငံတော် အကြီးအကဲသည် နောင်အနာဂတ်ကာလအတွက် သန့်ရှင်း သောပတ်ဝန်းကျင်နှင့် ကောင်းမွန်သောရာသီဥတုကို လက်ဆင့် ကမ်းနိုင်စေရန်အတွက် နိုင်ငံအဆင့်မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတော်များ၊ အပူပိုင်းဒေသ (၁၃) ခရိုင် စိမ်းလန်းစိုပြည်ရေး သစ်ပင်စိုက်ပျိုးပွဲတော်များကို ကိုယ်တိုင်ပါဝင် ဦးဆောင် စိုက်ပျိုးပေးလျက်ရှိသည့်အပြင် တပ်မတော်(လေ)နှင့် သယံ ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းမှုဖြင့် ရဟတ်ယာဉ်ဖြင့် သစ်စေ့မြေလုံးကြဲချခြင်း လုပ်ငန်းများကို နှစ်စဉ်ခွင့်ပြုဆောင်ရွက်စေလျက်ရှိရာ အသုံးပြုဆောင်ရွက်ရသည့် လူ၊ ငွေကြေး၊ စက်ယန္တရား၊ အချိန် စသည့် ရင်းနှီးမြှုပ်နှံရသည့်တန်ဖိုးနှင့်ထိုက်တန်စွာ အကျိုးရလဒ်ကောင်းများ ရရှိစေရန်အတွက် တာဝန်ရှိသူ များက လုပ်ငန်းစီမံချက်များ ကြိုတင်ပြုစု၍ အထက် အဆင့်ဆင့်သို့ တင်ပြပြီး ရာသီချိန်မီခွင့်ပြုမှုရရှိစေရေး ဆောင်ရွက်နိုင်ပါရန် အကြံပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

၁။ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဘက်စုံစီမံကိန်း (၂၀၀၁-၀၂ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်ထိ)
၂။ သစ်တောစိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းဆောင်ရွက်ရာ တွင် လုပ်ငန်းစဉ်အဆင့်အလိုက် လိုက်နာလုပ်ဆောင် ရမည့် လုပ်ထုံးလုပ်နည်းများ

၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် သစ်တောကြေးမုံ စာမျက်နှာ ၂၂၊ ၂၃၊ ၂၄၊ ၃၀ ပါ ဆရာ ဦးမြွေးအောင် (စိမ်းစိုသစ်) ရေးသားသည့် "ကောင်းကင်မှ ကျလာသည့် သစ်ပင်များ" ဆောင်းပါး စာပိုဒ် ၁၃၊ ၁၄၊ ၁၅ အား ဖြည့်စွက် ဖတ်ရှုနိုင်ပါရန် ဖော်ပြအပ်ပါသည်။

စာစီ စာရိုက်နှင့် စိစစ်မှု အားနည်းချက်ကြောင့် စာပိုဒ် တချို့ကျန်ရှိရသည့်အတွက် စာရေးသူ ဆရာ ဦးမြွေးအောင် (စိမ်းစိုသစ်) အား အနူးအညွတ်တောင်းပန် အပ်ပါသည်။

စာတည်းအဖွဲ့

**********************




PDF Compressor Free Version

"စာပေတင့်မှ လူမျိုးမြင့်မည်" ဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့နိုင်ငံတွင် စာပေဖတ်ရှုကြရန် တိုက်တွန်းလာကြခြင်း၊ စာကြည့်တိုက်များ ထူထောင်ကြခြင်း၊ စာပေစကားဝိုင်းများ၊ ဆွေးနွေးပွဲများ အားတက်သရော ဆောင်ရွက်ကြခြင်း၊ mobile ရွေ့လျားစာကြည့်တိုက်များနှင့် စာဖတ်အရှိန်အဟုန်မြှင့်တင်နေခြင်းများ တွေ့မြင်နေရ၍ စာဖတ်ဝါသနာပါသည့် ကျွန်တော်အနေဖြင့် အထူးပင် ဝမ်းမြောက်မိသည်။ Online ဖြင့် စာအုပ်များ ရှာဖွေဖတ်ရှုနိုင်သလို friends များ မျှဝေသည့် ဝတ္ထု၊ ကဗျာများ ဖတ်ရှုနေရသဖြင့်လည်း ကြည်နူးမိသည်။

မိတ်ဆွေတစ်ယောက်ဆိုလျှင် သွားလည်းကဗျာနှင့် စားလည်းကဗျာနှင့် ယုတ်အစွဆုံး နေမကောင်းဖြစ်တာတောင် ကဗျာနှင့်၊ စာပေစိတ် အပြည့်အဝ တာဝန်ကျေနေသည်ကို တွေ့ရသည်။

မိမိသည်လည်း ငယ်ဘဝက ကာတွန်းများ၊ ဗုဒ္ဓဝင်များ၊ ဇာတ်ကြီးဆယ်ဘွဲ့မှစ၍ စာပေစိတ်ဝင်စားခဲ့သည်မှာ အရွယ်ရောက်လာပြန်တော့ တရုတ်သိုင်းစာအုပ်များ၊ အချစ်ဝတ္ထုများ၊ ကဗျာများ၊ သုတစာပေများ၊ ရသစာပေများ၊ ဘဝသရုပ်ဖော်များ၊ ဟာသများကို မဂ္ဂဇင်းစာအုပ်၊ ဝတ္ထုစာအုပ်များဖြင့် အားလပ်ချိန်များကုန်ဆုံးခဲ့၍ ကဗျာစပ်ချင်သလို၊ ဝတ္ထုပဲရေးချင်သလို၊ လက်တွေ့မကျခဲ့သော စိတ်ကူးယဉ်မှုများ ဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့ငယ်စဉ်က ခရီးသွားရာတွင် မြန်မာ့မီးရထား (မမ) ဖြင့် ခရီးသွားလေ့ရှိရာ ရထားလမ်းနံဘေးဆိုင်းဘုတ်များ၊ မီးရထားဘူတာက ကြော်ငြာများ၊ အိမ်သာများမှ ပေါက်တတ်ကရစာများအထိ တစ်လုံးမကျန် ဖတ်ရှုလေ့ရှိပါသည်။ ကျွန်တော်စာဖတ်လျှင် လုံးစေ့ပတ်စေ့ဖတ်၍ အနက်အဓိပ္ပါယ်ကိုလည်း စဉ်းစားတွေးတောလေ့ရှိသလို၊ စိတ်ကူးလည်းယဉ်တတ်ခဲ့ပါသည်။ စာတိုငယ်ပြီး မဟုတ်သော်လည်း "အချစ် သူ့ကို လွမ်းမိသည်" "ရန်ကုန်မှာ ပြန်ဆုံမယ်" ဘာညာသာရကာမှအစ တွေ့ကရာရှစ်သောင်းစာများကိုပါ ဖတ်လေ့ရှိပါသည်။

လုပ်ငန်းခွင်ထဲသို့ ရောက်ရှိသည့်အခါ သင်ကြားခဲ့သည့် သစ်တောလုပ်ငန်းဆိုင်ရာစာများဖတ်ရသလို လက်တွေ့ကွင်းဆင်းသည့် သစ်တောစိုက်ခင်းလုပ်ငန်းများ၊ တောတွင်းလုပ်ငန်းများသွားရာတွင်လည်း အဟောင်းဆိုင်မှ သုတရသဆိုင်ရာ–ရှုမဝ၊ ငွေတာရီ၊ သပြေ၊ ဂမ္ဘီရ၊ သောင်းပြောင်းထွေလာ စသည့်မဂ္ဂဇင်းများ ဝယ်ယူ၍ သယ်နိုင်သမျှ သယ်ပြီး စာဖတ်ခဲ့ပါသည်။ ကျွန်တော်အတွက်က စာပေသည် စိတ်၏ခွန်အားကို ဖြစ်စေခဲ့သည်။

လုပ်ငန်းခွင်တွင်ရှိစဉ် ထုတ်ဝေသည့် "သစ်တောကြေးမုံ" သည် ကျွန်တော့်အတွက် မပျက်မကွက် ဖတ်ရှုရသော စာစောင်တစ်ခုဖြစ်လာ၏။ မိမိဌာနမှ ဆောင်ရွက်နေသည့်လုပ်ငန်းများ အချိန်နှင့်တပြေးညီ သိရှိရခြင်း၊ သစ်တောနှင့်ပတ်သက်သည့် ဗဟုသုတများ၊ အတွေ့အကြုံ အတွေးအမြင်များကို တစုတစည်း ဖတ်ရ၊ မှတ်ရသဖြင့် အလုပ်ခွင်တွင် အထောက်အကူရရှိခဲ့ပါသည်။ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ရာတွင် ဖတ်ထား၊ မှတ်သားထားသည့်ဗဟုသုတများ ပြန်လည်မျှဝေနိုင်သဖြင့် အလွန်ပင် အကျိုးရှိစေခဲ့သည်။

သစ်တောဦးစီးဌာနမှ အငြိမ်းစားယူခဲ့သော်လည်း သစ်တောကြေးမုံနှင့် အဆက်အသွယ် မပြတ်ခဲ့ပေ။ ဌာနမှ ဆောင်ရွက်သည့် အသိပညာပေး ဟောပြောပွဲများတွင် မိမိတတ်စွမ်းသမျှ ကူညီဟောပြောခဲ့သည်။ စာဖတ်အားကောင်းလာခဲ့ခြင်းကြောင့် ဌာနမှာလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံ၊ ဗဟုသုတများကို အခြေခံ၍ သစ်တောကြေးမုံတွင် သုတ၊ ရသများအဖြစ် ပုံဖော်စာစီခြင်းဖြင့် ကျွန်တော်အတွက် ပင်စင်နာမဖြစ်ခဲ့သည်မှာ သစ်တောကြေးမုံ၏ ကျေးဇူးပင်ဖြစ်ပါသည်။

သစ်တောဦးစီးဌာနမှ ထုတ်ဝေသည့် "သစ်တောကြေးမုံ" စာစောင်ဖတ်ရှုခြင်းဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အထိမ်းအမှတ်နေ့များအား သတိတရရှိစေခြင်း၊ လက်ရှိဌာနအတွင်း လုပ်ကိုင်ဆောင်ရွက်နေသည့်

လုပ်ငန်းများနှင့် အဆက်မပြတ်သလိုခံစားမိပါသည်။ ဆရာဦးဟုတ်လင်း၏ အပင်များ၊ တိရစ္ဆာန်များအကြောင်း စုဆောင်းပြုစုထားသည့် မှတ်တမ်းများသည် သစ်တောဝန်ထမ်းများသို့ အဖိုးမဖြတ်နိုင်သော ဗဟုသုတများပေးစွမ်းနိုင်သကဲ့သို့ ဆရာ ဦးဝင်းကြည် ဝင်းချစ် (အမျိုးသားစာပေဆုရ) ၏ သစ်နှင့်သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်သော အချက်အလက်များသည် လုပ်ငန်းခွင်တွင် လက်တွေ့အသုံးဝင်စေပါသည်။ ဆရာ ဦးစိန်သက်၏ မြန်မာ့သဘာဝထိန်းသိမ်းရေးနယ်မြေများနှင့် ဇီဝမျိုးစုံမျိုးကွဲများကာကွယ်ရေး၊ လယ်ယာထွက်ကုန်တိုးမြှင့်ဖို့ ရေအရင်းအမြစ်ထိန်းသိမ်းကာကွယ်စို့ ဆောင်းပါးများသည် ကျွန်တော်တို့ မရင်းနှီးသည့် အကြောင်းအရာများဖြစ်သဖြင့် ဗဟုသုတရရှိစေပါသည်၊ ဆရာ ဦးအောင်ခင်၏ လုပ်ငန်းအတွေ့အကြုံများ၊ ဆရာ ဦးအောင်ကျော်စိုး (၈၃) ၏ စိုက်ခင်းအတွေ့အကြုံများသည် ဖတ်၍လည်း ကောင်းသလို မှတ်သားစရာများလည်း ရရှိစေပါသည်။ ဆရာ နွေဖြိုးဦး (မြောင်) ၏ အနုအရွစာသားများပါ ကဗျာများ ခံစားရရှိသလို ဆရာ အုန်းလွင်လေး၏ ဆောင်းပါး၊ ဝတ္ထု၊ စာတိုလေးများသည်လည်း လက်ကမချနိုင်အောင် ဖတ်ရှုမငြီးခဲ့ပါ။ ဆရာအပေါင်းတို့၏ ရင်းနှီးခဲ့ရသောအချိန်အတိုင်းအတာများအရ တောတွင်းနှင့် သစ်တော၊ သစ်ထုတ်လုပ်ငန်း အတွေ့အကြုံများကိုလည်း အမြဲတမ်းအားပေးဖတ်ရှုလေ့ရှိပါသည်။ သစ်တောကြေးမုံ၏ ခေါင်းကြီးပိုင်းနှင့် သတင်းများကဏ္ဍ၊ သစ်တောလုပ်ငန်းကဏ္ဍ၊ သုတကဏ္ဍ၊ ရသကဏ္ဍ၊ ဘဝတစ်ကွေ့ကဏ္ဍ၊ ကဗျာ/ကာတွန်းကဏ္ဍများသည်လည်း သစ်တောဦးစီးဌာနမှ အငြိမ်းစားယူခဲ့သော ဝန်ထမ်းတစ်ဦးအဖို့ မဖတ်မဖြစ် အကြောင်းအရာများဖြစ်သဖြင့် သုတ၊ ရသ၊ စုံလင်စွာပေးစွမ်းခဲ့သော သစ်တောကြေးမုံကို လွန်စွာကျေးဇူးတင်ရှိမိပါသည်။

ယခုလို နည်းပညာများမတိုးတက်မီကမူ သစ်တောကြေးမုံစာစောင်ဖတ်ရှုရန် ထွက်ရှိပြီး သယ်ယူပိုင်ဆိုင်မှု အခက်အခဲကြောင့် နှစ်လ၊ သုံးလခန့်မျှကြာမြင့်မှသာ သက်ဆိုင်ရာမြို့နယ်သစ်တောရုံးသို့ ရောက်ရှိဖတ်ရှုခဲ့ရသော်လည်း လက်ရှိကာလမှာမူ ယနေ့သစ်တောကြေးမုံ ထွက်ရှိပါက သစ်တောဦးစီးဌာန၏ Website၊ Facebook တို့တွင် အချိန်နှင့်တပြေးညီ တင်ပေးခြင်းဖြင့် လွယ်ကူလျင်မြန်စွာ ဖတ်ရှုနိုင်သည့်အတွက်လည်း သစ်တောဦးစီးရုံးချုပ်၊ တိုးချဲ့ပညာပေးရေးဌာနအား ကျေးဇူးအထူးပင်တင်မိပါသည်။ ကျွန်တော့်အဖို့မူ အငြိမ်းစားဝန်ထမ်းတစ်ဦးအနေဖြင့် လောကီ၊ လောကုတ္တရာ စာပေများ ဖတ်ရှုသည့်နည်းတူ ဌာန၏သံယောဇဉ်များ၊ နှောင်ကြိုးများက အမျှင်မပြတ်နိုင်ရှိနေသဖြင့် သစ်တောကြေးမုံကို စောင့်စားဖတ်ရှုရခြင်းသည်လည်း အလုပ်တစ်ခုဖြစ်ပါသည်။ စာတွေ့လျှင်ဖတ်သည်ကား ဝါသနာပင်။

ယနေ့လည်း ရန်ကုန်မှ ညောင်လေးပင်သို့ အပြန်ခရီးတွင် လမ်းပြုပြင်သည့်နေရာ၌ ကားများ တန်းစီရပ်ထားရသဖြင့် ရှေ့မှကား၏ နောက်ပိုင်းတွင် ရေးထားသည့်စာများကို ဖတ်မိခဲ့ပါသည်။ ကားနောက်ပိုင်း မြင်သာသည့်နေရာတွင်

"ဘဝတူချင်း ဘေးကင်းကြပါစေ"

သည်ကားဆရာ မဆိုးဘူးဘဲ၊ သူကိုယ်တိုင်လဲ ကိုယ်ချင်းစာစိတ် ရှိမဲ့ပုံပဲလို့ တွေးမိ၏။ အောက်မှာလည်း စာ တစ်ကြောင်းကပ်ထားပြန်သည်။

"စိတ်ထားကောင်းဖို့က ပထမ"

ကြည့်စမ်း၊ ဘာသာတရားလဲ လိုက်စားမည့်ပုံဘဲ။ တစ်ဘဝသာသနာရေးခဲ့သည့် ရှင်ဇနကာဘိဝံသဆရာတော်ဘုရားကြီး၏ ဆောင်ပုဒ်ပါလား။ ဆက်ပြီးကြည့်မိလိုက်တော့ ဘယ်ဘက်ကားဘီး သဲကာမှာ ကပ်ထားသည်က–

"အပေါ်ဆုံးက ပိုက်ဆံ၊ အားနည်းချက်က စော်ကြည်တာ"

ဟား ဟား..... သည်တစ်ခါတော့ ကားသမားပီသသွားပြီ၊ သူ့စိတ်ဓာတ်က ဘယ်လိုဆိုတာ ခန့်မှန်းလိုက်မိ၏။ သူလဲလေ လောကီသားပေကိုး။ ညာဘက်ကားဘီးသဲကာကို ဆက်ကြည့်မိသည့်အခါ–

"အဘကတော့ ပုံမှန်ဘဲ" တဲ့

ကျွန်တော် နည်းနည်းမျက်လုံးပြူးသွားမိသည်။ ကျွန်တော်တို့ တောတွင်းပြောသည့် တောစကား တောင်စကားများကို ပြန်ကြားယောင်မိပြီ။ ရှေ့ကစာနှင့်ဆက်ပြီးဖတ်မိတော့ အတွေးချော်သွားမိ၏။ တကယ်တော့ သူရေးသည့် အဓိပ္ပါယ်မှာ ကားဖြည်းဖြည်းမောင်းတတ်လို့ နောက်ကားသမားတွေ စိတ်မရှည်မှာစိုး၍ သတိပေးတာဖြစ်မည်လို့ အကောင်းမြင်အတွေးဖြင့် ယူဆလိုက်၏။

ကျွန်တော်ကဲ့သို စာဖတ်ဝါသနာပါသူများ စာတွေလိုက်ဖတ်ရင်း ကျွန်တော့်လို အတွေးမချော်ကြစေချင်ပါ။ ကျွန်တော်လည်း သစ်တောဦးစီးဌာန အငြိမ်းစားဝန်ထမ်းတစ်ဦးအနေဖြင့် ကျန်းမာရေးမျှတညီညွတ်အောင် နေထိုင်ရင်း သီလ၊ ဘာဝနာ၊ ဝိပဿနာလုပ်ငန်းများကို ကြိုးစားအားထုတ်သည့်နည်းတူ စာရေး၊ စာဖတ်ခြင်းဖြင့် ဘဝကို **"အဘကတော့ ပုံမှန်ဘဲ"** အစီအစဉ်နှင့် ဆက်လက်ချီတက်နေဆဲ ဖြစ်ပါသည်။

****************************

PDF Compressor Free Version

PDF Compressor Free Version

## An old Forester Looks Back(44), Organizing Two Bamboo Products Producer Groups

By

U Sein Thet, B.Sc(For), M.SC(ANU), MIFA

Director (Retired), Ex-Chairman, FREDA

ဆရာဦးစိန်သက် (ညွှန်ကြားရေးမှူး- အငြိမ်းစား) ကို တနင်္သာရီတိုင်းဒေသကြီး၊ ပုလော မြို့နယ်၊ ကျောက်ကာကျေးရွာတွင် အဖသူကြီးဦးကြင်ဘ- အမိဒေါ်အေးသင်တို့မှ (၉-၄-၁၉၄၀) ရက်တွင် ဖွားမြင်ခဲ့သည်။

ဆရာသည် ၁၉၆၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ သိပ္ပံဘွဲ့ (သစ်တောပညာ)၊ ၁၉၇၅ ခုနှစ်တွင် ဩစတေးလျ အမျိုးသားတက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ (ရေမြေထိန်းသိမ်းရေး) တို့ကို ဆွတ်ခူးခဲ့သည်။



၁၉၆၅ ခုနှစ်၊ မတ်လမှစ၍ သစ်တောဦးစီးဌာနတွင် အလုပ်စတင်ဝင်ရောက်ကာ သစ်တော ဝန်ထောက်၊ သစ်တောအခွန်ဝန်ထောက်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ ညွှန်ကြားရေးမှူးရာထူးတို့ဖြင့် တာဝန်ထမ်းဆောင်ပြီး ၁၉၉၉ ခုနှစ်၊ ဖွန်လတွင် လုပ်သက်ပြည့် အငြိမ်းစားယူခဲ့သည်။

လက်ရှိသစ်တောကြေးမုံတွင် သစ်တောဆိုင်ရာ အသိပညာပေးစာပေများ ရေးသားလျက်ရှိသည်။

Myanmar has about 17 genera and about 100 species of bamboos, out of which about 70 species have Vernacular (common) names where as the rest have only Kachin, Chin, Shan, Karen, Mon and local names. Myanmar is rich in bamboo resources which is an important commodity of forest resource which occupy almost 50% of the country land area. Bamboo has traditionally used in diverse ways in Myanmar, and bamboo could not be separated from the daily life of people at large, and from that of people living in rural areas in particular. Nowadays bamboo is praised as " green gold " because of its wider use by the society. Production of bamboo is found steadily increasing year by year in Myanmar and the increase may be attributed to population growth acceptance of various bamboo products not only by rural populance but also by urban people and better access to both local and export markets. To portray the utilization of bamboo, it is still in ordinary use with old traditional style of processing and bamboo porducts. Since bamboo has great potential to upgrade the living standard of the rural poor to alleviate the poverty of the rural people, technical know-how on sustainable bamboo forest management and quality production of various bamboo porducts are needed. Although Myanmar is rich in bamboo resources and the species is greatly used by the rural people, the markets and bamboo based technology was not well established and the value of the species was not realized. However, with the improvement of bamboo management and processing technologies, bamboo utilization has transcended the traditional utilization scope and way of agricultural and handicraft products into a new phase of industrialised production and utilization. Export of bamboo products such as furniture, parquet, bamboo charcoal, bamboo splits, bamboo shoots and bamboo chopstick have nowe started in Myanmar and their values are now being realized and appreciated.

The ITTO project PD.146/02 Rev.1(I), entitled " Promoting Sustainable Utilization of Bamboo through Community Participation to enhance Sustainable Forest management " had been in operation in Myanmar since 1st January 2003. It's implementation agency is Forest Department, Ministry of Forestry and the project's duration is 48

months. The nature of this porject is essentially involved with the managing artificial and natural bamboo forest, developing techniques for producing bamboo-based porducts, and disseminating the techniques thus achieved to the rural communities and private entrepreneurs through extension means.

PDF Compressor Free Version

The aim of ITTO Bamboo Project is to develop the potential of bamboo for poverty alleviation in the rural communities associated with bamboo im Myanmar.

The development objective of the porject is to enhance the socio-economic benefits of bamboo for the rural communities through their active participation in sustainable management and utilization of bamboo forests, contributing to achieving sustainable forest management in Myanmar.

The specific objectives of the project are -

(a) to develop and disseminate management of bamboo forests and quality porduction of bamboo products; and

(b) to increase the imcome of rural communities in Mandalay and Bago Divisions through the establishment of bamboo production cooperatives based on improved technologies and marketing.

In his opening remarks at 6 th meeting of Project Steering Committee (PSC) held on 13-1-2005, Dr. Hwan Ok Ma, ITTO representative reminded that the project had a specific objective aiming at increasing income of rural communities of the project sites through bamboo production cooperatives based on improved processing technologies and marketing. In this connection, he encouraged the project team to intensify their efforts to successfully establish community-based bamboo cooperatives and guide the efficient management of selected cooperatives during the remaining two years of the project period. PSC recommended that EA should facilitate the conducting of a feasibility study for the establishment of two bamboo cooperatives in the rural communities of Ledi, Paukkanung Township, Le Lu-Aing of Pyinmana Township and Yedashe of Kawhmu Township. The committee noted that this acitivity would a complex task to accomplish and that due weight should be given to the successful achievement of this activity as one of the most important tasks.

The project staff organized meeting with the rural communities of Ledi, Le Lu-Aing and Yedashe to explore the feasibility for the establishment to two bamboo cooperatives. The project staff launched field trips to project sites during February and March of 2005, and tentatively selected two areas, Ledi of Paukkaung and Le Lu-Aing of Pyinman Townships as potential areas for forming cooperatives. Local forestry staff and bamboo traders were also encouraged to participate in the cooperatives.

For the purpose of promoting income generation and development of traditional bamboo handicrafts, an income generation group was established at Le Lu-Aing of Pyinmana Township. A revolving fund system was developed for the group with the project assistance of Kyats 300,000. Community Forest User Group was also formed at Ledi of Paukkaung Township. National Consultant (Bamboo Processing) prepared, Guidelines on formation of Bamboo Products Production Groups (in Myanmar) and Regulations for Bamboo Products sensitize the Villagers for the formation of Bamboo Products Production Groups in the above mention two Villages during March and April 2005. Bamboo Products Production Groups were formed at both Ledi Village of Paukkaung Township and Le Lu-Aing Village of Pyinmana Township in April 2005.

Acccording to activity 2.2.3 of the project document, identifiction of appropriate processing technology is to be carried out and equipment for the production of quality bamboo products at two

*To Page (64)*

PDF Compressor Free Version

# ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောများ၏ နှစ် [၃၀] ခရီး

ဒေါက်တာ ဘီဘီဆွေလှိုင်၊ ဒုတိယညွှန်ကြားရေးမှူး၊ သစ်တောသုတေသနဌာနခွဲ
ဒေါ် မေဇင်မြင့်၊ ဦးစီးအရာရှိ၊ တိုးချဲ့ပညာပေးရေးဌာနခွဲ
ဒေါက်တာဖြူဖြူညင်း၊ ဦးစီးအရာရှိ၊ တိုးချဲ့ပညာပေးရေးဌာနခွဲ
ဒေါ် ခင်မမခိုင်၊ သုတေသနလက်ထောက်-၂၊ သစ်တောသုတေသနဌာနခွဲ

သစ်တောများသည် ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိခြင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ အစားအစာဖူလုံရေးစသည့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်များ (SDGs) ရရှိရေးအတွက် မရှိမဖြစ်လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ သို့သော် စိုက်ပျိုးမြေချဲ့ထွင်ခြင်း၊ ရေရှည်မတည်တံ့သော မြေအသုံးချမှုများနှင့်အခြားသော အားနည်းချက်များကြောင့် သစ်တောပြုန်းတီးမှုနှင့် သစ်တောအရည်အသွေးကျဆင်းမှုများသည် ကမ္ဘာတစ်ဝှမ်းရှိ သစ်တောဂေဟစနစ်များကို ပြင်းထန်စွာခြိမ်းခြောက်လျက်ရှိပါသည်။ ထိုပြဿနာများကို ဖြေရှင်းရန် ရည်ရွယ်၍ ဒေသခံပြည်သူများ ပါဝင်မှုကို အလေးထားကာ ဂေဟစနစ် တည်တံ့ခိုင်မြဲမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးကို ဟန်ချက်ညီစေရန် ရည်ရွယ်သည့် နည်းလမ်းတစ်ခုအဖြစ် **"ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော"** အား သစ်တောစီမံအုပ်ချုပ်ရာ၌ ကမ္ဘာတစ်ဝန်းတွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိပါသည်။

ကာလကြာလာသည်နှင့်အမျှ ဤနည်းလမ်းကို နိုင်ငံအများအပြားတွင် တရားဝင်ကျင့်သုံးလာကြပြီး မိမိနိုင်ငံ၏အခြေအနေအမျိုးမျိုးနှင့် လိုက်လျောညီထွေရှိအောင် ပြန်လည်ပြင်ဆင်၍ ဆောင်ရွက်ခဲ့ကြရာ ရလဒ်အနေဖြင့် **"ဒေသခံပြည်သူ အစုအဖွဲ့ပိုင်သစ်တော"** ဟူသော အသုံးအနှုန်းသည် အမည်နှင့်ပုံစံအမျိုးမျိုး ကွဲပြားစွာ ပေါ်ပေါက် လာခဲ့ပါသည်။ ဥပမာအားဖြင့် Social Forestry, Participatory Forest Management (PFM), Community-Based Forest Management (CBFM), Joint Forest Management (JFM), Village Forestry/Forestry Management Committees, People-Centered Forestry, Community-Based Ecosystem Management, Farm Forestry/ Agroforestry စသဖြင့် အသုံးအနှုန်း အမျိုးမျိုးဖြင့် နိုင်ငံတကာတွင် ကျင့်သုံးလျက် ရှိကြပါသည်။ အမည်နာမမည်သို့ပင် ကွဲပြားစေကာမူ ဤနည်းလမ်းသည် ဒေသခံပြည်သူလူထုကို ဗဟိုပြုသည့် သစ်တောစီမံအုပ်ချုပ်ရေးကို အလေးပေးထားကြသည်ဖြစ်ပြီး ဒေသခံပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်များကိုပါ ဖြေရှင်းနိုင်ရန် ရည်ရွယ်၍ စီမံခန့်ခွဲဆောင်ရွက်လျက် ရှိကြပါသည်။

မြန်မာနိုင်ငံတွင်လည်း ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ဆောင်ရွက်ခြင်းအား ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့ပြီး မကြာသေးမီဆယ်စုနှစ်များအတွင်း သစ်တောသယံဇာတများကို ထိခိုက်စေခဲ့သော သစ်တောပြုန်းတီးမှုနှင့် သစ်တောအရည်အသွေးကျဆင်းမှု စိန်ခေါ်ချက်များကို တုံ့ပြန်သည့်အနေဖြင့် ရေရှည်တည်တံ့သော သစ်တောစီမံခန့်ခွဲရေးနှင့် ကျေးလက်ဒေသရှိ ဒေသခံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ချဉ်းကပ်နည်းတစ်ရပ်အဖြစ်ပေါ်ထွန်းလာခဲ့သည်။ မြန်မာနိုင်ငံတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ (Community Forestry Instructions- CFI) အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနလက်အောက်ရှိ သစ်တောဦးစီးဌာနမှ ၁၉၉၅ ခုနှစ်တွင် စတင်ထုတ်ပြန်ခြင်းမှတစ်ဆင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော စတင်ဆောင်ရွက်ခဲ့ပြီး ဗဟိုမှ ချုပ်ကိုင်ထားသည့် သစ်တောစီမံအုပ်ချုပ်မှုမှ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်သည့် သစ်တောစီမံအုပ်ချုပ်မှု ပုံစံသစ်တစ်ခုဆီသို့ လျှောက်လှမ်းရန် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ခဲ့သည်။ CFI (၁၉၉၅) တွင် ဒေသခံ (အသုံးပြုသူအဖွဲ့) ဟူသည့် အဓိပ္ပါယ်ဖော်ပြချက်မပါ ရှိခဲ့ခြင်းကြောင့် မြေအလွဲသုံးစားပြုလုပ်မှုများ ပေါ်ပေါက်လာသည့်အတွက် ၂၀၁၆ ခုနှစ်တွင် အမှန်တကယ်ဆောင်ရွက်လိုသည့် ဒေသခံများဖြစ်စေရန်အတွက် (အသုံးပြုသူအဖွဲ့) ဟူသည့် အဓိပ္ပါယ်ဖော်ပြချက်များ ထည့်

သွင်း၍လည်းကောင်း၊ အခြေခံစားဝတ်နေရေးမှသည် CF အခြေပြု [illegible]နိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ CFI (၂၀၁၆) အား ပြန်လည်ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။ ထို့အပြင် ၂၀၁၈ ခုနှစ်တွင် အသစ်ပြန်လည် ပြင်ဆင်သော သစ်တောဥပဒေနှင့်အညီ ဖြစ်စေရန် CFI (၂၀၁၉) အား ထပ်မံ ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။ ဤသို့ ပြောင်းလဲပြင်ဆင်မှုများကို ကြည့်ခြင်းအားဖြင့် CF ၏အရေးပါမှုကို အစိုးရမှ ပိုမိုသိမြင်လာပြီး သစ်တောစီမံအုပ်ချုပ်မှုတွင် ဒေသခံများ၏ ပူးပေါင်းပါဝင်မှု၏ အရေးပါမှုကို ထင်ဟပ်စေပါသည်။

PDF Compressor Free Version

CFI (၂၀၁၉) အရ **"ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း"** ဆိုသည်မှာ "ဒေသခံပြည်သူများ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်သည့် ရေရှည်တည်တံ့စေသော သစ်တောသစ်ပင် စီမံအုပ်ချုပ် အသုံးပြုခြင်းဆိုင်ရာ သစ်တောလုပ်ငန်းများကို ဆောင်ရွက်သည့် လုပ်ငန်း တစ်ရပ်ရပ်ကို ဆိုသည်" ဟု ဖော်ပြပါရှိပါသည်။ ယင်းစကားရပ်တွင် တစ်နိုင်တစ်ပိုင်အဆင့်မှ စီးပွားဖြစ်အဆင့်အထိ အလုပ်အကိုင်နှင့် ဝင်ငွေအခွင့်အလမ်းများ ဖန်တီးရန်၊ အစားအစာ ထုတ်လုပ်ရန်၊ ဂေဟစနစ်တည်ငြိမ်လာစေရန်နှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ ပိုမိုကောင်းမွန်လာစေရန် အစရှိသည့် ရည်ရွယ်ချက်များအနက် ရည်ရွယ်ချက်တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသည့် ရည်ရွယ်ချက်များအတွက် သစ်တောစိုက်ခင်းအသစ်များ တည်ထောင်ခြင်းနှင့် တည်ရှိနေသော သစ်တောများကို စီမံအုပ်ချုပ်ခြင်းတို့ပါဝင်ကြောင်း ဖော်ပြထားရှိပါသည်။

ထို CFI အရ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တော အသုံးပြုသူအဖွဲ့များ (Community Forest User Groups - CFUGs) သည် သစ်တောမြေနှင့်အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေများတွင် လုပ်ထုံး လုပ်နည်းများနှင့်အညီ ကနဦး နှစ် ၃၀ သက်တမ်းဖြင့် စတင်လျှောက်ထားနိုင်ပြီး အဖွဲ့မှ ဆန္ဒရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ် (၃၀) ဆက်လက် သက်တမ်းတိုးဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ၁၉၉၅–၁၉၉၆ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၅–၂၀၂၆ ဘဏ္ဍာနှစ်အထိ အိမ်ထောင်စုပေါင်း (၁၉၇,၂၁၃) စု ပါဝင်သော အသုံးပြုသူအဖွဲ့ (၇,၈၇၅) ဖွဲ့သို့ ဧရိယာ (၁,၁၂၇,၃၁၉) ကေအား ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော ဆောင်ရွက်ခွင့်လက်မှတ်များ ထုတ်ပေးထားရှိပြီးဖြစ်ပါသည်။ ယခုအခါ ၁၉၉၅ ခုနှစ်တွင် စတင်လျှောက်လှမ်းခဲ့သော ကျိုင်းတုံမြို့နယ်၊ ဝမ်ကူသစ်ကျေးရွာ မကွေးမြို့နယ် ကံသာလေးကျေးရွာနှင့် ပင်းတယမြို့နယ် ကျုံးကျေးရွာနှင့် ပေါစံသီးကျေးရွာတွင်တည်ထောင်ထားသော ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများသည် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် သက်တမ်း နှစ် (၃၀) ပြည့်သို့ ရောက်ရှိလာပြီ ဖြစ်ပါသည်။

ဖော်ပြပါ သက်တမ်း နှစ် (၃၀) ပြည့်မည့် CF များအား လေ့လာသုံးသပ်ပါက ရှမ်းပြည်နယ်ရှိ CF များသည် သဘာဝတောထိန်းအဖြစ် တည်ထောင်ခဲ့ကြပြီး မကွေးတိုင်းဒေသကြီးတွင် ယူကလစ် စိုက်ခင်းအဖြစ်တည်ထောင်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို CF (၄) ခုစလုံးသည် သစ်တောနယ်မြေပြင်ပ (အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေ) တွင် တည်ထောင်ခဲ့ကြသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောများဖြစ်ကြပါသည်။ ပထမဆုံး နှစ် (၃၀) ပြည့်မြောက်သည့် သမိုင်းဝင်အချိန်ကာလသည် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများကို သုံးသပ်ရန်နှင့်ရင်ဆိုင်ကြုံတွေ့နေရဆဲ စိန်ခေါ်မှုများကို ပြန်လည်ထိန်းကျောင်းပြင်ဆင်ရန် ဆောင်ရွက်သင့်သည့် အချိန်ကောင်းတစ်ခု ဖြစ်ပါသည်။

သို့ဖြစ်၍ ညွှန်ကြားရေးမှူးချုပ်ရုံး၊ တိုးချဲ့ပညာပေးရေးဌာနခွဲနှင့် သစ်တောသုတေသနဌာနခွဲများမှ သုတေသီများသည် ကနဦးအနေဖြင့် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်ရှိ ကျုံးကျေးရွာ CF နှင့်ပေါစံသီးကျေးရွာ CF များ သို့ နှစ် (၃၀) ထပ်မံ သက်တမ်းတိုးဆောင်ရွက်နိုင်ရေးအတွက် သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြပါသည်။



**ကျုံးကျေးရွာ CF အတွင်းရှိ ပေါနုဆည်နှင့် ရေဝေရေလဲ ဧရိယာ**

ကျုံးကျေးရွာ CF သည် (၄၂၄.၉) ကေ ကျယ်ဝန်းပြီး ထင်းရှူးပင်များသာ အများဆုံး ပေါက်ရောက်လျက်ရှိပြီး ယူကလစ်စိုက်ခင်းများနှင့် ၂၀၂၂ ခုနှစ်တွင် သစ်တောဦးစီးဌာနက တည်ထောင်ခဲ့သော ထင်းရှူးစိုက်ခင်းများကိုလည်း တွေ့ရှိခဲ့ရပါသည်။ CF အတွင်းတွင် UNDP ၏ အထောက်အပံ့ဖြင့် ရပ်ရွာရေရရှိရန် ရည်ရွယ်၍ ပေါနုဆည်ကို တည်ဆောက်ထားရှိပြီး ဆည်၏ တမံအလျား ၅၂၅ ပေ၊ အမြင့် ၂၅ ပေနှင့် ရေဝပ်ဧရိယာ ၆ ကေ ဖြင့် ဆောက်လုပ်ထားရှိပါသည်။ ၂၀၁၀ နောက်

PDF Compressor Free Version

ပိုင်းမှ စတင်၍ ရေသွင်းအာလူး စိုက်ပျိုးမှု ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ကျုံးကျေးရွာအုပ်စုမှ အဆိုပါ ပေါနဆည်ဘေးပတ်ဝန်းကျင်ရှိ တောင်သူများက ရေသွင်းအာလူးခင်းများအား ရေသွင်းခြင်း၊ CF ဧရိယာအတွင်းရှိ ရေမျက်ကြီး



**ကျုံးကျေးရွာ CF နှင့် ထိစပ်နေသည့် ရေသွင်း အာလူးစိုက်ခင်း**

အင်း သဘာဝရေထွက်တောမှ နွေရာသီတွင် မော်တာဖြင့် ရေစုပ်ယူ၍ ကျေးရွာပြည်သူလူထုအား ရေရောင်းချသူ (၅) ဦး ခန့်ရှိကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။ လက်ရှိအချိန်တွင် CF မှ တိုက်ရိုက် အကျိုးကျေးဇူးမရရှိသော်လည်း ဂေဟာစနစ်ဝန်ဆောင်မှုများမှ ရရှိသည့်အကျိုးကျေးဇူးများကို ရရှိနေသည့်အတွက် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်တွင် ဖော်ပြထားသည့် CF တည်ထောင်ခြင်း ရည်ရွယ်ချက်တစ်ခုဖြစ်သည့် ''ကျေးရွာလူထု၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်'' ကို ပံ့ပိုးပေးလျက်ရှိသည်ဟု သုံးသပ်ရမည်ဖြစ်ပါသည်။ သို့ရာတွင် အသုံးပြုသူများအဖွဲ့အနေဖြင့် ဂေဟာစနစ်ဝန်ဆောင်ခြင်းမှရရှိသည့် CF ၏ အကျိုးကျေးဇူးများကို သိမြင်လက်ခံလာစေရန် အမြင်ဖွင့်ဆွေးနွေးခြင်းများ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။



**ပေါစံသီးကျေးရွာ CF အတွင်းရှိ သစ်ပင်ပေါက်ရောက်မှုများ**

ပေါစံသီးကျေးရွာ CF သည် ကျုံးကျေးရွာ CF နှင့် အလားတူပင် သဘာဝတောထိန်းသိမ်းခြင်းကိုဆောင်ရွက်ပြီး ဒေသခံပြည်သူများ၏ အကျိုးအမြတ်အနေဖြင့် ကျုံးကျေးရွာ CF နှင့်မတူညီပဲ သဘောသဘာဝကွဲပြားသည်ကို တွေ့ရှိရပါသည်။ စုစုပေါင်း CF ဧရိယာ (၁၀၉.၈) ဧက ကျယ်ဝန်းပြီး ထင်းရှူးပင် အများဆုံးပေါက်ရောက်ပါသည်။ ဒေသခံပြည်သူများအနေဖြင့် CF အတွင်းမှ တစ်အိမ်ထောင်လျှင် ပျမ်းမျှ ထင်းလှည်း (၂) စီးမှ (၅) စီးခန့် ထင်းထုတ်ယူသုံးစွဲကြလျက်ရှိပါသည်။ လျှပ်စစ်မီးရရှိမှုအနေဖြင့် ၂၀၁၈ ခုနှစ်တွင် မီးရရှိခဲ့သော်လည်း ထင်းသုံးစွဲမှုအပေါ် ဆက်လက်မှီခိုနေကြဆဲဖြစ်ပြီး မိမိအိမ်သုံးအတွက် CF မှ ထုတ်ယူသုံးစွဲကြလျက်ရှိပါသည်။ ထို့အပြင် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများအနေဖြင့် မာလာဖူး၊ ထင်းရှူးမှို၊ ကတွတ်သီးစသည်တို့ကိုလည်း ရာသီအလိုက် ထုတ်ယူသုံးစွဲကြလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ယုန်၊ ချိုး၊ တောကြောင်၊ ခါ စသည့် သားငှက်တိရစ္ဆာန်များလည်း များပြားစွာ တွေ့ရှိနေရဆဲဖြစ်ကြောင်း မေးမြန်းချက်များအရ သိရှိရပါသည်။



**ပေါစံသီးကျေးရွာ CF အတွင်းရှိ သစ်ပင်ပေါက်ရောက်မှုများ**

ထိုသို့ မှီခိုနေရသည့်အတွက် CF တည်ထောင်ခြင်း၏ အနှစ်သာရတစ်ခုဖြစ်သည့် လူ (ဒေသခံပြည်သူ)နှင့် သစ်တောအကြား ဆက်နွယ်မှုကို နှစ် (၃၀) ကြာမြင့်သည်တိုင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရှိရပါသည်။

ပေါစံသီးကျေးရွာသည် တစ်ရွာလုံးမှ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောအပေါ် အိမ်သုံးထင်းလောင်စာရရှိရေးအတွက် အဓိက မှီခိုနေရသည့်အတွက် အဖွဲ့ဝင်အများစုသည် နှစ် (၃၀) သက်တမ်းတိုးရန် ဆန္ဒရှိကြောင်း၊ ထင်းထုတ်ယူခြင်းအတွက် ခုတ်ယူမည့်နည်းစနစ်၊ စည်းမျဉ်းစည်းကမ်းများစနစ်တကျရေးဆွဲ၍ ကွက်လပ်ဖြစ်ပေါ်နေသောနေရာများတွင် ထင်းအသုံးပြုနိုင်သော သစ်မျိုးများပြန်လည်အစားထိုးစိုက်ပျိုးသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

CFI (၂၀၁၉)၊ အပိုဒ် ၁၄ (က) အရ ''**ခွင့်ပြုကာလ ကုန်ဆုံးပြီးနောက် အသုံးပြုသူများအဖွဲ့၏ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဆန္ဒတို့အပေါ် မူတည်၍ ခရိုင်သစ်တော အရာရှိက တစ်ကြိမ်လျှင် နှစ် (၃၀) အထိ အကြိမ်ကြိမ် သက်တမ်းတိုးပေး**

**နိုင်သည်''** ဟု ဖော်ပြပါရှိပြီး အပိုဒ် (ခ) အရ **''သက်တမ်းတိုးမြှင့်လိုပါက ခွင့်ပြုသက်တမ်းကာလ ကုန်ဆုံးမီ (၆) လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် မြို့နယ်သစ်တောအရာရှိမှတစ်ဆင့် ခရိုင် သစ်တောအရာရှိထံ လျှောက်ထားရမည်''** ဟု ဖော်ပြပါရှိပါသည်။ ကျုံးကျေးရွာနှင့် ပေါ်စံသီးကျေးရွာ CF (၂) ခု စလုံးအား ဒေသခံများ စိတ်ပါဝင်စား၍ ဆက်လက်သက်တမ်းတိုး ဆောင်ရွက်မည်ဆိုပါက အသုံးပြုသူအဖွဲ့အား စိတ်ပါဝင်စားသူများဖြင့် ပြန်လည်ဖွဲ့စည်း၍ လူငယ်များ၊ အမျိုးသမီးများနှင့် ဆက်စပ်ပတ်သက်သူ ကျေးရွာသားများအား ထည့်သွင်းဖွဲ့စည်းရန် လိုအပ်ပါကြောင်း သုံးသပ်ရပါသည်။ ထို့အပြင် သက်တမ်းတိုးမည့် နှစ် (၃၀) ကာလအတွက် အုပ်ချုပ်လုပ်ကိုင်မှု စီမံချက်ချရာတွင် မြေအသုံးချမှုများ ပြန်လည်စိစစ်ခြင်း၊ CFI (၂၀၁၉) နှင့်အညီ သဘာဝတော အတွင်း သစ်တောသယံဇာတစာရင်းများ ကောက်ယူခြင်း၊ အသုံးပြုသူအဖွဲ့ အဖွဲ့တွင်းစည်းမျဉ်းစည်းကမ်းများ ရေးဆွဲခြင်း၊ CF ၏ ရည်ရွယ်ချက်နှင့်အညီ ဆောင်ရွက်ရန် လိုအပ်သည့် သစ်တောပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ထည့်သွင်းရေးဆွဲခြင်းနှင့် ဒေသခံပြည်သူများပါဝင်သော နှစ်တိုနှစ်ရှည် စောင့်ကြည့်စစ်ဆေးမည့် အစီအမံများ ချမှတ်ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ရပါသည်။

ထိုသို့ ဆောင်ရွက်ကြရာတွင် သစ်တောဦးစီးဌာန တစ်ခုတည်းသာမကဘဲ ဒေသခံပြည်သူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သုတေသနအဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မူဝါဒချမှတ်သူများ အားလုံး၏ ပူးပေါင်းပါဝင်မှုဖြင့်သာ အောင်မြင်နိုင်မည် ဖြစ်ပါသည်။ သက်တမ်း နှစ် (၃၀) ပြည့် ဤသစ်တောများသည် အဖိုးတန်သော သမိုင်းဝင်သက်သေသာဓကများသာမက၊ အနာဂတ်အတွက် ဆက်လက်ဆောင်ရွက်သွားကြရမည့် လုပ်ငန်းများလည်း ဖြစ်ပါသည်။ ယင်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းဖွံ့ဖြိုးစေရန် ဆောင်ရွက်နိုင်ပါက CF ၏ ရည်ရွယ်ချက်နှင့်အညီ သစ်တောများထိန်းသိမ်း၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်နိုင်မည်သာမက ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြု၍ **''ပြည်သူများပူးပေါင်းပါဝင်သည့် သစ်တောစီမံအုပ်ချုပ်မှု''** ကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

စာရင်းအချက်အလက်ကောက်ယူခြင်း ပူးပေါင်းပါဝင်ခဲ့ကြသော ပင်းတယမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျုံးကျေးရွာ၊ ပေါ်စံသီးကျေးရွာမှ CF အဖွဲ့ဝင်များအား ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။

*********************

*From Page (60)*

pilot production planst in the project sits are to be installed. The EA has transferred technology on bamboo handicraft and weaving to the members of bamboo production groups at training No.3 and No.6 held at Yezin during August 2005 and August 2006. Ninety numbers of glazed earthen jars, five pans, one weighing machine and processig plant (shed) were provided to Ledi Village bamboo products production group for bamboo shoot production, processing and marketing. Two sewing machine, one bamboo stick making machine (manual) and one bamboo stick polishing machine (nanual) were also provided to Le Lu-Aing bamboo products prodution group for handicrafts production and marketing.

According to the decision of 6th PSC meeting, the project staff has to establish two cooperatives in the project sites in 2005. However, rules and regulations for the establishment of cooperatives are somewhat complicated and it needs more time to understand and to be followed by the bamboo products production groups that the project staff aims to organize and transformed Ledi and Le Lu-Aing bamboo products production groups to bamboo products production cooperative during 2006. At the seventh meeting of the Project Steering Committee meeting held on 4-5-2006, situation regarding to the formation of two cooperaties was discussed, to constitute the group in the form of community based bamboo product producig organization with good partnership with the local Forest Department. The local FD then could extend its assistance to develop the group in long run. The PSC meeting recommended that , the establishment of two bamboo cooperatives under Activity 2.2.1, due to difficulty of legal and financial aspects in establishing cooperatives by considering establishing Bamboo User Groups or Community based Bamboo Enterprises in the frame work of the Community forestry Instruction, which was issued by the Forest Department in 1955.

**********************

PDF Compressor Free Version

PDF Compressor Free Version



## သဘာဝကိုကာကွယ်သူများ (သို့) သစ်တောသမား

✿ အင်းအိုင်မြစ်ချောင်း ရေသန့်ကောင်းနဲ့
မပြောင်းဂေဟ စနစ်မျှအောင်
လုပရေတွေ စီးဆင်းစေဖို့ တို့တွေဆောင်ရွက်
ခရီးဆက်ရင်း မပျက်လုံ့လ စွမ်းဆောင်ကြကာ နေကြသည် ....
✿ လေထုညစ်ညမ်း ရောဂါဆန်းနဲ့ အဝန်းကမ္ဘာ ခံစားရှာရင်း
ရောဂါကပ်ဘေး ကင်းလွတ်ရေးတွက် မနေးဆောင်ရွက်
အားမာန်တက်ကာ ဆက်လက်ကြိုးစား တို့အင်အားက ရှိနေပြီ ......
✿ မြေဆီမြေနှစ် အမွှေနှစ်ကို စနစ်ဂေဟ ထိန်းသိမ်းကြကာ
ကောင်းလှမြေသား တို့စွမ်းအားနဲ့ စိတ်ထားမွန်မြတ်
တောတောင်ထက်ဝယ် နေ့ရက်စိုက်ပျိုး ပြည်တရိုးက
စိမ်းနေပြီ ......
✿ ဂေဟစနစ် ထိန်းသိမ်းရစ်တိုး ထပ်တိုးသယံ ပေါပြည့်လျှံရင်း
များပြားကြွယ်ဝ မြန်ပြည်လှရယ်
စိမ်းမြတောတောင် အလှဆောင်လို့ နေခဲ့ပြီး ........
✿ စိုက်ပျိုးထိန်းသိမ်း တောတောင်စိမ်းရင်း
ခြယ်လီမ်းကမ္ဘာ လှပရှာရင်း
သာယာဥတု ကောင်းကျိုးပြုကာ ပေါင်းစုလုပ်အား
ညာဏများနဲ့ များပြားအကျိုး
တို့သယ်ပိုးလို့ နေခဲ့သည် ......
✿ တောနဲ့တောင်စွယ် စိမ်းမြခြယ်ရင်း
တင့်တယ်လှပ စိမ်းထားကာဝယ်
တောင်ကတုံးတွေ သျှောင်ထုံးနေကာ
စိမ်းစေကမ္ဘာ ဖြစ်တည်ရှာဖို့ ကြိုးစားသည် ......
✿ သန့်ရှင်းလှလေ အေးမြရေနဲ့ ဒီမြေကောင်းကျိုး တို့သယ်ပိုးကာ
မငြိုးဂုဏ်ဒြပ် မြန်ပြည်မြတ်ကို နေ့ရက်ချိန်ခါ ကြိုးစားရှာရင်း
သာယာလှပ စိတ်ထားကာဝယ် မြတ်ပေသည် .......
✿ သစ်တောသမား တို့ စွမ်းအားက စိတ်ထားမွန်မြတ် ပြည်သူ့တွက်ဝယ်
ဖိုးဖြတ်ရန်ခက် ရှားပါးလျက်ကာ နေ့ရက်ကြိုးစား
စွမ်းပကားကို အားထားပြည်သူ စိတ်ကြည်ဖြူလို့ နေရမည်။

**စိုင်ဖြူ– တော့ရှုး (စိမ်းသန့်ခွဲရေးဌာန)**

# ကာတွန်းကဗျာ

ကမ္ဘာကြီးပူနွေးလာခြင်း၏ ဆိုးကျိုးများ

ပင်လယ်ရေ ပို မြင့်လာမယ်၊
မိုး ပို ခေါင်လာမယ်၊
အပူလှိုင်းတွေ ပိုများလာမယ်၊
မြစ်ချောင်းတွေက ရေတွေ
ပို ငန်လာမယ်၊
တီရစ္ဆာန်တွေတောင်
ရေအခက်အခဲကြုံလာမယ်



လူတွေကြောင့် ဖန်လုံအိမ်ဓါတ်ငွေ့တွေ
သဘာဝ လေထုထဲမှာ
လိုတာထက်
ပိုများလာပြီး
ကမ္ဘာကြီး
ပိုပူလာတယ်၊



ကမ္ဘာကြီး ပိုပူလာတာကြောင့်
အချို့သတ္တဝါတွေ မကြာခင်
မျိုးသုဉ်းပျောက်ကွယ်တော့မယ်၊



ဗီးနပ်စ်ဂြိုလ်မှာ ဖန်လုံအိမ်ဓာတ်ငွေ့
သိပ်များလို့ နေစကြာဝဠာမှာ အပူဆုံးပဲ၊
သူ့ထက် နေနဲ့ပိုနီးတဲ့ မာကျူရီထက်
ပိုပူတယ်၊



နေကလာတဲ့ မပူဓာတ်ကို အာကာသထဲ
ပြန်ထွက်မသွားဘဲ
ကမ္ဘာကြီး နွေးနေအောင်
ထိန်းပေးနိုင်တဲ့
လေထုထဲရှိ
ဖန်လုံအိမ်အာနိသင်
ဓာတ်ငွေ့တွေပါ၊



APK

PDF Compressor Free Version




သန္တာကျောက်တန်းများဖြစ်ပေါ်လာခြင်းသည် သန္တာကောင်များမှ အစပြုလာခြင်းဖြစ်သည်။ သန္တာကျောက်တန်းသည် ပင်လယ် anemones များပါဝင်သည့် phylum Cnidaria တွင်ရှိသော Anthozoa အမျိုးအစားဖြစ်သည်။ သန္တာကျောက်တန်းများသည် ရေရူ၊ ပင်လယ် anemones များနှင့်မတူဘဲ မာကျောသောကာဗွန်နိတ် အရိုးစုများကို လျှို့ဝှက်ပြီးထောက်ပံ့ပေးသည်။ အပူပိုင်းပင်လယ်များ၏ နေရာအနှံ့တွင် ထုံးခါတ်အများအပြားပါဝင်သော algae’ အယ်လဂျေးပင်နှင့် ထုံးခါတ်ကို ကိုယ်တွင်းက ထုတ်လုပ်နိုင်စွမ်းရှိသော coral polyps’ သန္တာကောင်၊ hydrozoa’ ဟိုက်ဒရိုဇွာစသော ရေသတ္တဝါများသည် အစုလိုက်အပြုံလိုက်ကျက်စားပြီး ကျောက်တန်းများ တည်ဆောက်နေကြလေ့ရှိသည်။ ထိုကျောက်တန်းများတွင် သန္တာကောင်များသည် အမြင်လွယ်ဆုံးဖြစ်၍ သန္တာကျောက်တန်းဟု တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

ပထမတွင် မိခင်သန္တာကောင်သည် ရေထဲ၌ လွတ်လပ်စွာ သွားလာကျက်စားလျက်ရှိရာမှ အချိန်အတန်ကြာလာသောအခါ ကျောက်ပေါ်၌သော်လည်းကောင်း၊ အခြားသန္တာအသေကောင်၏ အရိုးပေါ်၌သော်လည်းကောင်း ငြိတွယ်ကာ တစ်နေရာမှတစ်နေရာသို့ လှုပ်ရှားသွားလာမှုမပြုနိုင်တော့ဘဲ ရေအောက်အပင်ကဲ့သို့ တည်ငြိမ်နေတော့၏။ ထို့ကြောင့်လည်း ရှေးအခါက သန္တာကောင်များကို သက်ရှိသတ္တဝါဟုမထင်ကြဘဲ ရေအောက်ပင်လယ်ပန်းပင်တစ်မျိုးဟု မှတ်ယူခဲ့ကြသည်။ ယင်းသို့ တစ်နေရာတွင် ငြိတွယ်၍ တည်ငြိမ်နေရာမှ တဖြည်းဖြည်းခွက်ကလေးသဖွယ် ကိုယ်ထည်ဖြစ်ပေါ်လာပြီးလျှင် အပေါ်ဘက် ပါးစပ်ပေါက်နှုတ်ခမ်းမှ လက်တံကဲ့သို့သော အာရုံမျှင်များ ထွက်ပေါ်လာလေသည်။ တစ်နေ့တစ်ခြား ထိုအာရုံမျှင်များ ရှည်ထွက်ပြီးလျှင် ရေထဲ၌မျောပါနေသည့် လက်လှမ်းမီရာ သတ္တဝါငယ်ကလေးများကို ဖမ်းစားခြင်းဖြင့် ထုံးခါတ်ထုတ်ကာ အရိုးများကြီးထွားရင့်သန်လာလေသည်။ သန္တာကောင်များတွင် Hard Coral ထုံးခါတ်စစ်ထုတ်နိုင်သောသန္တာနှင့် Soft Coral ထုံးခါတ်စစ်မထုတ်နိုင်သောသန္တာဟူ၍ အဓိကအားဖြင့် နှစ်မျိုးရှိသည်။ ထုံးခါတ်စစ်ထုတ်နိုင်သော သန္တာကောင်များသေဆုံးသွားသည့်အခါ ထုံးခါတ်ကြောင့် ပုံသဏ္ဌာန်မပျက်ကျန်ခဲ့ပြီး ၎င်းတို့၏ရုပ်ကြွင်းများက ကျောက်တန်းတွင် အောက်ခံခုံမြင့်သဖွယ် တဖြည်းဖြည်းကြီးထွားလာခြင်းဖြစ်သည်။ သန္တာကျောက်တန်းများ၏ ကြီးထွားနှုန်းမှာ ၁ နှစ်လျှင် ၀.၃ စင်တီမီတာမှ ၂ စင်တီမီတာခန့်သာရှိသည်။ ထို့ကြောင့် သန္တာကောင်များ စတင်သန္ဓေတည်ချိန်မှစ၍ ကြီးမားသော သန္တာကျောက်တန်းကြီးများ ဖြစ်ပေါ်လာချိန်ထိ နှစ်ပေါင်းထောင်သောင်းချီ၍ ကြာမြင့်မည်ဖြစ်သည်။ ထို့ကြောင့် သန္တာကျောက်တန်းများသည် ကမ္ဘာပေါ်တွင် ဒိုင်နိုဆောများမပေါ်မီ လွန်ခဲ့သည့် နှစ်ပေါင်း ၄၈၅ ခန့်အချိန်မှ စတင်ပေါ်ပေါက်လာခဲ့သည်ဟု ခန့်မှန်းထားကြသည်။



သန္တာကောင်များသည် လွန်ခဲ့သည့် နှစ်ပေါင်းများစွာကပင် ကမ္ဘာ့အပူပိုင်းဒေသကမ်းခြေများ (တောင်မြောက်လတ္တီတွဒ် ၃၀ ဒီဂရီကြား)၊ အပူလျော့ဒေသကမ်းခြေများနှင့် တချို့သမပိုင်းဒေသကမ်းခြေတို့၌လည်း နေထိုင်ရှင်သန်ကြပါသည်။ သန္တာကောင်များကောင်းစွာဖြစ်ထွန်းနိုင်ရန်အတွက် နေရောင်ခြည်ကောင်းစွာရရှိရန်လိုအပ်သည်။ ရေအောက်ရှိ သန္တာကောင်များသည် ရေကြည်မှသာ နေရောင်ခြည်ကို ကောင်းစွာရရှိနိုင်မည်ဖြစ်သည်။ ရေအနက် ပေ ၁၀၀ ထက် ပိုနက်သောနေရာများတွင် နေရောင်ခြည် ကောင်းစွာမရောက်ရှိနိုင်သော

ကြောင့် ပင်လယ်သမုဒ္ဒရာအတွင်း သန္တာကျွန်းများ စတင် ပေါ်ပေါက် PDF Compressor Free Version ၁၀ ထက်မဝေးသည့် ပင်လယ်အောက်ခင်း၊ သမုဒ္ဒရာအောက်ခင်းများရှိရန်လိုအပ်သည်။ ဤသို့သော နေရာများတွင် ရေအောက် မီးတောင်ကတော့ထိပ်များအနေဖြင့်ရှိခဲ့နိုင်သည်။ ထို့ကြောင့် သန္တာကျွန်းများပေါ်ထွန်းမှုတွင် မီးတောင်လှုပ်ရှားမှုသည်လည်း အရေးပါသည်ဟု ဆိုနိုင်သည်။

သမုဒ္ဒရာအတွင်း သန္တာကျွန်းများကို တိုက်ကြီးများ၏ အရှေ့ဘက်ကမ်းခြေဖြစ်သော သမုဒ္ဒရာများ၏ အနောက်ဘက်တွင် ပို၍တွေ့ရှိနိုင်သည်။ သမုဒ္ဒရာများ၏ အနောက်ဘက်တွင်ရှိသော ရေများသည် အရှေ့ဘက်ရှိ ရေများထက်ပိုနွေးသောကြောင့် ဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ အီကွေတာပတ်ဝန်းကျင်တွင် သမုဒ္ဒရာရေစီးကြောင်းများသည် အနောက်ဘက်သို့ စီးဆင်းသောကြောင့်ဖြစ်သည်။ ထိုရေစီးကြောင်းများသည် နေရောင်ခြည်နှင့်ပိုကြာရှည်စွာ ထိတွေ့လာသောကြောင့် အနောက်ဘက်သို့ ပိုရောက်ရှိလေ ပိုနွေးလာလေဖြစ်သည်။ သန္တာကောင်များသည် ကျွန်းများ၏လေတင်ဘက်တွင် ပို၍ဖြစ်ထွန်းသည်။ လေတင်ဘက်တွင် အောက်စီဂျင်ဓာတ်နှင့် အာဟာရဓာတ်များ ပိုမိုရရှိတတ်သောကြောင့်ဖြစ်သည်။ သန္တာကောင်များ ကောင်းစွာဖြစ်ထွန်းရန် ရေ၏ ဆားပါဝင်နှုန်းမြင့်ရန်လည်း လိုအပ်ပေသည်။ မြစ်ဝများအနီးအနားတွင် ရေ၏ဆားပါဝင်နှုန်း နည်းပါးသောကြောင့် သန္တာကျွန်းများကို တွေ့ရလေ့မရှိချေ။ သန္တာကျွန်းများဖြစ်ပေါ်မှုတွင် တချို့သော အမျိုးအစား အယ်လဂျေးပင်များလည်း အရေးပါသည်။ သန္တာကျွန်းများသည် သန္တာကျောက်တန်းများ အနေဖြင့်လည်းကောင်း၊ သန္တာကျွန်းခွေများအနေဖြင့်လည်းကောင်း ရှိနေတတ်သည်။ သန္တာကျောက်တန်းများကို ကမ်းကပ်သန္တာကျောက်တန်းနှင့် ကမ်းကွာသန္တာကျောက်တန်းဟူ၍ ခွဲခြားနိုင်သေးသည်။

သန္တာကျောက်တန်းများသည် ကမ္ဘာ့သမုဒ္ဒရာ ရေပြင်ဧရိယာ၏ ၁ ရာခိုင်နှုန်းခန့်သာရှိသော်လည်း ပင်လယ်သမုဒ္ဒရာအတွင်းရှိ ရေသတ္တဝါများ၏ ၂၅ ရာခိုင်နှုန်းခန့်သည် သန္တာကျောက်တန်းများအပေါ်တွင် မှီခိုနေကြရသည်။ အဏ္ဏဝါ၏ အဓိကဂေဟစနစ်များထဲတွင် သန္တာကျောက်တန်းသည် ဂေဟစနစ်တစ်ခုအပါအဝင်ဖြစ်ပြီး အဖိုးတန် ဇီဝမျိုးကွဲပေါင်းမြောက်မြားစွာ မှီတင်းနေထိုင်ကြသည်။ အဖိုးတန် ဇီဝမျိုးကွဲပေါင်းမြောက်များစွာ မှီတင်းနေထိုင်ကြသဖြင့် သန္တာကျောက်တန်းများကို "rainforests of the sea" ပင်လယ်မိုးသစ်တောများဟု တင်စားခေါ်ဝေါ်ကြသည်။ ရေချို၊ ရေငန်စပ်ဒေသများတွင်ရှိသော ဒီရေတောများသည် ငါး၊ ပုစွန်များသားပေါက်၍ သားလောင်းများမှီခိုကျက်စားရာ ဂေဟာများဖြစ်သကဲ့သို့ သန္တာကျောက်တန်းများသည်လည်း ပင်လယ်တွင်ကျက်စားနေသော ငါး၊



သန္တာကျောက်တန်း

ပုစွန်များ၏ ပင်လယ်ရေနက်ပိုင်းဂေဟာများဟု ခေါ်ဆိုနိုင်သည်။

သန္တာကျောက်တန်းများတွင် အပင်နှင့်ရေနေသတ္တဝါများ မှီခိုနိုင်ရန် ထူးခြားသည့် အသွင်သဏ္ဌာန်များဖြစ်တည်လျက်ရှိသည်။ မြောက်မြားလှစွာသော အပေါက်ငယ်များ၊ အခေါင်းငယ်များ၊ ကျောက်ခက်ကျောက်လက်များက ငါးသားပေါက်ငယ်များကို သဘာဝအလျောက် အကာအကွယ်ပေးထားသည်။ သန္တာကျောက်တန်းများကြားတွင် ငါး၊ ပုစွန်များ ခိုအောင်းနိုင်ပြီး ထိုငါး၊ ပုစွန်များအတွက် အစားအစာများကို ပေါများစွာထောက်ပံ့ပေးနေသည့် စားကျက်နေရာတစ်ခုဖြစ်ပါသည်။ သန္တာကျောက်တန်းများတွင် မှီခိုနေသည့် coral fish များတွင် အရွယ်အစားငယ်စဉ်ကြီးလိုက် အဆင့်ဆင့်စားသောက်ကာ ရှင်သန်ကြီးထွားကြသည့် အစာကွင်းဆက်တစ်ခု ဖြစ်ပေါ်နေသည်။ ထိုအစာကွင်းဆက်သည် ပင်လယ်သမုဒ္ဒရာအတွင်းရှိ ငါးသယံဇာတများကို ကြွယ်ဝစေသည့်အစာကွင်းဆက်ပင်ဖြစ်သည်။ ရေလုပ်ငန်းအတွက် အဓိကအားကိုးအားထားရသောအရာသည် သန္တာကျောက်တန်း ဂေဟစနစ်ပဲဖြစ်ပါသည်။ သန္တာကျောက်တန်းဂေဟစနစ်သည် ရေလုပ်ငန်းအတွက်သာမက ပင်လယ်ပြင်ခရီးသွားလုပ်ငန်းဖြစ်သည့် Snorkeling နှင့် Scuba Diving ပြုလုပ်ခြင်းတို့အတွက်ပါ အသုံးဝင်သည့် ဂေဟစနစ် ဖြစ်ပါသည်။

သန္တာကျောက်တန်းများသည် ပင်လယ်အတွင်း၌ဖြစ်ပေါ်လာသည့် မုန်တိုင်းနှင့် လှိုင်းလေတို့၏ အရှိန်ကို များစွာ လျော့ချပေးနိုင်သည့် ပင်လယ်ရေအောက် တံတိုင်းကြီးဟုလည်း ခေါ်ဆိုနိုင်သည်။ အရှိန်လျော့ကျလာသည့်

စာမျက်နှာ (၇၀) သို့

PDF Compressor Free Version

# ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော အတွင်းရှိ သမိုင်းဝင် ယဉ်ကျေးမှု ပြဒါးလင်းဂူ (Pyadalin Cave)



သူရစိုးထက်
(တောကြပ်)
ပန်းလောင်နှင့်ပြဒါးလင်းဂူ
တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော

ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် သဘာဝသယံဇာတများဖြစ်သည့် ဇီဝမျိုးစုံမျိုးကွဲများ၊ ဒေသရင်းမျိုးစိတ်များ၊ ရှားပါးမျိုးစိတ်များ၊ မြစ်/ချောင်းများ၊ ရေဝပ်ဇရိယာများ၊ ရေဝေရေလဲသစ်တောများ၊ သဘာဝလိုဏ်ဂူများဖြင့်ပြည့်စုံသည့် သဘာဝနယ်မြေ တစ်ခုဖြစ်ပါသည်။ ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းရှိ ပြဒါးလင်းဂူသည် သမိုင်းမတင်မီ ကျောက်ခေတ်လူသားတို့၏ ယဉ်ကျေးမှု အမှတ်လက္ခဏာများတွေ့ရသည့် လူသားတို့အတွက် သမိုင်းဝင် ယဉ်ကျေးမှု (Cultural Heritage) တစ်ခု ဖြစ်ပါသည်။

ပြဒါးလင်းဂူကို ၁၉၆၁ ခုနှစ်တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်းရှိ ရွာငံမြို့နယ် ရနဲကျေးရွာအုပ်စုတွင် ပထမဆုံးတွေ့ရှိခဲ့သည်။ ကျောက်ခေတ်လူသားများ နေထိုင်ခဲ့ကြောင်း သက်သေပြသည့်အရာများရှိနေသဖြင့် ၁၉၆၉ ခုနှစ်မှစ၍ ရှေးဟောင်းသုတေသန တူးဖော်လေ့လာမှုများ စတင်ခဲ့ပြီး၊ ရှေးဟောင်းသမိုင်းနှင့်ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေး နယ်မြေအဖြစ် သတ်မှတ်ခံခဲ့ရပါသည်။ ဂူတည်ရှိရာတောင်ထွဋ်သည် ပုတတ်၏ ခေါင်းထွက်ပေါ်နေသည့် ပုံသဏ္ဍာန်နှင့်ဆင်တူသဖြင့် မူလတွင် ''ပုတတ်လိုဏ်ဂူ'' ဟု ခေါ်ဆိုခဲ့ကြရာ နောက်ပိုင်းတွင် ပြဒါးလင်းဂူဟု ပြောင်းလဲခေါ်ဆိုခဲ့ကြောင်းယူဆရသည်။ အခြားသုံးသပ်ချက်အရလည်း ဂူအတွင်းမှာရှိသည့် ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုးမျှော်များသည် ဖော့စဖောရပ်ဓာတ်ကြောင့် လင်းလက်တောက်ပနေသည့်အတွက် ''ပြဒါးလင်းဂူ'' ဟုအမည်ပေးခဲ့ကြကြောင်း သုံးသပ်ရပါသည်။ ပြဒါးလင်းဂူသည် လွန်ခဲ့သော နှစ်ပေါင်း (၂) သန်းခန့်က ပင်လယ်အောက် ရေစီးကြောင်းကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဂူကြီး တစ်ခုဖြစ်သည်ဟု ဘူမိဗေဒပညာရှင်များက ယူဆခဲ့ပါသည်။

ပြဒါးလင်းဂူတွင် ဂူတည်နေရာနှစ်ခု ရှိပါသည်။ ဂူအမှတ် (၁) သည် မြေပုံညွှန်း L-856624 နှင့် ဂူအမှတ် (၂) သည် L-854623 တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၁၀၀ ကျော် အမြင့်ရှိပါသည်။ ဂူများသည် ရှမ်းကုန်းမြေမြင့်အနောက်ခြမ်း၊ တောင်စွယ်အခြေပိုင်း ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ထိန်းသိမ်းရေးနယ်မြေအတွင်း တည်ရှိပါသည်။

ပြဒါးလင်းဂူ အမှတ် (၁) သည် သဘာဝအလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းမွန်ပြီး၊ ဂူ အစမှ အဆုံးထိ အလျား (၈၀) ပေ၊ အနံ (၂၀) ပေ၊ အမြင့် (၁၄)ပေ ကျယ်ဝန်းသောကြောင့် ကျောက်ခေတ်လူသားများနေထိုင်ရန် သင့်တော်သည်ဟု သုတေသနပညာရှင်များက ယူဆခဲ့ကြပါသည်။ ဆေးရေးပန်းချီများနှင့် နှစ်ပရိစ္ဆေဒခန့်မှန်း၍ မရနိုင်သော ကျောက်စက်ပန်းဆွဲများကိုလည်း တွေ့မြင်နိုင်ပါသည်။ ပြဒါးလင်းဂူအမှတ် (၂)မှာ ဂူအမှတ် (၁)ထက် အလွန်ကျယ်ဝန်းမှုရှိပြီး၊ အတွင်းပိုင်းတွင် ကျောက်စက်ပန်းဆွဲ၊ ကျောက်စက်မိုးမျှော် အများအပြားကိုလည်း တွေ့ရှိနိုင်ပါသည်။



ပြဒါးလင်းဂူ (၁) အတွင်းရှိ နံရံဆေးရေးပန်းချီများ

၁၉၆၁ ခုနှစ်တွင် မြန်မာ့ကျောက်ခေတ်လူသားများ၏ အခြေချနေထိုင်မှုနှင့် ယဉ်ကျေးမှုတို့ကို ပြဒါးလင်းဂူ အမှတ် (၁) တွင် သုတေသနပြုလုပ်နိုင်ခဲ့သည်။ တူးဖော်မှုများအတွင်း ကျောက်ခေတ် အသုံးအဆောင်ကိရိယာ

၁၆၀၀ ကျော်နှင့် ကျောက်ခေတ်လူသားများ ရေးဆွဲခဲ့သော
PDF Compressor Free Version
ဂူနံရံဆေးရေး ပန်းချီပုံ ၁၄ ပုံကို တွေ့ရှိခဲ့ပြီး၊ စက်ဝိုင်းပုံ၊ ငါးပုံ၊ နွားခေါင်းပုံ၊ လက်ဝါးပုံနှစ်ပုံ၊ သမင်ပုံ၊ ဆင်ပုံ၊ တောဝက်ပုံနှင့် ပြောင်ပုံတို့ပါဝင်သည်။ ၁၉၉၃ ခုနှစ် ဧပြီလ ၆ ရက်နေ့မှ စတင်ပြီး နံရံ ဆေးရေး ပန်းချီများကို သေချာစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်ဟု သိရှိရသည်။



ပြဒါးလင်းဂူ (၁) အတွင်းရှိ နံရံဆေးရေးပန်းချီများ

ထို့အပြင် ၁၉၆၉ ခုနှစ် ဇန်နဝါရီလ တူးဖော်မှုတွင် တွေ့ရသောမြေနီခဲ (red ochre) ကို တွေ့ရှိခဲ့ရသဖြင့် ကျောက်ခေတ်လူသားများ ရေးဆွဲခဲ့သည်မှာ ထင်ရှား ကြောင်းသိရသည်။ ၁၉၇၀ ခုနှစ် အောက်တိုဘာလတွင် နယူးဇီလန်နိုင်ငံ (နျူကလီးယားသုတေသနဗိမာန်) မှ ကာဗွန် ၁၄ စမ်းသပ်မှုအရ၊ ပြဒါးလင်းဂူဒေသတွင်းတွေ့ရှိ ရသော မီးသွေးများမှာ လွန်ခဲ့သောနှစ်ပေါင်း ၇၇၄၀ ခန့်၊ ကာဗွန်ပါအရိုးမှာ နှစ်ပေါင်း ၆၅၀၀ ခန့်၊ ကာဗွန်မဲ့ပစ္စည်း များမှာ လွန်ခဲ့သော နှစ်ပေါင်း ၁၃၄၀၀ ခန့် သက်တမ်းများ ရှိကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။ ဂူထဲတွင် အစဉ်မပြတ် မီးဖိုပြီးနေခဲ့၍ ပြာထု (၄) ပေ ကျန်ရစ်ခဲ့သည်။ ပြာထုအရခန့်မှန်းလိုက်လျှင် ဂူအတွင်းမှ လူများသည် အနှစ် တစ်သောင်းကျော် နေခဲ့ကြောင်း ဆိုနိုင်သည်ဟု လေ့လာသိရှိရပါသည်။

ဂူနံရံပန်းချီ အထောက်အထားများအရ ပြဒါး လင်းဂူတွင် နေထိုင်ခဲ့ကြသူများသည် ပြင်သစ်နိုင်ငံရှိ Cro Magnon လူမျိုးများ၏ ယဉ်ကျေးမှုနှင့် ဆင်တူသည့် ပေလီယိုလစ်သစ်ခေတ် လူသားများဖြစ်ကြောင်း တွေ့ရှိရ သည်။ ထို့အပြင် ပေလီယိုလစ်သစ်နှင့် နီယိုလစ်သစ် ခေတ်အမျိုးမျိုး၏ ကျောက်ကိရိယာများကို တွေ့ရှိရခြင်း ကြောင့် ဂူကိုအချိန်ကြာမြင့်စွာ ဆက်တိုက်နေထိုင် အသုံး ချခဲ့ကြောင်းကိုလည်း ထင်ရှားစေသည်။

ဂူအမှတ် (၁) ၏ အရှေ့ဘက်တွင် “(cupules)” ဟုခေါ်သော ခွက်ပုံစံ သေးငယ်သော ချိုင့်များကို တွေ့ရှိရ



ဂူနံရံဆေးရေး ပန်းချီများ

သည်။ “(cupules)” ဟူသောစကားလုံးကို ကမ္ဘာကျော် ရှေးဟောင်းသုတေသနပညာရှင် ရော်ဘတ် ဂျီ. ဘက်ဒ်နာရစ် က ၂၀၀၃ ခုနှစ်တွင် သုံးစွဲခဲ့ခြင်းဖြစ်ပြီး၊ လူသားတို့၏ အစောဆုံး ပေလီယိုလစ်သစ် အနုပညာပုံစံများထဲမှ တစ်ခုအဖြစ် သတ်မှတ်ကြသည်။ ဤခွက်ပုံချိုင့်များသည် လူသားလက်ဖြင့် တိုက်ခတ် ထွင်းဖောက်ထားသည့် အနုပညာလက်ရာများဖြစ်ပြီး၊ ကျောက်သားမျက်နှာပြင် ပေါ်တွင် ဒေါင်လိုက် သို့မဟုတ် အလျားလိုက် အနေ အထားဖြင့် တွေ့ရသည်။

ကုန်းတွင်းပိုင်း အရှေ့တောင်အာရှနိုင်ငံများဖြစ် သော မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ မလေးရှားနှင့် ကမ္ဘောဒီးယားတို့အနက် “(cupules)” များကို အထူး သဖြင့် မြန်မာနိုင်ငံတွင်သာ တွေ့ရှိရခြင်းကြောင့်၊ ပညာရှင် များက ၎င်းတို့ကို ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် အဖြစ် အလွန်တန်ဖိုးထားကြသည်။



အလျား ၁၄ ပေ၊ အမြင့် ၉ ပေ အရွယ်ရှိသော ဆင်ရုပ်ကြီး

ကျောက်ခေတ်နံရံဆေးရေးပန်းချီများကို ကင်းတား ဆည်၏ အနောက်တောင်ဘက်၊ ပြဒါးလင်းဂူရှိသည့် တောင်ကြော အနောက်တောင်ဘက် (၇) မိုင်ခန့် အကွာ တွင် ထပ်မံတွေ့ရှိရသည်။ သဘာဝကျောက်တုံးကြီး ခုနှစ် တုံး တစ်စုတစ်စည်းတည်း တည်ရှိနေသည့်အနက် အလျား

(၈၀) ပေ၊ အနံပေ (၄၀) ခန့်ရှိ အမိုးသဖွယ်ဖြစ်နေသော အကြီးဆုံး PDF Compressor Free Version တွင် လက်ဝါးပုံ၊ တိရစ္ဆာန်ပုံများတွေ့ရသည်။ အမိုးပုံကျောက်တုံးကြီး၏အရှေ့ ပေ ၅၀ ခန့်အကွာတွင် အမြင့် ၂၂ ရှိသည့်နံရံတွင်လည်း အလျား ၁၄ ပေ၊ အမြင့် ၉ ပေ အရွယ်ရှိသော ဆင်ရုပ်ကြီးနှင့် အခြားရုပ်ပုံများကိုလည်း မှေးမှိန်စွာ တွေ့ရှိရသည်။ အလားတူ အမိုးပုံကျောက်တုံးကြီး၏ တောင်ဘက်ရှိ ကျောက်တုံးတစ်တုံး အောက်ခြေတွင်လည်း ပုံတချို့တွေ့ရပြီး ပုံများအားလုံးမှာ ရေစီးကြောင်းများ၊ ဖုန်မှုန့်များ၊ ကျပ်ခိုးများကြောင့် ပေါ်လွင်ထင်ရှားမှု အားနည်းကြောင်း တွေ့ရသည်။

ပန်းလောင်နှင့်ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း အထက်ဖော်ပြပါ အဖိုးတန် လူသားတို့အတွက် သမိုင်းဝင်ယဉ်ကျေးမှုများစွာရှိနေသဖြင့် သမိုင်းယဉ်ကျေးမှုကိုအခြေခံသော သဘာဝအခြေခံ ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်သော သဘာဝနယ်မြေတစ်ခု ဖြစ်ကြောင်း ရေးသားလိုက်ပါသည်။



ပန်းလောင်နှင့် ပြဒါးလင်းဂူ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာ မြေပုံ (၁၀၆၁၆၁) ဧက

**တိုးချဲ့ပညာပေးရေးဌာနခွဲအကြောင်း သိကောင်းစရာ**

သစ်တောဦးစီးဌာန၊ တိုးချဲ့ပညာပေးရေးဌာနကို ၁၉၉၅ ခုနှစ်၊ ဧပြီလတွင် စတင်ဖွဲ့စည်းခဲ့ပြီး (၂-၉- ၂၀၂၅) ရက်မှစ၍ တိုးချဲ့ပညာပေးရေးဌာနခွဲ အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့သည်။

*စာမျက်နှာ (၆၇) မှအဆက်*



သန္တာကျောက်တန်း- မြန်မာရေငုပ်စခန်း

မုန်တိုင်း၏အရှိန်ကို သန္တာကျောက်တန်းများ၏ အပြင်ဘက်တွင် ပေါက်ရောက်နေသော ပင်လယ်မြက်များက ထပ်ဆင့်လျှော့ချနိုင်ပြီး ကမ်းခြေတွင် ပေါက်ရောက်နေသော ဒီရေတောများက နောက်ဆုံးအဆင့်အနေဖြင့် လေလှိုင်းတို့၏အရှိန်ကို လျှော့ချပေးနိုင်သည်။ သန္တာကျောက်တန်းများကို အထူးသဖြင့် ပစိဖိတ်သမုဒ္ဒရာ၏ တစ်စိတ်တစ်ဒေသဖြစ်သော အရှေ့အိန္ဒိယကျွန်းစုဒေသနှင့် အနောက်အိန္ဒိယကျွန်းစု ဒေသများတွင် တွေ့ရှိရသည်။ ဩစတြေးလျတိုက် အရှေ့မြောက်ကမ်းခြေအနီးရှိ "Great Barrier Reef " သန္တာကျောက်တန်းကြီးမှာ ကျော်ကြားသည်။ ထိုသန္တာကျောက်တန်းကြီးသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသော သန္တာကျောက်တန်းကြီးဖြစ်သည်။ သန္တာကျောက်တန်းပေါင်း ၂၉၀၀ ကျော်နှင့် သန္တာကျွန်းပေါင်း ၉၀၀ ကျော်ပါဝင်ပြီး ဧရိယာစတုရန်းမိုင်ပေါင်း ၁၃၃,၀၀၀ မိုင်မျှ ကျယ်ဝန်းသည်။ ယင်းသန္တာကျောက်တန်းကြီးတွင် ငါးမျိုးစိတ်ပေါင်း ၁၅၀၀ ခန့်၊ သန္တာမျိုးစိတ်ပေါင်း ၇၀၀ ကျော်ခန့်၊ အပင်မျိုးစိတ်ပေါင်း ၂၀၀၀ ကျော်ခန့်နှင့် အခြားအဏ္ဏဝါမျိုးစိတ်ပေါင်းများစွာ မှီတင်းနေထိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သန္တာကျောက်တန်းများ မျိုးစိတ်ပေါင်း ၅၀၀ ကျော်ရှိကြောင်း အဏ္ဏဝါသိပ္ပံသုတေသနအရ သိရှိရပါသည်။ မြန်မာနိုင်ငံရှိ သန္တာကျောက်တန်းများကို တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင် အများဆုံးတွေ့ရပြီး သန္တာမျိုးစိတ် ၃၀၀ ကျော်ခန့်တွေ့ရှိရသည်။ ရခိုင်ကမ်းရိုးတန်းတွင် ဒုတိယအများဆုံးတွေ့ရပြီး ကိုကိုးကျွန်း၌ အနည်းငယ်တွေ့ရသည်။ ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ပြင်ကောက်ကျေးရွာအနီးတွင် ၂ ကေခန့်ရှိသည့် သန္တာကျောက်တန်းတစ်ခု ထွက်ပေါ်လာခဲ့ပြီး သွားရောက်ဖွဲ့ယူမှုများလည်း ဖြစ်ပွားခဲ့ပါသည်။ ထိုသို့ ထွက်ပေါ်လာသော သန္တာကျောက်တန်းများသာမက သန္တာကျောက်တန်းဂေဟစနစ်မှာ ပါဝင်သည့်အရာအားလုံးကို လူသားတိုင်းအနေဖြင့် မပျက်စီးစေရန် ကာကွယ်စောင့်ရှောက်ကြရပါမည်။

**ကိုးကားချက်** – wikipedia

– Internet Resource

***********************




**မဖော်ပြသည့် စာမူတစ်ပုဒ်**

PDF Compressor Free Version

သစ်တောကြေးမုံတွင် အများအားဖြင့် သစ်တောဝန်ထမ်း အငြိမ်းစားများ၊ လက်ရှိဝန်ထမ်းများထံမှ စာမူများရယူဖော်ပြသကဲ့သို့ သစ်တောဝန်ထမ်း ကလောင်သစ် စာရေးသူများ၏ စာမူများကိုလည်း ဖိတ်ခေါ်ဖော်ပြ၏။

တစ်နေ့ ကလောင်သစ်တစ်ဦးမှ ၎င်းပေးပို့ထားသည့် စာမူဖော်ပြဖြစ်/မဖြစ် ဖုန်းဆက်မေးလာရာ စာတည်းမှူးက သစ်တောကြေးမုံမှာ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာမူဝါဒ၊ ရည်မှန်းချက်၊ ပညာရပ်၊ သစ်တောလုပ်ငန်းဆောင်ရွက်မှုများနှင့် သစ်တောဝန်ထမ်းတို့ ဘဝတို့ကို ထင်ဟပ်စေသည့် စာမူအမျိုးအစားများကိုသာ အဓိကထား ဦးစားပေးဖော်ပြကြောင်း ရှင်းပြသော် စာမူရှင်က–

''အဲ့တာဆို ကျွန်တော့်စာမူက ဘယ်အမျိုးအစားထဲပါနေလို့ပါလဲ ဆရာ၊ ကျွန်တော့်စာမူမှာ မိန်းမရေလို့ ခေါ်လိုက်တာနဲ့ သောက်ရေခွက်ပါလာပြီးသား၊ ငါးပိငါးခြောက်ဆိုဖုတ်ပြီးသား၊ ရေချိုးမယ်ပြောတာနဲ့ထမင်းပါအသင့်ခူးခပ်ပြီးသား မိန်းမကို မလှုန်နိုင်အောင်နိုင်ထားတယ်၊ သစ်တောဝန်ထမ်းက အိမ်သူမိန်းမကို နိုင်ကြောင်းတွေရေးထားတဲ့ **မိန်းမနိုင်နည်းနိဿရည်းများ** စာမူလေ'' တဲ့၊



အလုပ်များနေသည့် စာတည်းမှူးလည်း စိတ်ပေါက်ပေါက်ဖြင့် ဖုန်းမှာ ပြန်ပြောသည်ကား–

''လူကြီးမင်းရေးတဲ့စာမူက စာအရေးအသားမှာပြောင်မြောက်ပါပေတယ်၊ ဒါပေမဲ့ လက်တွေ့မကျတဲ့ စိတ်ကူးယဉ် စာပေအမျိုးအစားမို့ သစ်တောကြေးမုံမှာ မဖော်ပြတာပါ'' ဆိုပြီး ဖုန်းချလိုက်၏။

အနီး ကလောင်သစ်စာရေးသူနှင့် စာတည်းမှူးတို့သည် တစ်နေရာတွင်အတူ တာဝန်ထမ်းဆောင်ဖူး၍ တစ်ယောက်အကြောင်းတစ်ယောက် အတွင်းကျကျသိနေကြရာ မိန်းမက ဟိတ်ဆို ဟိတ် တိတ်ဆို တိတ်ရပြီး အလွန်မိန်းမကြောက်သော သစ်တောဝန်ထမ်း ကလောင်သစ်စာရေးသူအကြောင်း စာတည်းမှူးက သိနေသောကြောင့်တည်း။

****************

**ရွှေဉာဏ်တော်ထူး**

မြန်မာနိုင်ငံသစ်တောကျောင်း၊ သင်တန်းသားအဆောင်၊ ညနေ (၆) နာရီ တန်းစီချိန်တစ်ချိန်တွင် အဆောင်မှူးဆရာမှ သင်တန်းသားများအား first term စာမေးပွဲ၊ လက်တွေ့ကွင်းဆင်းမှုတွေနဲ့ စာသင်ချိန်တွေပြီးမြောက်လို့ မကြာမီ second term စာမေးပွဲနဲ့ လူတွေ့နှုတ်ဖြေပြီးတော့ စာတွေ့ပိုင် လက်တွေ့နိုင်တာကြောင့် သင်တန်းဆင်းရင် ပခုံးတစ်ဖက်စီမှာ ငွေကြယ်တစ်ပွင့်စီနဲ့တောအုပ်ဖြစ်မည့်အကြောင်း၊ လက်ကျန်သင်တန်းကာလမှာ စိတ်ဓာတ်၊ စည်းကမ်း၊ ဝီရိယ၊ ပညာ၊ ဖွဲ့ မလျော့သောခံယူချက်နဲ့ ကြိုးစားလိုက်နာရမည်ဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် RTU (Return to Unit) ထိက ဒီကျောင်းကိုပြန်ရောက်ဖို့ အခွင့်အရေးမရှိတော့ကြောင်း briefing ပြောကြားပြီး သင်တန်းဆရာ ထုံးစံအတိုင်း–

''ဆရာ ပြောတာ ရှင်းလား'' မေးသော် သင်တန်းသားတို့က သတိဆွဲကာ ''ရှင်းပါတယ်'' ဖြေ၏။



ထိုစဉ် သင်တန်းသားတစ်ယောက် လက်ထောင်၍–

''အခုလိုအချိန် RTU ထိရင် အဲ့သင်တန်းသားကို ပခုံးတစ်ဖက်မှာပဲ တစ်ပွင့်တပ်ရင်ရလား သိချင်ပါတယ် ဆရာ'' လို့ မေးတာကြောင့် ဆရာလည်း–

''ဟေ အဲ့လိုတော့ ကြား ကြားဘူးပေါင်ကွာ၊ ဒါသင်တန်းကွ သင်တန်း၊ ပြင်ဦးလွင်ဈေးကြီးထဲမှာလို မူးတင်း မတ်တင်း အချိန်အတွယ်နဲ့ရောင်းတဲ့ ကုန်ပစ္စည်းမဟုတ်ဘူး၊ သင်တန်း၏ အသက်သည် စည်းကမ်း၊ မလိုက်နာရင် ချိုးဖောက်ရင် ထိုက်သင့်တဲ့ ပြစ်ဒဏ်ခံရမှာပဲ၊ ကဲ့ မောင်ရင်မေးတဲ့ ပခုံး တစ်ဖက်တည်း တစ်ပွင့်တပ်ရပါပြီတဲ့ ကျန်ပခုံးတစ်ဖက် ဘယ်လိုလုပ်ပါ့မလဲ'' ဆရာက မေးခွန်းပြန်ထုတ်ရာ သင်တန်းသားဖြေသည့်စကားကြောင့် ဆရာလည်း ''ရွှေဉာဏ်တော်က စူးရောက်ပါ့ တပည့်ရာ'' လို့ စိတ်ကပြောမိပြီး ပါးစပ်အဟောင်းသားဖြစ်သွားတာကြောင့် တန်းဖြုတ်ပေးလိုက်ရ၏။ သင်တန်းသား ဖြေတာက–

''အပွင့်တပ်မရတဲ့ ပခုံးတစ်ဖက်ကို လွယ်အိတ်လွယ်ထားရင် အဆင်ပြေမလားလို့ပါ ဆရာ'' ဟူသတတ်။

**ဒုန်းလွင်လေး ရေးသားပေးပို့သည်။**

PDF Compressor Free Version

# မှတ်မှတ်သားသား ...... ဆရာကြီးများရဲ့စကား

*Ba Soe (83)*

၁၉၈၃ ခုနှစ်၊ နှစ်ဆန်းကာလ၊ ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်မှာ ဘစိုးတို့ သစ်တောပညာ ဆဋ္ဌမနှစ် (နောက်ဆုံးနှစ်) စတက်ရပါတယ်။

ထိုအချိန်က သစ်တောတက္ကသိုလ်ရယ်လို့ သီးခြားမဟုတ်လေပဲ၊ သစ်တောပညာဌာနလို့သာ တက္ကသိုလ်ရဲ့ဘာသာရပ်ခွဲတစ်ခုဖြစ်ပြီး သစ်တောပညာဌာနကို ပါမောက္ခဆရာကြီးတစ်ဦးက ဦးစီးအုပ်ချုပ်တာမို့ ကျောင်းသားတွေက ဆရာကြီးလို့ သီးခြားခေါ်ဝေါ်ကြပါတယ်။

"မင်းတို့ ဗမာစာဒေါ်ချိန် သိကြလားကွ"

မြန်မာစာမှာ ဦးဖေမောင်တင်လောက် ကြားဖူးနားဝများကြသော ကျွန်တော်တို့ကျောင်းသားများက ဆရာကြီးအမေးကို ဘာပြန်ဖြေရမယ်မသိ...

"ဒါဆို ဂရီးဝစ်ချ်ကောသိကြလားကွာ" ဖြေရန်ပိုဆိုးချေပြီ....

ဤသည်ကား ပထမဆုံးစာသင်ချိန်၌ ဆရာကြီးဦးရဲလှုံ့စွမ်းကို အတန်းသားများ အမှတ်တရဖြစ်စေသည့် စကားများတည်း။

အမှန်တော့ ဆရာကြီးက အချိန်စည်းကမ်းများနှင့်ပတ်သက်၍ စတင်သင်ကြားလို၍ စကားစပြောရာမှာ မြန်မာအသံထွက်အလွန်ဝဲသော ချင်းလူမျိုးဆရာကြီးဆိုတော့ "မြန်မာစံတော်ချိန်သိလား" မေးရာပြန်မဖြေတော့ ဒီကောင်တွေ "ငါပြောတာနားမလည် တစ်ဖက်လှည့်မေးအုန်း"မှ ဟုစဉ်းစားမိပုံရ၏။

ကျွန်တော်တို့ငယ်ငယ်ကတည်းက ဂရင်းနစ်စံတော်ချိန်ဟု မြန်မာအသံထွက်စွဲမှတ်နေသော Greenwich Time ကို ဘိုလိုအသံထွက်ဝဲဝဲ ထွက်မေးသောအခါ၊ ပိုဆွံ့အနေကြသော ကျွန်တော်တို့အား ဆရာကြီးကား မည်သို့တွေးလေသည်မသိပြီ။

ဤကား ဆရာကြီးနှင့် ပထမတွေ့ခြင်းနိဒါန်း၊ နောင်တွင် တောမှာ တောကျိုးကန်း၊ မြို့မှာ မြို့ကျိုးကန်းရှိရမယ် (ကျနော်တို့အကြား) ဆရာကြီးပြောချင်တာက Forestry ကျောင်းသားများသည် ကျောင်းတွင်သာမက သစ်တောများအတွင်းသို့လည်း ကွင်းဆင်းသွားရောက်ရခြင်း၊ တောရောမြို့ပါ အလုပ်လုပ်ရခြင်းတို့ကြောင့် တောစည်းကမ်း မြို့စည်းကမ်းရှိကြရန် ဆိုလိုရင်း (စည်းကမ်းကို ကျိုးကန်းဟုကြားလေခြင်း) စသည်ဖြင့် အစတွင်နားကြားလွဲကြရာ နောင်မှ မှန်းဆသဘောပေါက်လာကြပါတော့သည်။

ဆရာကြီးက "လူဆိုတာ မျောက်ကဆင်းသက်လာသည်မှန်လျှင် ဘာကြောင့်ခုထိမျောက်ရှိနေတာလဲ"ဟု ဒါဝင်၏သီအိုရီ (Charles Darwin's theory of evolution) ကို လက်ခံသင့်၊ မသင့် အတွေးအခေါ်လည်းစဉ်းစားစေတတ်၏။

(ဆရာကြီးရဲသည် အသက် ၉၀ ကျော်၊ ယခုတိုင်သက်ရှိထင်ရှား USA တွင်နေထိုင်ပါသည်။)

ဆရာကြီးဦးရဲလှုံ့စွမ်းက ခေတ္တသာစာသင်ရပြီး ဌာနတွင်းတာဝန်ဖြင့်ပြောင်းရွှေ့သွားရာ၊ ဆရာဦးစိုးကြည်က ရာထူးတိုး၍ ကျွန်တော်တို့၏ဆရာကြီး ဖြစ်လာပါတော့သည်။

ဆရာကြီးဦးစိုးကြည်က ပဥ္စမနှစ်တွင် Forest Utilization သင်ခဲ့၍ ကျွန်တော်တို့အတွက်မစိမ်းပါ၊ ဆရာကြီးက စာသင်အလွန်ကောင်းပြီး စိတ်ထဲစွဲသွားအောင် လုပ်ငန်းအတွေ့အကြုံများပေါ် အခြေခံ၍ သင်ကြားတတ်သောဆရာကြီး ဖြစ်ပါသည်။

ဤနေရာတွင် ကိုဘစိုးတို့ ဆရာကြီးများ၏ ဘာသာ



**ဦးစိုးကြည်**
**B.Sc.(For.)(Rgn), M.S.(Syracuse).**
**(3-3-93 to 14-12-93)**

ရပ်ဆိုင်ရာသင်ကြားမှုများထက် အတွေးအခေါ်နှင့်ကျင့်ဝတ်ဆိုင်ရာ [illegible] ဖော်ပြလိုက်ရင်း ရေးသားပါမည်။

PDF Compressor Free Version

ဆရာကြီးဦးစိုးကြည်က ကျွန်တော်တို့နောက်ဆုံးနှစ်သမားများသည် မကြာမီအလုပ်ခွင် ဝင်ရောက်ကြရမည်ဖြစ်ရာ....

''မင်းတို့အလုပ်ခွင်ထဲရောက်ရင် တောတောင်ထဲမှာနေကြရမယ်၊ တစ်နေ့လုံးသွားလာရတာပင်ပန်းမယ်၊ ညနေရောက်ရင် တောစခန်းမှာ အခြားဖြေဖျော်စရာမရှိတော့၊ ယမကာလေးမှီဝဲဖြစ်မယ်၊ အပန်းဖြေရုံသောက်ကြ၊ ကိုယ့် limit ကိုမကျော်စေနဲ့'' ဆိုပြီး စနစ်တကျအရက်သောက်နည်းကအစသင်ပေး၏။

သို့သော် ဆရာကြီးမကွယ်လွန်မီ၊ ကျွန်တော်တို့လည်း အသက် ၅၀ ကျော်ကြပြီဖြစ်ရာ ဆရာကန်တော့ပွဲကျင်းပသည့်နှစ်များ၏ dinner ညများတွင်၊ ဆရာကြီးက မသောက်တော့ပြီ၊ ရေနွေးကြမ်းခွက်ကြီးကိုင်ပြီး ယမကာခွက်ကိုယ်စီဖြင့် ကျွန်တော်တို့ကိုကြည့်၍ 'မလုပ်ကြနဲ့တော့' လို့မတားမြစ်ပါ၊

''အချိန်ကျတဲ့အခါ၊ အချိန်မီသတိဝင်ကြ'' ဟုသာ ဆုံးမသွားပေသည်။

ဆရာကြီးဦးစိုးကြည်က Final Year ကျောင်းသားများကို သတိပေးတာရှိပါသေးသည်။

''မင်းတို့မကြာခင် တောတောင်တွေမှာ အလုပ်လုပ်ရတော့မယ်... ကိုယ်နဲ့ဘဝလက်တွဲဖော်က မင်းတို့သဘာဝနဲ့နီးစပ်မှ ရေရှည်အိမ်ထောင်ရေးအဆင်ပြေမယ်.... မင်းတို့က Clint Eastwood, Roger Moore ပြောနေကြချိန်မှာ၊ ဟိုက ဝင်းဦး၊ ကျော်ဟိန်းတို့လောက်ပဲ သိနေရင် နေရာမကျသေးဘူးကွ... အဲဒီတော့ ခုထိရည်းစားမရသေးရင် ခုကျောင်းမှာရှာကြ''

ထိုသို့ဆရာကြီးက ရေ့ရေးမျှော်တွေးဆုံးမနေချိန်တွင်၊ Zoology ကျောင်းသူဖြစ်သော ဆရာကြီး၏သမီးကို ကျွန်တော်တို့အောက် တစ်တန်းကျော် နောင်တွင် ၁၉၈၅ ဆင်းမည့် ညီငယ်တချို့က သွားရောက်ပိုးပန်းနေကြသည်ကို သိနေကြသည့် ကျွန်တော်တို့က ဆရာကြီးမမြင်အောင် မျက်နှာအောက်ချပြုံးစိစိဖြစ်ရလေ၏။

(သို့သော်လည်း ထိုပိုးပန်းသည့် ၁၉၈၅ ညီငယ်တို့သည် ခြေအေးဝမ်းယောင်သာ ဖြစ်ခဲ့ပါကြောင်း ကျီစယ်လိုက်ရပါသည်။)

ဆရာကြီးဦးစိုးကြည်၏ မှတ်လောက်သော သင်ကြားမှု၊ ဆုံးမမှုများစွာရှိသော်လည်း စာရှည်မည်စိုး၍ အမှတ်တရတစ်ခုကို ဖော်ပြအဆုံးသတ်လိုပါသည်။

တစ်ခါသော် ....ဆရာကအတွေးအခေါ်ပိုင်းဆိုင်ရာ မေးခွန်းတစ်ခုထုတ်ပါသည်။

''မင်းတို့ကွာ တောနက်ထဲမှာ အလုပ်ဆင်းကြရတော့မယ်..ဟုတ်ပြီ၊ အဲလိုအလုပ်လုပ်ရင် မင်းတို့မှာ ဘယ်အရည်အသွေး အလိုအပ်ဆုံးလို့ထင်လဲကွ''

ကျောင်းသားများက တစ်ယောက်တစ်ပေါက်ဖြေကြသည်က...

ပညာရပ်ကျွမ်းကျင်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ မကြောက်တတ်ဖို့၊ အမိန့်နာခံမှုတချို့ကလည်း သစ်တောကျောင်းအမှတ်တံဆိပ်ပါ ဖွဲ၊ သတ္တိ အခြားအဖြေများ.... စသည်ဖြင့် ဖြေကြလေသည်။

အတန်းသားအားလုံးပြောသည်ကို ဆရာကြီးက ခေတ္တစောင့်ပြီး ''တပည့်တို့ပြောတာတွေမမှားပါဘူး... ဒါပေမဲ့ အရေးအကြီးဆုံးအချက် ဆရာပြောပြမယ်.. **ရိုးသားဖို့** ကွ၊ မင်းတို့က တောထဲမှာလုပ်ရတဲ့အလုပ်၊ ဘယ်သူမှ ချက်ချင်း လာမစစ်နိုင်ဘူး၊ **မင်းတို့ရိုးရိုးသားသားလုပ်ကြဖို့လိုတယ်၊** အလုပ်ရဲ့လိုက်နာရမဲ့ စည်းမျဉ်းစည်းကမ်းကို မင်းတို့ မရိုးမသားဖောက်ဖျက်လိုက်တာနဲ့ သစ်တောလုပ်ငန်းစဉ်တွေပျက်ပြီး တို့သစ်တောလုပ်ငန်းဆိုတာ ကာလရှည် ရည်ရွယ်ချက်တွေနဲ့ လုပ်ကြရတာ''တဲ့ ၁၉၈၃ ခုနှစ်ထဲမှာ ဆရာကြီးက ကျွန်တော်တို့ကို ဆိုဆုံးမသည့် မှတ်သားရသော စကားတွေပါ။

ယခု လွန်စွာနည်းပါးသွားပြီဖြစ်သော ကျွန်းသင်းသတ်လုပ်ငန်းတွင် အိမ်ပြန်လိုဇောဖြင့် သတ်မှတ်ရင်စို့လုံးပတ်မပြည့် (ပြည့်ရန် ၁ လက်မအလို)ကို ဥပမာ ၇ ပေ ၅ လက်မကို ၇ ပေ ၆ လက်မ စာရင်းသွင်းခြင်း၊ ကွန်တို (Contour) အလိုက် ကွင်းနင်း၍ ချန်ပင်ကို စနစ်တကျ လုံးပတ်တိုင်း စာရင်းသွင်းရမည်ဖြစ်သော်လည်း (Future Yield တွက်ရန် အရေးကြီး)၊ မျက်မှန်းဖြင့် စာရင်းရေးသွင်းခြင်း၊ [ယခုတော့လည်း Girdling အခြေအနေ ကျွန်တော် မသိတော့ပါ။] ကျယ်ဝန်းသောစိုက်ခင်းဧရိယာတွင်၊ မိမိအထက်လူကြီး မရောက်နိုင်သော စစ်ဆေးမှုအားနည်းသော အစွန်အဖျားနေရာများတွင် သေပင်ဖာခြင်း (patching), ပေါင်းရှင်းခြင်း (weeding)စသည်ဖြင့်တို့ကို လုပ်ငန်းအပြည့်အဝမလုပ်ပဲ စိုက်ခင်းဧရိယာတစ်ခုလုံး အောင်မြင်ဖို့ စိတ်အားမထက်သန်ခြင်း၊ Forest Management Plan တွင်ထည့်သွင်းရန် အချက်အလက် data များကောက်ယူရာတွင် ပြီးလွယ်စီးလွယ်လုပ်ခြင်းစသည်ဖြင့် သစ်တောလုပ်ငန်းများအား ပြီးစလွယ်လုပ်ခြင်းဖြင့် ပေါ့လျော့စွာ လုပ်ကိုင်ကြမည်ကို ရှေးဆရာကြီးပီပီ၊ ကျွန်တော်တို့ဆရာကြီးများက စိုးရိမ်ခဲ့လေသလား ကျွန်တော်မသိနိုင်တော့ပြီ။

သစ်တောကြေးမုံ
(အထူးထုတ်)

PDF Compressor Free Version

(၇၅) နှစ်မြောက် သစ်တောကြေးမုံ စိန်ရတုအထိမ်းအမှတ်




ဦးအောင်သန်း၊ ဒုတိယ-တောအုပ် (မမြို့နယ်- မမြို့) ၏ "သစ်တောကြေးမုံမဂ္ဂဇင်းရဲ့ မင်္ဂလာရတုမိုင်ခုံ" အား ၁၉၅၆ ခုနှစ်၊ ဇွန်လထုတ် သစ်တော အုပ်ချုပ်မှု နှစ် (၁၀၀) ပြည့်အထိမ်းအမှတ် မြန်မာ့ပြည် သစ်တောကြေးမုံအထူးထုတ်တွင် ဖော်ပြခဲ့ရာ ယခု သစ်တောကြေးမုံ၏ ရှေးဟောင်းသမိုင်း ဝင်ဖြစ်ရပ်တစ်ခုအဖြစ် ပြန်လည် ဖော်ပြအပ်ပါသည်။